

# နာဂရှာပြည် ဓလေ့ထုံးတမ်းမြေယာနှင့် သစ်တောသယံဇာတ စီမံခန့်ခွဲမှုစနစ်

Resource Rights for the Indigenous Peoples (RRtIP)

Resource Rights for the Indigenous Peoples
RRtIP

Livelihoods and Food Security Trust Fund
LIFT
UKaid
European Union
Australian Aid
USAID
Irish Aid

## ထုတ်ဝေမှု သတင်းအချက်အလက်များ

ထပ်ဆင့်မျှဝေရန် ခွင့်ပြုချက်တောင်းခံခြင်း

ဤအစီရင်ခံစာသည် Attribution-NonCommercial-NoDerivs 2.0 UK
http://creativecommons.org/licenses/by-nc-nd/2.0/uk/ တွင် လိုင်စင်တင်ပြီး ဖြစ်ပါသည်။

RRtIP မှ ၂၀၁၈ ခုနှစ်၊ မတ်လတွင် ပုံနှိပ်ထုတ်ဝေပါသည်။

RRtIP: rrtip.info@gmail.com

ရေးသားပြုစုသူ : Julia Fogerite, Jack Jenkins Hill, and Athong Makury

RRtIP (2018) Land and Forest Governance in the Naga Village Republic,Yangon, Myanmar

ဓာတ်ပုံအမှတ် ၁၊ ၂၊ ၅၊ ၆၊ ၈၊ ၉၊ ၁၀၊ ၁၂၊ ၁၄၊ ၁၆၊ ၁၇ နှင့် နောက်ဖုံးပါ ဓာတ်ပုံများကို Lin Bojian ကူညီပံ့ပိုးပါသည်။

Funded by - မြေယာမဏ္ဍိုင်အဖွဲ့၊ Rainforest Foundation Norway နှင့် LIFT အဖွဲ့တို့မှ ငွေကြေးထောက်ပံ့ကူညီပါသည်။

## ကျေးဇူးတင်လွှာ

မြန်မာနိုင်ငံ ကျေးလက်လူထု၏ စားနပ်ရိက္ခာဖူလုံမှုနှင့် အသက်မွေးမှုများ တိုးတက်ကောင်းမွန်ရေးအတွက် ရန်ပုံငွေထည့်ဝင်လှူဒါန်းကြသော ဥရောပသမဂ္ဂနှင့် ဩစတြေးလျ၊ ဒိန်းမတ်၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက် ကင်းဒမ်း နှင့် အမေရိကန်ပြည်ထောင်စု အစိုးရများကို ကျေးဇူးအထူးတင်ရှိပါသည်။ LIFT တွင် ပုဂ္ဂလိကကဏ္ဍမှ ပထမဆုံးထည့်ဝင်လှူဒါန်းသည့် မစ်ဆူဘီရှိ ကော်ပိုရေးရှင်းကိုလည်း ကျေးဇူးတင်ရှိပါသည်။

## အသိပေးကြေငြာချက်

ဤစာတမ်းကို ဥရောပသမဂ္ဂ၊ ဩစတြေးလျ၊ ဒိန်းမတ်၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ လူဇင်ဘတ်၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စုနှင့် မစ်ဆူဘီရှိ ကော်ပိုရေးရှင်းတို့ ထည့်ဝင်လှူဒါန်းထားသည့် LIFT ရန်ပုံငွေ၏ ပံ့ပိုးမှုဖြင့် ဆောင်ရွက်သည်။ ယခုစာတမ်းတွင် ရေးသားဖော်ပြချက်များသည် LIFT အလှူရှင်များ၏ တရားဝင်အတည်ပြုထားသည့်အမြင်များဟု မယူဆနိုင်ပါ။

# နာဂရှာပြည် ဓလေ့ထုံးတမ်းမြေယာနှင့် သစ်တောသယံဇာတ စီမံခန့်ခွဲမှုစနစ်

Resource Rights for the
Indigenous Peoples (RR*t*IP)

# မာတိကာ

**ကျေးဇူးတင်လွှာ ........ ၅**
**ဌာနေတိုင်းရင်းသားတို့၏ သဘာဝသယံဇာတအခွင့်ရေး**
**ကာကွယ်ရေးအဖွဲ့အကြောင်း ........ ၆**
**အတိုကောက်များ ........ ၇**
**အကျဉ်းချုပ် ........ ၈**
**သုတေသန နောက်ခံ........ ၁၁**
**နာဂတောင်တန်း ........ ၁၃**
**သမိုင်းကြောင်းနှင့် ဥပဒေရေးရာအခြေနေ ........ ၁၅**
နာဂတောင်တန်းဒေသ၏ မြေယာအုပ်ချုပ်စီမံမှု သမိုင်းအကျဉ်း........ ၁၅
အိန္ဒိယနိုင်ငံ၏ လက်ရှိ မြေယာအုပ်ချုပ်စီမံမှု အခြေအနေ........ ၁၇
မြန်မာနိုင်ငံ၏ လက်ရှိ မြေယာအုပ်ချုပ်စီမံမှု အခြေအနေ........ ၁၈
*မြေယာနှင့် ငြိမ်းချမ်းရေး* ........ ၂၀
**နည်းလမ်းများ........ ၂၃**
အစီအစဉ်ရေးဆွဲခြင်းနှင့် ပြင်ဆင်ခြင်း ........ ၂၃
*နေရာရွေးချယ်ခြင်း*........ ၂၄
သင်တန်း........ ၂၅
ကျေးရွာမှတ်တမ်းကောက်ယူခြင်း နည်းလမ်းများ ........ ၂၅
**မြေယာပိုင်ဆိုင်ခြင်းနှင့် စီမံခန့်ခွဲခြင်း ........ ၂၈**
မြေယာအသုံးပြုခြင်းနှင့် မြေယာပိုင်ဆိုင်ခြင်း ........ ၂၈
*လှေကားထစ်စိုက်ခင်းများ*........ ၃၀
*သစ်သီးခြံများ* ........ ၃၂
*စားကျက်မြေ*........ ၃၂
*သက်ကယ်ခင်းများ* ........ ၃၃
*ပျားဆွဲသောကျောက်ဆောင်များ*........ ၃၃
*အိမ်ဥယျာဉ်ခြံများ* ........ ၃၃
*ဟင်းသီးဟင်းရွက် ဥယျာဉ်ခြံများ* ........ ၃၃
*အပန်းဖြေနေရာများနှင့် အများပြည်သူကစားကွင်းများ*........ ၃၃
*ရိုးရာအထွဋ်မြတ်နေရာများနှင့် ယဉ်ကျေးမှု အထင်ကရနေရာများ* ........ ၃၃
*ရေအရင်းမြစ်များ*........ ၃၄
*အမဲလိုက်ခြင်း*........ ၃၄
*တောင်ယာ(Jhum)*........ ၃၅
*သစ်တောများ*........ ၄၀
*ပင်မသစ်တောနေရာများသို့ချဲ့ထွင် ဝင်ရောက်ခြင်း - ဆွမ္မရာအခြေနေအားလေ့လာခြင်း* ........ ၄၇
ရိုးရာဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှုစနစ်အောက် မြေယာအသုံးပြုမှုအနာဂါတ် ........ ၄၉

**မြေယာပိုင်ဆိုင်မှုနှင့် လွှဲပြောင်းမှု** ..... ၅၂
မြေယာပိုင်ဆိုင်မှု ရယူခြင်း ..... ၅၂
မြေယာပိုင်ဆိုင်မှု ပုံစံများ ..... ၅၃
*မျိုးနွယ်စု ပိုင်ဆိုင်မှု* ..... ၅၃
*ကျေးရွာ ပိုင်ဆိုင်မှု* ..... ၅၄
*ဖသားစုမြေ* ..... ၅၄
*အိမ်ထောင်စု မြေယာ* ..... ၅၅
မြေယာပိုင်ဆိုင်မှု လွှဲပြောင်းခြင်း ..... ၅၅
*အမွေ* ..... ၅၅
*ယာယီမြေအသုံးပြုခွင့်* ..... ၅၇
*ရောင်းချခြင်းနှင့် ဝယ်ယူခြင်း* ..... ၅၈
*လက်ဆောင်* ..... ၅၈
**လက်ရှိ ဥပဒေမူဘောင်ရှိ မြေယာပိုင်ဆိုင်မှု အမျိုးအစားသတ်မှတ်ခြင်း** ..... ၅၉
**စားဝတ်နေရေး** ..... ၆၀
*စားနပ်ရိက္ခာဖူလုံရေး* ..... ၆၀
*လူမှုရေး အကူအညီပေးမှု စနစ်* ..... ၆၄
*ကျန်းမာရေး* ..... ၆၄
ရိုးရာအဖွဲ့အစည်းများနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း ..... ၆၅
ရိုးရာ အဖွဲ့အစည်းများ ..... ၆၆
*ကျေးရွာကောင်စီ* ..... ၆၆
*ကျေးရွာ ခေါင်းဆောင်* ..... ၆၇
*အခြားကျေးရွာအဖွဲ့အစည်းများ* ..... ၆၇
*ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အဖွဲ့စည်းများ* ..... ၆၇
*မျိုးနွယ်စုကောင်စီများနှင့် နာဂဟော်ဟော်* ..... ၆၈
*မြို့နယ်ယဉ်ကျေးမှု ကော်မတီနှင့် ဗဟိုယဉ်ကျေးမှု ကော်မတီ* ..... ၆၈
*နာဂအမျိုးသားရေးရာကောင်စီ* ..... ၆၉
နာဂရိုးရာဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှုစနစ်ဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း ..... ၆၉
ဆုံးဖြတ်ချက် ချမှတ်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ ..... ၇၀
မြန်မာအစိုးရ အဖွဲ့အစည်းများ ..... ၇၂
ဓလေ့ထုံးတမ်းများဖြစ်စီမံနေသော နာဂဒေသအတွင်း စီမံကိန်းများ လုပ်ဆောင်ရာတွင် လိုက်နာသင့်သည့် လုပ်ထုံးလုပ်နည်းများ ..... ၇၃
**နာဂရိုးရာ တရားရေးစနစ်များ** ..... ၇၆
အငြင်းပွားမှု ဖြေရှင်းခြင်း လုပ်ငန်းစဉ် ..... ၇၆
ကျေးရွာစည်းကမ်းဖောက်ဖျက်ခြင်းအတွက် အပြစ်ဒဏ် ..... ၇၈
**နိဂုံး** ..... ၈၀
**ကိုးကားစာတမ်းများ** ..... ၈၂
**နောက်ဆက်တွဲ - ကျေးရွာ မှတ်တမ်းအကျဉ်း** ..... ၈၄
ဒိန်းကလေးဝေး ..... ၈၄
ကိုကီး ..... ၈၉
ဆွမ္မရာ ..... ၉၃

# ပုံဇယားပြမာတိကာ


ပုံ (၁):သုတေသနနှင့် စည်းရုံးလှုံ့ဆော်တိုက်တွန်းခြင်း (အက်ဒဗိုကေစီ) ဖြစ်စဉ်အဆင့်များ .......... ၂၃

ပုံ (၂):မှတ်တမ်းတင်ခြင်းဖြစ်စဉ် .......................................................................... ၂၅

ပုံ (၃):နာဂဓလေ့ရိုးရာလက်ရှိထားပိုင်ခွင့်စနစ်တွင် ကျေးရွာအဆင့်ဆုံးဖြတ်ချက်ချခြင်း ................ ၇၀

ပုံ (၄): ဒိန်းကလေးဝေး (Dengkleyway) ရှိဓလေ့ရိုးရာနှင့်အစိုးရအင်စတီကျူးရှင်းများ ................ ၇၂

ပုံ (၅):နာဂရိုးရာဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှုစနစ်ရှိ အပြောင်းပွားမှု ဖြေရှင်းခြင်းလုပ်ငန်းစဉ်........ ၇၇

မြေပုံ (၁): လေရှီးမြို့နယ်ရှိ သုတေသနဧရိယာများ .......................................................... ၁၄

မြေပုံ (၂): ဒိန်းကလေးဝေး (Dengkleyway) ကျေးရွာရှိ သစ်တောမြေပြောင်းလဲမှု..................... ၄၅

မြေပုံ (၃): ဆွမ်မ်ရာ (Somra) ကျေးရွာရှိ သစ်တောမြေပြောင်းလဲမှု ...................................... ၄၅

မြေပုံ (၄): ကိုကီးကျေးရွာ၏ သစ်တောဖုံးအုပ်ဧရိယာ အပြောင်းအလဲ .................................. ၄၆

မြေပုံ (၅): ကိုကီကျေးရွာမြေယာပိုင်ဆိုင်ခွင့်အမျိုးအစားများ ............................................... ၆၀

မြေပုံ (၆): Naga SAZ, source: MIMU ......................................................................... ၇၃

မြေပုံ (၇): ဒိန်းကလေးဝေး၏မြေယာအသုံးပြုမှုမြေပုံ ........................................................ ၈၈

မြေပုံ (၈): ဒိန်းကလေးဝေး၏မြေယာပိုင်ဆိုင်ခွင့်မြေပုံ ....................................................... ၈၈

မြေပုံ (၉): ကိုကီမြေယာအသုံးပြုမှုမြေပုံ............................................................................ ၉၂

မြေပုံ (၁၀): ကိုကီမြေယာပိုင်ဆိုင်ခွင့်မြေပုံ ......................................................................... ၉၂

မြေပုံ (၁၁): ဆွမ်မ်ရာ (Somra) မြေယာအသုံးပြုမှုမြေပုံ....................................................... ၉၇

မြေပုံ (၁၂): ဆွမ်မ်ရာ မြေယာပိုင်ဆိုင်ခွင့်မြေပုံ .................................................................. ၉၇

ဇယား(၁): ဖြစ်ရပ်အလိုက်လေ့လာသောရွာများ ............................................................. ၂၅

ဇယား(၂): ကျေးရွာတရွာချင်းစီ၏ မှတ်တမ်းတင်ပုံနည်းလမ်းများ ......................................... ၂၆

ဇယား(၃): မတူညီသောမြေယာအသုံးပြုမှုအမျိုးအစားများအတွက် မြေယာပိုင်ဆိုင်ခွင့် အခွင့်အရေးများ.............................................................................................. ၃၀

ဇယား(၄): လက်ဝယ်ပိုင်ဆိုင်ခွင့်အမျိုးအစားများ ............................................................. ၅၃

ဇယား(၅): ဒိန်းကလေးဝေးရှိ မြေယာအသုံးပြုမှုနှင့် ပိုင်ဆိုင်ခွင့်ဇယား ................................. ၈၆

ဇယား(၆): ကိုကီရှိ မြေယာအသုံးပြုမှုနှင့် ပိုင်ဆိုင်ခွင့်........................................................ ၉၀

ဇယား(၇): ဆွမ်မ်ရာရှိ မြေယာအသုံးပြုမှုနှင့် ပိုင်ဆိုင်ခွင့်.................................................. ၉၅

# ကျေးဇူးတင်လွှာ

ဤစာတမ်းနှင့်အတူ သုတေသနလုပ်ငန်းပြီးဆုံးခဲ့ပြီ ဖြစ်သောကြောင့် အဖက်ဖက်မှ အားတက်သရော ကြိုးစားပါဝင်လုပ်ဆောင်ခဲ့ကြသူအားလုံးကို ကျွန်တော်တို့ RRtIP အဖွဲ့အနေဖြင့် အထူးကျေးဇူးတင်ကြောင်းဖော်ပြလိုပါသည်။ ဝေးလံခေါင်ပါးသော နာဂဒေသတွင် စွန့်စားလုပ်ဆောင်ခဲ့သော ဤသုတေသနလုပ်ငန်း လုပ်ဆောင်ရာတွင် အကူအညီနှင့် လမ်းညွှန်မှုများပေးခဲ့ကြသော နိုင်ငံတော်အစိုးရ၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရနှင့် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အစိုးရတို့အား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အေဒီ ဦးစိုးညွန့်ဦး ဦးဆောင်သော လေရှီးမြို့နယ် GADနှင့် ဌာနဆိုင်ရာ အသီးသီးရှိ အစိုးရတာဝန်ရှိပုဂ္ဂိုလ်များကြောင့်သာ ဤလုပ်ငန်းအဆင်ပြေချောမွေ့နိုင်ခဲ့မည် မဟုတ်ပါ။ လူကြီးမင်းတို့၏ ကူညီခြင်းဖြင့်သာ မိမိတို့အဖွဲ့အနေဖြင့် သုတေသနအား လေရှီးမြို့နယ်တွင် လုံခြုံစွာနှင့် အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

နာဂရိုးရာဗဟိုကော်မတီ၊ နာဂအမျိုးသားရေးရာကောင်စီ၊ လေရှီးမြို့နယ်ယဉ်ကျေးမှုကော်မတီနှင့် ရာစုနှစ်များစွာ မိမိတို့လူမျိုးများအား လုံခြုံမှုပေးခဲ့သော ရိုးရာဓလေ့ထုံးတမ်းအလုပတရားနှင့် နက်နဲမှုများကို လေ့လာနိုင်ရန် မိမိတို့အား နွေးထွေးစွာကြိုဆိုခဲ့ကြသော သက်ဆိုင်ရာမျိုးနွယ်စု ခေါင်းဆောင်များအားလုံးကို မိမိတို့ရင်ထဲက အစဉ်အမြဲကျေးဇူးတင်ရှိနေမည် ဖြစ်သည်။ နှစ်ပေါင်းများစွာ အပြောင်းအလဲများနှင့် လွှမ်းမိုးမှုများကို တွန်းလှန် ကျော်လွှားနိုင်ခဲ့သော နာဂရိုးရာ ဓလေ့ထုံးတမ်း မြေယာစီမံမှုစနစ်၏ အဓိကဗဟိုဖြစ်သည့် ဌာနေလူမျိုးများ၏ သစ်တောနှင့် မြေယာဆိုင်ရာ အသိပညာဗဟုသုတများစွာကို မိမိတို့အဖွဲ့မှလေ့လာသင်ယူ ရရှိခဲ့ပါသည်။

အမျိုးသမီးများနှင့် လူငယ်များအပါအဝင် ပူးပေါင်းပါဝင်ကြသောရပ်သူရွာသားများ၊ ရပ်ရွာလူကြီးများသည် မိမိတို့၏ မေးမြန်းမှုများကို စိတ်ရှည်စွာ စိတ်ဝင်တစားဖြေကြားပေးခဲ့သောကြောင့် အချက်အလက်များကို မိမိတို့အဖွဲ့အနေဖြင့် အကောင်းဆုံးမှတ်တမ်းတင်နိုင်ခဲ့ပါသည်။ ထိုသူတို့၏ ပူးပေါင်းပါဝင်မှု မရှိပါက မိမိတို့ အဖွဲ့အနေဖြင့် ဆုံးခန်းတိုင် အောင်မြင်နိုင်ခဲ့မည် မဟုတ်ပေ။ လူကြီးမင်းများအား မိမိတို့ ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။ မိမိတို့သွားလိုရာ နေရာမှန်သမျှ ပို့ဆောင်ပေးခဲ့သည့် ကျွမ်းကျင်သော တောင်ပေါ်ပျံလွှားငှက်များသဖွယ် ကျွမ်းကျင်လှတဲ့ ဆိုင်ကယ်သမားအဖွဲ့ကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။ သူတို့၏ ကျွမ်းကျင်မှုများကြောင့်သာ မိမိတို့အဖွဲ့အနေဖြင့် ရည်ရွယ်ထားသော ကျေးရွာများသို့ ရောက်ရှိနိုင်ပြီး သုတေသနကို အထိခိုက်အတားဆီးမရှိပဲ ပြုလုပ်နိုင်ခဲ့ပါသည်။

အခြေအနေအမျိုးမျိုးတွင် မိမိနှင့်အတူ အမြဲလိုက်ပါ လုပ်ဆောင်ပေးခဲ့ကြသော လုပ်ဖော်ကိုင်ဖက်အားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါသည်။ မိမိ၏ လုပ်ဖော်ကိုင်ဖက်များကြောင့်သာ လုပ်ငန်းအစမှ စာတမ်းပြီးမြောက်သည်အထိ အောင်မြင်မှုကို မြင်တွေ့ခံစားရခြင်းဖြစ်သည်။ မိမိတို့ခရီးစဉ်အတွင်း အကောင်းဆုံးဗီဒီယို မှတ်တမ်းနှင့် ရင်သက်ရှုမောဖွယ် ဓာတ်ပုံများကို ရိုက်ကူးပေးခဲ့သော Tony နှင့် Jimmy တို့ကို ကျေးဇူးအထူးတင်ရှိပါသည်။ စိတ်ရှည်ခြင်း၊ စိတ်နှစ်ကိုယ်နှစ်ရှိခြင်းနှင့် ဤစာတမ်းအား ရေးသားခြင်း၊ တည်းဖြတ်ခြင်း၊ ပြုစုခြင်းများကို မိမိတို့၏ တက်ကျွမ်းမှုများဖြင့် လုပ်ဆောင်ပေးခဲ့ကြသော Julia နှင့် Jack တို့ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။ အခက်အခဲများကို ကျော်လွှား၍ ဤသုတေသနလုပ်ငန်း အောင်မြင်ပြီးမြောက်ရေးအတွက် ငွေကြေး နှင့် နည်းပညာအကူအညီများပေးခဲ့ကြသော LCG, RFN နှင့် LiFT တို့ကိုလည်း မိမိတို့ RRtIP အဖွဲ့မှ အလွန်ပင်ကျေးဇူးတင်ရှိပါသည်။ နောက်ဆုံးအနေဖြင့် အမည်ဖော်ပြထားခြင်းမရှိသော်လည်း ဤသုတေသနလုပ်ငန်းတစ်လျှောက် မိမိတို့အား တတ်အားသ၍ ပါဝင်ကူညီခဲ့ကြသူများ အားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။



Athong Makury, Executive Director, **RRtIP**

# ဌာနေတိုင်းရင်းသားတို့၏သဘာဝသယံဇာတ အခွင့်အရေး ကာကွယ်ရေးအဖွဲ့အကြောင်း

**ဌာနေတိုင်းရင်းသားတို့၏ သဘာဝသယံဇာတအခွင့်ရေးကာကွယ်ရေးအဖွဲ့ (RRtIP)** သည် သဘာဝသယံဇာတ၊ ယဉ်ကျေးမှုနှင့် အမျိုးသား ဝိသေသစရိုက်လက္ခဏာဆိုင်ရာ အခွင့်ရေးများ ချိုးဖောက်ခံရခြင်း၊ မြိမ်းခြောက်ခံရခြင်းများကြုံ့တွေ့နေရသည်များကိုကာကွယ်ဖေးမကူညီရန်ဌာနေတိုင်းရင်းသားလူမျိုးများ၏ မျှော်လင့်ချက် ဖြည့်ဆီးသည့်အနေဖြင့် ၂၀၁၂ ခုနှစ်တွင် စတင်ခဲ့ပါသည်။ RRtIP အဖွဲ့စည်းအနေဖြင့် အဖွဲ့ဝင်ပေါင်း ၁၀၀ကျော်ဖြင့် နာဂဒေသနှင့် အခြားဒေသများတွင် လုပ်ဆောင်လျက်ရှိပါသည်။ အဖွဲ့ဝင်များသည် ဌာနေတိုင်းရင်းသားရေးရာ၊ မနုဿဗေဒ၊ ဒေသတွင်းဖွံ့ဖြိုးရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သုတေသန စသည်ကဏ္ဍများတွင် ကျွမ်းကျင်သည့် ပညာရှင်များပါဝင် ဆောင်ရွက်လျှက်ရှိပါသည်။




## မျှော်မှန်းချက်

ဌာနေနာဂလူမျိုးများသည် ဌာနေတိုင်းရင်းသားများအခွင့်ရေးဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ ကြေငြာစာတမ်း (UNDRIP, 2007) ပါ အချက်များအတိုင်း ကမ္ဘာပေါ်ရှိ အခြားဌာနေလူမျိုးများကဲ့သို့ မိမိတို့၏ သဘာဝသယံဇာတများ၊ ယဉ်ကျေးမှုနှင့် အမျိုးသား ဝိသေသစရိုက် လက္ခဏာများဆိုင်ရာ အခွင့်အရေး ရှိပါသည်။ ၎င်းတို့၏ သဘာဝသယံဇာတများ၊ ယဉ်ကျေးမှုနှင့် အမျိုးသား ဝိသေသစရိုက်လက္ခဏာများကို ထိန်းသိမ်းကာကွယ်ကာ ရေရှည်တည်တံ့သော စာဝတ်နေရေး၊ လူမှုဘဝ၊ မိသားစုများနှင့် ရပ်ရွာများ လုံခြုံမှုအပြည့်အဝရှိကာ မိမိတို့၏ အခြေခံအခွင့်ရေးများ မပျောက်ပျက်ဘဲ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်သည့် အခွင့်ရေးရှိပါသည်

## လုပ်ငန်းစဉ်

ဌာနေတိုင်းရင်းသားတို့၏ သဘာဝသယံဇာတအခွင့်ရေးကာကွယ်ရေးအဖွဲ့ (RRtIP) သည် ဌာနေလူမျိုးများအနေနှင့် ၎င်းတို့၏ သဘာဝသယံဇာတများ၊ ယဉ်ကျေးမှုနှင့် အမျိုးသား ဝိသေသစရိုက် လက္ခဏာများဆိုင်ရာ အရေးကိစ္စရပ်များဆိုင်ရာ ဆုံးဖြတ်စီမံသည့် ဖြစ်စဉ်များတွင် ပါဝင်လာနိုင်စေရန် ၎င်းတို့၏ စွမ်းဆောင်ရည်များ မြှင့်တင်ခြင်းနှင့် ဒေသခံများအား ပံ့ပိုးကူညီခြင်းစသည်များ လုပ်ဆောင်ခြင်းဖြင့် ဌာနေတိုင်းရင်းသားတို့၏ အခွင့်ရေးများကို မြှင့်တင်ဖော်ထုတ်ပါသည်။

# အတိုကောက်များ

| | |
|---|---|
| **asl** | above sea level |
| **CEDAW** | Convention on the Elimination of all Forms of Discrimination Against Women |
| **CFI** | Community Forestry Instruction |
| **CF** | Community Forestry |
| **CNA** | Council of Naga Affairs |
| **DALMS** | Department of Agricultural Land Management and Statistics |
| **FD** | Forest Department |
| **FPIC** | Free, Prior and Informed Consent |
| **GAD** | General Administration Department |
| **HH** | Households |
| **IDP** | Internally Displaced Person |
| **MOAI** | Ministry of Agriculture and Irrigation |
| **MONREC** | Ministry of Natural Resources and Environmental Conservation |
| **MOALI** | Ministry of Agriculture, Livestock and Irrigation |
| **NLUP** | National Land Use Policy |
| **NNC** | Naga National Council |
| **NSCN** | The Naga Socialist Council of Nagaland |
| **NSCN-IM** | The Naga Socialist Council of Nagaland – Isak Muivah |
| **NSCN-K** | The Naga Socialist Council of Nagaland - Khaplang |
| **PFE** | Permanent Forest Estate |
| **PPF** | Public Protected Forests |
| **RF** | Reserved Forests |
| **RR*t*IP** | Resource Rights for the Indigenous Peoples |
| **SAZ** | Self-Administered Zone |
| **SLORC** | State Law and Order Restoration Council |
| **UNDRIP** | United Nations Declaration on the Rights of Indigenous Peoples |
| **VFV** | Vacant, Fallow and Virgin Land |

# အကျဉ်းချုပ်

*" ဒီမြေကိုကျနော်တို့ပိုင်ပါတယ်၊ မြေယာနှင့် သစ်တောတွေကို စီမံခန့်ခွဲဖို့ရာ ကျနော်တို့မှာ စနစ်ကောင်း ရှိပြီးသားဖြစ်ပါတယ်။ ကျနော်တို့တွေဟာ မြေယာကိုပိုင်ဆိုင်ကြတယ်ဆိုပေမဲ့လည်း မိမိတို့မြေကို မရှိဆင်းရဲသားတွေ၊ မြေယာမဲ့တွေကို မျှဝေအသုံးပြုခွင့်ပေးပါတယ်။ ကျနော်တို့ရဲ့ စီမံခန့်ခွဲမှုစနစ်ဟာ အမှန်ဆိုရင် အစိုးရအတွက် အထောက်အပံ့ဖြစ်စေပါတယ်။ ကျနော်တို့အနေနဲ့ ရိုးရာဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှုစနစ်ကို မကျင့်သုံးဘူးဆိုရင် မိမိတို့ရဲ့ လူမျိုးရေး ပြယုဂ်နှင့် ဓလေ့ထုံးတမ်းတွေ ပျောက်ကွယ်သွားမှာဖြစ်တယ်။ ကျနော်တို့ရဲ့ ဓလေ့ထုံးတမ်း ဥပဒေတွေကို မှတ်တမ်းတင် ထားရှိခြင်းမရှိပါဘူး။ သို့သော် အဲဒီ ဥပဒေတွေဆက်လက်ရှင်သန်ရေးအတွက် စဉ်ဆက်မပျက် ထိန်းသိမ်းလေ့ရှိပါတယ် "*

- ရိုးရာသူကြီး၊ ဆွမ္မရာ

နာဂလူမျိုးဟုဆိုရာတွင် မျိုးနွယ်စုပေါင်း ၄၀ ကျော်ရှိပြီး အရှေ့မြောက်အိန္ဒိယနှင့် အနောက်မြောက် မြန်မာနယ်နိမိတ်ဖြင့် ပိုင်းခြားထားသော နာဂတောင်တန်းဒေသတွင် နေထိုင်ကြသည်။ နာဂလူမျိုးများသည် သမိုင်းကြောင်း၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအရ မိမိတို့မြေအပေါ် အလွန်တွယ်တာကြပြီး မိမိတို့၏ မြေကို ရိုးရာဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှုစနစ်ဖြင့် စီမံလျှက်ရှိသည်။ ရိုးရာဓလေ့ထုံးတမ်း မြေယာစီမံမှုစနစ်တွင် အိမ်ထောင်စု၊ ဖသားစု၊ ကျေးရွာစုနှင့် မျိုးနွယ်စုများ၏ သဘာဝအရင်းအမြစ် အသုံးပြု စီမံပိုင်ခွင့်ရှိသည်ကို သတ်မှတ်ပေးထားပြီး စီမံခန့်ခွဲရေးစည်းမျဉ်းစည်းကမ်းများကိုပါ ချမှတ်ပေးထားသည်။ ထိုစည်းမျဉ်းစည်းကမ်းများကို ချမှတ်ပေးရန် နှင့် ကြပ်မတ်ပေးရန် ကျေးရွာကောင်စီနှင့် ကျေးရွာ ခေါင်းဆောင်မှအစ မျိုးနွယ်စုကောင်စီနှင့် မျိုးနွယ်စုများကောင်စီအထိရှိသော ရိုးရာအဖွဲ့အစည်းများတွင် တာဝန်ရှိသည်။ ရိုးရာတရားရေးစနစ်တွင် အငြင်းပွားမှုများကို ဖြေရှင်းရန် မူဘောင်များချမှတ်ထားပြီး ပြစ်ဒဏ်နှင့်ဒဏ်ငွေများချမှတ်ကာ ကျေးရွာစည်းမျဉ်းစည်းကမ်းများကို ကြပ်မတ်လျှက်ရှိသည်။ ရိုးရာတရားဥပဒေနှင့် ရိုးရာအဖွဲ့အစည်းများသည် စားဝတ်နေရေးနှင့် စားနပ်ရိက္ခာဖူလုံရေးတို့အတွက် မတူကွဲပြား၍ ရေရှည်တည်တံ့သော မြေအသုံးပြုမှုစနစ်ကို ချမှတ်သည်။ အရင်းအမြစ်များကိုလည်း သင့်တော်သလို စီမံပြီး သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ပေးကာ ရိုးရာယဉ်ကျေးမှုနှင့် ဘာသာရေးဓလေ့ထုံးတမ်းများကိုလည်း ထိန်းသိမ်းပေးလျှက်ရှိသည်။

နာဂသမိုင်းတစ်လျှောက်တွင် ကျေးရွာသည် အခြေခံကျသော နိုင်ငံရေး၊ လူမှုရေးနှင့် အုပ်ချုပ်ရေး ဆိုင်ရာနယ်မြေသတ်မှတ်ချက်ယူနစ်တစ်ခုအဖြစ် တည်ရှိပါသည်။ ကျေးရွာနယ်နိမိတ်အတွင်း ရွာသူရွာသားများသည် အထွက်ကောင်းသော သဘာဝဂေဟ စိုက်ပျိုးရေးစနစ်ကို လုပ်ဆောင်ပြီး အခြေခံစားသုံးရန်လိုအပ်သော သီးနှံနှင့် စီးပွားဖြစ် သီးနှံအမျိုးမျိုးကို စိုက်ပျိုးကြသည်။ Jhum ခေါ် တောင်ယာ စိုက်ပျိုးရေးစနစ်သည် ရေရှည်တည်တံ့ပြီး အကုန်ကျသက်သာသော အလှည့်ကျစိုက်ပျိုးရေးစနစ်ဖြစ်ပြီး စားနပ်ရိက္ခာ ဖူလုံရေးအတွက် အရေးပါသည်။ ထိုစနစ်တွင်သီးနှံစိုက်ပျိုးခြင်းမပြုသောကာလများကို မြေဆီပြန်လည်ပြည့်ဝလာစေရန်ထားရှိသည်။ အိမ်ထောင်စုများသည် လှေကားထစ်စိုက်ပျိုးနည်းနှင့် တောင်ယာစိုက်ပျိုးနည်းများဖြင့် စိုက်ပျိုးကာ သစ်တောအုပ်များကို ထိန်းသိမ်းထားကြပြီး ကျေးရွာများအနေဖြင့် ရေထိန်းတောများကဲ့သို့ အများပိုင်သဘာဝအရင်းအမြစ်များကိုလည်း စီမံလေ့ရှိသည်။ ကျေးရွာများမှ စီမံသော သစ်တောများကို ရိုးရာဓလေ့ထုံးတမ်းစနစ်ဖြင့် ထိရောက်စွာကာကွယ်ထိန်းသိမ်းထားပြီး သစ်လုံးများနှင့် လောင်စာထင်းများကို အိမ်သုံးအတွက်သာထုတ်ယူခွင့်ပေးထားသည်။ သို့သော် အလွန်အကျွံထုတ်ယူခြင်းကို ဒဏ်ကြေးဖြင့် ကြပ်မှတ်ထားသည်။

နာဂရိုးရာဓလေ့ထုံးတမ်း မြေယာအသုံးပြုမှုစနစ်တွင် ရွာသူရွာသားများမှ မြေကို အကျိုးရှိရှိအသုံးပြုနိုင်ရန် စီမံထားသည်။ မြေယာအားလုံးသည် စီမံမှုအောက်တွင်ရှိပြီး မြေလွတ်/လပ်ဟူ၍ မရှိပေ။ အသစ် ပြောင်းရွှေ့လာသူများနှင့် ပဋိပက္ခကြောင့်ဖြစ်စေ၊ သဘာဝဘေးဒဏ်ကြောင့်ဖြစ်စေ ပြောင်းရွှေ့လာကြသူများအပါအဝင် မြေယာမဲ့ (သို့) လိုအပ်လျှက်ရှိသော အိမ်ထောင်များကို နှစ်အလိုက် မြေယာများ ခွဲဝေပေးလေ့ရှိသည်။ အမွေအဖြစ်လည်းကောင်း၊ ရောင်းချခြင်းဖြင့်၎င်း၊ အခြားနေရာသို့ ပြောင်းရွှေ့နေထိုင်ခြင်းကြောင့်၎င်း မြေယာပိုင်ဆိုင်မှုကို လွှဲပြောင်းပေးရာတွင် မိမိတို့၏ ဆွေမျိုးအရင်းအခြာများကို ပထမဆုံး

ဦးစားပေးပြီး၊ ထို့နောက် မိမိတို့ဖသားစု၊ နောက်မှ ရပ်သူရွာသားများကို အစဉ်လိုက် ဦးစားပေးလေ့ရှိသည်။ မြေကို ပုဂ္ဂလိက ကုမ္ပဏီများ သို့မဟုတ် မိမိတို့ကျေးရွာပြင်ပမှ လူများထံရောင်းချခွင့် မရှိပေ။

ရှီးရာအဖွဲ့ အစည်းများ၊ အထူးသဖြင့် ကျေးရွာကောင်စီ နှင့် ကျေးရွာခေါင်းဆောင်များက မြေယာကို မိမိတို့ ကျေးရွာ နယ်နိမိတ်အတွင်း စီမံကွပ်ကဲကြသည်။ စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များကို ကျေးရွာ အစည်း အဝေးများတွင် လူထုမှ ဆုံးဖြတ်ပေးပြီး ကျေးရွာကောင်စီနှင့် ကျေးရွာခေါင်းဆောင်များမှ အတည်ပြု ပေးသည်။ အငြင်းပွားမှုများကို ဖြေရှင်းရာတွင်လည်းကောင်း၊ ရှီးရာဥပဒေများကို ပြန်လည်စီစစ်ရာ တွင်၎င်း၊ ဘုံရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင်လည်း မျိုးနွယ်စု ကောင်စီ၊ မြို့နယ်အဆင့် ကော်မတီများနှင့် မျိုးနွယ်စုအားလုံးပါဝင်သော အဖွဲ့အစည်းများက ကျေးရွာများနှင့် မျိုးနွယ်စုများကို ခေါ်ယူစုစည်းလေ့ရှိသည်။

ရှီးရာတရားစီရင်ရေးစနစ်ဖြင့် မြေယာအငြင်းပွားမှုကိုဖြေရှင်းရာတွင် ပုံမှန်အားဖြင့် ရှီးရာအာဏာပိုင်များမှ မိမိတို့ကျေးရွာအတွင်းတွင်သာ ညှိနှိုင်းဖြန်ဖြေပေးခြင်းဖြင့် ဖြေရှင်းလေ့ရှိသည်။ ရှီးရာတရားစီရင်ရေး စနစ်သည် နစ်ဦးနစ်ဖက်ပြန်လည်သင့်မြတ်ရေးနှင့် လူမှုရေးသဟဇာတဖြစ်မှုထိန်းသိမ်းရေးတို့ကို အလေး ထားသည်။ ကျေးရွာကောင်စီနှင့် ကျေးရွာခေါင်းဆောင်အပါအဝင် ကျေးရွာအာဏာပိုင်များသည် မြေယာ စီမံခန့်ခွဲမှု စည်းမျဉ်းစည်းကမ်းများကို ကြပ်မတ်လျှက်ရှိသည်။ ဥပမာ မိမိတို့ထံမှ ခွင့်ပြုချက်မရပဲ သစ်များ ထုတ်ယူခြင်းကို သွားရောက် ဖမ်းဆီးခြင်းဖြင့် စည်းကမ်းများကို ကြပ်မတ်ပေးသည်။

ရှီးရာ ဓလေ့ထုံးတမ်း မြေယာအသုံးပြုမှုစနစ်အားဖြင့် ဘာသာရေးနှင့် ယဉ်ကျေးမှု ပြယုဂ်များကို ဖော်ပြ လျှက်ရှိသည်။ ရှီးရာဓလေ့ထုံးတမ်း ဘာသာရေးဓလေ့များသည် နယ်မြေနှင့် ထိုနယ်မြေရှိ ရှီးရာနတ်များ ပေါ်တွင် အမြစ်တွယ်လျှက်ရှိသည်။ အထိမ်းအမှတ်ပွဲများ၊ ပွဲတော်များ နှင့် ဘာသာရေး အခမ်းအနားများ သည် ရှီးရာဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှု၊ အထူးသဖြင့် နှစ်စဉ်လည်ပတ်နေသော တောင်ယာ စိုက်ပျိုးရေးစနစ်နှင့် ပတ်သက်ဆက်စပ်နေသည်။ ခရစ်ယာန်ဘာသာယုံကြည်သက်ဝင်လာမှုကြောင့် လွန်ခဲ့သော နှစ်ပေါင်း (၁၅၀) အတွင်း ရှီးရာဓလေ့ထုံးတမ်း ယုံကြည်မှုများ ယုတ်လျော့သွားသော်လည်း မြေယာနှင့် ပတ်သက်သော ရှီးရာယဉ်ကျေးမှု ဓလေ့များကိုမူ ထိန်းသိမ်းထားကြပါသည်။

လေရှီးမြို့နယ်နာဂတောင်တန်းများ



ရိုးရာ ဓလေ့ထုံးတမ်း မြေယာအသုံးပြုမှု စနစ်ကို စီမံခန့်ခွဲရေး အဖွဲ့စည်းသစ်များ ထူထောင်ခြင်းဖြင့်၎င်း၊ ကျေးရွာစီမံခန့်ခွဲမှု စည်းမျဉ်းစည်းကမ်းများပြောင်းလဲခြင်းဖြင့်၎င်း၊ ရိုးရာဓလေ့ထုံးတမ်းစနစ်ကို ပြန်လည်စီစစ်ခြင်းဖြင့်၎င်း ခေတ်နှင့်အညီ တိုးတက် ပြောင်းလဲ ကျင့်သုံး လာခဲ့ကြသည်။ ဥပမာ အမျိုးသမီးများအား အမွေရပိုင်ခွင့်များပေးအပ်လာကြသည်။ ကျေးရွာများ၊ ဖသားစုများနှင့် မျိုးနွယ်စုများသည် အတိတ်မှ ဓလေ့ထုံးတမ်းများနှင့် မတူပဲ ရိုးရာဓလေ့ထုံးတမ်း မြေယာအသုံးပြုမှုစနစ်ကို ခေတ်နဲ့အညီ အားကောင်းအောင် ချမှတ်ဆောင်ရွက်လျှက်ရှိ သည်။

ရိုးရာဓလေ့ထုံးတမ်း မြေယာအသုံးပြုမှုစနစ်ကို တန်ဖိုးထားသော်လည်း လက်ရှိ မြန်မာ့ဥပဒေမူဘောင်တွင် ထိုရိုးရာဓလေ့ထုံးတမ်း မြေယာအသုံးပြုမှုစနစ်ကို ကောင်းစွာ အသိအမှတ်ပြုထားခြင်းမရှိပေ။ မကြာသေးမီ နှစ်များက ဥပဒေနှင့် မူဝါဒများ ကြပ်မတ်လာပြီး အစိုးရအဖွဲ့အစည်းများ နာဂဒေသတွင် တိုးမြှင့်ရောက်ရှိလာခြင်းကြောင့် နာဂလူမျိုးတို့၏ မြေယာနှင့် သစ်တောဆိုင်ရာ ရိုးရာဓလေ့ထုံးတမ်း အခွင့်အရေးများ ယခင်ကထက်ပိုမိုယိမ်းယိုင်လာပြီး အကျိုးဆက်အနေဖြင့် ရိုးရာ ဓလေ့ထုံးတမ်း မြေယာအသုံးပြုမှုစနစ်နှင့် ကိုက်ညီမှုမရှိခြင်းကြောင့် ပဋိပက္ခများဖြစ်ပွားစေသည်။ ရိုးရာ ဓလေ့ထုံးတမ်း မြေယာပိုင်ဆိုင်မှုကို အသိအမှတ်မပြုဘဲ အစိုးရအုပ်ချုပ်ရေးများ တိုးချဲ့လာခြင်းသည် မြန်မာနိုင်ငံရှိ နာဂလူမျိုးများ၏ စားဝတ်နေရေး၊ သဘာဝပတ်ဝန်းကျင် နှင့် ယဉ်ကျေးမှုများအား ခြိမ်းခြောက်မှုများ ဖြစ်စေသည်။

နာဂကျေးရွာများတွင် ကျင့်သုံးသော ရေရှည်တည်တံ့၍ ထိရောက်သော မြေယာစီမံမှုများသည် ရိုးရာဓလေ့ထုံးတမ်း မြေယာအသုံးပြုမှုစနစ်မှ ခွဲထုတ်၍မရပေ။ နာဂရိုးရာ ဓလေ့ထုံးတမ်း မြေယာစီမံမှုစနစ်ကို ကောင်းစွာ အသိအမှတ်ပြုရန် မြေယာပိုင်ဆိုင်ခွင့်ကို အသိအမှတ်ပြုပြီး သင့်တော်သော မြေယာအုပ်ချုပ်စီမံပိုင်ခွင့်အာဏာကို ရိုးရာအဖွဲ့အစည်းများထံ ပေးအပ်ထားရမည် ဖြစ်သည်။ သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့နိုင်ရန် စီမံရာတွင်၎င်း၊ ကျေးလက်ဒေသ စားဝတ်နေရေးဖူလုံရေး နှင့် ခိုင်မာသော ငြိမ်းချမ်းရေး အခြေခံအုပ်မြစ်များတည်ဆောက်ရန် နာဂလူမျိုးတို့၏ ရိုးရာဓလေ့ထုံးတမ်း မြေယာစီမံမှုစနစ်ကို အသိအမှတ်ပြုရန် လိုအပ်ပေသည်။

# သုတေသနနောက်ခံ

ဤသုတေသနစာတမ်းသည် ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် RRtIP အဖွဲ့မှ လုပ်ဆောင်ခဲ့သော ဒေသခံ လူထုများနှင့်ပူးပေါင်းပါဝင်သည့်သုတေသနလုပ်ငန်းပေါ်တွင် အခြေခံထားပါသည်။[1] ဤသုတေသန လုပ်ငန်းလုပ်ဆောင်ရာတွင် လူထုနှင့် ပူးပေါင်းဆောင်ရွက်ပြီး မြန်မာနိုင်ငံ အနောက်မြောက်၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ရိုးရာခေါင်းဆောင်များမှရွေးချယ်ပေးသော နာဂမျိုးနွယ်စုများ၏ မြေယာစီမံမှုစနစ်များ ကွဲပြားပုံကို ပုံဖော်နိုင်ရန် ထိုမြေယာစီမံမှုစနစ်များ၏ အဓိကအစိတ်အပိုင်းများကို မှတ်တမ်းပြုစုခဲ့သည်။[2]

ဤသုတေသန၏ ရည်ရွယ်ချက်များမှာ -

- ရိုးရာဓလေ့ထုံးတမ်းအရ ပိုင်ဆိုင်သောမြေယာ နှင့် သဘာဝအရင်းအမြစ်များ စီမံအုပ်ချုပ်မှုစနစ်ကို မှတ်တမ်းတင်ထားရန် ဒေသခံလူထုအား တွန်းအားဖြစ်စေရန်
- ဒေသအဆင့်၊ တိုင်းဒေသကြီးအဆင့် နှင့် ပြည်ထောင်စုအဆင့် ရိုးရာဓလေ့ထုံးတမ်း မြေယာစီမံမှုစနစ်ဆိုင်ရာ ဆွေးနွေးပွဲများတွင် ပါဝင်လာနိုင်ရေးအတွက် နာဂလူမှုအဖွဲ့အစည်းများ၊ ခေါင်းဆောင်များနှင့် အဖွဲ့အစည်းများ၏ စွမ်းရည်နှင့် ပြင်ဆင်မှုများ အားကောင်းလာစေရန်
- ရိုးရာဓလေ့ထုံးတမ်းမြေယာစီမံမှုစနစ်ကို ပြဋ္ဌာန်းချက်ဥပဒေများဖြင့် ပိုမိုအသိအမှတ်ပြုလာနိုင်စေရေး တိုင်းဒေသကြီးအဆင့်နှင့် ပြည်ထောင်စုအဆင့်တွင် တိုက်တွန်းအကြံပြုပြောဆိုနိုင်ရန်အတွက် သက်သေပြ အချက်အလက်များ ရရှိစေရန်

မြန်မာနိုင်ငံဥပဒေတွင် အသိအမှတ်ပြုထားခြင်းမရှိသော ရိုးရာဓလေ့ထုံးတမ်း မြေယာစီမံမှုစနစ်များကို ကျင့်သုံးသော လူ့အဖွဲ့အစည်းများ၊ အထူးသဖြင့် ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးရေးစနစ်ကိုကျင့်သုံးသူများ၏ ရိုးရာဓလေ့ထုံးတမ်းစနစ်များသည် မြေယာနှင့် သဘာဝအရင်းအမြစ်များရရှိရေး ပြိုင်ဆိုင်မှုများကြောင့် ပိုမိုခြိမ်းခြောက်ခံလာရပြီး၊ ဤသို့ အရေးကြီးလိုအပ်နေချိန်တွင် ဤသုသေသနလုပ်ငန်း ထွက်ပေါ်လာခဲ့ခြင်း ဖြစ်သည်။ ဒေသ၏ အခြေနေမှန်အပေါ် အောက်ခြေအဆင့် မူဝါဒရေးရာ ဆွေးနွေးပွဲများနှင့် ဒေသခံတို့၏ အသံများကို ပြည်ထောင်စုအဆင့် မူဝါဒရေးရာဆွေးနွေးပွဲများထိ သယ်ဆောင်သွားနိုင်ရန် ရိုးရာဓလေ့ ထုံးတမ်း မြေယာစီမံမှုစနစ်များကို ပူးပေါင်းပါဝင် မှတ်တမ်းတင်ထားရန်လိုအပ်ပေသည်။

ဤသုတေသနစာတမ်းတွင် နာဂကျေးရွာသုံးရွာရှိ ရိုးရာဓလေ့ထုံးတမ်းမြေယာ စီမံမှုစနစ်၏ အဓိကအစိတ်အပိုင်းများကို မှတ်တမ်းတင်ထားပြီး၊ ရိုးရာဓလေ့ထုံးတမ်း မြေယာအသုံးပြုမှုစနစ်ကို ပုံဖော်ထားသော မြေယာစီမံမှုများ၊ အဖွဲ့အစည်းများ၊ မြေယာအငြင်းပွားမှု ဖြေရှင်းသည့်စနစ်များနှင့် သစ်တောစီမံခန့်ခွဲမှုဓလေ့များပါဝင်သည်။ ဒေသ၏ စားဝတ်နေရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေး၊ ယဉ်ကျေးမှု၊ ဘာသာရေးပြယုဂ်များ နှင့် နာဂလူမျိုးတို့၏ အခွင့်အရေးများအတွက် ရိုးရာဓလေ့ထုံးတမ်း မြေယာအသုံးပြုမှုစနစ်၏ တန်ဖိုးကိုလည်း ဖော်ညွှန်းထားသည်။

ရိုးရာဓလေ့ထုံးတမ်းအရ ပိုင်ဆိုင်သော မြေယာများ နှင့် စားဝတ်နေရေး ဖူလုံမှုရှိစေရန် ပြဋ္ဌာန်းချက်ဥပဒေများဖြင့် အကာအကွယ်ပေးထားရေး ဆောင်ရွက်ရာတွင် လူ့အဖွဲ့အစည်းများ၊ အစိုးရနှင့် အရပ်ဘက်

---

1 ဤအစီရင်ခံစာတွင်ဖော်ပြထားသော နာဂတောင်တန်းများဆိုသည်မှာ ၄င်းတို့ကိုယ်၄င်းတို့ နာဂအဖြစ် သတ်မှတ်ထားသောလူမျိုးများမှ မူလပိုင်ဆိုင်သော မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံရှိ တောင်ကုန်းထူထပ်သော ပထဝီဝင်ဒေသကို ရည်ညွှန်းပါသည်။၄င်းကို ဤတောင်ကုန်းဒေသအတွက် ယေဘုယျအသုံးအနှုန်းအဖြစ်သာ အသုံးပြုထား၍ ကိုလိုနီခေတ်တွင်သုံးသော အုပ်ချုပ်မှုဒေသအမည်ကို ရည်ညွှန်းခြင်းမရှိပါ။

2 စုပေါင်းလူမျိုးစုများနှင့် လူမျိုးစုငယ်များအပါအဝင် နာဂမျိုးနွယ်စုအရေအတွက်သည် အငြင်းပွား ဖွယ်ရာဖြစ်နေပါသည်။

လူ့အဖွဲ့အစည်းများအတွက် ဤစာတမ်းမှ အသုံးဝင်မည့် အတွေးအမြင်များပေးနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။[3]

3 နာဂဓလေ့ထုံးတမ်းစနစ်များနှင့် အလေ့အကျင့်များကို မှတ်တမ်းတင်ထား၍ ၄င်းအား ဘုံအမြင် သဘောထားရှု့ဒေါင့်များ သတ်မှတ်ဖော်ထုတ်ရန် ဖြစ်ရပ်အလိုက်လေ့လာမှုများနှင့်နှိုင်းယှဉ်နိုင်ပါသည်။ ဥပမာ။ ။ Mungleng A (2017) The Shirui Village: A case study of  village administration in Tangkhul society. Assam, India: Action Aid India and Sarma JK and Saika R (2013) IEKS and Sustainable Land Resource Management – a surveillance on the practices among the Tangsa Naga and Tanghkul Naga of North East India. Indian Journal of Traditional Knowledge. 12(2), 252-258

# နာဂတောင်တန်း

နာဂလူမျိုးတို့သည် မြန်မာနှင့် အိန္ဒိယနယ်စပ်တစ်လျှောက်ရှိ တောတောင်ထူထပ်သော နာဂတောင်တန်း ဒေသတွင် နေထိုင်ကြသည်။ မျိုးနွယ်စုပေါင်း ၄၀ ကျော်ရှိပြီး အရှေ့မြောက်အိန္ဒိယနှင့် အနောက်မြောက် မြန်မာတို့တွင် ခွဲခြားနေထိုင်ကြသည်။ အိန္ဒိယနိုင်ငံဘက်ခြမ်းတွင် နာဂလန်းပြည်နယ်၌အဓိကနေထိုင်ကြပြီး မဏိပူရပြည်နယ်၊ အာသံပြည်နယ်နှင့် အရိုနားချားပရာဒစ်ရှ်ပြည်နယ်တို့တွင်လည်း နေထိုင်ကြသည်။ မြန်မာနိုင်ငံဘက်ခြမ်းတွင်မူ မျိုးနွယ်စု ၁၀ ခုမှ လူဦးရေ တစ်သန်းဝန်ကျင်ခန့်တို့သည် စစ်ကိုင်းတိုင်း ဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် နေထိုင်ကြသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပြဋ္ဌာန်းပေးထားသော နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကို စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်ရှိ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့ဖြင့် ဖွဲ့စည်းထားသည်။

နာဂတောင်တန်းသည် ဘာသာစကား၊ ယဉ်ကျေးမှု နှင့် ဇီဝသက်ရှိ အမျိုးမျိုး ထွန်းကားရာ နေရာဖြစ်သည်။ ထိုတောင်တန်းသည် အာရှတိုက်နှင့် အိန္ဒိယတိုက်ငယ် ဆုံတွေ့ရာ နေရာတွင်ဖြစ်ပေါ်ပြီး တောင်ဟိမဝန္တာမှ အိန္ဒိယ မြန်မာနယ်စပ် တစ်လျှောက်လုံးဖြစ်သည်။ နာဂကျေးရွာများကို ရိုးရာဓလေ့ထုံးတမ်းအရ တောင်ရိုးနှင့် တောင်ထိပ်များတွင် တည်လေ့ရှိပြီး အောက်ခြေမှ လယ်ကွင်းများ၊ စိုက်ပျိုးထားခြင်းမရှိသော မြေများ၊ လှေကားထစ်စပါးစိုက်ခင်းများနှင့် သစ်တောများကို ကောင်းစွာမြင်နိုင်သည်။

ဤဒေသသည် ဇီဝသက်ရှိအမျိုးမျိုး ထွန်းကားရာနေရာဒေသလည်းဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင် အနိမ့်ပိုင်းတွင် တောင်တန်းများမှာ အပူပိုင်း ဆီမီးအမြဲစိမ်း မိုးသစ်တောများဖြင့် ဖုံးအုပ်နေပြီး ပင်လယ်ရေမျက်နှာပြင်အမြင့် မီတာ ၁၀၀၀-၁၅၀၀ ခန့်တွင်မူ ဟိမဝန္တာ အပူလျော့ပိုင်းရွက်ကြွေတောများ သို့ကူးဆက်သွားသည်။ ပင်လယ်ရေမျက်နှာပြင် အမြင့် မီတာ ၁၅၀၀ နှင့်အထက်တွင် အပူလျော့ပိုင်း ထင်းရှူးတောများ နှင့် ရွက်ကြွေတောများ ရောနှောနေပြီး မြေနိမ့်ပိုင်းတွင် ထင်းရှူးမျိုးစိတ်များနှင့် သစ်နံ့ပင်များ ရောနှောပေါက်ရောက်ကာ တောင်ကုန်းမြင့်များတွင် ထင်းရှူးတောများ၊ သစ်ယားပင်များ၊ ထင်းရှူးသား၊ ဝက်သစ်ကျပင်နှင့် သကြားသီးပင်များ ပေါက်ရောက်နေသည်။ နာဂတောင်တန်း၏ ပင်လယ်ရေမျက်နှာပြင် အမြင့်မှာ ၃၈၂၆ မီတာ အမြင့်ဆုံးရှိပြီး တောင်မြင့် မြက်ခင်းပင်များနှင့် တောင်ထိပ်များတွင် ရာသီဥတုအလိုက် ဆီးနှင်းများ ဖုံးအုပ်ထားသည်။

နာဂမျိုးနွယ်စုများ၏ ရိုးရာဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှုစနစ်များမှာ အမျိုးမျိုးကွဲပြားပြီး ရေခံမြေခံနှင့် လိုက်လျောညီထွေမှုရှိကြသည်။ အဓိကကွဲပြားမှုများအနက်တစ်ခုမှာ ကျေးရွာခေါင်းဆောင်နင် ကျေးရွာကောင်စီတို့ကြား အာဏာခွဲဝေပုံ နှင့် ခေါင်းဆောင်များအား ရွေးချယ်တင်မြှောက်ပုံ ဖြစ်သည်။ သို့သော် မြေယာအသုံးပြုမှု ဓလေ့များ၊ ရိုးရာအုပ်ချုပ်ရေး နှင့် အဖွဲ့အစည်းများ၏ အဓိကအစိတ်အပိုင်းများမှာ မျိုးနွယ်စုများအားလုံးတွင် တူညီကြပြီး မြန်မာနိုင်ငံရှိ အခြားတိုင်းရင်းသားလူမျိုးများနှင့်လည်း ဆင်တူမှုများ ရှိသည်။

မြေပုံ ၁ - လေရှီးမြို့နယ်ရှိ သုတေသနဧရိယာများ




ဤသုတေသနအတွက် ကွင်းဆင်းရာတွင် လေရှီးမြို့နယ်ကို အခြေခံထားပြီး နာဂရိုးရာဓလေ့ထုံးတမ်း မြေယာအသုံးပြုမှုစနစ် အမျိုးမျိုးကို ကိုယ်စားပြုနိုင်ရန် ဤကွင်းဆင်းရာနေရာကို ရွေးချယ်ထားခြင်း ဖြစ်သည်။ ဒိန်းကလေးဝေး (Deingleiway) သည် ပါရာမျိုးနွယ်စုများ၏ ကျေးရွာဖြစ်ပြီး၊ ကိုကီးရွာသည် တန်ကွန်မျိုးနွယ်စုခဲ ကိုကာ့ မျိုးနွယ်စု၏ ရွာဖြစ်သည်။ ဆွမ္မရာကျေးရွာသည်လည်း ဆွမ္မရာမျိုးနွယ်စုများ၏ ရွာဖြစ်သည်။ သစ်တောများမှာ အမြဲစိမ်းရွက်ကြွေသစ်တောများနှင့် ထင်းရှူးတောများ ရောနှောပေါက် ရောက်နေသည်။ တောင်သူများသည် စပါး၊ ပြောင်း၊ ပြောင်းဆံ၊ ဟင်းသီးဟင်းရွက်အမျိုးမျိုးနှင့် သစ်သီး ဝလံများကို စိုက်ပျိုးကြပြီး တောင်စောင်းများနှင့် လှေကားထစ်စိုက်ခင်းများတွင် ဆေးဖက်ဝင် အပင်များကို စိုက်ပျိုးကြသည်။

# သမိုင်းကြောင်းနှင့် ဥပဒေရေးရာအခြေအနေ

မြန်မာနိုင်ငံသည် လူမျိုးများစွာနှင့် ယဉ်ကျေးမှုအမျိုးမျိုး တည်ရှိရာနေရာဖြစ်သည်။ တိုင်းရင်းသားလူမျိုးများ၏ လူဦးရေမှာ စုစုပေါင်းလူဦးရေ၏ ခန့်မှန်းခြေ ၄၀% ခန့်ရှိပြီး၊ အများစုမှာ တိုင်းပြည်၏ ၆၆% ခန့်ရှိသော တောင်တန်းဒေသတွင် နေထိုင်ကြသည်။[4] တောင်တန်းဒေသတွင် နေထိုင်ကြသော တိုင်းရင်းသားအများစုမှာ မိမိတို့၏ မြေယာစီမံခန့်ခွဲရာတွင် ရိုးရာဓလေ့ထုံးတမ်း မြေအသုံးပြုမှုစနစ်များကို ကျင့်သုံးနေဆဲဖြစ်ပြီး ထိုစနစ်တွင် လှေကားထစ်စပါးစိုက်ပျိုးခြင်းများ၊ ရွှေ့ပြောင်းတောင်ယာများ၊ သစ်တောများ၊ သစ်သီးစိုက်ခင်းများ နှင့် စားကျက်မြေများပါဝင်သည်။

တိုင်းပြည်အတွင်းရှိ မြေယာရာခိုင်နှုန်းအတော်များများကို စီမံခန့်ခွဲရာတွင် ရိုးရာဓလေ့ထုံးတမ်းစနစ်သည်အဓိက အရေးကြီးသော်လည်း လက်ရှိဥပဒေမူဘောင်တွင် ထိုစနစ်များကို ကောင်းစွာ အသိအမှတ်ပြုထားခြင်း မရှိပေ။ ထိုစနစ်များကို အသိအမှတ်ပြုမည်ဆိုပါက နယ်မြေဖုန် သတ်မှတ်ရာတွင် အပြောင်းအလဲများ ပြုလုပ်ပြီး ရိုးရာဓလေ့ထုံးတမ်း မြေယာအခွင့်အရေးကို အသိအမှတ်ပြုရန်နှင့် မြေယာစီမံအုပ်ချုပ်မှုစနစ်ကို ပြန်လည်စီစစ်ပြီး တာဝန်ရှိ ရိုးရာအဖွဲ့အစည်းများကို သင့်တော်သလို အာဏာ အပ်နှင်းထားရှိရန် လိုအပ်ပေမည်။

## နာဂတောင်တန်းဒေသ၏ မြေယာအုပ်ချုပ်စီမံမှု သမိုင်းအကျဉ်း

နာဂတို့သည် မိမိတို့နာဂတောင်တန်းများတွင် နေထိုင်ခဲ့ကြသည်မှာ အလွန်ရှည်ကြာခဲ့ပြီဖြစ်သည်။ နာဂတို့၏ သမိုင်းတစ်လျှောက်ကို ကြည့်လျှင် ကျေးရွာသည် လူမှုရေး နှင့် နိုင်ငံရေးအရ အရေးကြီးဆုံး နယ်မြေသတ်မှတ်ချက်ယူနစ် တစ်ခုဖြစ်ခဲ့သည်။ "ရွာပြည်ထောင်" ဟုရည်ညွှန်းလျက်ရှိသော ထိုကျေးရွာများတွင် လွတ်လပ်သော တိုင်းပြည်များကဲ့သို့ အုပ်ချုပ်ရေး နှင့် ဥပဒေပြုရေးအာဏာများဖြင့် စီမံအုပ်ချုပ်ကြသည်။[5]ကျေးရွာများ အချင်းချင်းအပြန်အလှန် ဆက်ဆံကြပြီး ကပ်လျက်ရှိသော မြေနိမ့်ပိုင်းတွင်နေထိုင်သူများနှင့်လည်း ကုန်သွယ်ခြင်း၊ လက်ဆောင်ပဏ္ဏာများပေးခြင်းနှင့် တိုက်ခိုက်စီးနင်းခြင်း များဖြင့် အပြန်အလှန်ဆက်ဆံမှုရှိခဲ့သည်။

ဗြိတိသျှနယ်ချဲ့အစိုးရလက်ထက်တွင် နာဂတောင်တန်းဒေသ အများစု၌ အစိုးရမှ ဝင်ရောက်စွက်ဖက်ခြင်းမပြုသော မူဝါဒကို ကျင့်သုံးခဲ့သည်။ မြောက်ပိုင်း တောင်တန်းများတွင် မျိုးနွယ်စုများနှင့် ကျေးရွာများကို ရိုးရာဓလေ့ထုံးတမ်းနှင့်အညီ မိမိကိုယ်ကို အုပ်ချုပ်စီမံစေပြီး သွယ်ဝိုက်သောနည်းဖြင့် ဗြိတိသျှအစိုးရက အုပ်ချုပ်ခဲ့သည်။ ဗြိတိသျှအစိုးရသည် အိန္ဒိယနိုင်ငံတွင် ဥပဒေအမျိုးမျိုးပြဋ္ဌာန်းကာ သွယ်ဝိုက် အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့သည်။[6] ရိုးရာဓလေ့ထုံးတမ်းစနစ်များဖြင့် အုပ်ချုပ်သောဒေသများတွင်လည်း ဥပဒေနှင့်ပြဋ္ဌာန်းချက်များ ရွေးချယ်ကျင့်သုံးခဲ့သည်။ မြန်မာနိုင်ငံတွင်လည်း ဗြိတိသျှအစိုးရသည် ချင်းတောင်နှင့် ကချင်တောင်တန်းဒေသများတွင် သွယ်ဝိုက်အုပ်ချုပ်ရေးကို ကျင့်သုံးရန် အလားတူချဉ်းကပ်လုပ်ဆောင်ခဲ့သည်။[7]

4 Food Security Working Group (2009) Briefing Paper: Land tenure a foundation for food security in Myanmar’s uplands: http://www.burmalibrary.org/docs16/FSWG-Uplands-Land_tenure-2010-12-en-tpo.pdf

5 See e.g. Wouters Jelle J P (2017) Who is a Naga village? The Naga 'village republic' through the ages. The South Asianist 5(1), 99–120

6 နယ်မြေခွဲခြားခြင်းနှင့် အုပ်ချုပ်ခြင်းကို ညွှန်းဆိုသည့် Frontier Tract Regulation Act of 1880 and the Excluded Areas Act of 1935, များအပါအဝင်

7 Kachin Hill Tribes Regulation of 1895 နှင့် Chin Hills Regulation 1896 မှတဆင့်

ဗြိတိသျှအစိုးရသည် နာဂတို့၏ နယ်မြေ ၃၀% ခန့်ကို သွယ်ဝိုက်သောနည်းဖြင့် အုပ်ချုပ်ခဲ့သည်။[8] တောင်ပိုင်းဒေသတွင် သွယ်ဝိုက်သောနည်းဖြင့် အုပ်ချုပ်ပြီး မြောက်ပိုင်းတောင်တန်းတွင်မူ လက်ရှိနယ်စပ်စည်းမျဉ်း၏ နှစ်ဘက်စလုံးရှိ ဒေသခံများနှင့် ဆက်ဆံရေး အနည်းငယ်သာရှိခဲ့သည်။ ထို့ကြောင့် နာဂ နိုင်ငံရေး နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများက ဗြိတိသျှတို့သည် နာဂတောင်တန်းဒေသကို လောလောလတ်လတ် လွတ်လပ်ရေးရထားသော အိန္ဒိယ နှင့် မြန်မာနိုင်ငံ လက်ထဲသို့ လွှဲပြောင်းပေးပိုင်ခွင့် မရှိဟု အခိုင်အမာဆိုထားသည်။ အိန္ဒိယနှင့် မြန်မာသည် သမိုင်းကြောင်းအရ မည်သို့မျှ နာဂနယ်မြေကို ပိုင်ဆိုင်ထားခြင်း မရှိပေ။ ယဉ်ကျေးမှု၊ စီးပွားရေး (သို့) သမိုင်းကြောင်းအရ နာဂလူမျိုးများနှင့် အနည်းငယ်သာ ဆက်ဆံမှုရှိပြီး သမိုင်းတလျှောက်တွင် မည်သည့်အခါမျှ နာဂနယ်မြေကို သိမ်းပိုက်နိုင်ခဲ့ခြင်းမရှိပေ။

ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံကို အိန္ဒိယ၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် ၁၉၃၅ ခုနှစ်တိုင်အောင် အုပ်ချုပ်ခဲ့ပြီး နောက်မှ မြန်မာနိုင်ငံကို ကိုယ်ပိုင် ကိုလိုနီ အုပ်ချုပ်ရေးဖြင့် စတင်ခွဲခြား အုပ်ချုပ်ခဲ့သည်။ [9] မြန်မာပြည်ကို အုပ်ချုပ်ရေးအရ အိန္ဒိယနိုင်ငံမှခွဲထုတ်လိုက်သောအခါ တိကျသော နယ်နိမိတ် သတ်မှတ်ပေးခဲ့ခြင်း မရှိသောကြောင့် နောက်ပိုင်းတွင် သတ်မှတ်လာသော နယ်စပ်မျဉ်းများကြောင့် နာဂလူမျိုးများသည် ယနေ့တိုင် နှစ်နိုင်ငံတွင် ခွဲခြားခံနေကြရသည်။ အိန္ဒိယသည် ၁၉၄၇ ခုနှစ်တွင် လွတ်လပ်ရေးရရှိခဲ့ပြီး မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် ရရှိခဲ့သည်။ နယ်နိမိတ်သတ်မှတ်ချက် ကြေငြာရာတွင် နာဂလူမျိုးများ ပါဝင်ခြင်းမရှိပဲ ဆုံးဖြတ်သတ်မှတ်ခဲ့ကြသည်။ နယ်စပ်မျဉ်းကို ၁၉၆၇ ခုနှစ် အိန္ဒိယ မြန်မာ ချုပ်ဆိုသော စာချုပ်တွင် သတ်မှတ်ခဲ့ပြီး နယ်စပ် မှတ်တိုင်များကို ၁၉၆၉-၇၀ တွင် တည်ဆောက်ခဲ့ကြသည်။

ကိုလိုနီခေတ်ပြီးကာလတွင် နာဂတို့၏ အချုပ်ခြာအာဏာပိုင်ရေးနှင့် ကိုယ့်ကံကြမ္မာကိုယ်ဖန်တီးခွင့်ရရှိရေးအတွက် လှုပ်ရှားမှုများသည် နာဂနိုင်ငံ ထူထောင်ရန် နီးကြားနေပြီး ရွာပြည်ထောင်များနှင့် မျိုးနွယ်စုများသည် နာဂလူမျိုးဟူသော ပြယုဂ်တစ်ခုတည်းအောက်တွင် ပေါင်းစည်းကြသည်။ ဘုံရည်မှန်းချက်များ ဆောင်ရွက်ရန် ကျေးရွာများနှင့် မျိုးနွယ်စုများကို စုစည်းပေးသော မျိုးနွယ်စုကောင်စီများ၊ မျိုးနွယ်စုအားလုံးပါဝင်သော ကောင်စီများ နှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ အပါအဝင် နာဂလူမျိုး အားလုံးနဲ့ဆိုင်သောအဖွဲ့အစည်းများကို တည်ထောင်ခဲ့ကြ (သို့) အားကောင်းအောင် ဆောင်ရွက်ခဲ့ကြသည်။[10]

မှတ်တမ်းတင်ထားသမျှထဲတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးအတွက် ပထမဦးဆုံး တောင်းဆိုမှုကို နာဂကလပ်မှ ပေးပို့ခဲ့ပြီး နာဂကလပ်ကို ပထမကမ္ဘာစစ်တွင်ပါဝင်ခဲ့သော ဥရောပနာဂစစ်ပြန်များမှ ၁၉၁၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ နာဂ ကလပ်သည် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ထိန်းသိမ်းထားနိုင်ရန် ၁၉၂၉ ခုနှစ်တွင် ဆိုင်မွန်ကော်မရှင်[11] ထံသို့ နာဂသဘောထားစာတမ်းအားတင်သွင်းခဲ့သည်။

၁၉၄၆ ခုနှစ်တွင် နာဂကလပ်မှ နာဂအမျိုးသားကောင်စီ (NNC) ဟု ပြောင်းလဲတည်ထောင်ခဲ့ပြီး စည်းလုံး၍ လွတ်လပ်သော နာဂတိုင်းပြည် ထူထောင်ရန် စည်းရုံးလှုံ့ဆော်ခဲ့သည်။ နာဂအမျိုးသားကောင်စီသည် ဩဂုတ်လ ၁၄ ရက်နေ့၊ ၁၉၄၇ ခုနှစ်တွင် အိန္ဒိယထက် တစ်ရက်စော၍ နာဂလွတ်လပ်ရေးကို ကြေငြာခဲ့သည်။ အန်ဂမီ ဇာပူး ဖီဇို၏ ခေါင်းဆောင်မှုဖြင့် နာဂအမျိုးသားကောင်စီသည် အချုပ်ခြာအာဏာပိုင်ရေး စည်းရုံးလှုံ့ဆော်မှုများနှင့် လွတ်လပ်ရေးအတွက် လူထုဆန္ဒမဲခံယူမှုများ ပြုလုပ်ခဲ့ပြီး ၁၉၅၂ ခုနှစ် အိန္ဒိယ

8 နာဂအုပ်စုများသည် ၄င်းတို့ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် နိုင်ငံရေးဆိုင်ရာတည်ရှိမှုမရှိခဲ့သည့်မြေကို ဗြိတိသျှတို့တောင်းဆိုမှုကို လက်မခံခဲ့ပါ။ အထက်ချင်းတွင်းခရိုင်မြန်မာဒေသအညွှန်းအရ ဆွမ်မ်ရာ (Somra) ဒေသကို ဖော်ပြထားပါသည်။ ၄င်းဒေသသည် နယ်စပ်ဒေသအဖြစ် တိုက်ရိုက်မဟုတ်သော အုပ်ချုပ်ရေးအောက်တွင်ရှိ၍ ၄င်း၏မြောက်ဖက်သည် အုပ်ချုပ်ရေးအောက်တွင်မရှိသောဒေသ ဖြစ်ပါသည်။ Grant B G E R (1913) Upper Chindwin District, Volume A. Burma Gazetteer, Rangoon, Burma: Office of the Superintendent, Government Printing

9 ကိုလိုနီအစိုးရသည် မြန်မာအား အိန္ဒိယကို ပိုမိုကြီးမားသည့်ကိုယ်ပိုင်အုပ်ချုပ်ရေးကို အာမခံချက်ပေးသည့်မည်သည့်အစီအမံတွင်မှ ထည့်သွင်းရန်ဆန္ဒမရှိခဲ့ကြပါ။Callahan M (2003) Making Enemies, New York: Cornell University Press

10 ၄င်းအဖွဲ့အစည်းများတွင် အမျိုးမျိုးသောမျိုးနွယ်စုံကောင်စီများ အထူးသဖြင့် ၁၉၉၀ ခုနှစ်များ အစောပိုင်းက တည်ထောင်ထားသည့် နာဂဟိုးဟိုးများ (Naga Ho Ho) ပါဝင်ပါသည်။ မကြာသေးမီကမှလည်း မြန်မာနိုင်ငံ Zingaling-Khamti တွင်ကျင်းပပြုလုပ်သော နာဂအမျိုးသားများညီလာခံမှ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် ၂၀၁၄ ခုနှစ်တွင် နာဂရေးရာကောင်စီကို တည်ထောင်ခဲ့ပါသည်။

11 ဆိုင်မွန်ကော်မရှင် (Simon Commission) သည် ဖွဲ့စည်းပုံအခြေခံဥပဒေပြုပြင်ပြောင်းလဲမှုကို လေ့လာအကဲခတ်ရန်အတွက် (၁၉၈၂) ခုနှစ်တွင် အိန္ဒိယသို့စေလွှတ်ခဲ့သည့် ဗြိတိသျှပါလီမန်အမတ် (၇) ဦးဖြင့်ဖွဲ့စည်းထားသောအဖွဲ့ဖြစ်ပါသည်။ နာဂကလပ်ကြေညာချက်ကို ဗြိတိသျှလက်အောက်တွင် အိန္ဒိယအား ပိုမိုကြီးမားသောကိုယ်ပိုင်အုပ်ချုပ်ရေးကို အာမခံချက်ပေးနိုင်ရန် မျှော်လင့်၍ထုတ်ပြန်ခဲ့ပါသည်။

အထွေထွေ ရွေးကောက်ပွဲကို သပိတ်မှောက်ခဲ့ကြသည်။ ၁၉၅၃ ခုနှစ်တွင် အိန္ဒိယအစိုးရမှ NNC မျိုးနွယ်စုကောင်စီများကို ဖျက်သိမ်းလိုက်ပြီး တင်းကျပ်သော ဥပဒေပြဋ္ဌာန်းချက်များ တရစပ်ချမှတ်ကာ နောက်ဆုံးတွင် ၁၉၅၈ ခုနှစ် စစ်တပ်အထူးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေသည် အိန္ဒိယစစ်တပ်အား နာဂလန်းတွင် ကြီးကြပ်ကွပ်ကဲမှုနှင့် တာဝန်ခံမှု မရှိပဲ အင်အားသုံး ခြယ်လှယ်ပိုင်ခွင့်ပေးထားသည်။[12] ငြိမ်းချမ်းစွာ ရှန်းကန်လှုပ်ရှားရာမှ ရှည်ကြာ၍ ရက်စက်သော လက်နက်ကိုင် ပဋိပက္ခ အဆင့်သို့ရောက်ရှိလာသောအခါ ထောင်ပေါင်းများစွာသော အသက်များ ဆုံးရှုံးကြရသည်။[13]

၁၉၅၀ ခုနှစ် အိန္ဒိယ နာဂ အရေးအခင်းစတင်ကတည်းက ငြိမ်းချမ်းရေးရရှိရေး အကြိမ်ကြိမ် ကြိုးစားခဲ့သည်။ ၁၉၆၀ ခုနှစ်တွင် နာဂပြည်သူ့ကွန်ဗင်းရှင်း နှင့် အိန္ဒိယအစိုးရကြား ၁၆ ချက်ပါ သဘောတူညီချက်ကို ရေးဆွဲခဲ့ပြီး ထိုသဘောတူညီချက်တွင် နာဂလန်းပြည်နယ်ထူထောင်ရေးနှင့် ရိုးရာဓလေ့ထုံးတမ်းစနစ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို ပြည်ထောင်စုလွှတ်တော်မှ အကာအကွယ် ပေးထားရေးတို့ပါဝင်သည်။ နာဂအမျိုးသားကောင်စီမှ ထိုသဘောတူညီချက်ကို မထောက်ခံခဲ့ပေ။ ၁၉၇၅ ခုနှစ်တွင် ရေးထိုးခဲ့သော ရှီလောင်စာချုပ်ကို နာဂနိုင်ငံရေး လှုပ်ရှားမှု အဖွဲ့ဝင်များမှ ပယ်ချခဲ့ခြင်းကြောင့် ၁၉၈၀ ခုနှစ်တွင် နာဂအမျိုးသားဆိုရှယ်လစ်ကောင်စီ (NSCN) ပေါ်ထွက်လာခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် NSCN အဖွဲ့ သည် အေးဇက် နှင့် မွေ့ဝါ ဦးဆောင်သာ NSCN-IM နှင့် အက်စ်အက်စ် ခပ်ပလန် ဦးဆောင်သော NSCN-K ဟူ၍ နှစ်ဖွဲ့ကွဲသွားခဲ့သည်။

၁၉၉၇ ခုနှစ်တွင် NSCN-IM သည် ငြိမ်းချမ်းရေး နှင့် နိုင်ငံရေး ဆွေးနွေးပွဲများအတွက် အိန္ဒိယအစိုးရနှင့် မူဘောင်သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သည်။ ၂၀၁၂ ခုနှစ်တွင် NSCN-K အဖွဲ့သည် မြန်မာအစိုးရနှင့် ပြည်နယ်အဆင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သည်။[14] ထိုသို့ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့သော်လည်း ပဋိပက္ခအခြေနေနှင့်အတူ ငြိမ်းချမ်းရေးမှာ မရရောနိုင်သေးပေ။ အိန္ဒိယနှင့် မြန်မာ နှစ်နိုင်ငံလုံးတွင် နာဂလူမျိုးတို့သည် စည်းလုံးညီညွတ်မှုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရေးတို့အတွက် ရှန်းကန်နေရဆဲဖြစ်သည်။

## အိန္ဒိယနိုင်ငံ၏ လက်ရှိ မြေယာအုပ်ချုပ်စီမံမှု အခြေအနေ

အိန္ဒိယအစိုးရသည် နိုင်ငံပိုင်နက်အတွင်းရှိ တိုင်းရင်းသား မျိုးနွယ်စုများ (Scheduled Tribes ဟုတရားဝင်ခေါ်ဝေါ်သည်) ၏ ရိုးရာဓလေ့ထုံးတမ်းစနစ်များကို အခြေခံဥပဒေပြဋ္ဌာန်းချက်များဖြင့် အသိအမှတ်ပြုထားသည်။ ဤပြဋ္ဌာန်းချက်များသည် အထူးသဖြင့် အရှေ့မြောက်အိန္ဒိယတွင် အားကောင်းပြီး အခြေခံ ဥပဒေ၏ ပြဋ္ဌာန်းချက် ၆ တွင် တိုင်းရင်းသားလူမျိုးများ၏ နယ်မြေ၌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ခရိုင်များဖွဲ့စည်းရန် ခွင့်ပြုထားသည်။ ရိုးရာဓလေ့ထုံးတမ်းမြေယာနှင့် သစ်တောအသုံးပြုမှုစနစ် အပါအဝင် ရိုးရာဥပဒေများနှင့် အဖွဲ့အစည်းများကိုလည်း အသိအမှတ် ပြုထားသည်။ ၁၉၆၃ ခုနှစ်တွင် ၁၆ ချက်ပါ သဘောတူညီချက်ဖြင့် နာဂလန်း ပြည်နယ်ကို တည်ထောင်ခဲ့ပြီး အိန္ဒိယ အခြေခံဥပဒေ ပုဒ်မ ၃၇၁ (က) အရပေးထားသော အာဏာအပါအဝင် အတော်အသင့် ကျယ်ပြန့်သော အာဏာများကို ရိုးရာအဖွဲ့အစည်းများအား ပေးအပ်ရန် ပြဋ္ဌာန်းခဲ့သည်။ ပုဒ်မ ၃၇၁ (က)အရ ရိုးရာဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှု၊ မြေယာတို့နှင့် ပတ်သက်၍ ပါလီမန်မှချမှတ်သည့် မည်သည့် ဥပဒေမဆို နာဂပြည်နယ်အတွင်း ကျင့်သုံးရန် နာဂပြည်ဥပဒေပြုရေးအဖွဲ့မှ အတည်ပြုပေးရန်လိုအပ်သည်။

12 Chasie C and Hazarika S (2009) The state strikes back: India and the Naga insurgency. Policy Studies, No. 2. Washington DC: East-West Center. pp. ix–56

13 ခန့်မှန်းချေသေကြေပျက်စီးမှုများသည် အရင်းအမြစ်များအပေါ်မူတည်၍ အများကြီးကွဲပြားခြားနားပါသည်။ ဥပမာ ။ ။ သတင်းအချက်အလက်များထမ်ပံရရှိရန် လူ့အခွင့်အရေးအတွက် နာဂလူမျိုးများ လှုပ်ရှားမှု (the Naga Peoples Movement for Human Rights) မှ ပြုလုပ်ထားသောမှတ်တမ်းများ

14 Peace Monitor (2014) http://www.mmpeacemonitor.org/stakeholders/mpsi/165-nscn-k

### THE CONSTITUTION OF INDIA, ARTICLE 371A

ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ

(က) မည်သည့် လွှတ်တော်ပြဋ္ဌာန်းချက်မျှ

(၁) နာဂလူမျိုးများ၏ ဘာသာရေး (သို့) လူမှုရေး ဓလေ့ကျင့်ထုံးများ

(၂) နာဂရိုးရာဓလေ့ထုံးတမ်းဥပဒေနှင့် လုပ်ထုံးလုပ်ငန်း

(၃) နာဂရိုးရာဥပဒေနှင့်အညီချမှတ်သော ဆုံးဖြတ်ချက်များ ပါဝင်သည့် တရားမနှင့် ရာဇဝတ်မှုဆိုင်ရာ တရားရေး အုပ်ချုပ်စီမံမှု။

(၄) နာဂပြည်ဥပဒေပြုရေးမှ ချမှတ်ဆုံးဖြတ်ထားခြင်း မရှိပါက၊ မြေယာနှင့် သဘာဝသယံဇာတ ပိုင်ဆိုင် လွှဲပြောင်းခွင့်သည် နာဂပြည်တွင်သာရှိရမည်။

၁၉၆၆ ခုနှစ်တွင် အစိုးရမှ နာဂလန်းပြည်နယ်ရှိ ကျေးရွာကောင်စီများနှင့် မျိုးနွယ်စုကောင်စီများကို အသိအမှတ်ပြုခဲ့ပြီး သက်သာချောင်ချိရေး၊ ဖွံ့ဖြိုးရေး နှင့် အငြင်းပွားမှုဖြေရှင်းခြင်း ကိစ္စရပ်များတွင် ဒေသအာဏာပိုင်များနှင့်ပူးပေါင်းဆောင်ရွက်ရန် တာဝန်ပေးအပ်ထားသည်။[15] ၁၉၈၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော နာဂလန်းကျေးရွာနှင့် ဧရိယာကောင်စီဥပဒေမှ ကျေးရွာကောင်စီများအား ကျေးရွာဖွံ့ဖြိုးရေးအစီအမံများကို ချမှတ်ရန် နှင့် သစ်တော၊ ရေထု၊ လမ်း၊ ပညာရေး နှင့် ကျေးရွာ သက်သာချောင်ချိရေးတို့ကို ကြီးကြပ်ရန် အခွင့်အာဏာ ပေးအပ်ထားသည်။

ကျေးရွာများကို လက်ရှိတွင် ရိုးရာဓလေ့ထုံးတမ်းစနစ်ဖြင့် ရွေးချယ်ထားသော ရပ်မိရပ်ဖများဖြင့် ဖွဲ့စည်းထားသည့် ကျေးရွာကောင်စီများနှင့် ထိုကျေးရွာတွင် အတည်တကျနေထိုင်သူ အားလုံးပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးဘုတ်အဖွဲ့ များမှ စီမံအုပ်ချုပ်လျှက်ရှိသည်။ နာဂလန်းပြည်နယ်ရှိ သစ်တော ၈၈% ခန့်ကို ရိုးရာဓလေ့ထုံးတမ်းစနစ်ဖြင့် ကျေးရွာကောင်စီများနှင့် အိမ်ထောင်စုများမှ စီမံပြီး ကျေးရွာအများအပြားတွင် ဘေးမဲ့တောများ နှင့် တောရိုင်းတိရိစ္ဆာန်ထိန်းသိမ်းကာကွယ်ရေးတို့ကို လုပ်ဆောင်ထားသည်။[16]

## မြန်မာနိုင်ငံ၏ လက်ရှိ မြေယာအုပ်ချုပ်စီမံမှု အခြေအနေ

မြန်မာနိုင်ငံတွင် နာဂရိုးရာဓလေ့ထုံးတမ်းမြေယာစီမံမှု အားကောင်းဆဲဖြစ်ပြီး ကျေးရွာများတွင်မြေယာများ စီမံအုပ်ချုပ်ရာ၌ ထိုရိုးရာစနစ်များကို ဆက်လက်ကျင့်သုံးလျှက်သည်။ နာဂတောင်တန်းသည် ဝေးလံခေါင်ပါးသဖြင့် တစ်ချို့နေရာများတွင် အစိုးရနှင့် ဆက်ဆံမှုအလွန်နည်းပါးသည်။ အခြားဒေသများနှင့် ယှဉ်လျှင် အပယ်ခံနေရာဖြစ်ခြင်းကြောင့် နိုင်ငံ၏ အခြားဒေသများတွင် ရင်ဆိုင်ကြရသော မြေယာသိမ်းဆည်းမှု ပြဿနာများ အချို့သော နာဂတောင်တန်းဒေသများတွင် မကြုံတွေ့ရပေ။ သို့သော်ထိုသို့ အပယ်ခံ နေရာဖြစ်ခြင်းကြောင့် ကျေးရွာတော်တော်များများတွင် လမ်းပမ်းဆက်သွယ်ရေး၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ကျောင်းများ ကောင်းစွာမရှိပေ။ နာဂဒေသများတွင် အစိုးရ၏ အုပ်ချုပ်ရေးကဏ္ဍတိုးမြှင့်လာခြင်းကြောင့် စားဝတ်နေရေးဖူလုံရေးနှင့် သားစဉ်မြေးဆက် စီမံခဲ့သော မြေယာအတွက် စိုးရိမ်မှုများ ဖြစ်ပေါ် လာစေသည်။

လက်ရှိမြန်မာ့မြေယာအုပ်ချုပ်စီမံမှုစနစ်သည် ကိုလိုနီခေတ်မှ အခြေတည်လာခဲ့ခြင်းဖြစ်သည်။ ဗြိတိသျှ ကိုလိုနီ အုပ်ချုပ်မှုအောက်တွင် နိုင်ငံတော်မှ မြန်မာနိုင်ငံရှိမြေယာအားလုံးကို ထိန်းချုပ်ထားသည်။ နိုင်ငံတော်အတွက် သစ်လုံးများထုတ်ရန် သစ်တောများကို စီမံသည်။ မြေနိမ့်ပိုင်းကို ရပ်ကွက်များခွဲ၍

15 The Nagaland Tribal, Area, Range, and Village Councils Act, 1966

16 ဌာနေတိုင်းရင်းသားများထိန်းသိမ်းခြင်းနှင့် ရပ်ရွာမှထိန်းသိမ်းထားသောနေရာများ (ICCAs) အကြောင်း Kalpavriksh အစီရင်ခံစာသည် ဓလေ့ထုံးတမ်းအရပြုလုပ်သောအလေ့အထများနှင့် အစိုးရဥပဒေများအပါအဝင် နာဂဒေသနှင့် အိန္ဒိယတလျှောက်ရှိ ရပ်ရွာလူ့အဖွဲ့အစည်းမှ ထိန်းသိမ်းကာကွယ်သောလှုပ်ရှားလုပ်ဆောင်မှုများကို ပြန်လည်သုံးသပ်ထားပါသည်။ Pathak N (Ed.) (2009) Community Conserved Areas in India—A Directory. Pune: Kalpavriksh: http://www.kalpavriksh.org/images/CCA/Directory/M-16%20Nagaland.pdf

အုပ်ချုပ်ပြီး တောင်ပေါ်ဒေသကိုမူ နယ်စပ်ဇုန်များ (သို့) ဒေသခံလူထုမှ မိမိတို့ မြေယာများကို ရိုးရာဓလေ့ထုံးတမ်းများနှင့်အညီ စီမံနိုင်သော ပပ်လပ် ဒေသများအဖြစ် ပိုင်းခြားသတ်မှတ်ထားသည်။[17]

ဦးနေဝင်းလက်ထက် ၁၉၆၀ နှစ်များတွင် မြေယာနှင့်ပတ်သက်၍ ဗဟိုချုပ်ကိုင်မှုမြှင့်တင်ခဲ့ပြီး ပြည်သူတို့၏ မြေယာပိုင်ဆိုင်ခွင့် (သို့) ငှားရမ်းခွင့်များ ထိန်းချုပ်ခံလာရသည်။ ၁၉၈၈ ခုနှစ်နောက်ပိုင်း နဝတ (SLORC) အစိုးရ လက်ထက်တွင် မြေယာဈေးကွက်ကို ဖြေလျှော့ပေးခဲ့သည်။[18] မြေယာသည် နိုင်ငံတော်ပိုင် ဖြစ်နေခြင်းကြောင့် စွန့်ပစ်မြေခေါ် မြေများကို ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများထံသို့ ရောင်းချခွင့်ရှိခဲ့ကြသည်။[19] ၂၀၁၀ ခုနှစ်ဝန်းကျင်တွင် စတင်ခဲ့သော ဦးသိန်းစိန်အစိုးရ လက်ထက်တွင် ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံသူ များ သည် မြန်မာနိုင်ငံ၏ ကြွယ်ဝသော အရင်းအမြစ်များကို ခေါင်းပုံဖြတ်ရန် လုပ်ဆောင်လာခြင်းကြောင့် ရင်းနှီးမြှုပ်နှံမှုများ အလုံးအရင်းလိုက်ဝင်လာကာ မြေယာခွင့်ပြုချက်သစ်များ ချပေးခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုအသစ်များ လွယ်ကူချောမွေ့စေရန် ဥပဒေမူဘောင်သစ် ချမှတ်ကာ မြေကွက်များကို ပုဂ္ဂလိကပိုင်ခွင့်ပြုခဲ့ပြီး၊ ဒေသအတွင်း စီမံလျက်ရှိသော မှတ်ပုံတင်ထားခြင်းမရှိသည့်မြေများကို စီးပွားရေးလုပ်ငန်းများထံသို့ လွှဲပြောင်းပေးရန် လွယ်ကူစေခဲ့သည်။ ထိုသို့ လွှဲပြောင်းမှုကြောင့် ပြဿနာသစ်များပေါ်ပေါက်လာခဲ့ပြီး၊ အထူးသဖြင့် မိမိတို့မြေယာများကို လက်ရှိဥပဒေမူဘောင်အောက်တွင် မှတ်ပုံတင်ထားနိုင်ခြင်း မရှိသေးဘဲ ရိုးရာဓလေ့ ထုံးတမ်း မြေယာအသုံးပြုမှု စနစ်များကိုသာ ကျင့်သုံးသော တောင်ပေါ်ဒေသရှိ လူ့အဖွဲ့အစည်းများအတွက် ပြဿနာများ ပေါ်ပေါက်လာရသည်။[20]

*"မြေလွတ်ဆိုတာမရှိဘူး မြေယာအားလုံးကို အသုံးပြုနေတာပါ"*

- ရပ်မိရပ်ဖ၊ ဆွမ္မရာ

လယ်ယာမြေဥပဒေကို ၂၀၁၂ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန (MOALI) မှ အကောင်အထည်ဖော်လျှက်ရှိသည်။ ထိုဥပဒေမှ မြေယာရောင်းဝယ်ခြင်းနှင့် လွှဲပြောင်းပေးအပ်ခြင်းကို ခွင့်ပြုထားသည်။ ထိုဥပဒေမူဘောင်သည် ယခင်မြေယာဥပဒေများနှင့် သိသိသာသာ ကွဲပြားသွားပြီး စိုက်ပျိုးမြေ စီမံခန့်ခွဲမှုနှင့် စစ်တမ်း ဦးစီးဌာန (DALMS) မှ ထုတ်ပေးထားသော လက်မှတ်ဖြင့် မြေယာပိုင်ဆိုင်ကြောင်း တရားဝင် တောင်းဆိုခွင့်ပြုထားသည်။ လယ်ယာမြေဥပဒေသည် စပါးစိုက်ခင်းများ၊ ဥယျာဉ်ခြံများနှင့် အတည်တကျစိုက်ပျိုးသော လယ်ကွင်းများကို စိုက်ပျိုးမြေအဖြစ် အသိအမှတ်ပြုထားသော်လည်း ရွှေ့ပြောင်းတောင်ယာများကိုမူ စိုက်ပျိုးမြေအဖြစ် အသိအမှတ်ပြုထားခြင်း မရှိပေ။ ထိုဥပဒေတွင် မြေယာကို တစ်ဦးချင်းစီ၏ မြေကွက်များအဖြစ်သာ မှတ်ပုံတင်ခွင့် ပေးထားပြီး၊ ရိုးရာဓလေ့ထုံးတမ်းမြေယာစီမံမှုစနစ်နှင့် ရပ်ရွာမှ စီမံသောမြေယာတို့ကို အသိအမှတ်ပြုရန် ကိုက်ညီမှုမရှိပေ။

၂၀၁၂ ခုနှစ် မြေလွတ်မြေလပ်နှင့် မြေရိုင်း (VFV) ဥပဒေသည် အသုံးမပြုသော (သို့) အသုံးနည်းသော မြေယာများကို စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကလုပ်ငန်းများသို့ ပေးအပ်ရန် ချမှတ်ခဲ့သည်။ လက်ရှိတွင် မြန်မာနိုင်ငံမြေ၏ ၃၀.၁% ကို VFV မြေအဖြစ်သတ်မှတ်ထားသည်။ ထိုမြေယာများကို အစိုးရမှပိုင်ပြီး ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများအတွက် ပြန်လည်ခွဲဝေပေးနိုင်သည်။[21]

နိုင်ငံတော်၏ လက်ရှိသစ်တောဥပဒေမူဘောင်တွင် သစ်တောနှင့်ပတ်သက်သည့် နိုင်ငံတော်၏ ထိန်းချုပ်စီမံခန့်ခွဲမှုကိုဗဟိုပြုထားပြီး လူ့အဖွဲ့အစည်းများ၏ စီမံခန့်ခွဲမှုကဏ္ဍကိုကန့်သတ်ထားသော်လည်း ပိုမိုနေရာပေးလာသည်။ အမြဲတမ်းသစ်တောမြေ (PFE) ဟုသတ်မှတ်ထားသော သစ်တောနယ်မြေကို သယံဇာတနှင့်

17 Scurrah N, Hirsch P and Woods K (2015) The political economy of land governance in Myanmar. Mekong Region Land Governance

18 နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးကောင်စီ

19 Ferguson J M (2014) The scramble for the Waste Lands: Tracking colonial legacies, counterinsurgency and international investment through the lens of land laws in Burma/Myanmar. Singapore Journal of Tropical Geography. 35(3), 295–311

20 Obendorf R (2012) Legal review of recently enacted Farmland Law and Vacant, Fallow, Virgin Lands Management Law: improving the legal and policy frameworks relating to land management in Myanmar. Yangon, Myanmar: Land Core Group

21 Thant Y Z M and Win H H (2016) Myanmar agricultural and rural statistics system and development plans: http://www.unsiap.or.jp/e-learning/el_material/Agri/1606_Advocacy_KOR/cr_Myanmar.pdf

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန (MONREC) ၏စီမံမှု အောက်တွင်ထားရှိသည်။ အမြဲတမ်းသစ်တောနယ်မြေသည် လက်ရှိတွင် မြန်မာပြည်မြေ၏ ၃၁%ရှိပြီး သစ်တောအားလုံး၏ ၇၀% ရာခိုင်နှုန်းဖြစ်သည်။[22] ၁၉၉၂ ခုနှစ် သစ်တောဥပဒေတွင် စီးပွားဖြစ် တန်ဖိုးမြင့်သစ်လုံးများ စဉ်ဆက်မပြတ် ထုတ်ယူနိုင်ရေး ဘေးမဲ့တောများ (RF) ထားရှိရန်နှင့် ကြားခံနယ်မြေအဖြစ် သတ်မှတ်ထားသော ပြည်သူပိုင်ဘေးမဲ့တောများ (PPF) ထားရှိရန် ခွင့်ပြုထားသည်။ အစုအဖွဲ့ပိုင် သစ်တောဆိုင်ရာ လမ်းညွှန်မှု တစ်ဆင့်သစ်တော အသုံးပြုမည့်အဖွဲ့အား နှစ် ၃၀ (သက်တမ်းတိုးနိုင်) သစ်တောအသုံးပြုခွင့်ပေးခြင်းမှလွဲ၍ PFE အတွင်း မည်သည့် ရိုးရာသစ်တော ပိုင်ဆိုင်အသုံးပြုခွင့်ကိုမျှ အသိအမှတ် မပြုထားပေ။ ဘေးမဲ့တောများကိုဇီဝ သက်ရှိမျိုးစိတ်များ ထိန်းသိမ်းထားရန် စီမံထားရှိသည်။ ဘေးမဲ့တောစီမံခန့်ခွဲရေး အစီအမံများတွင်ရေရှည်အသုံးပြုနိုင်ရေးအတွက် ကြားခံဇုံများပါဝင်ပြီး လက်ရှိတွင် ရိုးရာဓလေ့ထုံးတမ်း စနစ်များကိုလက်တွေ့ကျကျ အသိအမှတ်ပြုထားခြင်းမရှိပေ။

### မြန်မာနိုင်ငံ အမျိုးသား မြေအသုံးချမှု မူဝါဒ၊ ၂၀၁၆

အောက်ပါကောက်နုတ်ချက်များအပါအဝင် ဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှုစနစ်များကို အသိမှတ်ပြုထားသည် -

၆၄။ တိုင်းရင်းသားလူမျိုးစုတို့၏ ရိုးရာမြေအသုံးချမှု အလေ့အကျင့်များကို သိရှိလိုက်နာကျင့်သုံးရေးအတွက်လည်းကောင်း၊ အခွင့်အရေးကို ကာကွယ်နိုင်ရေးအတွက်လည်းကောင်း၊ ဘက်မလိုက်သော အငြင်းပွားမှုဖြေရှင်းရေး လုပ်ငန်းစဉ်များကို အသင့်အသုံးပြုနိုင်ရေးအတွက်လည်းကောင်း ရိုးရာမြေအသုံးချမှုစနစ်ကို အမျိုးသားမြေဥပဒေ၌ပြဋ္ဌာန်းပေးရမည်။

၇၃။ အမျိုးသားမြေဥပဒေသစ်တွင် တိုင်းရင်းသားလူမျိုးစု မြေအသုံးချမှုအခွင့်အရေးများနှင့်သက်ဆိုင်သော အငြင်းပွားမှုများကို ဖြေရှင်းနိုင်ရေးအတွက် ရိုးရာတိုင်းရင်းသား အငြင်းပွားမှုဖြေရှင်းရေး လက်တွေ့ လုပ်ထုံးလုပ်နည်းများကို သတ်မှတ်နိုင်ရန် အမျိုးသား မြေဥပဒေသစ်တွင်ပါဝင်စေရမည့်အပြင် အငြင်းပွားမှုဖြေရှင်းရာတွင် တိုင်းရင်းသားလူမျိုးစု အဖွဲ့စည်းအတွင်း လူအများက လေးစား၍ သြဇာတိက္ကမရှိသူများကို ပါဝင်ဆုံးဖြတ်ခွင့် ရှိစေရမည်။

၂၀၁၆ ခုနှစ် နိုင်ငံတော် မြေယာအသုံးပြုမှု မူဝါဒ (NLUP) သည် ရိုးရာဓလေ့ထုံးတမ်းအရ ပိုင်ဆိုင်သောမြေ၊ ရိုးရာတရားရေးစနစ် နှင့် ရွှေ့ပြောင်း တောင်ယာများ အပါအဝင် ရိုးရာဓလေ့ထုံးတမ်း မြေယာအသုံးပြုမှုစနစ်ပုံစံများကို အသိအမှတ်ပြုထားသည်။ နိုင်ငံတော် မြေယာအသုံးပြုမှု မူဝါဒသည် မြန်မာနိုင်ငံရှိတိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်းအရ ပိုင်ဆိုင်သော မြေယာများကို အသိအမှတ်ပြုရန်နှင့်အကာအကွယ်ပေးရန် ပဏာမခြေလှမ်း ဖြစ်သည်။ သို့သော် ထိုမူဝါဒကို ကောင်းစွာ အကောင်အထည်ဖော်နိုင်ရေးနှင့် ပြဋ္ဌာန်းချက် ဥပဒေများဖြင့် မြေယာပိုင်ဆိုင်ခွင့်များကို အသိအမှတ်ပြုနိုင်ရေး လုပ်ငန်းများစွာ ကျန်ရှိနေသေးသည်။

### UNDRIP

ဌာနေတိုင်းရင်းသားလူမျိုးများတွင် သမိုင်းကြောင်းအရ မတူထူးခြားသည့် နယ်မြေ၊ ယုံကြည်မှု၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် လူမှုရေးစနစ်များအပေါ် ခိုင်မာသော ရပ်တည်ချက်များရှိသည်။[23]

22 Kissenger, G. (2017). Identifying the drivers of deforestation and forest degradation in Myanmar. Bangkok: UNEP and the Myanmar Ministry of Natural Resources and Environmental Conservation.

23 မြေယာနှင့်သယံဇာတများသိမ်းဆည်းခြင်းနှင့်ပတ်သက်၍ သတင်းအချက်အလက်များထပ်မံ သိရှိလိုပါက Karen Human Rights Group (KHRG), KDNG (Kachin Development Networking Group), Food Security Working Group (FSWG), Land in Our Hands (LIOH), Forest Trends အဖွဲ့များမှထုတ်သောအစီရင်ခံစာများအားကြည့်ပါ။

> ကုလသမဂ္ဂ၏ဌာနေတိုင်းရင်းသားလူမျိုးများ အခွင့်အရေးဆိုင်ရာ ကြေငြာစာတမ်းကို လက်မှတ်ရေးထိုးထားသော နိုင်ငံတစ်ခုအနေဖြင့်၊ မြန်မာနိုင်ငံတွင် ဌာနေတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို မူဝါဒနှင့် ဥပဒေများဖြင့် အပြည့်အဝ အသိအမှတ်ပြုရန်ကတိကဝတ်ရှိသည်။

## မြေယာနှင့် ငြိမ်းချမ်းရေး

နာဂဒေသအတွင်း တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်ရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး အခြေခံအုတ်မြစ် တည်ဆောက်နိုင်ရန် မြန်မာနိုင်ငံရှိ နာဂလူမျိုးများ၏ ရိုးရာဓလေ့ထုံးတမ်းစနစ် အောက်တွင် ရိုးရာဓလေ့ထုံးတမ်း မြေယာစီမံမှုများကို အသိအမှတ်ပြုပေးရန် လိုအပ်သည်။

မြေယာရရှိရေး ပြိုင်ဆိုင်မှုများသည် မြန်မာနိုင်ငံ၏ ဆယ်စုနှစ်များစွာ ရှည်ကြာခဲ့ပြီးဖြစ်သော ပဋိပက္ခဖြစ်ရခြင်း အကြောင်းရင်းခံ တစ်ခုဖြစ်သည်။ မြေယာသည် စီးပွားရေး ကုန်ထုတ်လုပ်မှုအတွက် အရင်းအမြစ်တစ်ခုဖြစ်ပြီး လူမှုရေးပြယုဂ်နှင့် နိုင်ငံသားဖြစ်ခြင်း၏ အရင်းခံတစ်ခုဖြစ်သည်သာမက တိုင်းရင်းသားလူမျိုးများ၏ အမိမြေ နှင့် နိုင်ငံရေးပိုင်နက်များဖြစ်သည်။ ထို့ကြောင့် မြေယာပဋိပက္ခသည် တိုင်းရင်းသားလူမျိုးများ၏ ဝိသေသလက္ခဏာ၊ နိုင်ငံသားဖြစ်ခြင်း၊ အာဏာပိုင်ခြင်းနှင့် ကိုယ့်ကံကြမ္မာကိုယ် ဖန်တီးခွင့်တို့ နှင့် စပ်လျဉ်းသော ကိစ္စရပ်များနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆက်နွယ်မှုရှိနေသည်။

သယံဇာတထုတ်ယူခြင်း၊ သတ္တုတူးဖော်ခြင်း၊ သစ်ထုတ်ယူခြင်း၊ စိုက်ပျိုးစီးပွားရေးတိုးချဲ့ခြင်း၊ ရေအားလျှပ်စစ်အစီအမံများ၊ အထူးစီးပွားရေးဇုန်ပြုလုပ်ခြင်း နှင့် သစ်တောများ ဝင်းခြံခတ်ခြင်းတို့ကြောင့် မြေယာကျူးကျော်မှုများ မြန်မာပြည်တစ်ဝှမ်းတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်လာခဲ့သည်။[24] မြေယာဝယ်ယူမှုအများစုမှာ မြန်မာပြည်၏သယံဇာတပေါကြွယ်ဝသော နယ်စပ်ဒေသများတွင် ဖြစ်သည်။[25] ဤတောင်တန်းဒေသများသည် ရိုးရာဓလေ့ထုံးတမ်းမြေယာစီမံမှုစနစ်ဖြင့် သားစဉ်မြေးဆက် စီမံအုပ်ချုပ်ခဲ့သော တိုင်းရင်းသားအမျိုးမျိုးတို့၏ ဌာနေဖြစ်သည်။ ၎င်းတို့၏ မြေယာပိုင်ဆိုင်မှုကို တရားဝင်အသိအမှတ်ပြုထားခြင်း မရှိပါက ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ၊ ဖွံ့ဖြိုးရေးစီမံကိန်းများနှင့် အမြဲတမ်းသစ်တောနယ်မြေချဲ့ထွင်ခြင်းများကြောင့် ၎င်းတို့၏မြေယာများ ဆုံးရှုံးရနိုင်ခြေရှိသည်။ တောင်ပေါ်ဒေသရှိလူထု၏အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနေသော ရွှေ့ပြောင်းတောင်ယာမြေများသည် အစိုးရမှ အခြားကဏ္ဍများတွင် အသုံးပြုရန် ခွဲဝေခြင်းကို ခံရနိုင်ခြေရှိသည်။

အပစ်အခတ်ရပ်ဆဲရေးလက်မှတ်ထိုးထားသော်လည်း မြန်မာပြည် နေရာအများအပြားတွင် တိုက်ပွဲများဖြစ်ပွားနေဆဲဖြစ်သည်။ မြေယာပဋိပက္ခသည် နိုင်ငံအနှံ့တွင် အဓိကနိုင်ငံရေး ပြဿနာတစ်ခုဖြစ်သည်။ ပြည်တွင်းတွင် ထောင်ပေါင်းများစွာသော ပြည်သူများနှင့် ဒုက္ခသည်များ ရွှေ့ပြောင်းခံရခြင်းကြောင့် မြေယာအငြင်းပွားမှုဖြေရှင်းခြင်းနှင့် မြေယာခွဲဝေသတ်မှတ်ခြင်းတို့ကို ရှုပ်ထွေးသွားစေသည်။ ပြည်ထောင်စုစနစ်တည်ဆောက်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ လူမှုရေးကိစ္စရပ်များနှင့်အတူ မြေယာနှင့် သဘာဝသယံဇာတအုပ်ချုပ်စီမံရေးသည် လက်ရှိပြုလုပ်နေသော နိုင်ငံရေးဆွေးနွေးပွဲ၏ အဓိကမဏ္ဍိုင်ငါးခုအနက် တစ်ခုဖြစ်သည်။ မြေယာပဋိပက္ခများ ဖြေရှင်းရန်နှင့် တည်တံ့သော ငြိမ်းချမ်းရေးတည်ဆောက်ရန် ရိုးရာဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုကို အသိအမှတ်ပြုပေးရန် လိုအပ်သည်။

24 Scurrah N, Hirsch P and Woods K (2015) The political economy of land governance in Myanmar, Vientiane: Mekong Regional Land Governance Programme

25 ဆက်စပ်မှုမရှိသည့်အိမ်ထောင်စုများအဖွဲ့သည် ပျားအုံကျောက်ဆောင်များ၊ နွားနောက် (mithun) များကဲ့သို့သော တန်ဖိုးရှိသည့်အရင်းအမြစ်များပိုင်ဆိုင်မှုကို မျှဝေသုံးစွဲနိုင်ပါသည်။



သစ်တောထွက်ပစ္စည်းများအားကောက်နေသောအမျိုးသမီးများ

# နည်းလမ်းများ

၂၀၁၆ခုနှစ် ဇူလိုင်လတွင် RRtIP သည် လေရှီးမြို့နယ်ရှိ ကျေးရွာသုံးရွာ၏ နာဂရိုးရာဓလေ့ထုံးတမ်း မြေယာစီမံမှုစနစ်များကို မှတ်တမ်းပြုစုရန် လူထုပူးပေါင်းပါဝင်သော သုတေသနကို လုပ်ဆောင်ခဲ့သည်။ ထိုသုတေသနလုပ်ငန်းစဉ် ရေးဆွဲရာတွင် ရိုးရာကိုယ်စားလှယ်များ၊ ခေါင်းဆောင်များ၊ ဒေသခံ ရပ်မိရပ်ဖ များနှင့် ကျေးရွာတစ်ခုချင်းစီမှ ကိုယ်စားလှယ်များ ပါဝင်ပြီး၊ ရိုးရာဓလေ့ထုံးတမ်းစနစ်နှင့် ပတ်သက်၍ ၎င်းတို့မှ မိမိတို့၏ တက်ကျွမ်းမှုဖြင့် နည်းပေးလမ်းပြမှုများ လုပ်ဆောင်ပေးခဲ့သည်။

ထိုမှတ်တမ်းတင်ခြင်းလုပ်ငန်းစဉ်ကို ရေးဆွဲရာတွင် လူထုမှ ရိုးရာဓလေ့ထုံးတမ်းစနစ်နှင့် ပတ်သက်၍ ထိန်းသိမ်းလိုသည့်အချက်များနှင့် ပြောင်းလဲလိုသည့် အချက်များကို ပါဝင်ဆွေးနွေးနိုင်ရန် ရေးဆွဲခဲ့သည်။ ပြုလုပ်ခဲ့သော ဖြစ်ရပ်လေ့လာမှုနှင့် ကိုယ်စားပြုပြောဆိုချက်များကို လူထုမှအသုံးပြုနိုင်ပြီး ရိုးရာဓလေ့ ထုံးတမ်း မြေယာပိုင်ဆိုင်မှုကို အသိအမှတ်ပြုပေးရေး ကိုယ်စားပြုပြောဆိုရန် ရိုးရာခေါင်းဆောင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် အစိုးရကိုယ်စားလှယ်များမှ အသုံးပြုနိုင်သည်။

ပုံ ၁ - သုတေသနနှင့် စည်းရုံးလှုံ့ဆော်တိုက်တွန်းခြင်း (အက်ဒဗိုကေစီ) ဖြစ်စဉ်အဆင့်များ




## အစီအစဉ်ရေးဆွဲခြင်းနှင့် ပြင်ဆင်ခြင်း

၂၀၁၆ခုနှစ် မတ်လတွင် မှတ်တမ်းပြုစုရေး လုပ်ငန်းစဉ် ရေးဆွဲရန် RRtIP ဝန်ထမ်းများနှင့် လေရှီးမြို့နယ် အနီးရှိ ရိုးရာခေါင်းဆောင်များ တွေ့ဆုံခဲ့ကြသည်။ RRtIP ဝန်ထမ်းများသည် ရိုးရာဓလေ့ထုံးတမ်း မြေယာ ပိုင်ဆိုင်မှုကိစ္စ ဆွေးနွေးရန်နှင့် သုတေသနလုပ်ငန်းစဉ်အတွက် အကြံဉာဏ်များရယူရန် မြို့နယ်အဆင့် ဝန်ထမ်းများနှင့်လည်း တွေ့ဆုံခဲ့သည်။

### RESEARCH PRINCIPLES

*Participatory:* ရိုးရာခေါင်းဆောင်များနှင့် ရပ်ရွာကိုယ်စားလှယ်များက သုတေသန၏ ရည်ရွယ်ချက်များ ချမှတ်ခြင်းမှစ၍ နောက်ဆုံး ကိုယ်စားပြုပြောဆိုရန်အချက်များထိတိုင် ဤ သုတေသနအား ပုံဖော်ခဲ့ကြသည်။ ဤသုတေသနနည်းလမ်းများသည် အုပ်စုလိုက်ဆွေးနွေး ခြင်း၊ မျှဝေခြင်းနှင့် အကြံပြုတင်ပြချက်များကို အထူးအလေးပေးထားသည်။

*Transparent:* သုတေသနလုပ်ငန်းစဉ် နှင့်ပတ်သက်သော သတင်းအချက်အလက်များကို ရိုးရာခေါင်းဆောင်များနှင့် အစိုးရဝန်ထမ်းများကို အသိပေးမျှဝေခဲ့သည်။ ဖြစ်ရပ် လေ့လာမှု ပြုလုပ်သည့် နေရာများကို ပွင့်လင်းစွာ၊ သတ်မှတ်ချက်များဖြင့် ရွေးချယ်ခဲ့သည်။ ကျေးရွာတစ်ခု ချင်းစီ၌ ပြုလုပ်သော မိတ်ဆက် အစည်းအဝေးပွဲများသို့ အိမ်နီးချင်း ရွာများကို ဖိတ်ကြားခဲ့သည်။

*Inclusive:* ဤသုတေသနတွင် အမျိုးသမီးများ၊ လူငယ်၊ မသန်စွမ်းနှင့် ရိုးရာ ဦးဆောင်မှုအောက်တွင် မရှိသောအခြားသူများ ပါဝင်ခဲ့သည်။

လေရှီးတွင် မျိုးနွယ်စုအဖွဲ့ဝင်များနှင့် ခေါင်းဆောင်များ၊ ကျေးရွာခေါင်းဆောင်များ၊ ကျေးရွာ ကောင်စီအဖွဲ့ဝင်များနှင့် ရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီ အဖွဲ့ဝင်များသည် ရိုးရာဓလေ့ထုံးတမ်း မြေယာပိုင်ဆိုင်မှုကို မှတ်တမ်း တင်ထားရှိရန် အတွက် ဘုံရည်မှန်းချက်များကို သတ်မှတ်ခဲ့ကြသည်။ လွတ်လပ်စွာကြိုတင်ဖော်ပြသော သဘောတူညီမှု (FPIC) များပေးအပ်ခြင်းလုပ်ငန်းစဉ်ကိုလည်း ၎င်းတို့မှ သဘောတူကြသည်။ ရိုးရာခေါင်းဆောင်များနှင့် ဖြစ်ရပ်လေ့လာမှုအတွက် ရွေးခြယ်ထားသော ကျေးရွာအဖွဲ့ဝင်နှစ်ဦးလုံးမှ FPIC သဘောတူညီမှုကိုပေးခဲ့ပြီး၊ အခြားမျိုးနွယ်စု ကိုယ်စားလှယ်များကလည်း ပေးခဲ့သည်။ ၎င်းအဖွဲ့မှပင် ဤသုတေသန လုပ်ငန်းမှကြုံတွေ့နိုင်သော အန္တရာယ်များကို စမ်းစစ်ခဲ့ကြပြီး၊ ထိုအန္တရာယ်များကို လျော့ချနိုင်ရေး သဘောတူညီချက်များ ချမှတ်ခဲ့ကြသည်။

## နေရာရွေးချယ်ခြင်း

ရိုးရာခေါင်းဆောင်များနှင့် လူ့အဖွဲ့အစည်းခေါင်းဆောင်များမှ အားကောင်းသော ရိုးရာဓလေ့ထုံးတမ်း မြေယာစီမံမှု စနစ်များကို ဖြစ်ရပ်လေ့လာမှုပြုလုပ်ရန် နေရာသုံးခုကို ရွေးချယ်ခဲ့ပြီး၊ ၎င်းတို့မှာ ဒိန်းကလေးဝေး (Deingleyway)၊ ကိုကီး (Koki) နှင့် ဆွမ္မရာ (Somra) တို့ဖြစ်သည်။ အဖွဲ့မှ ကွင်းဆင်းနေရာ ရွေးချယ်ရန် စံနှုန်းသတ်မှတ်ချက်များကို ချမှတ်ခဲ့ပြီး ထိုစံနှုန်းသတ်မှတ်ချက်များနှင့် အကိုက်ညီဆုံး ကျေးရွာသုံးခုကို သဘောတူ ရွေးချယ်ခဲ့သည်။ ထိုစံနှုန်းသတ်မှတ်ချက်များတွင် ရိုးရာဓလေ့ထုံးတမ်းစနစ်အား ကောင်းခြင်းနှင့် ပြင်ပပဋိပက္ခများ၏ အကျိုးသက်ရောက်မှုမရှိသော ရိုးရာဓလေ့ထုံးတမ်းစနစ်ပုံစံကို ပုံဖော်နိုင်ရန် ပဋိပက္ခနည်းသောနေရာများပါဝင်သည်။ ပဋိပက္ခများသောဒေသ (သို့) မြေယာနှင့် နယ်နိမိတ်အငြင်းပွားမှုများသော ဒေသရှိ ရိုးရာဓလေ့ထုံးတမ်းများကို ဤစာတမ်းမှ ခြုံငုံနိုင်မည် မဟုတ်ပါ။

**နေရာရွေးချယ်သတ်မှတ်ရန် စံနှုန်းများ**

နာဂရိုးရာဓလေ့ထုံးတမ်း မြေယာ ပိုင်ဆိုင်မှု အမျိုးမျိုးကို ဖော်ပြနိုင်ရန် နေရာများကို ရွေးချယ်သတ်မှတ်ခဲ့ကြသည်။

နေရာရွေးချယ်ရန် စံနှုန်းသတ်မှတ်ချက်များ -

1. အားကောင်းသော ရိုးရာဓလေ့ ထုံးတမ်းများ (မြေအသုံးပြုမှုနှင့် ရိုးရာပွဲတော်များ ပြုလုပ်ကျင်းပမှုဖြင့် တိုင်းတာသည်)
2. တောင်ယာ၊ လှေကားထစ်စိုက်ခင်းများ၊ သစ်သီးခင်းများ၊ စိုက်ပျိုးသစ်တောများနှင့် ရပ်ရွာပိုင်သစ်တောများ အပါအဝင် ရိုးရာဓလေ့ထုံးတမ်း မြေယာအသုံးပြုမှု ဥပမာအမျိုးမျိုး။
3. ကျေးရွာနယ်နိမိတ် ရှင်းလင်းတိကျမှု
4. လုံခြုံရေးနှင့်သွားလာရေးအဆင်ပြေမှု
5. အရွယ်စား မတူညီသော ကျေးရွာများ
6. ဈေးကွက်စုစည်းလာမှု အဆင့် မတူညီမှု
7. အစိုးရလုပ်ငန်းရှိသော ကျေးရွာအား ဖြစ်ရပ်လေ့လာမှုပြုခြင်း

ရိုးရာဓလေ့ထုံးတမ်းစနစ်များသည် မျိုးနွယ်စုတစ်ခုနှင့်တစ်ခုအပြင် ကျေးရွာတစ်ခုနှင့် တစ်ခုပင်လျှင် မတူကြပြီး နာဂရိုးရာဓလေ့ထုံးတမ်းစနစ်အမျိုးမျိုးကွဲပြားခြင်းကို ပြသရန်နှင့် ဖြစ်ရပ်လေ့လာမှုအချို့ကို ထည့်သွင်းဖော်ပြရန် ဤကျေးရွာသုံးခုကို ရွေးချယ်ခဲ့သည်။

ဖြစ်ရပ်လေ့လာမှုအတွက်ရွေးချယ်ထားသောမျိုးနွယ်စုများနှင့်ကျေးရွာများကိုကိုယ်စားပြုခြင်းသက်သက် မဟုတ်ပဲ နာဂလူမျိုးများကိုယ်စား ဤသုတေသနကို စနစ်တကျလုပ်ဆောင်ရန်လိုအပ်ကြောင်း အဖွဲ့မှ သဘောတူကြသည်။

## သင်တန်း

ထို့နောက် ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် **RRtIP** သုတေသနအဖွဲ့သည် သုတေသနလုပ်ဆောင်ခြင်း နည်းလမ်းများကို ပြင်ဆင်ရန် ကျေးရွာတစ်ခုချင်းစီမှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံခဲ့သည်။ ထိုဒေသတွင် မြေပုံရေးဆွဲခြင်းလုပ်ငန်းနှင့် ပတ်သက်ပြီး အတွေ့အကြုံဆိုးများရှိခဲ့သဖြင့် မြေပုံများအသုံးပြုနိုင်ရေး လမ်းညွှန်ချက်များကို အဖွဲ့မှ ရှင်းလင်းစွာရေးဆွဲခဲ့ကြသည်။

ဇယား ၁ - ဖြစ်ရပ်အလိုက်လေ့လာသောရွာများ

| ကျေးရွာ/နေရာ | အကျယ်အဝန်း | မျိုးနွယ်စု | အဓိက သွင်ပြင်လက္ခဏာများ |
|---|---|---|---|
| ဆွမ္မရာ | အကြီး-400 HH;<br>3,000 people | တန်ကွန်မျိုးနွယ်စု | အားကောင်းသော ရိုးရာဓလေ့ ထုံးတမ်း အမျိုးမျိုး။ ။<br>သစ်တောစီမံခန့်ခွဲမှုအား ဖြစ်ရပ်လေ့လာမှုပြုခြင်း |
| ကိုကီး | အလတ်- 300 HH;<br>1,400 people | ကိုကာ့<br>(တန်ကွန်မျိုးနွယ်စုခွဲ) | အားကောင်းသော ရိုးရာဓလေ့ ထုံးတမ်းများ။ ။<br>မတူကွဲပြားသော မြေယာအသုံးပြုမှုပုံစံ ဥပမာ ကောင်းများ |
| ဒင်ကလေဝေ | အသေး,<br>11 HH;<br>100 people | ပါရာမျိုးနွယ်စု | ပါရာမျိုးနွယ်စုရိုးရာဓလေ့များ အား ဖြစ်ရပ်လေ့လာမှု ပြုလုပ်ခြင်း။ ။ လေရှီးမြို့နှင့် နီးသောကြောင့် အစိုးရနှင့် အပြန်အလှန် ဆက်သွယ် ဆောင်ရွက်မှုများ။<br>ဈေးကွက်ပေါင်းစည်းမှု ပိုမြင့်မား။ |

ပုံ ၂ - မှတ်တမ်းတင်ခြင်းဖြစ်စဉ်




## ကျေးရွာမှတ်တမ်းကောက်ယူခြင်းနည်းလမ်းများ

မှတ်တမ်းတင်ခြင်းလုပ်ငန်းကို စတင်ရာတွင် ဒိန်းကလေးဝေး (Dengkleyway), ကိုကီး (Koki) နှင့် ဆွမ္မရာ (Somra) အစရှိသော ကျေးရွာတစ်ခုချင်းစီ၌ ရိုးရာဓလေ့ထုံးတမ်းစနစ် သုတေသန ရည်မှန်းချက်များနှင့် နည်းလမ်းများကို ဆွေးနွေးဖလှယ်ရန်လည်းကောင်း၊ ဦးစားပေး မှတ်တမ်းတင်မည့်အပိုင်းကို သတ်မှတ်ရန် နှင့် အခြားလိုအပ်သည်များကို ဆောင်ရွက်ရန်ငှာ ကျေးရွာအစည်းအဝေးပြုလုပ်၍ စတင်ခဲ့သည်။

ထို့နောက်တွင် **RRtIP** သည် ရိုးရာဓလေ့ထုံးတမ်း မြေယာပိုင်ဆိုင်မှုနှင့် လူထုပူးပေါင်းပါဝင်သော စကေးပြ မြေပုံရေးဆွဲခြင်းများနှင့် ပတ်သက်ပြီး မတူညီသောရှုထောင့်များဖြင့် အုပ်စုဖွဲ့ဆွေးနွေးပွဲများ ပြုလုပ်ခဲ့သည်။ တွေ့ဆုံမေးမြန်းမှုများပြုလုပ်ပြီး သစ်တောများ၊ လှေကားထစ်စိုက်ခင်းများ၊ တောင်ယာ စိုက်ခင်းများ နှင့် စိုက်ပျိုးထားခြင်းမရှိသော မြေယာများသို့ သွားရောက်လည်ပတ်ခဲ့သည်။ ဇယား (၂)တွင် မြေပြင် မြေယာစီမံမှု ဓလေ့များမှစ၍ ထိုဓလေ့များကိုထိန်းသိမ်းစီမံသော အဖွဲ့အစည်းများထိ ရိုးရာဓလေ့ထုံးတမ်း စနစ်၏ မတူညီသော အစိတ်အပိုင်းများကို မည်ကဲ့သို့ မှတ်တမ်းတင်ထားသည်ကို ဖော်ပြထားသည်။

ဇယား ၂ - ကျေးရွာတရွာချင်းစီ၏ မှတ်တမ်းတင်ပုံနည်းလမ်းများ

| | |
|---|---|
| မြေယာပိုင်ဆိုင်မှု | မြေယာကို မည်သို့ပိုင်ဆိုင်နိုင်သနည်း။ မြေယာပိုင်ဆိုင်မှု ပုံစံများကဘာလဲ။ မြေယာနှင့် သဘာဝ အရင်းအမြစ်များကို မည်သူက ပိုင်ဆိုင်အသုံးပြုနိုင်သနည်း။ မြေယာပိုင်ဆိုင်မှုများကို မည်သို့လွှဲပြောင်းပေးသနည်း။ |
| | မြေယာအသုံးပြုပုံနှင့် မြေယာပိုင်ဆိုင်မှုပြ မြေပုံများ၊ မြေယာ ပိုင်ဆိုင်ခွင့်ဆိုင်ရာ ဆွေးနွေးရေးအဖွဲ့၊ တွေ့ဆုံမေးမြန်းခြင်းများ။ |
| မြေယာ စီမံခန့်ခွဲမှု | ကျေးရွာတွင် မည်သည့် မြေယာသုံးပြုမှုပုံစံများ ရှိသနည်း။ အသုံးပြုမှုပုံစံ တစ်ခုစီအား မည်သူများမှ အသုံးပြုနိုင်သနည်း။ ၎င်းတို့ကို မည်သို့စီမံသနည်း။ |
| | မြေယာအသုံးပြုမှု နှင့် မြေယာပိုင်ဆိုင်မှုပြ မြေပုံများ၊ မြေယာအသုံးပြုမှု၊ သစ်တော၊ တောင်ယာ နှင့်ပတ်သက်သောဆွေးနွေးရေးအဖွဲ့၊ အမဲလိုက်ခြင်းဆိုင်ရာ ဆွေးနွေးရေးအဖွဲ့ နှင့် တွေ့ဆုံမေးမြန်းခြင်းများ၊ အမျိုးသမီးဆွေးနွေးရေးအဖွဲ့၊ အိမ်ထောင်စုများအား တွေ့ဆုံမေးမြန်းခြင်း၊ သစ်တောများ၊ လှေကားထစ်စိုက်ခင်းများ၊ တောင်ယာ စိုက်ခင်းများ နှင့် ကျေးရွာရှိအခြားနေရာများသို့ သွားရောက်လည်ပတ် ကြည့်ရှုခြင်း။ |
| အဖွဲ့အစည်းများ | ရိုးရာဓလေ့ထုံးတမ်းစနစ်တွင် ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ မည်သူများ ပါဝင်၍ မည်သို့ချမှတ်လေ့ရှိသနည်း။ ရိုးရာအဖွဲ့အစည်းများနှင့် အစိုးရ အဖွဲ့အစည်းများ ကဘာတွေလဲ။ မည်သို့အပြန်အလှန်ဆက်သွယ်လုပ်ဆောင်ကြသနည်း။ |
| | အဖွဲ့အစည်းများဆိုင်ရာဆွေးနွေးရေးအုပ်စု၊ တွေ့ဆုံမေးမြန်းခြင်းများ |
| တရားရေးစနစ် | ပြဿနာများကို မည်သို့ဖြေရှင်းပြီး စည်းမျဉ်းစည်းကမ်းများကို မည်သို့ ကြပ်မတ်သနည်း။ |
| | တရားရေးစနစ်ဆိုင်ရာ ဆွေးနွေးရေး အုပ်စု၊ မြေယာအသုံးပြုမှု၊ သစ်တော နှင့် တောင်ယာ ဆိုင်ရာဆွေးနွေးရေး အုပ်စုများ |
| စားဝတ်နေရေး | ရိုးရာဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်သည် စားဝတ်နေရေး၊ စားနပ်ရိက္ခာဖူလုံရေး တို့အတွက် မည်သို့ အကျိုးပြုသနည်း။ သဘာဝအရင်းအမြစ်ရရှိရေးနှင့် ဖြန့်ဝေရေး တို့အတွက် မည်သို့လွှမ်းမိုးမှုရှိသနည်း။ |
| | ချမ်းသာမှုအဆင့်သတ်မှတ်ချက်၊ မြေယာအသုံးပြုခြင်း၊ သစ်တော နှင့် တောင်ယာဆိုင်ရာ ဆွေးနွေးရေးအုပ်စုများ၊ အမျိုးသမီးဆွေးနွေးရေးအဖွဲ့၊ အိမ်ထောင်သည်များနှင့်တွေ့ဆုံ မေးမြန်းခြင်းများ။ |
| ယဉ်ကျေးမှု | ယဉ်ကျေးမှုနှင့် မြေယာ ဆက်နွယ်မှုကဘာလဲ။ |
| | အခမ်းအနားများ နှင့် ပွဲလမ်းသဘင်များ ပြက္ခဒိန် |
| သမိုင်း နှင့် အနာဂါတ် | ရိုးရာဓလေ့ထုံးတမ်းစနစ်သည် အချိန်နှင့်အမျှ မည်သို့ပြောင်းလဲခဲ့သနည်း။ အနာဂါတ်တွင် မည်သို့ဖြစ်သင့်သနည်း။ |
| | ကျေးရွာအချိန်ဇယား၊ ဆွေးနွေးမှုအုပ်စုများနှင့် တွေ့ဆုံမေးမြန်းမှုများ အားလုံး၊ နောက်ဆုံး ကျေးရွာအစည်းအဝေး။ |
| ကျားမ | ရိုးရာဓလေ့ထုံးတမ်း စနစ်တွင် အမျိုးသား နှင့် အမျိုးသမီးများ၏ အခန်းကဏ္ဍကဘာတွေလဲ။ |
| | အမျိုးသမီးဆွေးနွေးရေးအုပ်စု နှင့် အခြားဆွေးနွေးရေးအုပ်စုအားလုံး |

မြေပုံစည်းမျဉ်းစည်းကမ်းများ



- RRtIP ၏အကူအညီဖြင့် ရေးဆွဲသော မြေပုံများသည် သဘာဝအရင်းအမြစ်နှင့် မြေယာအသုံးပြုမှုပုံစံများကို ခွဲခြားသတ်မှတ်ရန် ရည်ရွယ်ပါသည်။
- မြေပုံများသည် နယ်နိမိတ်ပြဿနာများကို ဖြေရှင်းရန် (သို့) မြေယာပိုင်ဆိုင်မှုကို ပြရန် မရည်ရွယ်ပါ။
- ကျေးရွာနှင့် နယ်မြေသတ်မှတ်ချက်များကို ပိုင်းခြားရန် မြေပုံကို အသုံးပြု၍ မရပါ။
- မြေပုံများကို နာဂရိုးရာဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ် နှင့် သဘာဝအရင်းအမြစ် အုပ်ချုပ်စီမံမှု သုတေသနလုပ်ငန်း အတွက် ရေးဆွဲခြင်းဖြစ်သည်။
- မြေပုံများကို ကျေးရွာများမှ ပိုင်ဆိုင်သည်။
- ကျေးရွာနှင့် သဘောတူထားသည့်အတိုင်း RRtIP အနေဖြင့် ကိုယ်စားပြု ပြောဆိုမှုများအတွက် မြေပုံများကို အသုံးပြုနိုင်သည်။

ကျေးရွာတစ်ခုချင်းစီ၏ စကေးပြမြေပုံများကို ရေးဆွဲရာတွင် Google Earth မှ မြေမျက်နှာသွင်ပြင်မြေပုံနှင့် ဂြိုဟ်တုဓာတ်ပုံများကို အသုံးပြုပြီး ရေးဆွဲသည်။ ထိုမြေပုံများတွင် မြေယာအသုံးပြုမှုနှင့် ရိုးရာဓလေ့ထုံးတမ်းအရ တောင်းဆိုမှုများကို ဖော်ပြထားပြီး ဆွေးနွေးမှုများအတွက် အထောက်အကူပြုဖြစ်သည်။

လူထုပူးပေါင်းပါဝင်သော သုတေသနတွင် လူတန်းစားအလွှာအမျိုးမျိုးနှင့် ရှုထောင့်အမျိုးမျိုး ပါဝင်ရမည်ဖြစ်သည်။ မျိုးနွယ်စုခေါင်းဆောင်များ၊ ကျေးရွာခေါင်းဆောင်များ၊ ကျေးရွာကောင်စီအဖွဲ့ဝင်များ၊ ကျေးရွာလူကြီးများနှင့် စာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူ့အဖွဲ့အစည်း ခေါင်းဆောင်များသည် မိမိတို့သိရှိထားသည့်အကြောင်းအရာများကို အုပ်စုလိုက် ဆွေးနွေးပွဲများနှင့် တွေ့ဆုံမေးမြန်းမှုများမှတစ်ဆင့် မျှဝေကြသည်။ အမျိုးသမီးသီးသန့် အုပ်စုဖွဲ့ ဆွေးနွေးခြင်းဖြင့် အမျိုးသမီးတို့၏ ခံယူချက်နှင့် ရှုထောင့်များကို မှတ်တမ်းတင်ခဲ့သည်။ ကျွမ်းကျင်သော မုဆိုးများ၊ နွားကျောင်းသားများနှင့် အခြားကျွမ်းကျင်ပုဂ္ဂိုလ်များကိုလည်း တွေ့ဆုံမေးမြန်းမှုများပြုလုပ်ခဲ့သည်။ ဆင်းရဲသော အိမ်ထောင်များ၊ မကြာသေးမီကမှ ပြောင်းရွှေ့လာသူများ၊ အခြားမျိုးနွယ်ဝင်များ၊ သက်ကြီးရွယ်အိုများ နှင့် လူငယ်များ အပါအဝင် လုံခြုံမှုမရှိသော အုပ်စုများကို လည်း တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

ဤသုတေသနလုပ်ငန်းပြီးဆုံးချိန်၌ အုပ်စုဖွဲ့ဆွေးနွေးပွဲတစ်ခုချင်းစီမှ အဖွဲ့ဝင်များသည် မိမိတို့၏ရလဒ်များကို ဒုတိယအကြိမ် အစည်းအဝေးတွင် ကျန်ကျေးရွာလူထုအားလုံးကို ချပြဆွေးနွေးခဲ့ကြသည်။ ရလာသော အချက်အလက်များကို လူထုမှစစ်ဆေးပြီး လိုအပ်သလိုဖြည့်စွက်ပြင်ဆင်မှုများ ပြုလုပ်ကာ ကိုယ်စားပြုဆွေးနွေးနိုင်ရေး အချက်များကို အတည်ပြုနိုင်ခဲ့ကြသည်။ သတင်းအချက်အလက်များကို ရရှိခြင်းနှင့် ပြန်လည်မျှဝေခြင်းအပြင် မိမိတို့၏ သုတေသနလုပ်ငန်းစဉ်တွင် မတူကွဲပြားသော လူထုအဖွဲ့ဝင် အုပ်စုများအား မြေယာအသုံးပြုခြင်းနှင့် စီမံခန့်ခွဲခြင်းဓလေ့များကို ဆွေးနွေးရန် နေရာပေးထားသည်။

> *" ဒီသုတေသနလုပ်ငန်းစဉ်ဟာ မိမိတို့၏ရိုးရာဓလေ့ထုံးတမ်းစနစ်ရဲ့ အားနည်းချက်တွေကို စဉ်းစားရန်နှင့် အားကောင်းအောင် ပြုလုပ်ရန် အကူအညီဖြစ်စေပါတယ်။ ဒီဟာက မိမိတို့အတွက် အလွန် အရေးကြီးပါတယ် "*
>
> - ရပ်မိရပ်ဖ ဒိန်းကလေးဝေး

ဤလုပ်ငန်းစဉ်တွင် စိန်ခေါ်မှုများကို လူထုမှ အတူတကွ ပူးပေါင်း စဉ်းစားခြင်းဖြင့် မိမိတို့၏ ရိုးရာဓလေ့ထုံးတမ်း စနစ်ကို ပိုမိုအားကောင်းလာအောင် ဆောင်ရွက်ရာတွင် အကူအညီ အထောက်အပံ့ဖြစ်စေသည်။ လူထုပူးပေါင်း ပါဝင်သော သုတေသနလုပ်ငန်းစဉ်တွင် မှတ်တမ်းတင်ခြင်းအပြင် ဒေသ၏ခံစားချက်ပဲ့တင်သံ နှင့် ရိုက်ခတ်မှုများလည်း ပါဝင်ရန်အရေးကြီးသည်။

# မြေယာပိုင်ဆိုင်ခြင်းနှင့်စီမံခန့်ခွဲခြင်း

နာဂရိုးရာဓလေ့ထုံးတမ်း မြေယာစီမံမှုစနစ်တွင် လူထု၏ စားဝတ်နေရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ လူသားတို့၏ ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့အတွက် ရေရှည်တည်တံ့သော စိုက်ပျိုးရေး စနစ်အမျိုးမျိုးရှိသည်။ ထိုစနစ်တွင် အိမ်ထောင်စုများနှင့် ကျေးရွာများသည် မိမိတို့ စားသုံးရန် သီးနှံများ နှင့် စီးပွားဖြစ်သီးနှံများကို ဘက်ပေါင်းစုံစိုက်ပျိုးပြီး၊ စိုက်ပျိုးရေးနည်းပညာ ဆန်းသစ် တီထွင်မှုများနှင့် လိုက်လျောညီထွေမှုရှိစေရေးတို့ကိုလည်း အားပေးသည်။ ဤမြေယာစီမံခန့်ခွဲမှုစနစ်သည် ၎င်းကိုအထောက်အပံ့ပေးသော အုပ်ချုပ်မှုစနစ်ရှိခြင်းကြောင့် ထိရောက်မှုရှိပြီး၊ ထိုအုပ်ချုပ်မှုစနစ်တွင် ဆုံးဖြတ်ချက်များချမှတ်ပုံကို သတ်မှတ်ထားပြီး စီမံခန့်ခွဲမှုစည်းမျဉ်းစည်းကမ်း များကိုလည်း ကြပ်မှတ်ထားသည်။ ထိရောက်သော မြေယာစီမံခန့်ခွဲမှုသည် ရိုးရာဓလေ့ထုံးတမ်းစနစ်၊ ရိုးရာအဖွဲ့အစည်းများ နှင့် ရိုးရာ တရားရေးစနစ်တို့မှ ကင်းကွာ၍ မရပေ။

တောင်ယာစိုက်ပျိုးရေးစနစ်သည် ရေရှည်တည်တံ့၍ အကုန်အကျသက်သာသော အလှည့်ကျ စိုက်ပျိုးရေးစနစ်ဖြစ်ပြီး၊ မိမိတို့စားသုံးရန်လိုအပ်သော သီးနှံများနှင့် စီးပွားဖြစ်သီးနှံများကို ပေးစွမ်းပြီး စားနပ်ရိက္ခာဖူလုံရေး၊ ဇီဝမျိုးစိတ်များရှင်သန်ရေးနှင့် ယဉ်ကျေးမှုပြယုဂ်များအတွက် လိုအပ်ပေသည်။ တောင်ယာစိုက်ခင်းများ၊ လှေကားထစ်စိုက်ခင်းများ၊ နှစ်ရှည်သီးပင်စိုက်ခင်းများ နှင့် ဥယျာဉ်ခြံများတွင် စပါး၊ ပြောင်း၊ သစ်သီး၊ ဟင်းသီးဟင်းရွက်များနှင့် ဆေးဘက်ဝင်အပင်များကို စိုက်ပျိုးပြီး တောင်ယာတွင်းရှိ မီးကွက်ပုံများတွင် ရွှေလန်ဘို ငရုပ်သီးနှင့် အခြား စီးပွားဖြစ်သီးနှံများကို စိုက်ပျိုးကြသည်။ အိမ်ထောင်စုများ သည် သစ်တောခင်းများကို စီမံပြီး၊ လမ်းများကောင်းလာသောအခါ ကုန်စည်ကူးသန်းမှု လွယ်ကူလာရန် မျှော်လင့်ချက်ဖြင့် တောင်ယာစိုက်ခင်းအချို့တွင် သစ်သီးခင်းများကို တိုးမြှင့်စိုက်ပျိုး လာကြသည်။

ကျေးရွာများဆက်လက် ရေရရှိရေး၊ အိမ်များဆောက်လုပ်ရန် သစ်ဝါးများရရှိရေး၊ အစားအစာနှင့် အိမ်သုံးဆေးဝါးများ ရရှိရေးတို့အတွက် လူထုမှစီမံသော သစ်တောများကိုထိန်းသိမ်းကာကွယ်ထားသည်။




ဒိန်းကလေးဝေး (Dengkleyway)ကျေးရွာရှိ စုံလင်ကွဲပြားသော ပိုင်ဆိုင်ခွင့်အစီအစဉ်အောက်ရှိ မြေယာအသုံးပြုမှု အကန့်စုံ

## မြေယာအသုံးပြုခြင်းနှင့် မြေယာပိုင်ဆိုင်ခြင်း

မြေယာပိုင်ဆိုင်မှုအခွင့်အရေးဟူသည် မတူကွဲပြားသော အုပ်စုများ၏ အခွင့်အရေးအမျိုးမျိုးကို စုပေါင်းထားပြီး၊ ထိုအခွင့်အရေးများကို စည်းစနစ်ကျကျ အဖွဲ့အစည်းများဖြင့် ကြပ်မှတ်ထားခြင်းဟု နားလည်နိုင်

သည်။ ထိုအခွင့်အရေးများတွင် သယံဇာတများ ထုတ်ယူခွင့်၊ မြေယာစီမံဆုံးဖြတ်ခွင့်၊ မြေယာလွှဲပြောင်းခွင့် နှင့် မြေယာအသုံးပြုပုံ ပြောင်းလဲခွင့်တို့ ပါဝင်သည်။

နာဂရိုးရာဓလေ့ထုံးတမ်းစနစ်တွင် မတူညီသောမြေအသုံးပြုမှုပုံစံများအတွက် မြေယာပိုင်ဆိုင်မှု အစီအမံအမျိုးမျိုးရှိသည်။ အိမ်ထောင်စုများသည် စပါး၊ လှေကားထစ်စိုက်ခင်းများ၊ အသီးခင်းများနှင့် သစ်ပင်များအပါအဝင် မိမိတို့မှ တိုက်ရိုက် စိုက်ပျိုးထားသော အရင်းအမြစ်များကို စီမံထုတ်ယူခွင့်ရှိသည်။ တောတောင် စမ်းချောင်းများရှိ အရင်းအမြစ်များကိုမူ လူထုမှ စုစည်းပြီး ကျေးရွာအဖွဲ့အစည်းများမှ စီမံသည်။ အိမ်ထောင်စုများသည် မိမိတို့၏ ကိုယ်ပိုင် တောင်ယာကွက်များကို စီမံရိတ်သိမ်းနိုင်သော်လည်း၊ တောင်ယာမြေကွက် နှင့်ပတ်သက်ပြီး အချို့သောစီမံခန့်ခွဲရေးတာဝန်များကိုမူ ကျေးရွာမှ ကိုင်ထားသည်။ အိမ်ထောင်စုများတွင် မိမိတို့သားစဉ်မြေးဆက် လက်ဆင့်ကမ်းလာခဲ့သော ရေရှည် မြေယာပိုင်ဆိုင်ခွင့်နှင့် နှစ်အလိုက် စိုက်ပျိုးရေးအတွက် ရေတိုမြေယာအသုံးပြုခွင့်  နှစ်မျိုးလုံးရှိနိုင်သည်။ နှစ်အလိုက်စိုက်ပျိုးမြေ အသုံးပြုခွင့်ကို မိမိတို့ အခြေခံစားဝတ်နေရေး အဆင်ပြေစေရန် စိုက်ပျိုးရေးအတွက် အသုံးပြုနိုင်သည်။

အိမ်ထောင်စုများ၊ အုပ်စုများ၊[26] ဖသားစုများ၊ ကျေးရွာလူ့အဖွဲ့အစည်း နှင့် မျိုးနွယ်စုများတွင် မြေယာပိုင်ဆိုင်ခွင့် ရှိကြသည်။[27] ကျေးရွာအများစုတွင် ဖသားစုမျိုးစုံ နေထိုင်ကြပြီး ထိုဖသားစုများသည် မျိုးနွယ်စုတစ်ခုတည်းဖြစ်သည်။ ဤစာတမ်းတွင်မြေယာပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီးအဓိကလူမှုအဖွဲ့များအကြောင်းပါဝင်သည်။ သို့သော် အချို့သော နာဂမျိုးနွယ်စုများတွင် မျိုးနွယ်စုခွဲနှင့် ဖသားစုအမျိုးမျိုး အပါအဝင်အဆင့်မတူသော လူမှုအဖွဲ့အစည်းများရှိသည်။[28]

မြေယာပိုင်ဆိုင်မှုကို ယေဘုယျအားဖြင့် ဤ လူမှုအဖွဲ့စည်းများက ကိုင်ထားသည်။ ဥပမာ သစ်တောကိုရပ်ရွာမှ စီမံခန့်ခွဲပြီး၊ ထိုသစ်တောမှ တောထွက်ပစ္စည်းများကို မိမိတို့ကျေးရွာသူ/သား များကသာ ထုတ်ယူခွင့်ရှိသည်။ ထိုအုပ်စုများ (သို့) ၎င်းတို့ကို ကိုယ်စားပြုသော အဖွဲ့အစည်းများတွင် စီမံခန့်ခွဲ ပိုင်ခွင့်ရှိပြီး၊ လူထုမှစီမံသော သစ်တောမှ သစ်လုံးထုတ်ယူရာတွင်  ကျေးရွာခေါင်းဆောင် နှင့် ကျေးရွာကောင်စီ၏ အတည်ပြုချက်ရယူကာ သစ်တောစီမံခန့်ခွဲခြင်း စည်းမျဉ်းစည်းကမ်းများကို ကြပ်မတ်ရသည့် ပုံစံမျိုးဖြစ်သည်။

ဤလူမှုအုပ်စုအမျိုးမျိုးတို့၏ အဖွဲ့ဝင်ဖြစ်ခြင်းမဖြစ်ခြင်းသည် ၎င်းတို့၏အရင်းအမြစ်ပိုင်ဆိုင်ခွင့် အမျိုးအစားကို သတ်မှတ်ပေးသည်။ ဥပမာ မြေယာကို ရောင်းချရာတွင်၎င်း၊ အမွေပေးအပ်ရာတွင် လည်းကောင်းလွှဲပြောင်းပေးရာတွင်  မိမိတို့၏ မိသားစုဝင် အရင်းအခြာများ၊ ဖသားစုဝင်များကို ဦးစားပေးသည်။ ထို့နောက်မှ မိမိတို့ရွာသူ/သားများနှင့် လူမှုအသိုင်းအဝန်း မတူသောအုပ်စုများထိ အဆင့်ဆင့် ဦးစားပေးသွားသည်။ မြေယာကို တစ်နှစ်ထက်ပို၍ ပိုင်ဆိုင်ခွင့်ရှိရန် သင်သည် ဖသားစုနှင့် မျိုးနွယ်စုဝင်တစ်ဦးဖြစ်ရပေမည်။ မြေယာပိုင်ဆိုင်ခွင့်တွင် ဤအုပ်စုများ၏ အခန်းကဏ္ဍကို  စာတမ်း၏ နောက်အခန်းတွင်အသေးစိတ် ဖော်ပြသွားမည်။

အောက်ပါဇယားကွက်တွင်  ဖြစ်ရပ်လေ့လာမှုပြုလုပ်သောကျေးရွာများမှ  အဓိကမြေယာအသုံးပြုမှုအမျိုးအစားများနှင့် ကျေးရွားတစ်ခုချင်းစီ၏ မြေယာပိုင်ဆိုင်မှု အစီအမံများကို ဖော်ပြထားပြီး၊ အထူးသဖြင့်စိုက်ပျိုးခွင့် (သို့) အရင်းအမြစ်များကို ထုတ်ယူခွင့်နှင့် စီမံဆုံးဖြတ်ပိုင်ခွင့် မည်သူတွင်ရှိသည်ကို ဖော်ပြထားပါသည်။ ဤမြေအမျိုးအစားများတွင် အဓိကစိုက်ပျိုးသော (သို့) ခူးယူသော သီးနှံများကိုလည်း  ဖော်ပြထားပြီး စီမံခန့်ခွဲမှုအကြောင်း မှတ်စုများပါရှိသည်။

26 မျိုးနွယ်စုများဆိုသည်မှာ အတူတကွပိုင်ဆိုင်သည့် မျိုးရိုးများရှိကြ၍ မျိုးနွယ်စုကိုတည်ထောင်သူတဦးရှိသည့် အုပ်စုကိုခေါ်ပါသည်။ လူမျိုးစုဆိုသည်မှာ ယဉ်ကျေးမှု၊ သမိုင်းစဉ်လာများအရ ချည်နှောင် ထားသည့် ကျေးရွာများစုပေါင်းဖွဲ့စည်းထားခြင်းကိုခေါ်ပါသည်။

27 Subba T B and Gosh G C (2003) The Anthropology of North-East India. Hyderabad: Orient Longman

28 ကိုလိုနီဆိုသည်မှာ ရပ်ကွက်နှင့်အဆင့်တူဖြစ်၍ မြို့ သို့မဟုတ် ကျေးရွာလက်အောက်ရှိ ဒိစတြိတ်ခွဲ တခုဖြစ်ပါသည်။

## ဇယား ၃ - မတူညီသောမြေယာအသုံးပြုမှုအမျိုးအစားများအတွက် မြေယာပိုင်ဆိုင်ခွင့် အခွင့်အရေးများ

| မြေယာအသုံးပြုခြင်း | မြေယာပိုင်ဆိုင်မှု | ထွက်ကုန် | စီမံခန့်ခွဲမှုဆိုင်ရာ မှတ်ချက်များ |
|---|---|---|---|
| လှေကားထစ် စိုက်ခင်း | အိမ်ထောင်စု<br>- စိုက်ပျိုးသူ-<br>ရေသွင်းစိုက်ပျိုးခြင်း | စပါးနှင့် ကောက်ညှင်း အမျိုးမျိုး၊ ပဲ၊ ငရုပ်၊ ခရမ်းသီး၊ လှေကားထစ် စိုက်ခင်းကြား စိုက်ပျိုးသော အခြား ဟင်းသီးဟင်းရွက်များ။<br>ဝင်ငွေ - ပိုလျှံသောသီးနှံ | ကောက်မစိုက်မီ လှေကားထစ်စိုက်ခင်း ပတ်လည် ပျိုးခင်းတွင် စပါးမျိုးကျဲ။ အစုအဖွဲ့များ နှင့် ကော်မတီများမှ ရေသွင်းခြင်းကိုစီမံခန့်ခွဲသည်။ |
| တောင်ယာ | အိမ်ထောင်စု။ ။<br>တောင်ယာစိုက်ပျိုးခြင်း | သီးနှံစိုက်ပျိုးရာ ကာလ စပါး၊ ပြောင်း၊ ပြောင်းဆန်၊ ပဲ၊ ပိန်းဥ၊ သခွါး၊ ရွှေဖရုံ၊ ပီလောပီနံ၊ အာလူး၊ ဆီထွက်သီးနှံ၊ ငရုပ်၊ အခြား ဟင်းသီးဟင်းရွက်များ<br>Khëyebong: ရွှေလံဘိုငရုပ်၊ ဟင်းခတ်အမွှေးအကြိုင်များ (ပင်စိမ်း၊ ဆေးပင်များ)၊ ဂျင်း၊ စားပြောင်း၊ အခြားတန်ဖိုးမြင့် ဟင်းသီးဟင်းရွက်များနှင့် ဆေးဘက်ဝင် အပင်များ<br>ဝင်ငွေ။ ။ ပိုလျှံသော သီးနှံများ<br>တောင်ယာဟောင်း<br>အိမ်ထောင်စု ။ ။ တဲအိမ်များ ဆောက်လုပ်ရန် လောင်စာထင်း၊ ဝါးလုံး၊ သစ်။<br>ရပ်ရွာလူ့အဖွဲ့အစည်း။ ။ တောထွက် ဟင်းသီး ဟင်းရွက်များ၊ ဝါးမြစ်၊ မို | မီးရှို့ရှင်းလင်းပြီး သီးနှံကို တစ်နှစ် (သို့) နှစ်နှစ် စိုက်ပျိုး၊ ထို့နောက် အနားပေးထားရှိခြင်းဖြင့် အပင် များ ပြန်လည်ပေါက်ရောက်ကာ မြေဆီပြန်လည် ဖြည့်တင်းပြီး ပေါင်းပင်များကို နှိမ်နင်း။ တိရိစ္ဆာန် ကျောင်းပြီး မြေဆီဖြည့်။ တန်ဖိုးမြင့် သီးနှံများကို ပြာပိုများသောစိုက်ကွက်ငယ် များတွင် စိုက်ပျိုးသည်။ အိမ်ထောင်စုများသည် အလှည့်ကျစက်ဝန်းတစ်ခုစီတိုင်း အရင်စိုက်ကွက်များကို ပြန်လည် ရှင်းလင်း စိုက်ပျိုးလေ့ရှိသည်။ ရှင်းလင်းခုတ်ထွင်မည့် နေရာ ကို ကျေးရွာမှ အတူအကွ ဆုံးဖြတ်ပြီး၊ မြေယာလိုအပ်သော အိမ်ထောင်များကို တောင်ယာ ကွက်များ ခွဲဝေပေးနိုင်သည်။ |
| ရပ်ရွာမှ စီမံသော သစ်တော | ရပ်ရွာလူ့အဖွဲ့အစည်း ။ ။ အရင်းမြစ်များ ရယူခွင့် နှင့် စီမံခန့်ခွဲခြင်း ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း<br>ဖသားစု။ ။ အရင်းမြစ်များ ရယူခွင့်နှင့် စီမံခန့်ခွဲခြင်း ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း | အိမ်တွင်းသုံးဆောက်လုပ်ရေး။ ။ သစ်၊ ကြိမ်၊ ဝါး၊ သက်ကယ်၊ လောင်စာထင်း။<br>အစားအစာ။ ။ မို၊ တောရိုင်း သစ်သီးနှင့် ဟင်းသီး ဟင်းရွက်များ၊ ငါး၊ ဂဏန်း၊ ဖား၊ ခရု၊ game meat<br>ဆေးဝါး။ ။ ဆေးဖက်ဝင်အပင်များ၊ ပျားရည်၊ တောရိုင်းတိရိစ္ဆာန်ထွက် ပစ္စည်းများ<br>ဝင်ငွေ။ ။ ပျားရည်၊ ပျားသလက်၊ ပျားဖယောင်း၊ တိရိစ္ဆာန်ထွက်ပစ္စည်းများ | ရေအရင်းအမြစ်အတွက် ရေထိန်းသစ်တောများကို ထိန်းသိမ်းကာကွယ်ထား။ ရပ်တည်နိုင်ရန်ဒေသခံများမှ အသုံးပြု။ ကျေးရွာ အာဏာပိုင် များ၏ ခွင့်ပြုချက်ဖြင့် မိမိတို့ အိမ်သုံးအတွက် သစ်များ ရွေးချယ်ခုတ်လှဲ။ သစ်တောများ ခုတ်ထွင်မှုအတွက် ဒဏ်ငွေ။ အချို့ဖသားစုများသည် မိမိတို့စီမံသော ကိုယ်ပိုင် သစ်တောရှိသည်။ |
| ရပ်ရွာမှ စီမံသော သစ်တော (ထင်းရှူး) | ရပ်ရွာလူ့အဖွဲ့အစည်း ။ ။ အရင်းမြစ်များ ရယူခွင့်နှင့် စီမံခန့်ခွဲခြင်းဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ် ခြင်း<br>ဖသားစု။ ။ အရင်းမြစ်များ ရယူခွင့်နှင့် စီမံခန့်ခွဲခြင်း ဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း | အိမ်တွင်းသုံး။ ။ သစ်၊ လောင်စာထင်း၊ မို၊ ဟင်းသီးဟင်းရွက်၊ သစ်သီး (စွန်ပလွံသီး နှင့် သဖန်းသီး)၊ ဆေးပင်များ၊ ထန်းရွက်။ | အလှည့်ကျ စီမံခန့်ခွဲခြင်း၊ သဘာဝအတိုင်း ပြန်လည် ပေါက်ရောက်ခြင်း။ ရပ်ရွာမှ စီမံသော အခြားသစ်တောများနှင့် ဆင်တူသော စီမံခန့်ခွဲမှုနှင့် စည်းမျဉ်း စည်းကမ်းများ။ အချို့မိသားစုများသည် မိမိတို့စီမံသော ကိုယ်ပိုင် သစ်တောရှိသည်။ |
| စိုက်ပျိုးသစ်တော | အိမ်ထောင်စု | ဆောက်လုပ်ရေး။ ။ သစ်၊ ကြိမ်၊ ဝါး၊ သက်ကယ်<br>အစားအစာ။ ။ မို၊ တောထွက်ဟင်းသီးဟင်းရွက်နှင့် သစ်သီးများ၊ တောထွက် ပစ္စည်းများ<br>ဆေးဝါး။ ။ဆေးဝါးပင် အမျိုးမျိုး | မြေဆီပြန်ပြည့်လာစေရေး သစ်မျိုးပေါင်း ၂၀ ကျော် စိုက်ပျိုးခြင်း။ သစ်ပင်များ ပြန်လည်အပေါက်မြန်ရန် တောပင်များ ခုတ်ထွင်ခြင်း နှင့် တိရိစ္ဆာန်များ ထိန်းကျောင်းခြင်း။ |

| | | | |
|---|---|---|---|
| စိုက်ပျိုးသစ်တော (ထင်းရှူး) | အိမ်ထောင်စု | သစ်၊ လောင်စာထင်း၊ မို၊ ဟင်းသီးဟင်းရွက်၊ သစ်သီး (စွန်ပလွံသီး နှင့် သဖန်းသီး)၊ ဆေးဝါးပင်များ၊ ထန်းရွက် | အလှည့်ကျ စီမံခန့်ခွဲခြင်း။ သစ်ခုတ်ယူပြီးလျှင် မီးရှို့ရှင်းလင်း။ မြေဆီ ပြန်ပြည့်လာစေရန် စိုက်ပျိုးခြင်း၊ တောပင်များ ခုတ်ထွင်ခြင်း နှင့် တိရိစ္ဆာန်များ ထိန်းကျောင်း ခြင်းဖြင့် သစ်တော ပြန်လည် ပေါက်ရောက်စေခြင်း။ |
| သန့်ရှင်းသော သစ်တော | ရပ်ရွာလူ့အဖွဲ့အစည်း | အမျိုးအစားနှင့် အရွယ်အစား အများအပြား၊ အချို့ဝင်ခွင့်မရှိပါ။ အတော်များများ ဆားငန်ချောင်း နှင့် ရေအိုင်။ အချို့မှာ သမင်၊ ပြောင် နှင့် အခြားတောရိုင်းတိရိစ္ဆာန်များ အမဲလိုက်ကွင်း | သန့်ရှင်းရာ သစ်တော၌ သစ်ခုတ်ခွင့်မရှိ။ အမဲ မလိုက်မီ နတ်များအား ပူဇော်။ |
| သစ်သီးခင်း | အိမ်ထောင်စု | ဝင်ငွေ။ ။ လိမ္မော်၊ ဆီးသီး၊ ထောပတ်သီး | ပထမနှစ်များတွင် စပါးနှင့် ဟင်းသီးဟင်းရွက်များ ညှပ်စိုက်ပျိုး။ |
| သက်ကယ်ခင်း | ရပ်ရွာလူ့အဖွဲ့အစည်း | ခေါင်မိုးအတွက် သက်ကယ် | ဒိန်းကလေးဝေးနှင့် ကိုကီးတွင် |
| ပျားတောင်များ | အုပ်စု | အိမ်တွင်းသုံးနှင့် ဝင်ငွေ။ ။ အစားအစာနှင့် ဆေးဝါးအတွက် ပျားရည် | ပုံမှန်အားဖြင့် ပျားသိုက်တစ်သိုက်မှ ပျားရည်ကို လူ ၅-၆ ယောက်ခန့်မှ ပိုင်ဆိုင်ရယူနိုင်သည်။ ဖသားစုတူရန် မလိုပါ။ |
| အိမ်ဥယျာဉ်ခြံ | အိမ်ထောင်စု | ဟင်းသီးဟင်းရွက်၊ ဆေးဖက်ဝင်အပင်၊ ဆေဝါးပင်၊ သစ်သီးများ။ | အော်ဂင်းနစ်၊ အိမ်တွင်း ချက်ပြုတ်ရေး မီးဖိုမှ ရသော ပြာဖြင့် မြေဆီဖြည့် |
| ဟင်းသီးဟင်းရွက် ဥယျာဉ်ခြံများ | အိမ်ထောင်စု | ဟင်းသီးဟင်းရွက်၊ ပီလောပီနံ | ကိုကီးကျေးရွာအနီးရှိ စိုက်ခင်းငယ်များ |
| အပန်းဖြေခြင်းနှင့် ယဉ်ကျေးမှုဆိုင်ရာ ပြည်သူပိုင် နေရာ | ရပ်ရွာ | အပန်းဖြေနေရာ၊ ပွဲတော်နှင့် အားကစားကွင်း | အပန်းဖြေနေရာများကို ကျေးရွာအတွက် အိမ်ထောင်စုများမှ လှူဒါန်း နိုင်သည်။ |
| ရိုးရာယဉ်ကျေးမှုဆိုင်ရာ နေရာများ | မျိုးနွယ်စု | သန့်ရှင်းရာတောင်များ အပါအဝင် ယဉ်ကျေးမှုဆိုင်ရာ၊ သမိုင်းဆိုင်ရာ နှင့် ကိုးကွယ်ယုံကြည်မှုဆိုင်ရာနေရာများ | မျိုးနွယ်စုဓလေ့နှင့် အညီ ဤနေရာများကို ကျေးရွာ များမှ ကာကွယ်ထားရှိ။ |
| စားကျက်မြေ | အိမ်ထောင်စု၊ ရပ်ရွာလူမှုအဖွဲ့အစည်း (သို့) အမျိုးတူအုပ်စု | နွားနောက်၊ ကျွဲ၊ နွား များမှ မြေဆီဖြည့် ပေး၊ ပြန်လည် ပေါက်ရောက်လာသော တော နှင့် စိုက်သစ်တောများအား ရှင်းလင်းပေး။ | စိုက်ခင်းများ၊ လှေကားထစ် စိုက်ခင်း နှင့် သစ်တောမြေများ ပေါ်တွင် တိရိစ္ဆာန်များကို ကျောင်း။ ကိုကီးတွင် ရပ်ကွက် တစ်ခုချင်းစီ၌ နွားကျောင်းသား တစ်ဦးရှိပြီး၊ တောင်ယာ စားကျက်မြေရှိသည်။ |
| ရေထု | ရပ်ရွာလူ့အဖွဲ့အစည်း | ငါး နှင့် အခြားရေနေ သတ္တဝါများ | ရေနှင့် ငါးများ ရရှိရေး မြစ်၊ ချောင်း၊ အင်းများကို ရပ်ရွာလူထုမှ အသုံးပြုနိုင်သည်။ |

## လှေကားထစ်စိုက်ခင်းများ

လှေကားထစ်စပါးစိုက်ခင်းများကို မြေကွက်များအဖြစ် ပိုင်းခြားထားပြီး၊ ထိုမြေကွက်များကို အိမ်ထောင်စု များမှ ပိုင်ဆိုင်၊ စိုက်ပျိုး၊ ရိတ်သိမ်းကြသည်။ အိမ်ထောင်စုများပေါင်းဖွဲ့၍ မိမိတို့၏ လှေကားထစ်စိုက်ကွက်

များကို တစ်လှည့်စီ စိုက်ပျိုးရိတ်သိမ်းကြပြီး၊ အိမ်ရှင်မိသားစုမှ မိမိတို့စိုက်ကွက်တွင် လာရောက်ကူညီလုပ်အားပေးကြသူများကို စားသောက်ဖွယ်ရာများပြင်ဆင် ကျွေးမွေးလေ့ရှိသည်။ စိုက်ခင်းသို့ ရေသွင်းခြင်းကို ၎င်းတို့ အားလုံးမှ စီမံပြီး ရေသွယ်မြောင်းများကို မျှဝေအသုံးပြုကြသည်။ ကိုကီးရွာသားများသည် မိမိတို့ အသိုင်းအဝိုင်းကြား ရေသွင်းစိုက်ပျိုးရေးအတွက် ရေဖြန့်ဝေရေးစီမံရန် ရေစီမံခန့်ခွဲရေး ကော်မတီကို မကြွေးမိုးကော ဖွဲ့စည်းထားသည်။

ဖြစ်ရပ်လေ့လာမှုပြုလုပ်သော ကျေးရွာတစ်ခုချင်းစီတွင် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ကျော်ကတည်းက ပြုလုပ်ခဲ့သော လှေကားထစ် စပါးစိုက်ခင်းများရှိသည်။ အိမ်ထောင်မိသားစု အများစုတွင် စိုက်ပျိုးရန် လှေကားထစ်စိုက်ကွက် ရှိကြပြီး၊ ယင်းစိုက်ကွက်များမှာ အမွေရထားသောမြေများ၊ အခြားသူများထံမှ နှစ်အလိုက်ငှားရမ်းစိုက်ပျိုးသောမြေများ (သို့) နှစ်ခုလုံးပေါင်းထားသော စိုက်ကွက်များဖြစ်ကြသည်။

ဖြစ်ရပ်လေ့လာမှုပြုလုပ်သောကျေးရွာများတွင် လှေကားထစ်စိုက်ခင်းများသည် မိသားစုများအတွက် စပါးသီးနှံ ရရှိရန် အဓိကအရင်းအမြစ်ဖြစ်သည်။ တောင်သူများသည် စပါးသီးနှံအမျိုးမျိုးနှင့် ကောက်ညှင်းစပါးများကို စိုက်ပျိုးကြပြီး၊ နှစ်အလိုက် စိုက်ပျိုးရန်မျိုးစေ့များကို ချန်လှပ်ထားကြသည်။ ဖေဖော်ဝါရီနှင့် မတ်လများတွင် တောင်သူများသည် မိမိတို့၏ လှေကားထစ်စိုက်ခင်းတစ်ဝိုက်ရှိ တောင်စောင်းများတွင် ပျိုးခင်းများမျိုးချလေ့ရှိသည်။ ထိုပျိုးပင်များကို ဇွန်လ (သို့) ဇူလိုင်လတွင် လှေကားထစ်စိုက်ခင်းများသို့ ပြောင်းရွှေ့စိုက်ပျိုးပြီး၊ အောက်တိုဘာလနှင့် နိုဝင်ဘာလများတွင် ရိတ်သိမ်းကြသည်။ တောင်သူများသည် ပဲ၊ ငရုပ်၊ ခရမ်းသီး နှင့် အခြားဟင်းသီးဟင်းရွက်များကိုလည်း လှေကားထစ်စိုက်ခင်းပတ်လည်တွင် စိုက်ပျိုးကြသည်။ သို့သော် ဟင်းသီးဟင်းရွက်အများစုကိုမူ တောင်ယာ စိုက်ခင်းများနှင့် မိသားစု ဥယျာဉ်ခြံ များတွင် စိုက်ပျိုးကြသည်။

## သစ်သီးခြံများ

တောင်သူများသည် မကြာမီိလမ်းပမ်းဆက်သွယ်ရေးကောင်းမွန်လာပြီး သီးနှံများကို ကျေးရွာပြင်ပသို့ ပိုမိုလွယ်ကူစွာဖြင့် တင်ပို့ရောင်းချနိုင်ရန် မျှော်ကိုးလျက် လိမ္မော်ခြံများ၊ ထောပတ်သီးခင်းများနှင့် မက်မန်းခြံများကို တိုးမြှင့်စိုက်ပျိုးလာကြသည်။ ဆွမ္မရာအနီး အိန္ဒိယနယ်စပ်တွင် ဈေးစတင် ဆောက်လုပ်မှုသည် ကုန်သွယ်ရေး တိုးမြှင့်လာရန် အစီအစဉ်ရှိသည်ကို ပြနေသည်။ တောင်သူများသည် ဒေသတွင် စိုက်ပျိုးရန် သင့်မသင့် စမ်းသပ်ရန် ထောပတ်သီးပင်များကို အိမ်ခြံများနှင့် သစ်သီးစိုက်ကွက်များ တွင် စတင်စမ်းသပ်စိုက်ပျိုးလာကြသည်။ အိမ်ထောင်မိသားစုများသည် မိမိတို့၏ တောင်ယာစိုက်ခင်းတစ်ချို့ပိုင်းကို သစ်သီးစိုက်ခင်း အဖြစ်ပြောင်းလဲပြီး စပါး၊ ဟင်းသီးဟင်းရွက်များနှင့်အတူ သစ်သီးပင်များကိုပါ စိုက်ပျိုးလာကြသည်။

လေရှီးမြို့ရှိ အိမ်ထောင်မိသားစုများသည် မိမိတို့ဥယျာဉ်များမှ ရသော မက်မန်းသီးများမှ ရိုးရာမက်မန်းဝိုင်ကိုပြုလုပ်လေ့ရှိသည်။ မက်မန်းဝိုင်များကို မကြာသေးမီကမှ အခြားမြို့များသို့စတင်ရောင်းချလာကြပြီး၊ ဒိန်းကလေးဝေး ရွာအပါအဝင် အနီးနားရွာများရှိ တောင်သူများကလည်း လေရှီးမြို့သို့ တင်ပို့ ရောင်းချနိုင်ရန် မက်မန်းပင်များ စတင်စိုက်ပျိုးလာကြသည်။

## စားကျက်မြေ

ကျွဲ၊ နွား နှင့် နွားနောက်များ[29]ကို တောင်ယာ၊ လယ်ကွင်းများ၊ လှေကားထစ်စိုက်ခင်းများ၊ သစ်တောများနှင့် ကျေးရွာရှိ အခြားစိုက်ပျိုးမြေများတွင် ကျောင်းလေ့ရှိသည်။ အကြောင်းမှာ စိုက်ပျိုးရန် မြေဆီများ ကောင်းမွန်လာစေရန်ဖြစ်သည်။ တောရိုင်းပင်များကို ရှင်းလင်း၍ အပင်များကြီးထွားလာစေရန် အိမ်မွေးတိရစ္ဆာန်

29 နွားနောက် (Mithun) များသည် တောင်အာရှနှင့် အရှေ့တောင်အာရှနိုင်ငံများ၏ တောင်ကုန်းထူထပ် သောတောများတွင် အတွေ့ရများသော ခြံမွေးတိရစ္ဆာန်နွားအနွယ်ဝင်သတ္တဝါမျိုးစိတ်များဖြစ်ပါသည်။ နွားနောက်များသည် ရောင်းဝယ်နိုင်သော၊ လဲလှယ်နိုင်သော တန်ဖိုးအရှိဆုံးခြံမွေးတိရစ္ဆာန်အမျိုးအစား ဖြစ်သောကြောင့် နာဂယဉ်ကျေးမှုတွင် အရေးကြီးသော အခန်းကဏ္ဍမှပါဝင်နေပါသည်။ နွားနောက်များ သည် စားသောက်ဧည့်ခံပွဲများနှင့်ပွဲလမ်းသဘင်များတွင် အခမ်းအနားအထိမ်းအမှတ်တခုလည်းဖြစ်ပါသည်။

များကို တောင်ယာ စိုက်ကွင်းများတွင် ကျောင်းကြသည်။ ကိုကာ့မျိုးနွယ်စုတွင် ဖသားစုတစ်ခုချင်းစီ၌ မိမိတို့အုပ်စုရှိ မိသားစုများ၏ တိရိစ္ဆာန်များကို စီမံရန် နွားကျောင်းသားတစ်ဦး စီထားရှိသည်။

### သက်ကယ်ခင်းများ

ကိုကီးကျေးရွာ တောင်ဘက်တွင် လူထုပိုင် သက်ကယ်ခင်းများရှိပြီး ကျေးရွာမှ မည်သူမဆို သွားရောက်၍ အိမ်အမိုးအတွက် ဝါးနှင့် သက်ကယ်များ ရယူနိုင်သည်။

### ပျားစွဲသော ကျောက်ဆောင်များ

အာရှပျားအကောင်ကြီးများ (Apis dorsata) သည် တောင်အာရှနှင့် အရှေ့တောင်အာရှတစ်ဝှမ်း တောင်နံရံများရှိ ကျောက်ကမ်းပါးယံများတွင် ပျားအုံများ ဆောက်လုပ်နေထိုင်ကြသည်။ အိမ်ထောင်စုများ သည် ပျားအုံများမှ ပျားရည်များရယူခွင့် ရှိကြပြီး ပျားစွဲသော ကျောက်ကမ်းပါးယံများကို အုပ်စုများမှ ခွဲဝေပိုင်ဆိုင်ကြသည်။ ပျားအုံများကို မထိခိုက်စေရန် ပျားတောင်တစ်ဝိုက်ရှိ သစ်တောများကို ထိန်းသိမ်းကာကွယ်ထားကြသည်။ ပျားစွဲသောကျောက်ဆောင်များသည် တန်ဖိုးအရှိဆုံးပိုင်ဆိုင်မှုများ အနက်တစ်ခုဖြစ်ပြီး၊ ပျာရည်ကို ဆေးဝါးအဖြစ်အသုံးပြုကာ၊ ဝင်ငွေရရှိရန် ရောင်းချကြသည်။ ပျားရည်နှင့် ပျားဖယောင်းများကို သစ်တောရှိ ပျားအုံများနှင့် မြေပြင်ရှိ Apis cerana ခေါ် မြေအောင်းပျားများမှလည်းရယူကြပြီး၊ အဆိပ်မရှိ သော Melipona နှင့် Trigona ပျားမျိုးစိတ်များမှလည်း ရယူကြသည်။[30]

### အိမ်ဥယျာဉ်ခြံများ

ကျေးရွာများတွင် နာဂအမျိုးသမီးများသည် မိမိတို့အိမ်အနီး တစ်ဝိုက်ရှိ ဥယျာဉ်များတွင် ဖရုံသီးများ၊ ပြောင်းဆန်များနှင့် ပဲများ အပါအဝင် ဟင်းသီးဟင်းရွက်မျိုးစုံနှင့် ဆေးဘက်ဝင်အပင်များကို စိုက်ပျိုးကြသည်။ အိမ်ဥယျာဉ်ခြံများတွင် မက်မန်းပင်၊ ငှက်ပျောပင်၊ လိမ္မော်ပင်၊ ပင်မှဲ့သီးပင်၊ သစ်သော်သီးပင်နှင့် ထောပတ်သီးပင်များအပါအဝင် အသီးပင်များကိုလည်းစိုက်ပျိုးကြသည်။ ထိုဥယျာဉ်ခြံများသည် ထိုနာဂဒေသရှိ အခြားစိုက်ပျိုးခင်းများနည်းတူ အော်ဂဲနစ် ခြံများဖြစ်ကြသည်။ ထိုဥယျာဉ်ခြံများကို မိသားစုမီးဖို ချောင်မှရသော ပြာများဖြင့် မြေသြဇာထည့်သွင်း စိုက်ပျိုးကြသည်။

### ဟင်းသီးဟင်းရွက် ဥယျာဉ်ခြံများ

ကိုကီးမျိုးနွယ်စုတွင် အချို့အိမ်ထောင်များသည် မိမိတို့ရွာအနီး ဥယျာဉ်မြေကွက်များတွင်ပီလောပီနံနှင့် ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးကြသည်။

### အပန်းဖြေနေရာများနှင့် အများပြည်သူကစားကွင်းများ

ကျေးရွာများတွင် အားကစားကွင်း နှင့် ပွဲတော်ကျင်းပရေးကွင်း အစရှိသော ပြည်သူပိုင်နေရာများရှိပြီး၊ ယင်းတို့ကို လူထုမှအသုံးပြုနိုင်ရန် အိမ်ထောင်စုများမှလှူဒါန်း ထားကြသည်။ ဆွမ္မရာတွင် ရွာကုန်းထိပ်ရှိ မြတ်ခင်းပြင်ကို ပြည်သူပိုင် အပန်းဖြေနေရာအဖြစ် ထားရှိသည်။ လူထုမှပြုလုပ်သော အစီအစဉ်များနှင့် ပွဲတော်များကျင်းပနိုင်ရန် လမ်းအောက်ပိုင်းတွင် မြေကွက်တစ်ခုကို မကြာသေးမီကမှ အိမ်ထောင်တစ်ခုက လှူဒါန်း ထားသည်။

### ရိုးရာအထွဋ်မြတ်နေရာများနှင့် ယဉ်ကျေးမှု အထင်ကရနေရာများ

မျိုးနွယ်စုများသည် သန့်ရှင်းသောတောင်များ အပါအဝင် မိမိတို့၏မျိုးနွယ်စု ယဉ်ကျေးမှု၊ သမိုင်းနှင့် ဘာသာရေးတို့အတွက် အရေးပါသော နေရာများနှင့် တောင်များကို စီမံထိန်းသိမ်းထားကြသည်။ ယင်း

30 ပျားမျိုးစိတ်များနှင့် ရိုးရာပျားမွေးမြူမှုအလေ့အထများသည် ပျားမွေးမြူရေးကိုမြှင့်တင်ရန် နိုင်ငံတော် အဆင့်လုပ်ဆောင်မှုတခုဖြစ်သော နာဂမြေပျားမွေးမြူရေးနှင့်ပျားရည်ထုတ်လုပ်ရေးတာဝန်(Nagaland Beekeeping and Honey Mission) မှ မှတ်တမ်းတင်ထားပါသည်။

နေရာများသည် ကျေးရွာ၏ နယ်နိမိတ်အတွင်းတွင်ရှိပြီး မျိုးနွယ်စုဓလေ့ထုံးတမ်းများနှင့်အညီ ကာကွယ်ထိန်းသိမ်း စီမံရန် ကျေးရွာများတွင် တာဝန်ရှိသည်။

## ရေအရင်းမြစ်များ

ဒိန်းကလေးဝေးတွင် အိမ်ထောင်စုတစ်ခုမှ တောင်ယာစိုက်ခင်းကို ငါးကန်အဖြစ် ပြောင်းလဲကာ acquaculture နည်းပညာဖြင့် စမ်းသပ်နေသည်။ စမ်းချောင်းများကို ပတ်လည်ရှိ ရွာများမှ သန့်ရှင်းအောင် ထိန်းသိမ်းထားကြသည်။ ကိုကီးကျေးရွာတွင် နေထိုင်ကြသူများသည် မိုးရာသီအကုန်တွင် ချောင်းကို ဆည်ပိတ်၍ စုန်ဆင်းသော ငါးများကို ဖမ်းလေ့ရှိသည်။ ငါးသေးလေးများနှင့် အရွယ်မရောက်သေးသော ငါးများသည် တာပေါက်များမှ ထွက်သွား၍ ရသဖြင့် အနာဂါတ်အတွက် ငါးမျိုးများ ဆက်လက်ထိန်းသိမ်းထားနိုင်သည်။ ထိုငါးဖမ်းရေကာတာကို လွန်ခဲ့သော ၁၉၄၀ ခုနှစ်များက လုပ်ဆောင်ခဲ့သော လူထုအကျိုးပြုလုပ်ငန်းအတွက် အသိအမှတ်ပြုသည့်အနေဖြင့် လူတစ်ဦးအား အခမ်းအနားဖြင့် ပေးအပ်ခဲ့သည်။ သို့သော် ငါးများကိုရွာသူ ရွာသားအားလုံးမှ သွားရောက် ဖမ်းနိုင်သည်။



ရွာသူရွာသားများမှ ကိုကီ (Koki) ကျေးရွာရှိ ငါးဖမ်းစည်းရိုးတခုအားတည့်မတ်နေပုံ

## အမဲလိုက်ခြင်း

အမဲလိုက်ခြင်းသည် နာဂတို့၏ အရိုးစွဲနေပြီဖြစ်သော ယဉ်ကျေးမှုတစ်ခုဖြစ်သည်။ အစားအစာနှင့် ဆေးဝါးများ ရရှိရန်၊ မိမိတို့၏ သီးနှံများနှင့် အိမ်မွေးတိရိစ္ဆာန်များကို ကာကွယ်ရန်နှင့် ဝင်ငွေရရှိရန် တောရိုင်း တိရိစ္ဆာန်များကို အမဲလိုက်ကြလေ့ရှိသည်။ ရွာသူ၊ရွာသားများ မိမိတို့ကျေးရွာရှိ တောတောင်များတွင် အမဲလိုက်ခွင့်ရှိသည်။ သို့သော် အများအားဖြင့် လယ်ကွင်း၊ စိုက်ခင်း၊ တောင်ယာစားကျက်များသို့ လာရောက်သော တောကောင်များကိုသာ အခွင့်ကောင်းယူ၍ အမဲလိုက်ကြလေ့ရှိသည်။ တောဝက်များ (Sus crofa) နှင့် သမင်အမျိုးမျိုးမှ လှေကားထစ်စိုက်ခင်းများ နှင့် တောင်ယာစိုက်ခင်းများရှိ စပါးများကို လာရောက်စားသောက် ကြပြီး၊ အာရှဝက်ဝံနက်များ (Ursus thibetanus) မှ တစ်ခါတစ်ရံ တောင်ယာစိုက်ခင်းများရှိ ပြောင်းများကို လာရောက်စားကြသည်။ အထူးသဖြင့် တောရိုင်းတိရိစ္ဆာန်များမှ မိမိတို့၏ အိမ်မွေးတိရိစ္ဆာန်များကို လာရောက်သတ်ဖြတ်စားသောက်လျှင် အိမ်မွေးတိရိစ္ဆာန်များဆက်လက် မဆုံးရှုံးရအောင် အမဲလိုက်ထွက် ကြလေ့ရှိသည်။ ကျေးရွာရှိ လူအနည်းငယ်သာ တောနက်များသို့ ရက်ရှည် အမဲလိုက်ခရီးထွက်ကြသည်။

နာဂမျိုးနွယ်စုတစ်ချို့တွင် အမဲလိုက်ခြင်းနှင့် ပတ်သက်ပြီး ရိုးရာဓလေ့ပြဋ္ဌာန်းချက်များရှိပြီး၊ တိရိစ္ဆာန်များ မျိုးပွားချိန်တွင် အမဲလိုက်ခြင်းကို တားမြစ်ထားသည်။ အခြားမျိုးနွယ်စုများတွင်မူ အမဲလိုက်ခြင်းနှင့် ပတ်သက်ပြီး အမဲလိုက်မည့်နေရာနှင့် အချိန်သတ်မှတ် ညွှန်ကြားချက် အနည်းငယ်သာရှိသည်။ သို့သော် အမဲမလိုက်နိုင်သောသက်ကြီးရွယ်အိုများ၊ မုဆိုးမများ နှင့် မသန်စွမ်းသူများ အပါအဝင် ကျေးရွာရှိ အခြားသူများအား ရရှိလာသော အသားများကို မည်ကဲ့သို့ခွဲဝေ ပေးရမည်ကိုမူ ရိုရာဓလေ့ စည်းမျဉ်းစည်းကမ်းများရှိသည်။ ဒိန်းကလေးဝေးရှိ မုဆိုးတစ်ဦး ပြောပြချက်အရ တောကောင်များကို အုပ်စုလိုက် တွေ့လျှင် အချို့ကို မထိခိုက်စေပဲ အမြဲလွှတ်ပေးရသည်။ အချို့နာဂရွာများတွင် အမဲလိုက်ခြင်းကို ခွင့်မပြုသော နေရာများကိုလည်း သတ်မှတ်ထားကြသည်။

အချို့နာဂမျိုးနွယ်စုများတွင် တိရိစ္ဆာန်မျိုးစိတ်အချို့ကို ရိုးရာဓလေ့ထုံးတမ်းအရ အမဲလိုက်ခြင်းမှ ကာကွယ်ပေးထားသည်။ သမာန်းကျား (Neofelis nebulosa) သည် နာဂယဉ်ကျေးမှုတွင် အထူးနေရာ ရထားသည်။ ရိုးရာဓလေ့ထုံးတမ်း ယုံကြည်မှုအရ အချို့နာဂလူမျိုးများသည် ထိုကျား၏ဝိဉာဉ်နှင့် ချိတ်ဆက်မှုရှိကြသည်။ မုဆိုးကောင်းတစ်ယောက်သည် ရှိသေမှုမထားပဲ ထိုကျားကို မည်သည့်အခါ မျှမပစ်ချေ။

ဖြစ်ရပ်လေ့လာမှုပြုလုပ်သော ကျေးရွာများတွင် နေထိုင်သူများသည် လယ်ကွင်းများနှင့် သစ်တောများတွင် တွေ့ရှိရသော တောရိုင်းတိရိစ္ဆာန်ကောင်ရေ လျော့ကျလာသည်ကို သတိမူမိကြသည်။ ဤသို့ကျဆင်း လာမှုသည် ပြီးခဲ့သောနှစ်များက သေနတ်များပိုမိုလွယ်ကူစွာရရှိနိုင်သောကြောင့် ဖြစ်သည် ဟုအချို့က ဆိုကြသည်။ အချို့ကမူ ဆောက်လုပ်ရေးလုပ်ငန်းများအတွက် သစ်ပင်များ ခုတ်လှဲလာသည့် နောက်ပိုင်း တွင် တောရိုင်းတိရိစ္ဆာန်ကောင်ရေ ကျဆင်းလာမှုကို သတိမူမိကြသည်။ အပြောင်းအလဲများ ပြုလုပ်၍ တောရိုင်းတိရိစ္ဆာန်များကို ပိုမိုကောင်းမွန်စွာကာကွယ်ပေးနိုင်ရန် ရိုးရာဓလေ့ထုံးတမ်းစနစ်ကို အသုံးပြုနိုင် သည်။ ထိုသို့လုပ်မှသာ နောင်လာနောက်သားများအတွက် တောကောင်များ ရရှိနိုင်မည်ဖြစ်ပြီး တောရိုင်း တိရိစ္ဆာန်နှင့် အမဲလိုက်ခြင်းဆိုင်ရာ နာဂရိုးရာဓလေ့များကိုလည်း ဆက်လက်ထိန်းသိမ်း ထားနိုင်မည်ဖြစ် သည်။

အမဲမလိုက်ရ နယ်မြေနှင့် တောရိုင်းတိရိစ္ဆာန်ဘေးမဲ့တောများကို ရိုးရာဓလေ့ထုံးတမ်းစနစ်ဖြင့် နာဂရွာများ မှ ထားရှိကြသည်။ အိန္ဒိယဘက်ခြမ်းရှိ ထင်ရှားသော ဥပမာတစ်ခုမှာ Khonoma သဘာဝထိန်းသိမ်း ကာကွယ်ရေး နှင့် Tragopan ဘေးမဲ့တောတို့ဖြစ်ကြသည်။[31] တောရိုင်းတိရိစ္ဆာန်ကောင်ရေလျော့ ကျလာမှု ကို ဖြေရှင်းရန် ကျေးရွာအစည်းအဝေးများမှ တစ်ဆင့် ကျေးရွာများနှင့် မျိုးနွယ်စုများမှ အပြောင်း အလဲများချမှတ်ပြီးထိုအပြောင်းအလဲများကိုရိုးရာတရားရေးစနစ်နှင့်အညီရိုးရာအဖွဲ့အစည်းများမှတစ်ဆင့် ကြပ်မတ်နိုင်ရေး ဆောင်ရွက်ရန် ရိုးရာဓလေ့ထုံးတမ်းစနစ်တွင် ထိရောက်သည့်မူဘောင်ရှိသည်။

## *Jhum* ခေါ် တောင်ယာ

တောင်ယာသည် တောင်ကုန်းတောင်ကျောများတွင် စိုက်ပျိုးသောစနစ်ဖြစ်ပြီး တောင်သူများသည် စိုက်ပျိုးမြေကို မီးရှို့ရှင်းလင်းပြီး သီးနှံများကို တစ်နှစ် (သို့) နှစ်နှစ်စိုက်ပျိုးကြသည်။ ထို့နောက်တွင် တောရိုင်းပင်များ သဘာဝအတိုင်းပြန်လည် ပေါက်ရောက်စေပြီး မြေဆီများပြန်တက်ကာ ပေါင်းပင်များ ရှင်းလင်းအောင်ထားရှိသည်။ Jhum ဟူသည် ဤကဲ့သို့ အလှည့်ကျ စိုက်ပျိုးသောနည်းကို နာဂလိုခေါ် ဝေါ်သော အမည်ဖြစ်ပြီး၊ ၎င်းကို မြန်မာလို ရွှေ့ပြောင်း တောင်ယာ ဟုလည်းခေါ်သည်။ Jhum သည်

31 Chase P and Singh O P (2012) People's Initiative for Conservation of Forests and Natural Resources: A Success Story of Khonoma Village Forest, Nagaland. NeBIO 3(2) pp. 61–67

စားနပ် ရိက္ခာဖူလုံရေး၊ ဇီဝမျိုးစိတ်များနှင့် ယဉ်ကျေးမှု ဓလေ့ထုံးတမ်းများအတွက် လိုအပ်ပြီး အကုန်အကျ သက်သာ၍ ရေရှည်တည်တံ့သော အလှည့်ကျ စိုက်ပျိုးရေးစနစ်ဖြစ်သည်။[32]



**တိမ်ကြားမှ ဟွန်း (Jhum) မြေလပ်များ**

## မြေယာပိုင်ဆိုင်မှု မလုံခြုံခြင်း

*Jhum* မြေယာပိုင်ဆိုင်မှုသည် အထူးသဖြင့် လုံခြုံမှုမရှိပေ၊ အဘယ့်ကြောင့်ဆိုသော် *Jhum* မြေယာကို VFV မြေအမျိုးစားထဲ ထည့်သွင်းထားသည် (သို့) သစ်တောပြုန်တီးရာနေရာအဖြစ် သတ်မှတ်ထားသောကြောင့် ဖြစ်သည်။ *Jhum* သည် ထိခိုက်မှုနည်းပြီး အလှည့်ကျ စိုက ပျိုးသော ဉယျာဉ်စိုက်ခင်းစနစ် ဟုဆိုလျှင် ပိုတိကျမည်ဖြစ်သည်။ မသင့်လျော်သော ဖုန်များ သတ်မှတ်လာခြင်းကြောင့် *Jhum* မြေများသုံးစွဲခွင့် ဆုံးရှုံးလာရပြီး၊ ကျန်မြေများကို ရေရှည် တည်တံ့စွာ အသုံးပြု စိုက်ပျိုးရန် ခက်ခဲလာသည်။

ကျေးရွာတစ်ရွာစတင် တည်ထောင်လျှင် အိမ်ထောင်စုများသည် တောတောင်များကို ဦးစွာ ခုတ်ထွင် ရှင်းလင်း စိုက်ပျိုးခြင်းဖြင့် မြေယာပိုင်ဆိုင်မှုကို ရယူကြသည်။ အိမ်ထောင်စုများသည် *Jhum* စိုက်ခင်းများကို ပလပ်ထားပြီး တစ်ဖန်ပြန်လည် ရှင်းလင်းစိုက်ပျိုးသော စက်ဝန်းအားဖြင့် မိမိတို့၏ မြေယာပိုင်ဆိုင်မှုကို ထိန်းသိမ်းထားကြသည်။ ဤသည်မှာ မြန်မာနိုင်ငံရှိ အချို့သော အခြားတိုင်းရင်းသားလူမျိုးများမှ ကျင့်သုံးသော အလှည့်ကျ စိုက်ပျိုးရေး စနစ်နှင့် ကွာခြားပြီး စိုက်ပျိုးရန် *Jhum* ကိုခုတ်ထွင် ရှင်းလင်းတိုင်းတွင် မြေယာကို အိမ်ထောင်စုများကြားပြန်လည် ခွဲဝေလေ့ရှိကြသည်။

32 ဤစိုက်ပျိုးမှုပုံစံသည် ဇီဝမျိုးကွဲများကို ပိုမိုထိန်းသိမ်း၍ အတွေ့ရများသောကြီးမားသည့် စိုက်ပျိုးရေး ဆိုင်ရာ အခြားနည်းလမ်းများထက် မြေဆီလွှာ၊ ရေထု၊ မြေထုများအပေါ် ထိခိုက်မှုပိုနည်းပါသည်။ See Rerkasem K, Lawrence D, Padoch C, Schmidt-Vogt D, Ziegler A D and Bruun T B (2009). Consequences of Swidden Transitions for Crop and Fallow Biodiveristy in Southeast Asia. Human Ecology 37, 347–360 and Ziegler A D, Bruun T B, Guardiola-Claramonte M, Giambelluca T W, Lawrence D and Lam N T (2009) Enviornmental Consequences of the Demise of Swidden Cultivation in Montane Mainland Southeast Asia: Hydrology and Geomorphology. Human Ecology 37, 361–373

အိမ်ထောင်စုများသည် မိမိတို့၏ စိုက်ကွက်များကို အသုံးပြုခွင့်ရှိကြပြီး၊ ရပ်ရွာမှ စီမံခန့်ခွဲမှု အခွင့်အရေး တစ်ချို့ကို ကိုင်ထားသည်။ အဘယ့်ကြောင့်ဆိုသော် တောင်သူများသည် နှစ်စဉ် အစည်းအဝေးပြုလုပ်ပြီး *Jhum* စိုက်ခင်းများအတွက် ခုတ်ထွင်ရှင်းလင်းမည့် နေရာများကို ဆွေးနွေးကြသည်။ စိုက်ပျိုးမြေလိုအပ် သော အိမ်ထောင်များကို တစ်နှစ်မြေငှားရမ်းပေးရာတွင်လည်း *Jhum* စိုက်ပျိုးမြေ သည်သာအများဆုံး ဖြစ်သည်။

ကျေးရွာတစ်ရွာ ထူထောင်ပြီးနောက်တွင် *Jhum* အတွက်မြေနှင့် သစ်တောမြေများကို ကန့်သတ် ပိုင်းခြား သတ်မှတ်သည်။ ရပ်ရွာမှ စီမံသော သစ်တောဧရိယာတွင် *Jhum* စိုက်ကွက်များရှင်းလင်းရန် ရိုးရာဓလေ့ ထုံးတမ်း မြေယာစီမံမှုစနစ်အရ ခွင့်မပြုပေ။ ထိုသစ်တောများတွင် တစ်ဦးဦးမှ *Jhum* စိုက်ခင်းအတွက် (သို့) အကြောင်းတစ်ခုခုကြောင့် ခုတ်ထွင်ရှင်းလင်းမည်ဆိုပါက ကျေးရွာကောင်စီနှင့် အခြား သက်ဆိုင်ရာ အာဏာပိုင်များ၏ ခွင့်ပြုချက်လိုအပ်သည် သို့မဟုတ်ပါက ဒဏ်ရိုက်ခြင်းကို ခံရမည်ဖြစ်သည်။

အိမ်ထောင်စုများသည် ကပ်လျှက်ရှိနေသော စိုက်ခင်းများကို ခုတ်ထွင်ရှင်လင်းရာတွင် အတူတကွ စုပေါင်း လုပ်ဆောင်လေ့ရှိသည်။ ပထမဦးဆုံး လက်ဖြင့်ရှင်းလင်းပြီးလျှင် ပြန်လည်မီးရှို့ရှင်းလင်းသည်။ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလများတွင် *Jhum*စိုက်ခင်းများကို ရှင်းလင်းကြသည်။ ခုတ်ထွင်ရှင်းလင်းထားသော တောပင်များကို အခြောက်ခံရန် အနည်းဆုံး သုံးပတ်၊ လေးပတ်ခန့် စောင့်ပြီးလျှင် ကျေးရွာတစ်ခုစီမှ နေ့တစ်နေ့ကို ရွေးချယ်ပြီး ဖေဖော်ဝါရီလကုန် နှင့် ဧပြီလအစောပိုင်း ကြားကာလတွင် စိုက်ခင်းကို ထိန်းချုပ်ရှို့မီးဖြင့် ရှင်းလင်းကြသည်။

ထိန်းချုပ်မီးရှို့ခြင်းသည်  ကမ္ဘာတစ်ဝှမ်းတွင် တောင်သူများနှင့် သစ်တောထိန်းသိမ်းသူများမှ အများဆုံး ကျင့်သုံးသော စီမံမှုစနစ်တစ်ခုဖြစ်သည်။ ထိုသို့မီးရှို့ခြင်းဖြင့် ပြာမှရသော အဟာရများကို အပင်မှ စုပ်ယူ စားသုံးနိုင်သည်။ မီးရှို့ခြင်းဖြင့် အပင်အဟာရများရရှိစေပြီး၊ မြေရှိအက်စစ်ဓာတ်ကို လျော့ပါးစေသည်။ ပေါင်းပင်များ၊ အပင်များ၊ မြေအောင်းရောဂါပိုးများနှင့် ပိုးမွှားများကိုလည်း ထိန်းချုပ်စေသည်။[33]

မီးကူးဆက်ခြင်းမှ ကာကွယ်ရန် စိုက်ခင်းပတ်လည်ရှိ တောပင်များကို နှစ်မီတာ၊ သုံးမီတာခန့် ရှင်းလင်း ထားသင့်ကြောင့် ကိုကီးကျေးရွာရှိ တောင်သူများမှ ရှင်းပြသည်။ အထူးသဖြင့် ကျေးရွာများ၊ မြတ်တောများ နှင့် ရပ်ရွာပိုင်သစ်တောများ အနီးရှိ အခင်းများကို မီးရှို့ရှင်းလင်းရာတွင် ဤသို့ မီးကိုတားဆီး ကာကွယ် ထားခြင်းသည် အရေးကြီးသည်။ ရပ်ရွာပိုင်တောများနှင့် ရွာမြေများကို ထိခိုက်ပျက်စီးစေလျှင် ဒဏ်ရိုက် ခြင်းဖြင့် ပြစ်ဒဏ်ပေးနိုင်သည်။

## KHËYEBONG

**Khëyebong** များသည် Jhum စိုက်ခင်းရှိ တန်ဖိုးမြင့် သီးနှံများ စိုက်ပျိုးထားသော ဥယျာဉ်ငယ် လေးများ  ဖြစ်သည်။[34]

Jhum စိုက်ခင်းကို ရှင်းလင်း မီးရှို့ပြီးသော အခါ တောင်သူများ သည် တစ်ဝက်မီးလောင်ထားပြီး သော သစ်ကိုင်းခြောက်များကို ဒုတိယအကြိမ် ပြန်လည် စုပုံ မီးရှို့ခြင်းဖြင့် မြေဆီရရှိရန် ပြာများ ပိုမို ရရှိစေသည်။ Jhum စိုက်ခင်းတွင် ဤကဲ့သို့ မြေကွက်လေးများထားရှိပြီး ရွှေလံဘိုငရုပ်၊ ဆောင်း ကြက်သွန်၊ ကြက်သွန်ဖြူ၊ ဂျင်း၊ ဆေးဖက်ဝင် အပင် နှင့် ဆေးဝါး ပင်များ အပါအဝင် သီးနှံများ ရောနှော စိုက်ပျိုးကြသည်။

ပထမနှစ် *Jhum* စိုက်ခင်းစိုက်ပျိုးရာတွင် စပါး၊ ပြောင်း၊ ပဲ၊ ပိန်းဥ၊ သခွါး၊ ဖရုံ၊ အာလူး၊ ဆီထွက်သီးနှံနှင့် ပြောင်းဆန် များကို စိုက်ပျိုး ကြသည်။ ဒုတိယနှစ်တွင် ရွာနှင့် နီးသော *Jhum* ခင်းများ၌ ဟင်းသီးဟင်းရွက်

33 Kerkhoff, E.E. and Sharma E. (comps.). 2006. Debating Shifting Cultivation in the Eastern Himalayas: Farmers' Innovations as Lessons for Policy. Kathmandu: ICIMOD.

34 Khëyebong သည် ၄င်းမြေကွက်များကို Makury ဘာသာစကားဖြင့်ခေါ်ဆိုခြင်းဖြစ်ပါသည်။

အချို့ကို ဆက်လက် စိုက်ပျိုးပြီး၊ မို နှင့် သက်ကယ်များကို ရယူကြသည်။ ဒုတိယနှစ်တွင် ရှာနှင့်နီးသော *Jhum* စိုက်ခင်းများ၌ သီးနှံအချို့ကို စိုက်ပျိုးလေ့ရှိသည်။

စပါးစိုက်ပျိုးရန် လေ့ကားထစ်စိုက်ခင်းများကို ပိုနှစ်သက်ကြသော်လည်း *Jhum* သည် ဟင်းသီးဟင်းရွက်မျိုးစုံစိုက်ပျိုးသော စိုက်ခင်းဖြစ်သောကြောင့် အစားထိုး၍မရနိုင်ဟု ဒိန်းကလေးဝေးကျေးရွာရှိ အမျိုးသမီးများက ဆိုသည်။ ဒုတိယနှစ်မှစ၍ *Jhum* ခင်းကို နွားနောက်၊ ကျွဲ နှင့် နွား စားကျက်အဖြစ် အသုံးပြုကြသည်။ တိရိစ္ဆာန်များကို ပလပ် Jhum ခင်းများတွင် ကျောင်းခြင်းဖြင့် အပင်ငယ်များ ပတ်လည်ရှိ တောပင်များကို ရှင်းလင်းစေသည်။ စားကျက်မြေအဖြစ် အသုံးမပြုသောအခင်းများနှင့် ယှဉ်လျှင် စားကျက်မြေအဖြစ် အသုံးပြုသော ပလပ် *Jhum* ခင်းများတွင် သစ်ပင်များကြီးထွား မြန်ပြီး သစ်တော ပြန်လည်ပေါက်ရောက်ရန် နှေးကွေးစေသော ခြုံနွယ်များ နှင့် ဝါးရုံ နည်းပါးသည်။

တောင်ယာဟောင်းများတွင် အလိုအလျောက်ပေါက်ရောက်သော ဟင်းသီးဟင်းရွက်များ၊ မှိုများ၊ ဝါးမြစ်များနှင့် အခြားအပင်များကို မည်သူမဆို သွားရောက်ခူးဆွတ်နိုင်သည်။ တောင်ယာကွက်ရှိ ရေအိုင် များရှိ ငါး၊ ဂဏန်း၊ နှင့် ခရုများကို ရပ်သူရွာသားများမှ သွားရောက် ဖမ်းယူနိုင်သည်။ အိမ်ထောင်စုများသည် မိမိတို့၏ တောင်ယာဟောင်းမြေကွက်များရှိ လောင်စာထင်းနှင့် သစ်လုံးများကို ပိုင်ဆိုင်ကြပြီး၊ ယင်းအကွက်အားပြန်လည်ရှင်းလင်းသောအခါ တဲထိုးရန် ၎င်းသစ်များကို အသုံးပြုကြသည်။ ဒိန်းကလေးဝေးရွာတွင် ခွင့်ပြုချက်မရှိပဲ *Jhum* ကွက်များမှ သစ်ခိုးထုတ်သူများအား ကျေးရွာကောင်စီမှ သွားရောက်ဖမ်းဆီးခဲ့ပြီး သစ်များကို လောင်စာထင်းအဖြစ် အသုံးပြုရန် ကျောင်းသို့ လှူဒါန်းခဲ့သည်။

ဒိန်းကလေးဝေးရွာတွင် တောင်ယာအလှည့်ကျသက်တမ်းအား ဆယ်နှစ်ထားသည်။ ကိုကီးကျေးရွာကို အုပ်စု ၄ ခုခွဲထားသည်။ အုပ်စု(၁) နှင့် (၂)မှ စီမံသော ပင်လယ်ရေမျက်နှာပြင်မြင့်၍ ပိုအေးသော နေရာများရှိ စိုက်ကွက်များကို တောင်ယာဟောင်းအဖြစ်ထားရှိခြင်းကာလမှာ ဆယ်နှစ်ဖြစ်ပြီး၊ အုပ်စု (၃) နှင့် (၄) မှ စီမံသော ပင်လယ်ရေ မျက်နှာပြင်နိမ့်၍ အပူချိန် ပိုမိုမြင့်မားသော နေရာရှိ စိုက်ကွက်များကိုမူ ငါးနှစ်ထားရှိသည်။ လွန်ခဲ့သော ဆယ်နှစ်ခန့်က တောင်သူများသည် ကြီးထွားမြန်သော စပါးမျိုးကို ဆွမ္မရာသို့ ယူဆောင်လာခဲ့ကြပြီး၊ ယင်းစပါးမျိုးသည် အေးသောမြောက်ပိုင်းဒေသရှိ *Jhum* စိုက်ခင်းများတွင် ကောင်းစွာ ဖြစ်ထွန်းကြသည်။ ထိုမြေတွင် စိုက်ပျိုးသော တောင်သူများသည် ယခုအခါတွင် ငါးနှစ်စက်ဝန်းဖြင့် ပြောင်းလဲ စိုက်ပျိုးကြပြီး၊ နှစ်နှစ်တွင် သီးနှံစိုက်ပျိုးကာ အလှည့်ကျကာလ သုံးနှစ်ထားရှိသည်။ အထွက်နှုန်းမှာမူ ယခင်ကနှင့် မတူပဲ ပိုမိုကောင်းမွန်ကြောင်း ဆိုကြသည်။ ဤပုံဥပမာသည် ယခင်ထင်မြင်ယူဆချက်နှင့် လွဲနေပြီး အလှည့်ကျကာသတ်မှတ်ထားရှိခြင်းမှာ လူဦးရေတိုးပွားလာခြင်း နှင့် အဓိကဆက်စပ်နေသည်။ အချို့မြေများကို ပိုမိုစိတ်စိတ် စိုက်ပျိုးလာကြသည်။ အဘယ့်ကြောင့်ဆိုသော် မြေအခြေအနေမှာ ကောင်းမွန်သောကြောင့်ဖြစ်ပြီး၊ ပိုမို အထွက်များကာ မြေအရည်အသွေး ကျဆင်းခြင်း မဟုတ်ပေ။

### *စိုက်ပျိုးရေးတွင် မြေစီမံခန့်ခွဲခြင်း*

*Jhum* စိုက်ပျိုးရေးစနစ်တွင် စိုက်ပျိုးမြေကို မြေလပ်အဖြစ်ထားရှိပြီး သဘာဝအတိုင်း မြေဆီပြန် တက်စေခြင်းဖြင့် မြေဆီအရည်အသွေးကို ထိန်းသိမ်းလေ့ရှိသည်။ မြေလပ်အဖြစ်ထားရှိသော ကာလသည် သဘာဝသစ်တောများ ပြန်လည် ပေါက်ရောက်လာပြီး မြေကို ယခင်မစိုက်ပျိုးမီကာလအတိုင်း ပြန်ကောင်းလာအောင် ဆောင်ရွက်ခြင်းဖြစ်သည်။ မြေ၏ ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဆိုင်ရာ ဂုဏ်သတ္တိများ အပေါ် ရွှေ့ပြောင်းတောင်ယာ စိုက်ပျိုးခြင်း၏ အကျိုးတက်ရောက်မှုကို မကြာသေးမီက စမ်းစစ်ချက်အရ၊ လွန်ခဲ့သော နှစ်ပေါင်း ၃၀ အတွင်း သိပ္ပံဂျာနယ်တွင် ထုတ်ဝေခဲ့သော လေ့လာချက်များ၏ ၉၀% ခန့်တွင်

ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းသည် မြေ၏အရည်အသွေးကို အနုတ်လက္ခဏာဘက် ရောက်သွားစေခြင်း မရှိကြောင်းတွေ့ရှိခဲ့ကြသည်။[35]

မြေလပ်အဖြစ်ထားရှိသော ကာလတွင် မြေသည် အသစ်ပြန်ဖြစ်လာသည်။ မြေလပ်အဖြစ်ထားရှိသော ကာလသည် အတော်အတန် ရှည်လျားသဖြင့် သဘာဝအတိုင်းပြန်လည် ပေါက်ရောက်လာခြင်းသည် မြေ၏ အရည်အသွေးနှင့် ဒေသတွင်းရှိ သက်ရှိမျိုးစိတ်များကို ထိန်းသိမ်းပေးသည်။ မြေလပ်အဖြစ်ထားရှိသော ကာလကို ချုံ့လိုက်သောအခါ မြေယာစီမံမှုကို ပိုမိုကျစ်လစ်စေသည်။ ဥပမာ အော်ဂင်းနစ် မြေဩဇာကျွေးခြင်း နှင့် နိုက်ထရိုဂျင်ဓာတ်အားဖြည့် အပင်များ စိုက်ပျိုးခြင်း ဖြစ်သည်။[36]

နာဂတောင်သူများသည် မြေလပ်အဖြစ်ထားရှိသောကာလကို မြေဆီပြန်တက်လာရန် စီမံထားရှိသည်။ ကျွဲ၊ နွား နှင့် နွားနောက်များကို *Jhum* ကွက်များတွင်ကျောင်းပြီး မြေဆီပြန်လည်ရရှိစေသည်။ *Jhum* များတွင် ပဲကို အမြဲတမ်းစိုက်ပျိုးပြီး၊ ထိုသို့စိုက်ပျိုးခြင်းဖြင့် မြေတွင် နိုက်ထရိုဂျင်ဓာတ်ကို ရရှိစေသည်။ ဆွမ္မရာအပါအဝင် နာဂရွာအချို့ရှိ *Jhum* စိုက်ခင်းများတွင် Alnus nepalensis ခေါ် နိုက်ထရိုဂျင်ဓာတ်အားဖြည့် အပင်များပေါက်ရောက်ကြသည်။ မြေလပ်အဖြစ်ထားရှိသော အခင်းများကို ပြန်လည် ရှင်းလင်းရာတွင် သစ်ပင်များအရိပ်ရ၍ ပေါင်းပင် နှင့် မြက်ပင်များ ကြီးထွားမလာအောင် ထိန်းချုပ်နိုင်သည်အထိ စောင့်ကြသည်။ ထိုသို့စောင့်ခြင်းဖြင့် စိုက်ခင်းအား မြေလပ်အဖြစ်ထားရှိရမည့် အနည်းဆုံးကာလကို သိရှိလိုက်နာရန် အကူအညီ ဖြစ်စေသည်။



**ဆွမ်မ်ရာ (Somra) ရှိ ဟွန်း (Jhum) မြေကွက်များတွင် မြေဆီလွှာအား မြေဩဇာပေးသည့် ဆောင်းရွက်ကြွေပင်များ**

### ရေခံပင်စိုက်ပျိုးမွေးမြူခြင်းနှင့် မြေဩဇာထိန်းသိမ်းခြင်း

Alnus nepalensis: Maibau, Nbau Ning-bau Yang-bau (Kachin); Bachiing (Somra Naga); Këbasang (Makury Naga); Rupro (Angami Naga); Hyang (Chin)

ဥယျာဉ်စိုက်ခင်းစနစ်တွင် Alder (Alnus nepalensis) ခေါ် ရေခံပင်များကို အာရှတစ်ဝှမ်း၌ သားစဉ်မြေးဆက် အသုံးပြုလာကြသည်။ Alder ပင်များကို ပင်လယ်ရေမျက်နှာပြင်အမြင့်

35 Filho A A R et al (2013) သည် အပူပိုင်းဒေသတလျှောက် မြေဆီလွှာ၏ ရုပ်ပိုင်းဆိုင်ရာ၊ ဓာတုပိုင်းဆိုင်ရာ၊ ဇီဝပိုင်းဆိုင်ရာ ဖြစ်တည်မှုများအပေါ် ရွှေ့ပြောင်းစိုက်ပျိုးခြင်း၏ သက်ရောက်မှုများကို လေ့လာထားသည့် (၁၉၈၁) ခုနှစ်က ထုတ်ဝေခဲ့သော သုတေသနဆောင်းပါး (၈၀) နှင့် ပြန်လည် သုံးသပ်သည့်ဆောင်းပါး (၉) ခုကို လေ့လာသုံးသပ်ထားပါသည်။ Ribeiro Filho A A, Adams C, Murrieta R S S (2013) The impacts of shifting cultivation on tropical forest soil: a review. Boletim do Museu Paraense Emílio Goeldi. Ciências Humanas. 8(3), 693–727

36 Cairns M (2007) Conceptualizing Indigenous Approaches to Fallow Management: A Road Map to this Volume. In Cairns, M. (Ed.) Voices from the Forest. Washington DC: RFF Press



ဓလေ့ရိုးရာပိုင်ဆိုင်ခွင့်စနစ်အောက်တွင် အစုအဖွဲ့ပိုင်သစ်တောမြေများအားကာကွယ်ထားပုံ

၁၀၀၀ မီတာ နှင့် ၂၅၀၀ မီတာ ကြားတွင် တွေ့ရပြီး ဟိမဝန္တာတွင် ပေါက်ရောက်သော အပင်မျိုးစိတ်များဖြစ်သည်။

A. nepalensis သည် ၎င်းရှိအရွက်ကြီးများ နှင့် ၎င်းအပင်၏ root nodules ရှိ နိုက်ထရိုဂျင်အားဖြည့် Frankia ဘက်တီးရီးယားများမှတစ်ဆင့် မြေဆီများဖြည့်တင်းပေးသည်။ အိန္ဒိယနိုင်ငံ၊ နာဂပြည်၊ ခိုနိုမာကျေးရွာရှိ တောင်သူများသည် Alder ပင်ကြောင့် မြေဆီနှင့် အထွက်နှုန်းမကျပဲ သီးနှံများကို နှစ်နှစ်ဆက်တိုက် စိုက်ပျိုးနိုင်ပြီး၊ မြေလပ်အဖြစ် နှစ်နှစ်သာထားရှိနိုင်သည်။ ရွှေ့ပြောင်းတောင်ယာ စနစ်တွင် Alder ပင်များအသုံးပြုခြင်းကို ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဝ ကိုယ်ပိုင်အုပ်ချုပ် ခွင့်ရတိုင်းနှင့် ချင်းတောင်တန်းဒေသများတွင် မှတ်တမ်းပြုစုထားသည် များရှိသည်။[37]ဆွမ္မရာတွင် A. nepalensis ပင်များသည် ပိုအေးသော မြောက်ပိုင်း Jhum ခင်းများ၌သဘာဝအတိုင်းပေါက်ရောက်လျှက်ရှိသည်။ပြောင်း၊ဖရုံနှင့်အခြားသီးနံများကိုနှစ်နှစ်စိုက်ပျိုးပြီး မြေလပ်အဖြစ် ခြောက်နှစ်မှ ခုနစ်နှစ်အထိ ထားရှိသော ရွာအထက်ပိုင်းရှိ စိုက်ခင်းတွင် Alder ပင်များ သဘာဝအတိုင်း ပေါက်ရောက်နေသည်။ ပြောင်းပင်များသည် ပဲနွယ်များတက်ရန် ကိုင်းအဖြစ်ရှိနေပြီး၊ ဖရုံနွယ်များမှာ မြေပြင်ပေါ်တွင် ပြန့်လျှက် ပေါက်ရောက်ကြသောကြောင့် ပေါင်းပင်များမထွက်လာရန် နှင့် မြေအစိုဓာတ်ကိုထိန်းထားရန်အရိပ်ကို ဖြစ်စေသည်။

ထိုအပင်များမှ ကြွေသော အရွက်များသည် မြေဆီကို ဖြစ်စေသောကြောင့် ပတ်လည်ရှိ စိုက်ပျိုးသီးနှံများ ကြီးထွား မြန်ကြောင်း  ဆွမ္မရာရှိ တောင်သူများက ဆိုကြသည်။ Alder ပင်ကို ကိုင်းများ ခုတ်ထွင်၍ လောင်စာထင်း နှင့် ပရိဘောဂ အဖြစ်အသုံးပြုပြီး အရွက်များကို အနာအံ့ဆေး နှင့် ကလေးများမှ ပီကေအဖြစ် အသုံးပြုကြသည်။

37 Cairns M, Keitzar S and Amenba Yaden T (2007) Shifting Forests in Northeast India: Management of Alnus nepalensis as an Improved Fallow in Nagaland. In Cairns M (Ed.). Voices from the Forest. Washington DC: RFF Press

## သစ်တောများ

နာဂလူ့အဖွဲ့အစည်းများသည် မြစ်ချောင်းများကိုထိန်းသိမ်း ထားရန်နှင့် အစာရေစာ ရရှိရေး၊ ဆောက်လုပ်ရေးပစ္စည်းများရရှိရေး၊ လောင်စာသစ် ရရှိရေး နှင့် ဆေးဝါးများရရှိရေးတို့အတွက် မိမိတို့၏ သစ်တောများကို ထိန်းသိမ်းထားရန် စီမံဆောင်ရွက်ကြသည်။ အိမ်ထောင်စု များအနေဖြင့် မိမိတို့ကိုယ်ပိုင်အသုံးပြုရန်အ တွက် သစ်တောအုပ်များကိုလည်း ထိန်းသိမ်းထားကြပြီး၊ သစ်ပင်စိုက်ပျိုးခြင်း၊ ခုတ်ထွင်ရှင်းလင်းခြင်း နှင့် ရွေးချယ်ခုတ်လှဲခြင်းတို့ကို တိုးတက်စေကာ စီးပွားရေးအရ အဖိုးတန်သစ်များ စိုက်ပျိုးရန် အားပေးကြသည်။ ထင်းရှူးတောများကိုလည်း အလှည့်ကျစနစ်ဖြင့် စုပေါင်းစီမံကြသည်။

**သစ်တောထွက်ပစ္စည်းများ**

- ဆောက်လုပ်ရေးပစ္စည်း။ ။ သစ်၊ ကြိမ်၊ သက်ကယ်၊ လောင်စာထင်း
- အစားအစာ။ ။ သစ်သီး၊ ဟင်းသီး ဟင်းရွက်၊ ပီလောပီနံ၊ မှို၊ ဆေးဖက်ဝင် အပင်၊ အသားများ၊ ပိုးမွှား၊ ရေချို သတ္တဝါများ (ငါး၊ ဖား၊ ဂဏန်း၊ ခရု)
- ဆေးဝါး။ ။ အပင်များ၊ ပျားရည်၊ တောရိုင်း တိရိစ္ဆာန်
- ဝင်ငွေ။ ။ ပျားရည်၊ သစ်ခွ၊ တောရိုင်း တိရိစ္ဆာန်

သစ်တောများကို ထိန်းသိမ်းထားရန်နှင့် ဒေသ၏စားဝတ်နေရေး ဖူလုံရေးအတွက် နာဂရိုးရာဓလေ့ထုံးတမ်း သစ်တော ထိန်းသိမ်းရေးစနစ်ကို အသိအမှတ်ပြုရန် လိုအပ်ပေသည်။ သစ်တောများ ရှင်သန်အောင် ထိန်းသိမ်းထားသော မြေယာစီမံမှုစနစ်သည် ထိရောက်မှုရှိသည်။ အကြောင်းမှာ ထိုစနစ်သည် သစ်တော စီမံခန့်ခွဲရေး စည်းမျဉ်းစည်းကမ်းများကိုချမှတ်ပြီး ရိုးရာတရားရေးစနစ်နှင့်အညီ ကြပ်မတ်ပေးသော အဖွဲ့အစည်းများဖြင့် ချမှတ်ထားသောစနစ်တွင် ပါဝင်သည်။

*ရပ်ရွာမှစီမံခန့်ခွဲသော သစ်တောများ*

ကျေးရွာတိုင်းတွင် မြစ်ချောင်းရှိသောနေရာများရှိ သစ်တောများကို ထိန်းသိမ်းကာကွယ်ထားခြင်းဖြင့် စိုက်ပျိုးရေးနှင့် အိမ်သုံးရေရရှိရေး ဆောင်ရွက်ကြသည်။ အစာရေစာရရှိရေး၊ ဆောက်လုပ်ရေးပစ္စည်းများ ရရှိရေး၊ လောင်စာထင်းရရှိရေးနှင့် ဆေးဝါးပင်များရရှိရေးအတွက် ရပ်ရွာပိုင် သစ်တောများကိုလည်း စီမံထိန်းသိမ်းကြသည်။ ဤတောထွက်ပစ္စည်အများစုကို ရပ်သူရွာသားများကသာ သွားရောက်ရယူနိုင်ပြီး၊ အိမ်သုံးအတွက်သာ ရယူနိုင်သည်။ စီမံခန့်ခွဲခွင့်အာဏာကို ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာ ကျေးရွာအာဏာပိုင်များ ကကိုင်ထားသည်။

> **"သစ်တောသည် နာဂလူမျိုးများအတွက် ဈေးနဲ့ ဆေးရုံပါပဲ"**
>
> - လေရှီးမှ အမျိုးသမီးတစ်ဦး

ဖြစ်ရပ်လေ့လာမှုပြုလုပ်သော ကျေးရွာများတွင် ကျေးရွာကောင်စီ၊ ကျေးရွာခေါင်းဆောင်၊ တောခေါင်း[38] နှင့် ဖသားစု ခေါင်းဆောင်များမှ သစ်တောစီမံရေး တာဝန်များကို ယူထားပြီး၊ ကျေးရွာတစ်ရွာနှင့် တစ်ရွာ အနည်းငယ်ကွဲပြားကြသည်။ ဆွမ္မရာအပါအဝင် အချို့ကျေးရွာများတွင် သစ်တောဧရိယာအချို့၏ မြေယာပိုင်ဆိုင်ခွင့်နှင့် စီမံခန့်ခွဲခွင့်ကို ဖသာစုများမှ ကိုင်ထားကြသည်။ ရပ်ရွာပိုင်သစ်တောများကို ခုတ်ထွင်ရှင်းလင်းခွင့်မပြုဘဲ၊ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ခွင့်ပြုချက်မရှိဘဲသစ်လုံးများထုတ်ယူခြင်းအတွက် ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာ ကျေးရွာအာဏာပိုင်များမှ ဒဏ်ကြေးချမှတ်ထားသည်။ ဥပမာ ကိုကီးကျေးရွာတွင် *Jhum* ခင်းများကို သစ်တောဧရိယာတွင် ခုတ်ထွင်ရှင်းလင်းခြင်း (သို့) မီးရှို့ရာတွင် သစ်တော (သို့) ကျေးရွာ သို့ကူးဆက်စေခြင်းများအတွက်ကျေးရွာခေါင်းဆောင်နှင့် ကျေးရွာကောင်စီများမှ ဒဏ်ကြေး

38 ကိုကီ (Koki) ရွာတွင် သစ်တောခေါင်းသည် ရွာသူရွာသားအချင်းချင်း၊ ရွာအချင်းချင်းဖြစ်ပွားသော သစ်တောရေးရာအငြင်းပွားမှုကိစ္စရပ်များကို ကြားဝင်စေ့စပ်ဆောင်ရွက်ပေးရန်တာဝန်ရှိပါသည်။

ချမှတ်ကြသည်။ ဒဏ်ကြေးမှာ သစ်တောထိခိုက်ပျက်စီးမှုနှင့် အချိုးကျဖြစ်ပြီး၊ ဥပမာအားဖြင့် နောက်လာမည့် ကျေးရွာပွဲတွင် ဝက်တစ်ကောင် ပေးရခြင်း တို့ဖြစ်သည်။

ကျေးရွာများ၏ နယ်နိမိတ်ရှိ ရပ်ရွာမှ စီမံသော သစ်တောများကို တစ်ခါတစ်ရံ ကျေးရွာအများမှ ပိုင်ဆိုင်ကြသည်။ ဒိန်းကလေးဝေးမှ ရပ်သူရွာသားများနှင့် အခြားနယ်နိမိတ်ချင်း ထိစပ်နေသော ကျေးရွာငါးရွာမှ ရပ်သူရွာသားများသည် နယ်စပ်သစ်တောရှိ အပင်များနှင့် တိရိစ္ဆာန်များကို အိမ်တွင်းသုံးအတွက် သွားရောက် ရယူနိုင်သည်။

ရပ်သူရွာသားများသည် သစ်လုံးများကို ရွေးချယ်၍သာ ခုတ်ခွင့်ရှိပြီး၊ မိမိတို့အိမ်ဆောက်လုပ်ရန် နှင့် ဘုရားကျောင်း၊ စာသင်ကျောင်း၊ ဆေးခန်း နှင့် အစိုးရရုံး အစရှိသော ပြည်သူပိုင် အဆောက်အဦးများ ဆောက်လုပ်ရန်သာ ခုတ်ယူခွင့်ရှိသည်။ အစိုးရ ဆောက်လုပ်ရေးလုပ်ငန်းများသည် သစ်လုံးများ ထုတ်ယူမည်ဆိုပါက ကျေးရွာကောင်စီထံမှ ခွင့်ပြုချက်ယူကြရသည်။ ရိုးရာဓလေ့ထုံးတမ်းစနစ်တွင် သစ်တောများမှ သစ်လုံးများကို ထုတ်ယူရောင်းချခွင့်မရှိပေ။

လောင်စာထင်းများကို ရပ်ရွာပိုင်သစ်တောများနှင့် မိသားစုပိုင် သစ်တောအုပ်များမှ အိမ်တွင်းသုံးအတွက်သာ ထုတ်ယူခွင့်ရှိသည်။ ဆွမ္မရာကျေးရွာတွင် အိမ်ထောင်စုတစ်စုလျှင် တစ်နှစ်လုံးစာအတွက် လောင်စာထင်း ကားတစ်စီးစာ ထုတ်ယူထားသင့်သည်။

*စိုက်ပျိုးသစ်တော*

သစ်တောအုပ်များသည် အိမ်ထောင်စုများမှ စီမံသော သစ်တောဧရိယာဖြစ်သည်။ သစ်တောအုပ်များသည် ထင်းရှူးတောများ (သို့) ရွက်ကြွယ်သစ်တောများနှင့် ရပ်ရွာပိုင်သစ်တောများရှိ သစ်အမျိုးအစားများ ရောနှောနေသော တောအုပ်များ ဖြစ်သည်။ အိမ်ထောင်များသည် သစ်တောအုပ်ကို ပုံမှန်အားဖြင့် မိမိတို့၏ Jhum ခင်းတစ်ခုတွင် ထိန်းသိမ်းထားရှိသည်။



တောထဲတွင်ထင်းကောက်နေသောရွာသားများ

*Jhum* စိုက်ကွက်ပေါ် သစ်တောအုပ်ကို စတင်ဖန်တီးရာတွင်လည်းကောင်း၊ လောင်စာထင်းနှင့် သစ်များ ထုတ်ယူပြီးချိန်တွင်၊ အသုံးဝင်သောသစ်အမျိုးအစားများ ကြီးထွားလာစေရန် စိုက်ပျိုးခြင်း၊ ခုတ်ထွင် ရှင်းလင်းခြင်းနှင့် စားကျက်မြေ အဖြစ်အသုံးပြုခြင်းတို့ကို ဆောင်ရွက်ကြသည်။ ကိုကီးကျေးရွာရှိ တောင်သူများသည် ပင်ပေါက်များရှာဖွေ၍၊ မျိုးစေ့များနှင့် ထင်းရှူးဖူးများ ကျဲဖြန့်စိုက်ပျိုးခြင်းဖြင့် လည်းကောင်း၊ အပင်းပွား စိုက်ပျိုးခြင်းဖြင့်၎င်း ဒေသထွက် သစ်မျိုး ၂၀ ကျော်ကိုစိုက်ပျိုးကြောင်း ဆိုကြသည်။

ဆွမ္မရာကျေးရွာတွင် ဤတောအုပ်များမှ တောရိုင်းအပင်များနှင့် တိရိစ္ဆာန်များကို ရပ်သူရွာသားများအားလုံးမှ သွားရောက် ရယူနိုင်သည်။ သို့သော် သစ်၊ဝါးနှင့် ကြိမ်များကိုမူ ထိုတောအုပ်ကို စီမံထိန်းသိမ်းသော အိမ်ထောင်များကသာ ခုတ်ယူနိုင်သည်။ ဒိန်းကလေးဝေးနှင့် ကိုကီးကျေးရွာများတွင် တောအုပ်ရှိ တောထွက်ပစ္စည်းများကို ရောင်းချခွင့်မရှိသော်လည်း ဆွမ္မရာတွင်မူ တောအုပ်များကို ငွေစုစာအုပ်သဖွယ် အသုံးပြုကြပြီး မိသားစုတွင်ကျန်မားရေးပြဿနာနှင့် အခြားအရေးပေါ် ပြဿနာများရှိပါက သစ်လုံးများ ထုတ်ယူ၍ ဒေသအတွင်း ရောင်းချနိုင်ကြောင်း တောင်သူများမှ ရှင်းပြသည်။

*ထင်းရှူးတောများ*

ထင်းရှူးပင်များသည် ရပ်ရွာမှ စီမံသော သစ်တောများတွင် ပေါက်ရောက်ပြီး၊ အိမ်ထောင်စုများမှ စီမံသော တောအုပ်များတွင်လည်း စိုက်ပျိုးကာ၊ တူညီသော စည်းမျဉ်း စည်းကမ်းများဖြင့် စီမံခန့်ခွဲကြသည်။ ရပ်သူရွာသားများသည် ရပ်ရွာမှစီမံထိန်းသိမ်းသော ထင်းရှူးတောများမှ လောင်စာထင်း၊ သစ်၊ မှို၊ ထန်းသီး၊ သဖန်းသီး၊ တောရိုင်းဟင်းသီးဟင်းရွက်၊ ဆေးဘက်ဝင်အပင်နှင့် တောရိုင်းတိရိစ္ဆာန်များကို အိမ်တွင်းသုံးအတွက် သွားရောက်ရယူနိုင်ပြီး အိမ်ထောင်များမှ မိမိတို့စီမံသော ထင်းရှူးတောအုပ်များမှလည်း ထိုတောထွက်ပစ္စည်းများကို ရယူလေ့ရှိကြသည်။

ဒိန်းကလေးဝေးတွင် ထင်းရှူးတောသည် တောင်ဘက် နှစ်ကီလိုမီတာ မှ သုံးကီလိုမီတာအကွာ တွင်ရှိပြီး ကျေးရွာအများမှ စုပေါင်းအသုံးပြုကြသည်။ အချို့ အိမ်ထောင်များသည် မိမိတို့၏ *Jhum* စိုက်ကွက်တွင် ထင်းရှူးတော စိုက်ပျိုးထားရှိကြသောကြောင့် ရပ်ရွာပိုင်သစ်တောသို့ သွားရောက်ရန် မလိုအပ်တော့ပေ။

> **"နှစ်ပေါင်းရာချီခဲ့သော်လည်း သစ်တောများ ရှိနေသေးခြင်းက မိမိတို့မှာ သစ်တောများ စီမံခန့်ခွဲ နည်းစနစ်ရှိကြောင်း သက်သေဖြစ်သည်။ သစ်တောများ ရှိနေသေးခြင်း ကြောင့် မိမိတို့ နာဂ စနစ်ကို ကျေးဇူးတင်ရှိပါတယ်"**
>
> - ဆွမ္မရာ ဒေသခံ

ကိုကီးကျေးရွာတွင် မြစ်ချောင်းများရှိသော ရပ်ရွာပိုင်သစ်တောနှင့် အိမ်ထောင်များမှပိုင်သော စိုက်သစ်တော နှစ်ခုလုံးတွင် ထင်းရှူးပင်များ ရှိသည်။ အိမ်ထောင်များသည် ထင်းရှူးပင်များကို အလှည့်ကျစနစ်ဖြင့် စီမံကြပြီး နှစ် ၃၀ အကြာတွင် သစ်လုံးများနှင့် လောင်စာထင်းများကို ရယူကြသည်။ ကပ်လျက်တစ်ဆက်တည်း ဖြစ်နေသော စိုက်သစ်တောများကို ပိုင်ဆိုင်သော အိမ်ထောင်စုများသည် သစ်ထုတ်ယူရာတွင် ပူးပေါင်းလုပ်ဆောင်ကြသည်။ သစ်လုံးနှင့် လောင်စာထင်းများကို ထုတ်ယူပြီးပါက မြေကွက်ကို မီးရှို့ရှင်းလင်းကာ မြေဆီတက်စေပြီး သစ်တော ပြန်လည် ပေါက်ရောက်လာအောင် လုပ်ဆောင်ကြသည်။ ထိုမြေကွက်များတွင် နွားနောက်များကို ကျောင်းခြင်းဖြင့် ထင်းရှူးပင်ငယ်များ တစ်ဝိုက်ရှိ တောပင်များကို ရှင်းလင်းစေသည်။

ကိုကီးကျေးရွာတွင် တာဝန်ကျစဉ် အစိုးရအရာရှိတစ်ဦးမှ အိမ်ဆောက်နည်းသစ်ကို မိတ်ဆက်ပေးပြီးသည့်နောက်တွင် ကျေးရွာရှိ အိမ်အများအပြားကို ထင်းရှူးသားဖြင့် ဆောက်လုပ်ကြသည်။ အိမ်များကို ပုံစံအသစ် ပြန်လည်ဆောက်လုပ်လာကြသဖြင့် သစ်လိုအပ်မှု မြင့်မားလာပြီး ရပ်ရွာပိုင် သစ်တောမှ ထင်းရှူးပင်ကြီးများ ပျက်စီးဆုံးရှုံးလာရသည်။

*အထွဋ်မြတ်ထားရာ သစ်တောများ*

အထွဋ်မြတ်ထားရာ တောတောင်များတွင် နတ်များနေထိုင်ကြပြီး နာဂရိုးရာဓလေ့ထုံးတမ်းအရ အကာအကွယ်ပေးထားကြသည်။ ထိုနေရာများသည် နေရာအများအပြားတွင်ရှိပြီး၊ သစ်တောရှိ နေရာတစ်နေရာဖြစ်စေ၊ သစ်တော တစ်ခုလုံးဖြစ်စေ၊ တောင်ဖြစ်စေ ပါဝင်သည်။ ဥပမာ ဆားငန်ရှိသော စမ်းချောင်းများသည် သန့်ရှင်းမြင့်မြတ်ပြီး၊ ပတ်ဝန်းကျင်ရှိ သစ်တောများကို ခုတ်ထွင်ရှင်းလင်းခြင်း မပြုလုပ်ရပေ။ ဤစမ်းချောင်းများကို သမင်များ၊ တောကြောင်များနှင့် အခြားတောရိုင်းတိရိစ္ဆာန်များမှ ရေဆင်းသောက်ရာနေရာအဖြစ် အသုံးပြုကြသည်။ ဒိန်းကလေးဝေးတွင် ဆားငန်အိုင်သို့ တစ်လလျှင် တစ်ကြိမ် (သို့) နှစ်ကြိမ်

ညတွင်သွားရောက်အမဲလိုက်ခြင်းမပြုမှီ မုဆိုးများမှ ထိုသန့်ရှင်းရာတောရှိ နတ်များအား တစ်ခုခု ပေးကမ်း ပူဇော်လေ့ရှိကြသည်။

နာဂတောင်တန်းတွင် အမြင့်ဆုံးဖြစ်သော စာရာမေတိ တောင်သည် မကူရီနာဂမျိုးနွယ်စုများအတွက် အထွတ်မြတ်ထားရာနေရာ၊ ဘိုးဘေးတို့၏ ဝိဉာဉ်များကျိန်းဝတ်ဘုံဖြစ်သည်။ စာရာမေတိတောင်နှင့် တောင်ခြေတစ်ဝိုက်ရှိ သစ်တောများသည် တောင်ပတ်လည်ရှိ မကူရီကျေးရွာများ၏ ရိုးရာဓလေ့ ထုံးတမ်းမြေယာနယ်နိမိတ်အတွင်းတွင်ရှိပြီး၊ ထိုအထွတ်မြတ်ထားရာနေရာကို ထိန်းသိမ်းကာကွယ်ရန် ထိုကျေးရွာများတွင် တာဝန်ရှိသည်။ မကူရီမျိုးနွယ်စုကောင်စီမှ မကူရီနာဂလူငယ်အဖွဲ့ချုပ်အား ထိုထိန်းသိမ်းနယ်မြေကို ကာကွယ်ရန် တာဝန်ပေးထားသည်။[39]

*သစ်တောဖုံးအုပ်ဧရိယာ ပြောင်းလဲလာခြင်း*

သစ်တောဧရိယာများကို ထိရောက်စွာ ကာကွယ်ထားကြောင်း ဂြိုဟ်တုသတင်းအချက်အလက်များမှ အတည်ပြုထားသည်။ ဆွမ္မရာ၊ ကိုကီးနှင့် ဒိန်းကလေဝေ ကျေးရွာများရှိ အဖွဲ့များသည် မြေမျက်နှာသွင်ပြင်မြေပုံများနှင့် Google Earth မှ ဂြိုဟ်တုဓာတ်ပုံများကို အသုံးပြုကာ ရိုးရာမြေ စကေးပြမြေပုံများ ရေးဆွဲခဲ့သည်။ ၎င်းမြေပုံများကို ဒစ်ဂျစ်တယ်ဖြင့် ရေးဆွဲထားသောကြောင့် ပြီးခဲ့သော ဆယ်စုနှစ်အတွင်း သစ်တောဖုံးအုပ်နယ်မြေ အပြောင်းအလဲများကိုပြသသော အဝေးထိန်း သတင်းအချက်အလက်များနှင့် နှိုင်းယှဉ်၍ ရနိုင်သည်။ မြေပုံ (၂) တွင် ကိုကီးကျေးရွာ၏ ရိုးရာမြေအသုံးပြုမှု ပုံစံအချက်အလက်ကို ဖော်ပြထားပြီး၊ ပြီးခဲ့သော ၂၀၀၁ မှ ၂၀၁၄ အထိသစ်တော ဖုံးအုပ်နယ်မြေ ပြောင်းလဲမှု အချက်အလက်များနှင့် ပေါင်းစပ် ဖော်ပြထားသည်။ မြေပုံတွင် ဖော်ပြထားသောအရောင်များသည် နှစ်အလိုက် သစ်တော ပြုန်းတီးမှုကို ဖော်ညွှန်းထားသည်။

39 ဆာရာမေဟိတောင်သည် ဓလေ့ရိုးရာစနစ်များအရ ရပ်ရွာမှထိန်းသိမ်းကာကွယ်ထားသည့် ဧရိယာများထဲမှတခုဖြစ်ပါသည်။ ၎င်းဧရိယာများကို နိုင်ငံတကာမှ ဌာနေတိုင်းရင်းသားနယ်မြေနှင့် ရပ်ရွာမှ ထိန်းသိမ်းကာကွယ်ထားသည့်ဧရိယာများ (ICCAs) အဖြစ်သိကြပါသည်။

မြေပုံ ၂ - ဒိန်းကလေးဝေး (DENGKLEYWAY) ကျေးရွာရှိ သစ်တောမြေပြောင်းလဲမှု



မြေပုံ ၃ - ဆွမ်မ်ရာ (SOMRA) ကျေးရွာရှိ သစ်တောမြေပြောင်းလဲမှု



မြေပုံ ၄ - ကိုကီ (KOKI) ကျေးရွာရှိ သစ်တောမြေပြောင်းလဲမှု



လွန်ခဲ့သော ၁၄ နှစ်အတွင်း ရပ်ရွာမှစီမံသော သစ်သောဇရိယာများမှာ ပြန်တီးသွားခြင်းမရှိကြောင်း၏ မြေပုံများဖြင့် အတည်ပြုနိုင်ပြီး ကျေးရွာသမိုင်းတွင် ထိုသစ်တောများကို ဆယ်စုနှစ်များစွာ ထိန်းသိမ်းထားနိုင်ကြောင်း တွေ့ရသည်။ သစ်လုံးများထုတ်ယူခြင်း(သို့) စိုက်ပျိုးမြေအတွက် အသုံးပြုခြင်းကြောင့် သစ်တောများ ပြုန်းတီးခြင်း မရှိပေ။ Jhum စိုက်ခင်းများကို ခုတ်ထွင်ရှင်းလင်းပြီး အပင်များ ပြန်လည်ပေါက်ရောက်လာအောင် အလှည့်ကျစနစ်ဖြင့် ပြုလုပ်ကာ သစ်တောဇရိယာတွင် ရှင်းလင်းခြင်း မပြုလုပ်ပေ။ ကျေးရွာသမိုင်း တစ်ထောင့်တွင် မူလသစ်တောများကို ရှင်းလင်း၍ Jhum စိုက်ခင်းများကို ပြုလုပ်ကာ မူလသစ်တောကို ပြန်ပေါက်သော သစ်တောနှင့် စိုက်ခင်းများအဖြစ် သို့ပြောင်းလဲခဲ့ကြသည်။ သို့သော် စိုက်ပျိုးရေးနှင့် သစ်တောရေးရာအားလုံးတွင် မူလတောများကို အခြားကဏ္ဍအသုံးပြုရန် တစ်ချိန်ချိန်တွင် ပြောင်းလဲ ကြရသည်။ Jhum သည် ဥယျာဉ်စိုက်ခင်း ပုံစံဖြစ်ပြီး သစ်တောပြုန်းတီးခြင်း၏ တရားခံအဖြစ် ကွက်ပြော၍ မရပေ။ အဘယ့်ကြောင့်ဆိုသော် အခြားစိုက်ပျိုးရေးစနစ်များနှင့် ယှဉ်လျှင် သစ်တော ဖုံးအုပ်နယ်မြေများကို ပိုမိုထိန်းသိမ်းထားနိုင်ခဲ့သည်။

### ရပ်ရွာပိုင် သစ်တော

ရပ်ရွာပိုင်သစ်တောသည် ရပ်ရွာလူ့အဖွဲ့အစည်း၏ သစ်တောစီမံခန့်ခွဲပိုင်ခွင့်ကို အသိအမှတ်ပြုရန် မြန်မာအစိုးရအနေဖြင့် အများဆုံး အသုံးပြုသော နည်းလမ်းဖြစ်သည်။ ၁၉၉၅ ခုနှစ်တွင် စတင်ခဲ့ပြီး၊ ၂၀၁၆ ခုနှစ်တွင် ပြန်လည်စိစစ်ပြင်ဆင်ခဲ့သော Community Forestry Instruction မှ စီးပွားဖြစ်သော် လည်းကောင်း၊ မိမိတို့ကိုယ်ပိုင်သုံးအတွက် သော်လည်းကောင်း သစ်တောအသုံးပြုအဖွဲ့အား နှစ် ၃၀ သစ်တောအသုံးပြုခွင့်ကို ပေးခဲ့ပြီး၊ အသုံးပြုခွင့် သက်တမ်းတိုးမြှင့်နိုင်သည်။

မတူသည်မှာ နာဂရိုးရာဓလေ့ထုံးတမ်းစနစ်တွင် မြေယာအားလုံးကို သားစဉ်မြေးဆက် ကျေးရွာနယ်နိမိတ်အတွင်း၌ ထိန်းသိမ်းလေ့ရှိသည်။ မြေယာအားလုံးကို ကျေးရွာအတွင်း ထိန်းသိမ်းထားခြင်းသည် သစ်တောများ၊ ဥယျာဉ်စိုက်ခင်းများ နှင့် စိုက်ပျိုးရေးတို့ကို စုပေါင်းစီမံနိုင်စေသည်။နာဂရိုးရာဓလေ့ထုံးတမ်းစနစ်သည်ရိုးရာသစ်တောစီမံမှုဓလေ့အားမကောင်းသောနေရာများတွင် စုပေါင်းစီမံမှုစနစ်ကို ကျင့်သုံးရန် CF အား စိတ်ဝင်စားမှု ဖြစ်ပေါ်စေသည်။ သို့သော် အခြားဒေသများ မှ အတွေ့အကြုံများကို အခြေခံပြီး CF ကို လက်ရှိပုံစံအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် မြေယာပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှုကို လွယ်ကူရိုးစင်းစေပြီး ရိုးရာအဖွဲ့အစည်းများကို အားလျော့သွားစေနိုင်သည်။ အကျိုးဆက်အနေဖြင့် ကျေးရွာများအတွင်း (သို့) ကျေးရွာများကြားတွင် ပဋိပက္ခများ ဖြစ်ပေါ်စေနိုင်ပြီး၊ ရိုးရာအုပ်ချုပ်စီမံမှုများကို အားလျော့စေကာ သစ်တောစီမံခန့်ခွဲခြင်းနှင့် ကာကွယ်ထိန်းသိမ်းခြင်းကို ထိရောက်မှုအားနည်းစေမည် ဖြစ်သည်။

### ပင်မသစ်တောနေရာများသို့ချဲ့ထွင် ဝင်ရောက်ခြင်း - ဆွမ္မရာအခြေနေအားလေ့လာခြင်း

ဆွမ္မရာတွင် ဖြစ်ပွားခဲ့သည့် အတွေ့အကြုံအရ နာဂရွာများတွင် အစိုးရသက်ဆိုင်ရာဌာနများမှ ရိုးရာဓလေ့ထုံးတမ်းစနစ်နှင့် ကိုက်ညီမှု မရှိဘဲ မြေယာနှင့် သစ်တောများကို စီမံသောအခါ နောက်ဆုံးတွင် ရေရှည်တည်တံ့သော သစ်တောစီမံမှုစနစ်ကို ယုတ်လျော့သွားစေကြောင်း တွေ့ရသည်။ ကျေးရွာများသည် သစ်တောများကို မိမိတို့ပိုင်ကြောင်း စိတ်ချမှုမရှိဘဲ သစ်ထုတ်သော ကုမ္ပဏီများမှ မိမိတို့ ရပ်ရွာပိုင် သစ်တောများနှင့် မိသားစုများမှ စိုက်ပျိုးထားသော စိုက်သစ်တောများရှိသစ်များကို မည်သည့် အချိန်တွင် လာရောက် ခုတ်ယူမည်ကို စိုးရိမ်မကင်းဖြစ်ရသဖြင့် ရေရှည်တွင် ရိုးရာ သစ်တောစီမံခန့်ခွဲမှုများ အန္တရာယ်ကျရောက်နိုင်ဖွယ်ရှိသည်။

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းတွင် နိုင်ငံတော်သစ်တောမူဝါဒ (၂၀၀၁-၂၀၃၀)မှ ချမှတ်ထားသော နိုင်ငံမြေ၏ ၃၀% PFE နယ်မြေဖြစ်ရေး ရည်မှန်းချက်ပြည့်မီရန် သစ်တောဦးစီးဌာနမှ PFE အဖြစ် သစ်တောဧရိယာများ ချဲ့ထွင်သတ်မှတ်လာခဲ့သည်။ ဇီဝသက်ရှိမျိုးစိတ်များထိန်းသိမ်းကာကွယ်ရေး၊ ကာဗွန် လျော့ချရေး နှင့် REDD+[40]၊ နှင့် ရေရှည်တည်တံ့သော သစ်တောစီမံမှု အစီအစဉ်အောက်တွင် သစ်တောများကို ဘေးမဲ့တောနှင့် ရပ်ရွာပိုင်တောများအဖြစ် သတ်မှတ်ခြင်းကို အစိုးရနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများကလည်း အားပေးလျက်ရှိသည်။ PFE ဧရိယာသစ်များ ချဲ့ထွင်လာခြင်းနှင့်တူ မိမိတို့၏ ရိုးရာဓလေ့ထုံးတမ်းအရ မြေယာပိုင်ဆိုင်မှုများကို အသိအမှတ်မပြုပဲ မိမိတို့ မှီခိုအားထားရာဖြစ်ပြီး

40 သစ်တောပြုန်းတီးမှုနှင့် သစ်တောအဆင့်လျော့ကျခြင်းမှ လျော့နည်းသွားသောထုတ်လွှင့်မှုများ (REDD+) သည် မူဝါဒပြုပြင် ပြောင်းလဲရေးနှင့် သစ်တောပိုင်ရှင်များအား သစ်တောများကိုကာကွယ်ရန်၊ ပြန်လည်ဖြစ်ထွန်းရန်အတွက်တိုက်ရိုက်ချပေးသော ရံပုံငွေများ ထောက်ပံ့ပေးခြင်းအားဖြင့် ကာဗွန်ထုတ်လွှင့်မှုကို လျော့ချရန် နိုင်ငံတကာမှ ကြိုးပမ်းဆောင်ရွက်မှုတခု ဖြစ်ပါသည်။ သစ်တောတွင် ရှိသောရပ်ရွာများအကျိုးရှိစေရန် သို့မဟုတ် ကာဗွန်စုပ်ယူခြင်းစီမံကိန်းများတွင် အနည်းဆုံး ၄င်းတို့ မြေများကိုမဆုံးရှုံးစေရန် ဒေသတွင်းပိုင်ဆိုင်မှုအသိအမှတ်ပြုခြင်းကို ကာကွယ်စောင့်ရှောက်ခြင်းသည် အောင်မြင်သော သစ်တောပြုန်းတီးမှုနှင့်သစ်တောအဆင့်လျော့ကျခြင်းမှ လျော့နည်းသွားသော ထုတ်လွှင့်မှုများ (REDD+) အတွက် မရှိမဖြစ်အရေးကြီးပါသည်။



**ဆွမ်မ်ရာတွင် ကာကွယ်ထားသောအများပိုင်သစ်တောမြေ (ကြီးဝိုင်းသစ်တော) ဆိုင်းဘုတ်နားတွင် သစ်ထုတ်ယူနေပုံ**

ယဉ်ကျေးမှုနှင့် ဘာသာရေးဆိုင်ရာ ဓလေ့ထုံးတမ်းများကိုလေ့လာရန်တွက် မရှိမဖြစ်သော သစ်တောများကို အသုံးပြုရာတွင် ကန့်သတ်လာခြင်းများကြောင့် ရပ်ရွာလူထုကြား စိုးရိမ်မှုများ ဖြစ်ပေါ်လာ ရသည်။

ရိုးရာဓလေ့ထုံးတမ်းစနစ်ကို အသိအမှတ်မပြုသော သစ်တောစီမံမှုပြဋ္ဌာန်းချက်သစ်များသည် ရေရှည်တည်တံ့သော စီမံမှုစနစ်ကို အားနည်းသွားစေကြောင်း ဆွမ္မရာအတွေ့ ကြုံမှ ပုံဥပမာဖြင့် ဖော်ပြသည်။ ဤကိစ္စရပ်တွင် ရိုးရာဓလေ့ထုံးတမ်းစနစ်ကို အားနည်းသွားစေခြင်းသည် ရပ်ရွာလူထုနှင့် သစ်တောဦးစီးဌာန နှစ်ခုလုံးမှမလိုလားသော သစ်တောပျက်စီးဆုံးရှုံးမှုကိုသာ ဖြစ်စေသည်။

၂၀၁၄ ခုနှစ်တွင် ဆွမ္မရာဒေသခံများက လမ်းဘေးရှိ မိမိတို့၏ ရပ်ရွာပိုင် ရေထိန်း သစ်တောဧရိယာအတွင်း ဆိုင်းဘုတ်သစ် တစ်ခုကို တွေ့ရှိခဲ့ကြသည်။ ထိုဆိုင်းဘုတ်တွင် အဆိုပြုထားသော ၅၀၀၀ ဧကရှိ အဆိုပြု ကြိုးပြင်ကာကွယ်တော ဟုရေးထားသည်။ ဧက ၅၀၀၀ ဆိုသည်မှာ ဆွမ္မရာ ရိုးရာမြေ နယ်နိမိတ်အတွင်း မည်သည့်နေရာဖြစ်သနည်း။ ကျေးရွာရှိ မည်သူမျှသေချာမသိပေ။ အဘယ့်ကြောင့် ဆိုသော် ထိုဆိုင်းဘုတ်အား လာရောက်စိုက်ထူသော အစိုးရဝန်ထမ်းသည် ဒေသရှိ ရိုးရာနှင့် အစိုးရအာဏာပိုင်များကို တစ်စုံတစ်ရာ အကြောင်းကြားခဲ့ခြင်းမရှိပေ။

အဆိုပြုထားသော PPF ဆိုင်းဘုတ် ဝန်းကျင်ရှိ သစ်တောများကို မြစ်ချောင်းများ ထိန်းသိမ်းကာကွယ်ရန်နှင့် အခြေခံ အစားအစာ၊ လောင်စာထင်း၊ ဆောက်လုပ်ရေးသစ်ဝါးများ နှင့် ဆေးဝါးများရရှိရေးအတွက် လူထုမှ စီမံ ခဲ့ကြသည်။ ထိုကျေးရွာတွင် မူလနေထိုင်သူများ၏ ခေါင်းဆောင်များမှ ဆင်းသက်လာသော မိသားစုနှစ်စုတွင် ကျေးရွာ၏ ထိုဧရိယာအား ဘိုးဘေး ရာဇဝင်အရ ပိုင်ဆိုင်ခွင့်ရှိကြပြီး၊ ထိုတောနှင့် ပတ်သက်သော နတ်များကို ပူဇော်ပသရန်လည်း တာဝန်ရှိကြသည်။

ကျေးရွာခေါင်းဆောင်နှင့် မျိုးနွယ်စုကောင်စီများမှ ကျေးရွာအစည်းအဝေးခေါ်ယူ ကျင်းပပြီး မိမိတို့ သားစဉ်မြေးဆက် စီမံထိန်းသိမ်းကာကွယ်လာခဲ့ခြင်းကို အသိအမှတ်မပြုပဲ ရိုးရာသစ်တောများကို အစိုးရမှ ချုပ်ကိုင်လာခြင်းအပေါ် မည်သို့တုန့်ပြန်မည်တို့ကို ဆွေးနွေးကြသည်။ ထိုသစ်တောများကို ကျေးရွာမှ ကာလ ကြာရှည်စွာ စီမံလာခဲ့ကြသော်လည်း အနာဂါတ်တွင် ထိုသစ်တောများကို အသုံးပြုနိုင်ရန်မှာ မသေချာတော့ပေ။ အစိုးရအနေဖြင့် သဘာဝပတ်ဝန်းကျင်အတွက် ဒေသ၏ သစ်တောစီမံမှုများကို တရားမဝင်အောင် လုပ်မည်လော (သို့မဟုတ်) သစ်ထုတ်ယူရန် သစ်တောများကို ခုတ်ထွင် ရှင်းလင်းမည်လော။ ဆင်ခြင်သုံးသပ်ရန်ဖြစ်သည်။

လွတ်လပ်စွာ ဆွေးနွေးငြင်းခုန်ပြီးသည့်နောက် PPF အဆိုပြုဧရိယာရှိ ရိုးရာသစ်တောစီမံမှု စည်းမျဉ်းစည်းကမ်းများကို ပြန်လည်စီစစ်ပြုပြင်၍ သစ်တောကို အိမ်တွင်းသုံးနှင့် စီပွားဖြစ်သုံး နှစ်မျိုးလုံး အတွက်

ဖွင့်ထားပေးရန် ကျေးရွာလူထုမှ သဘောတူခဲ့ကြသည်။ အစည်းအဝေးတွင် ရပ်သူရွာသားများအား မိမိတို့ အိမ်သုံးအတွက် သစ်လုံးများနှင့် လောင်စာထင်းများ ထုတ်ယူရန် နှင့် အပိုအလျှံများကို ဒေသ ဈေးကွက် ထဲသို့ ရောင်းချရန် ခွင့်ပြုခဲ့သည်။ ထိုအချိန်ကာလတွင် အစိုးရဆောက်လုပ်ရေး လုပ်ငန်းများစွာ ရှိနေသည်။ ထို့ကြောင့် ကျောင်း၊ ဆေးခန်း၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန (GAD) ရုံး နှင့် ရဲစခန်း အစရှိသည် များကို ဆောက်လုပ်ရန် သစ်များကို ထိုအစိုးရ လုပ်ငန်းများသို့ ရောင်းချကြသည်။ အခြား ကျောင်းဆောင် တစ်ခု ဆောက်လုပ်ရန်အပါအဝင် အိမ်နီးချင်းရွာများသို့လည်း ရောင်းချကြသည်။

ရပ်သူရွာသားများသည် သစ်များထုတ်ယူရန် ရိုးရာအရတောပိုင်တောင်ပိုင်များထံမှ ခွင့်ပြုချက်ယူရမြဲ ဖြစ်သည်။ သစ်ရောင်းချရာမှ ရသောငွေ၏ ၁၀%ကို ကျေးရွာရန်ပုံငွေ အတွက်ငှင်း၊ နောက်ထပ် ၁၀%ကို ထိုသစ်တောအားပိုင်သော ဆွေမျိုးစုအတွက်ငှင်းမျှဝေပေးပြီး၊ ကျန်ငွေများကို သစ်ထုတ်သူမှ ရယူရန် ကျေးရွာမှ သဘောတူဆုံးဖြတ် ကြသည်။ လူထုအစည်းအဝေးများ၊ ကျေးရွာအာဏာပိုင်များ၏ လုပ်ငန်းနှင့် ပတ်သက်သော ခရီးသွားစရိတ်၊ ဧည့်သည်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များအား ဧည့်ခံစရိတ် နှင့် ကျေးရွာ၏ အခြားအသုံးစရိတ်များအတွက် ကျေးရွာရန်ပုံငွေကို အသုံးပြုကြသည်။

PPF သတ်မှတ်ခြင်းကို ကန့်ကွက်ရန် ကျေးရွာမှ တရားဝင်စာထွက်ခဲ့သော်လည်း သက်ဆိုင်ရာ အစိုးရ အာဏာပိုင်များထံ မရောက်ရှိခဲ့ဘဲ မည်သည့်တုန့်ပြန်ဖြေကြားချက်မှ မရရှိခဲ့ပေ။ သစ်တောဦးစီးဌာန နှင့် ရိုးရာအာဏာပိုင်များကြား လွတ်လပ်ပွင့်လင်းသော ဆက်ဆံရေး နှင့် ပိုမိုကောင်းမွန်သော နားလည်မှုများ ရှိလျှင် အနာဂါတ်အတွက် အကျိုးရှိမည်ဖြစ်သည်။ သစ်တောဦးစီးဌာနအနေဖြင့် သစ်တောများစီမံရာတွင် ရိုးရာဓလေ့ထုံးတမ်းစနစ်ကို လေ့လာပြီး မိမိတို့၏ မြေယာစီမံမှုစနစ်ကို အသိအမှတ်ပြုရန် ရပ်ရွာလူထုမှ အကြံ ပေးကြသည်။

ယခုအခါတွင် သစ်တောများပြုန်းတီးကာ လမ်း၏ တစ်ဖက်တစ်ချက်စီတွင် သစ်ငုတ်တိုများသာ ကျန်ရှိပြီး သစ်ထုတ်ယူသည့်နေရာများတွင် သစ်လျှောရာများသာကျန်ရှိတော့သည်။ တောရိုင်းတိရိစ္ဆာန်ကောင်ရေ ကျဆင်း လာမှုကို ရပ်သားများမှ သတိမူမိကြပြီး အထူးသဖြင့် သမင် နှင့် ပြောင်များ ဖြစ်ကြသည်။ ရိုးရာအာဏာပိုင်များနှင့် ရပ်သူရွာသားများအနေဖြင့် သစ်ထုတ်ရောင်းရငွေဖြင့် မိမိတို့၏ သစ်တောများကို ပကတိအတိုင်း ထိန်းသိမ်းထားရန်နှင့် ရိုးရာဓလေ့ထုံးတမ်း မြေယာစီမံမှုစနစ်ကိုလည်း လုံခြုံမှု ရှိစေရန် လိုလားကြမည်ဖြစ်သည်။ မိမိတို့ကြုံတွေ့ရသော အနေအထားများကြောင့် ဒေသခံလူထုအနေဖြင့် မိမိတို့ ၏ မြေယာနှင့်ပတ်သက်ပြီး စဉ်းစားတွေးခေါ်မှုပုံစံ ပြောင်းလဲလာသည်။ ရိုးရာဓလေ့ထုံးတမ်း စနစ်အောက် တွင် လုံခြုံမှုရှိခဲ့သော မိမိတို့၏ သစ်တောပိုင်ဆိုင်မှုသည် ယခုအခါ မရှိရာတော့ပေ။ မိမိတို့ သားစဉ်မြေး ဆက် စီမံထိန်းသိမ်းလာခဲ့သော စိုက်ခင်းများနှင့် သစ်တောများ ဆုံးရှုံးရမည်ကို စိုးရိမ်နေ ကြရသည်။

## ရိုးရာဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှုစနစ်အောက် မြေယာအသုံးပြုမှုအနာဂါတ်

ရိုးရာဓလေ့ထုံးတမ်း မြေယာအသုံးပြုမှုစနစ်တွင် အလျော့အတင်းရှိပြီး စိုက်ပျိုးရေးဆိုင်ရာ လိုက်လျော ညီထွေမှု နှင့် ဆန်းသစ်တီထွင်မှုများကို ခွင့်ပြုထားသည်။ ရိုးရာစိုက်ပျိုးရေး ဓလေ့များသည် မူလအတိုင်း ရပ်တန့်မနေဘဲ၊ တောင်သူများအနေဖြင့် စဉ်ဆက်မပျက် စမ်းသပ်မှုများပြုလုပ်ကာ စီးပွားရေး၊ နိုင်ငံရေး နှင့် လူမှုရေး အပြောင်းအလဲများနှင့် လိုက်လျောညီထွေမှုရှိစေရန် တိုးတက်ဖွံ့ဖြိုးအောင် လုပ်ဆောင် လျှက်ရှိသည်။[41]

41 ရွှေ့ပြောင်းစိုက်ပျိုးသူများသည် စီးပွားဖြစ်စိုက်ပျိုးသောသီးနှံနှင့် ဈေးကွက်များကို တသားတည်း ပေါင်းစည်းရန်၊ ဆိုးကျိုးသက်ရောက်နေ သောအစိုးရမူဝါဒများကို တုံ့ပြန်ရန်၊ လူဦးရေ၊ လူမှုရေး၊ ယဉ်ကျေးမှုအပြောင်းအလဲနှင့် လိုက်လျောညီထွေဖြစ်စေရန် ၎င်းတို့၏ဓလေ့ ရိုးရာစနစ်များကို ပြုပြင်မွမ်းမံနေပါသည်။ လိုက်လျောညီထွေဖြစ်အောင်ပြုလုပ်ခြင်းသည် တင်းကြပ်သောအပေါ်မှ အောက် ကြားဝင်ဆောင်ရွက်မှုများ ပြုလုပ်ခြင်းထက် အစိုးရမူဝါဒများက အထောက်အပံ့ဖြစ်၍ ဓလေ့ရိုးရာ ပိုင်ဆိုင်ခွင့်ကို အသိအမှတ် ပြုသော အခါတွင် အောင်မြင်လာပါသည်။Cramb R A, Pierce Colfer C J, Dressler W, Laungaramsri P, Trang Le Q, Mulyoutami E, Peluso N L and Wadley R L (2009) Swidden Transformations and Rural Livelihoods in Southeast Asia. Human Ecology 37, 323–346



လေရှီးမြို့နယ်မှအမျိုးသမီးများသည် တီထွင်ဆန်းသစ်သောလယ်သမားများ၊ စွန့်ဦးတီထွင်သူများ ဖြစ်ကြသည်။

အမျိုးသမီးတောင်သူများနှင့် ဆွေးနွေးရာတွင် သီးနှံသစ်နှင့် ဈေးကွက်သစ်များအကြောင်းသာ ပြည့်နက်နေသည်။ ဆွမ္မရာမှ အနောက်ဘက်ရှိနယ်စပ်သို့လှမ်းမြင်နေရသော အိန္ဒိယနယ်စပ်လမ်း ကောင်းမွန်လာပြီး ကုန်သွယ်ရေးစင်တာဖွင့်လစ်မည့်အစီအစဉ် များကြောင့် သီးနှံများ တင်ပို့ရောင်းချရန် အခွင့်အရေးများ ရရှိလာမည်ဟု မျှော်ကိုးလျှက်ရှိသည်။ ထို့ကြောင့် မိသားစုများသည် လိမ္မော်ခင်း၊ ထောပတ်သီးခင်းနှင့် မက်မန်းခင်းများကို မိမိတို့၏ သီးနှံများနှင့်အတူ စမ်းသပ်စိုက်ပျိုးလာကြသည်။ လေရှီးမှ အိမ်ထောင်စုများသည် မက်မန်းပိုင်များကို အခြားမြို့များသို့ တိုးမြှင့် ထုတ်လုပ်ရောင်းချလာကြပြီး၊ ဈေးကွက် လိုအပ်ချက်မြှင့်မားလာမှုကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် လေရှီးသို့ မက်မန်းသီးများ တင်ပို့ရောင်းချနိုင်ရန် ပတ်လည် ရွာများမှလည်း မက်မန်းများ စိုက်ပျိုးလာကြသည်။ ဒိန်းကလေးဝေးနှင့် လေရှီး၌ရှိသော အမျိုးသမီးများသည် ယခင်နှစ် အနည်းငယ်က ကုန်သည်တစ်ဦးမှ ယူဆောင်လာခဲ့သော ဂျင်စင်းပင်များကို စတင်စိုက်ပျိုးလာကြပြီး နယ်စပ်ကိုဖြတ်၍ ရောင်းချနိုင်ရန် မျှော်လင့်ကြသည်။

လွန်ခဲ့သော နှစ်အနည်းငယ်က ဆွမ္မရာတွင် မိသားစုများသည် အစိုးရ ဆောက်လုပ်ရေးလုပ်ငန်းများနှင့်သာ အချိန်ကုန်ခဲ့ပြီး Jhum စိုက်ခင်းများကို အချိန်မပေးနိုင်ခဲ့ကြပေ။ ထိုလုပ်ငန်းများရှိနေခြင်းသည် ဝင်ငွေရရှိရန် အရင်းအမြစ်ဖြစ်ပြီး၊ လုပ်ငန်းများပြီးဆုံးချိန်တွင် လိုအပ်လျှင်စိုက်ပျိုးရေး ပြန်လည်စတင်လုပ်ဆောင်ရန် မြေယာများ ရှိနေသေးသည်။ ဆွမ္မရာတွင် ကောက်စိုက်ရေရရှိရန် တစ်ခါတစ်ရံ ဖွန်လမဟုတ်ဘဲ ဇူလိုင်လအထိ စောင့်ကြရသောကြောင့် ရေရရှိရေး စိုးရိမ်မှုတစ်ချို့ ရှိနေကြသည်။ ရေရရှိရေး အခြေအနေများ တိုးတက်မှုရှိစေရန် အချို့ရပ်သူရွာသားများသည် မြစ်ချောင်းများရှိသော မြေလပ်များကို ရှင်းလင်းခြင်း မပြုကြကြောင်း ဆိုကြသည်။ သို့သော် ကျေးရွာခေါင်းဆောင်များအပါအဝင် တစ်ချို့ကမူ ဤသို့ပြုလုပ်ခြင်းသည် ကျေးရွာ၏ တရားဝင်ဆုံးဖြတ်ချက်မဟုတ်ကြောင်း၊ သို့သော် ဆောက်လုပ်ရေးလုပ်ငန်းများမှ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာခြင်းနှင့် ပိုဆိုင်ကြောင်း ဆိုကြသည်။

ဒိန်းကလေးဝေးတွင် မိမိတို့ဘဝတစ်လျှောက် အသိသာဆုံး ပြောင်းလဲလာမှုတစ်ခုမှာ တရားဝင် ကျောင်းများ တက်ခွင့်ရလာခြင်းဖြစ်ကြောင်း အမျိုးသမီးများက ဆိုကြသည်။ အထက်တန်းကျောင်းရှိ ခြင်းကြောင့် လေရှီးကို လူအများက သိကြပြီး ကျောင်းများရှိခြင်းမှာ ကလေးငယ်များ ပညာရေးအတွက် လေရှီးမြို့သို့ ပြောင်းရွှေ့နေထိုင်ရန် အနီးတစ်ဝိုက်ရွာများအတွက် ဆွဲဆောင်မှုတစ်ခုဖြစ်သည်။ လေရှီးသည် အနာဂါတ်

တွင် ရိုးရာစိုက်ပျိုးရေး ဓလေ့များကို ဆက်လက်ထိန်းသိမ်းနိုင်မည့် နေရာအဖြစ် ရှုမြင်ထားကြသည်။ သို့သော် အခြားဝင်ငွေရရှိနိုင်မည့် လုပ်ငန်းများလည်းရှိသည်။

ထိုအမျိုးသမီးများ အနေဖြင့် အနာဂါတ်တွင် မိမိတို့သားသမီးများသည် ရိုးရာဓလေ့ထုံးတမ်းများကို ထိန်းသိမ်းရန် Jhum စိုက်ပျိုးရေးကို ဆက်လက်လုပ်ကိုင်ရန် မျှော်လင့်ထားကြသည်။ သို့သော် Jhum အပေါ်မှီခိုအားထားခြင်း ပြုမည် မဟုတ်ပေ။ အခြားအလုပ်အကိုင်နှင့် စိုက်ပျိုးရေး အခွင့်အလမ်းများ ရှိလာနိုင်သော်လည်း၊ ယဉ်ကျေးမှုနှင့် ဘာသာရေး ဓလေ့ထုံးတမ်းများကို မျိုးဆက်သစ်များသို့ လက်ဆင့်ကမ်းနိုင်ရေးအတွက် Jhum စိုက်ခင်းအချို့ကို ထိန်းသိမ်းထားရန် အရေးကြီးပေသည်။

# မြေယာပိုင်ဆိုင်မှုနှင့် လွှဲပြောင်းမှု

ရိုးရာဓလေ့ထုံးတမ်းမြေယာစီမံမှုစနစ်တွင် ရပ်သူရွာသားများ၏ မြေယာအသုံးပြုခွင့်မှာ လုံခြုံမှုရှိသည်။ မြေကို ကျူး၍မရဘဲ မြေယာလက်မဲ့ဖြစ်ခြင်းနှင့် အထက်တန်းလွှာ အုပ်စု၏ မြေယာစုစည်းသိမ်းဆည်းမှုများမှ ကာကွယ်ရန် မြေယာလွှဲပြောင်းခွင့် စည်းမျဉ်းစည်းကမ်းများဖြင့် ထိန်းချုပ်ထားပြီး မြေယာကို မိမိတို့ ဒေသခံများလက်ထဲတွင် သာရှိစေရန် ထိန်းသိမ်းထားသည်။ ကျေးရွာသည် မြေယာစီမံမှု၏ အခြေခံကျသော ယူနစ်ဖြစ်ပြီး အိမ်ထောင်စုများ၊ အုပ်စုများ၊ ဖသားစုများ၊ ကျေးရွာအုပ်စုများ နှင့် မျိုးနွယ်စုများမှ မြေယာများကို ပိုင်ဆိုင်ခွင့်ရှိကြသည်။ လက်ရှိ အစိုးရ၏ စနစ်အောက်တွင် ရိုးရာဓလေ့ ထုံးတမ်းအရ ပိုင်ဆိုင်သော မြေများကို ကောင်းစွာ အသိအမှတ်ပြုနိုင်ခြင်းမရှိဘဲ ကျေးရွာများတွင် မြေယာသိမ်းဆည်းမှု အန္တရာယ်များသာ ကျရောက်စေသည်။ အစိုးရ၏ သစ်တောစီမံမှုစနစ် လက်ရှိအတိုင်း တိုးချဲ့လုပ်ဆောင်ခြင်းကြောင့် ထိရောက်သော ရိုးရာဓလေ့ထုံးတမ်းစီမံမှုစနစ်ကို အားလျော့သွားစေပြီး သဘာဝပတ်ဝန်းကျင်နှင့် စားဝတ်နေရေး နှစ်ခုလုံးအပေါ် အန္တရာယ်သာ ကျရောက်စေသည်။

## မြေယာပိုင်ဆိုင်မှု ရယူခြင်း

မြေကို ပထမဦးဆုံး ရှင်းလင်းခြင်းဖြင့်လည်းကောင်း၊ အမွေဆက်ခံခြင်းဖြင့်လည်းကောင်း၊ ဝယ်ယူခြင်းဖြင့် လည်းကောင်း၊ လူထုအကျိုးပြုလုပ်ငန်း အတွက် ဂုဏ်ပြုပေးအပ်ခြင်းခံရ၍လည်းကောင်း မြေယာပိုင်ဆိုင်ကြောင်းဆိုနိုင်သည်။ အမွေဆက်ခံရရှိသော ဘိုးဘွားပိုင်မြေ နှင့် ဝယ်ယူထားသော မြေများတွင် မတူခြားနားမှုများရှိသည်။ အိမ်ထောင်စုများ၏ လိုအပ်ချက်များ ဖြည့်ဆည်းပေးရန်နှင့် ပဋိပက္ခများ (သို့) သဘာဝဘေးအန္တရာယ်ကျရောက်မှုကြောင့် ရွှေ့ပြောင်းခိုလှုံကြသူများအား စိုက်ပျိုးရေးအတွက် မြေယာကို တစ်နှစ်ခွဲဝေ အသုံးပြုခွင့်ပေးနိုင်သည်။

> **“နာဂတို့သည် မိမိတို့၏ ဘိုးဘွားပိုင်မြေအထက် နှင့် အောက်ရှိ ရေထု၊ လေထု၊ မြေထု နှင့် သဘာဝ သယံဇာတ အားလုံးကို တစ်ဦးတည်း ပိုင်ဆိုင်သူများဖြစ်သည်”**
>
> \- ဆွေမွှရာလူထု

အိမ်ထောင်တစ်ခုသည် မြေယာပိုင်ဆိုင်ကြောင်းဆိုရာတွင် ထိုရပ်ရွာအတွင်း အမှန်တကယ် လက်တွေ့ နေထိုင်သူဖြစ်ရန် လိုအပ်ပေသည်။ တစ်ဦးဦးသည် ကျေးရွာမှ ပြောင်းရွှေ့သွားပါက၊ မြေယာအသုံးပြုခွင့်ကို ဆွေမျိုးရင်းများ၊ ထိုမှ ဖသားစုဝင်များထံ လွှဲအပ်ထာကြသည်။ မည်သည့်မိသားစုမှ မစိုက်ပျိုးချင်ပါက ရပ်သူရွာသားများထံ လွှဲအပ်ထားကြလေ့ရှိသည်။ ထိုသူ ကျေးရွာသို့ပြန်လည် ရောက်ရှိလာပါက ယခင် လွှဲအပ်ခဲ့သော မြေယာများကို ပြန်လည်အသုံးပြု စိုက်ပျိုးခွင့်ရှိသည်။ ဤဓလေ့သည် ကျေးရွာရှိ စိုက်ပျိုးနိုင်သော မြေယာအားလုံးကို ရပ်သူရွာသားများမှ အကျိုးရှိရှိ အထွက်နှုန်းကောင်းအောင် စိုက်ပျိုးနိုင်ရန် ခွင့်ပြုထားခြင်းဖြစ်သည်။

မြေယာအသုံးပြုနိုင်ရေးသည် ကျေးရွာမှချမှတ်သော စည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်းအပေါ် မူတည်နေသည်။ အကယ်၍ တစ်စုံတစ်ဦးမှ သဘာဝပတ်ဝန်းကျင်ကို ညိုးနွမ်းပျက်စီးစေပါက ပြစ်ဒဏ်အနေဖြင့် ထိုသူသည် မြေယာ နှင့် အရင်းအမြစ်များ အသုံးပြုခွင့် ဆုံးရှုံးရနိုင်သည်။ ပြင်းထန်သော ကိစ္စရပ်များတွင် ပြစ်မှု ကျူးလွန်သူသည် ကျေးရွာမှ နှင်ထုတ်ခံရနိုင်ပြီး၊ ပိုင်ဆိုင်သော မြေယာများကို အနီးစပ်ဆုံး ဆွေမျိုးများ ထံပေးအပ်၍ငင်း၊ ဒဏ်ကြေးအနေဖြင့် ကျေးရွာမှ ခွဲဝေ၍ငင်း စီမံဆောင်ရွက်ကြသည်။ ဤဖြစ်ရပ်မျိုး ဒိန်းကလေးဝေးတွင် ဖြစ်ဖူးပြီး၊ ကျူးလွန်သူမှာ မိမိ၏ဝက်များမှ ကျေးရွာ၏ တစ်ခုတည်းသော ရေအရင်း အမြစ်ကို ထပ်တလဲလဲ ညစ်ညမ်းစေသောကြောင့် ရွာမှ နှင်ထုတ်ခြင်းခံခဲ့ရခြင်းဖြစ်သည်။

မြေယာကို အမွေပေးအပ်နိုင်လောက်အောင် ရေရှည်ပိုင်ဆိုင်ထားနိုင်ရန်မှာ ထိုကျေးရွာ၏ ဒေသခံတစ်ဦးဖြစ်ရန် လိုအပ်ပေသည်။ မိသားစုဝင်၊ ဖသားစုနှင့် ရပ်သူရွာသားများအား အဆင့်ဆင့် ဦးစားပေး

စနစ်ဖြင့်လွှဲပြောင်းရသော မြေယာလွှဲပြောင်းမှု လမ်းညွှန်ချက်များနှင့်အတူ အထက်တန်းလွှာအုပ်စု၏ မြေယာသိမ်းယူမှုမှ ကာကွယ်ပေးပြီး၊ ကျေးရွာအတွက် အကျိုးပြုပေးဆပ်ခြင်းမရှိဘဲ ပြင်ပလူများမှ ငွေးကြေးဖြင့် မြေယာများကို ဝယ်ယူ သိမ်းဆည်း၍ မရအောင် စီမံထားသည်။ အသစ်ပြောင်းရွှေ့လာသူများသည်နှစ်ရှည်နေထိုင်ခြင်းဖြင့်လည်းကောင်း၊ လက်ထပ်ထိမ်းမြှားခြင်းဖြင့်လည်းကောင်း၊ မွေးစားခြင်းဖြင့်၎င်း ရပ်ရွာအသိုင်းအဝန်းထဲ ပါဝင်နိုင်သည်။ အကယ်၍ အခြားမျိုးနွယ်စုဝင် တစ်ဦးသည် ကျေးရွာတစ်ရွာသို့ ပြောင်းရွှေ့လာသော်လည်း ရေရှည်နေထိုင်ခြင်းမရှိ (သို့) မိသားစု တစ်စုနှင့်အတူ ဝင်ရောက်နေထိုင်ခြင်း မပြုပါက ထိုသူအတွက် လိုအပ်သော မြေယာကို နှစ်အလိုက်သာ ခွဲဝေပေးလေ့ရှိသည်။

## မြေယာပိုင်ဆိုင်မှု ပုံစံများ

ဇယားကွက် (၅) တွင် လူမှုအဖွဲ့အစည်းများမှ အဓိကမြေယာအသုံးပြုမှုပုံစံကို ဖော်ပြထားသည်။ မြေယာအသုံးပြုမှု အမျိုးအစားအများစုတွင် အသုံးပြုခွင့်နှင့် စီမံခန့်ခွဲခွင့်များမှာ ဆင်တူကြသည်။ ဥပမာ ရပ်ရွာပိုင်သစ်တောများကို မသုံးပြုခွင့်မှာ ရပ်သူရွာသားများတွင်ရှိပြီး ရပ်ရွာကိုယ်စားလှယ်များဖြစ်သော ကျေးရွာအာဏာပိုင်များမှ စီမံကြပ်မှတ်ကြသည်။ အချို့ကိစ္စရပ်များတွင် မြေယာပိုင်ဆိုင်မှုအခွင့်အရေးမှာ ပိုမိုထပ်နေလေ့ရှိသည်။ Jhum မြေကဲ့သို့ အိမ်ထောင်စုများက မိမိတို့၏ စိုက်ကွက်များကို ရိတ်သိမ်း စီမံကြသော်လည်း ရပ်သူရွာသားများအနေဖြင့် မြေလပ်အဖြစ်ထားရှိချိန်၌ အလိုအလျောက် ပေါက်ရောက်သော အပင်များကို သွားရောက်ခုတ်ယူခွင့်နှင့် အမဲလိုက်ခွင့်များရှိကြသည်။ ကျေးရွာအာဏာပိုင်များတွင် နှစ်အလိုက် Jhum စိုက်ခင်းများ ခုတ်ထွင် ရှင်းလင်းမည့်နေရာများကို ဆုံးဖြတ်ခွင့်ရှိပြီး မြေယာလိုအပ်သူများကို နှစ်အလိုက် မြေယာများ ခွဲဝေပေးနိုင်သည်။

ဇယား ၄ - လက်ဝယ်ပိုင်ဆိုင်ခွင့်အမျိုးအစားများ

| ပိုင်ဆိုင်မှုပုံစံ | အသုံးပြုမှုပုံစံ |
|---|---|
| မျိုးနွယ်စု | သန့်ရှင်းရာနှင့် ယဉ်ကျေးမှုဆိုင်ရာ  နေရာများ |
| ကျေးရွာ | ကျေးရွာနယ်နိမိတ်များအတွင်း နှင့် ကျေးရွာကောင်စီနှင့် ခေါင်းဆောင်တို့၏ အုပ်ချုပ်မှု အတွင်း ရှိသော မြေအမျိုးအစား အားလုံး။ |
| ရပ်ရွာလူ့ အဖွဲ့အစည်း | ရပ်ရွာမှစီမံသော သစ်တောများ၊ သက်ကယ်ခင်း၊ စားကျက်မြေ Community-managed forests, thatch fields, grazing land |
| ဖသားစု | ဖသားစုမြေသည် ဖသားစုဝင် အားလုံး၏ အိမ်ထောင်စုပိုင်မြေ  အားလုံးဖြစ်သည်။ အချို့မျိုးနွယ်စု များတွင် ဖသားစု သစ်တော များလည်းရှိသည်။ |
| ရပ်ကွက် | စားကျက်မြေ |
| အုပ်စု | ရေသွင်းခြင်း၊ အိမ်မွေးတိရိစ္ဆာန်၊ ပျားတောင် |
| အိမ်ထောင်စု | လေ့ကားထစ်စိုက်ခင်းများ၊ jhum စိုက်ကွက်များ၊ ဥယျာဉ်ခြံများ၊ သစ်သီးခင်း၊ စိုက်သစ်တော၊ အိမ်ဥယျာဉ်ခြံ |

### မျိုးနွယ်စု မြေယာပိုင်ဆိုင်မှု

ကိုကာ့နှင့် ပါရာမျိုးနွယ်စုများ၏ နယ်မြေများမှာ အတော်အတန် သေးငယ်ပြီး အဓိကကျေးရွာတစ်ရွာ နှင့် ရွာငယ်နှစ်ရွာခန့်စီရှိကြသည်။ မကူရီနှင့် တန်ကွန် အပါအဝင် အတော်အတန် ကြီးသော မျိုးနွယ်စုများတွင်

ကျေးရွာပေါင်းများစွာရှိပြီး နိုင်ငံတကာ နယ်နိမိတ်ကို ဖြတ်လျှက် ကျယ်ဝန်းသော နယ်မြေရှိကြသည်။ မျိုးနွယ်စုနယ်မြေတွင် ထိုမျိုးနွယ်စု၏ကျေးရွာမှ စိုက်ပျိုးစီမံသော ဇရိယာများ ပါဝင်ပြီး၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ နေရာ များလည်းပါဝင်သည်။

ရိုးရာယဉ်ကျေးမှုအရ အထွဋ်မြတ်ထားရာ တောင်ကဲ့သို့ မျိုးနွယ်စုတစ်စု အတွက် ယဉ်ကျေးမှုအရ အထင် ကရရှိသော နေရာများသည် ကျေးရွာ၏ နယ်နိမိတ်အတွင်းတွင် တည်ရှိကြသည်။ ထိုနယ်မြေများကို မျိုးနွယ်စုဓလေ့ထုံးတမ်းနှင့်အညီ ကာကွယ်ရန် ကျေးရွာများတွင် တာဝန်ရှိပြီး၊ ယင်းအထင်ကရ နေရာများ အား ကောင်းစွာ စီမံထားရှိရန် မျိုးနွယ်စု ကောင်စီမှ ကူညီဆောင်ရွက်လေ့ရှိသည်။

## ကျေးရွာ မြေယာပိုင်ဆိုင်မှု

ကျေးရွာပိုင်နယ်မြေတွင် ထိုကျေးရွာမှရိုးရာအာဏာပိုင်များ၏ လုပ်ပိုင်ခွင့်အာဏာအတွင်းရှိ အိမ်ထောင် များ၏ မြေကွက်များနှင့် သစ်တောများကဲ့သို့ ရပ်ရွာပိုင် အရင်းအမြစ်များ ပါဝင်သည်။ နယ်နိမိတ်များအား အများအားဖြင့် တောင်တန်းများ၊ လမ်းများနှင့် ချောင်းများဖြင့် ပိုင်းခြားထားလေ့ရှိသည်။

သမိုင်းကြောင်းအရ နှင့် လူမှုရေးအရ ရင်းနှီးသောဆက်ဆံရေးရှိသည့် ကျေးရွာအုပ်စုများကို အုပ်ချုပ်မှု နယ်နိမိတ် တစ်ခုတည်းအတွင်းတွင် ထည့်သွင်းထားသင့်သည်။ ပါရာမျိုးနွယ်စုနယ်မြေကို ဒိန်းကလေးဝေး ကျေးရွာနယ်မြေ နှင့် ဒင်ကလေဝေမှ ခွဲထွက်လာကြသူများဖြင့် တည်ဆောက်ထားသော ပတ်လည်ရှိ မှီခိုရွာများ၏ နယ်မြေများဖြင့် ဖွဲ့စည်းထားသည်။ ပါရာမျိုးနွယ်စုများမှ ထိုဒေသတွင် ပထမဦးဆုံး တည်ထောင်ခဲ့သော ကျေးရွာ ဖြစ်သည့်အလျောက် ဒိန်းကလေးဝေးရွာသည် ဆင့်ပွားရွာသစ်များနယ်နိမိတ် အတွင်းရှိ နယ်မြေများကိုပါ စီမံပိုင်ဆိုင်ခွင့်ရှိသည်။ ကျေးရွာများကြား ရင်းနှီးသော မိသားစုဆက်ဆံရေးနှင့် သမိုင်း ရှိကြသဖြင့် အချို့အိမ်ထောင်များတွင် ပါရာမျိုးနွယ်စုကျေးရွာတစ်ခုမက အများတွင် မြေယာ ပိုင်ဆိုင်မှုများ ရှိကြသည်။ ကိုကီးကျေးရွာနှင့် ၎င်း၏ ဆင့်ပွားရွာခွဲများတွင်လည်း ဆင်တူသော ဆက်ဆံရေး ရှိကြပြီး၊ ယင်းတို့အနက် ကိုကီးရွာသည် ပထမဦးဆုံးတည်ခဲ့သောရွာဖြစ်ကာ နောက်မှတည် သော မှီခိုရွာ ခွဲများမှာ ကိုကာ့မျိုးနွယ်စု ဘိုးဘွားပိုင် မြေပေါ်တွင်ပင် ရှိကြသည်။ မူလကျေးရွာ၏ ပိုင်ဆိုင်မှု ကို အသိ အမှတ်မပြုဘဲ ထိုကျေးရွာငယ် များကြား နယ်နိမိတ်ပိုင်းခြားသတ်မှတ်ရန် ကြိုးစားမှုများကြောင့် ပြဿနာ ဖြစ်ခဲ့ရဖူးသည်။ ဒိန်းကလေးဝေးနှင့် ကိုကာ့ကျေးရွာများကဲ့သို့ မူလ မိခင်ကျေးရွာ နှင့် ပတ်လည်ရှိ ရွာခွဲများသည် ကျေးရွာ နယ်မြေတစ်ခုတည်းတွင် အမြဲရှိသင့်ကြောင်း ဤကျေးရွာများ၏ ဒေသခံများမှ ဆိုကြသည်။

ကျေးရွာ နယ်နိမိတ် သတ်မှတ်ချက်များသည် တစ်ချို့နေရာများတွင် ကျေးရွာနှစ်ရွာကြား လုံးဝ ကန့်သတ် လိုက် ခြင်းမျိုးမဟုတ်ပဲ မြေယာအရင်းမြစ်များကို ပူးပေါင်းပိုင်ဆိုင်ခြင်းမျိုးလည်းရှိသည်။ ဒိန်းကလေးဝေး ကျေးရွာရှိ ရပ်ရွာမှစီမံသော သစ်တောမှ သစ်တောထွက်ပစ္စည်းများကို ထိုသစ်တောနှင့် နယ်နိမိတ်ချင်းထိ စပ်နေသော ကျေးရွာ ခြောက်ရွာမှ သွားရောက်ထုတ်ယူ ခွင့်ရှိကြသည်။ ကျေးရွာ နယ်နိမိတ်အတွင်း သစ်တောနယ်မြေ သတ်မှတ်သော်လည်း ရိုးရာဓလေ့ထုံးတမ်းစနစ်အောက်တွင် ခွင့်ပြုထားပါက စားဝတ် နေရေးဆိုင်ရာ သစ်တောထွက်ပစ္စည်းများကို နယ်နိမိတ်ထိစပ်နေသော အခြား ကျေးရွာများမှ ထုတ်ယူ ခွင့်ရှိကြသည်။

## ဖသားစုမြေ

ဖသားစုမြေဆိုသည်မှာ ထိုဖသားစုဝင်များမှ ပထမဦးဆုံး ခုတ်ထွင်ရှင်းလင်းခဲ့သောမြေယာများဖြစ်ပြီး ထိုဖသားစုဝင် အိမ်ထောင်များမှ ပိုင်ဆိုင်ထားကာ သားစဉ်မြေးဆက် လက်ဆင့်ကမ်းလာခဲ့သော မြေဖြစ် သည်။ မြေယာများလွှဲပြောင်းအမွေပေးအပ်ခြင်း၊ ရောင်းချခြင်းနှင့် အခြားသောနည်းဖြင့် လွှဲပြောင်း ပေးရာတွင် ဖသားစုဝင်အချင်းချင်း ဦးစားပေးကြသည်။ မြေယာပိုင်ဆိုင်မှု လွှဲပြောင်းခြင်းဆိုင်ရာ သဘော တူညီချက်များတွင် မြေယာကို မိမိတို့ ဖသားစုအတွင်း ထိန်းသိမ်းထားနိုင်ရန် ရေးဆွဲ ချမှတ်ထားပြီး အသေးစိတ်ကို အောက်ပါအပိုင်းတွင် ဖော်ပြထားပါသည်။

အချို့ကျေးရွာများတွင် ရွာ၏နယ်နိမိတ်အတွင်းရှိ အခြားမြေယာများကိုလည်း ဖသားစုများမှ ပိုင်ဆိုင်ထားကြပြီး၊ အထူးသဖြင့် ဆွေမျိုးစုပိုင် သစ်တောများ ဖြစ်ကြသည်။ ထိုမြေယာများကို ဖသားစု ဝင်များမှ အသုံးပြုနိုင်ပြီး၊ စီမံခန့်ခွဲမှု တာဝန်အချို့ကိုလည်း ဆောင်ရွက်ကြရသည်။ ဥပမာ ဆွမ္မရာတွင် ဖသားစုပိုင် သစ်တောပေါင်း ဆယ်ခုရှိပြီး၊ ကျေးရွာတည်ထောင်သူများမှ ဆင်းသက်လာသော အိမ်ထောင်စု ဆယ်စုသည် ဖသားစုပိုင် သစ်တောရှိ နတ်များကို ပူဇော်ပသရန် တာဝန်ရှိသည်။ မိမိတို့ ဖသားစုပိုင် သစ်တောများမှ အိမ်သုံး သစ်များခုတ်ယူမည်ဆိုပါက ထိုအိမ်ထောင်စု များမှ ခွင့်ပြုချက်ပေးရပြီး၊ မြေယာအငြင်းပွားမှုများကို ဖြေရှင်းခြင်းနှင့် သစ်တောစီမံရေး စည်းမျဉ်းစည်းကမ်းများ ကြပ်မတ်ခြင်းများတွင်လည်း တာဝန်ရှိသည်။သစ်တောစီမံအုပ်ချုပ်မှုနှင့် နတ်ပူဇော်ပွဲအခမ်းနားများကို အသိအမှတ်ပြုသည့်အနေဖြင့် ဖသားစုတူသော အိမ်ထောင်စုများမှ စပါး တစ်တင်း၏တစ်ချို့တစ်ဝက်ကိုပေးခြင်းဖြင့်၎င်း၊ များသောအားဖြင့် စိုက်ခင်းများသို့ သွားရောက်၍ တစ်နှစ်လျှင် နှစ်ရက် (သို့) သုံးရက်ခန့် သွားရောက် ကူညီလုပ်ကိုင်ပေးခြင်းဖြင့် အသိအမှတ်ပြုကြသည်။

### အိမ်ထောင်စု မြေယာ

အိမ်ထောင်စုများတွင် လှေကားထစ်စိုက်ခင်းများ၊ သစ်သီးခင်းများ၊ သစ်တောအုပ်များ၊ ဥယျာဉ်များနှင့် အိမ်ဥယျာဉ်ခြံများကို စိုက်ပျိုး စီမံခွင့်ရှိကြသည်။ Jhum စိုက်ခင်းများကို အလှည့်ကျစနစ်ဖြင့် စိုက်ပျိုးခွင့်ရှိသည်။ မြေလပ်အဖြစ် ထားရှိချိန်တွင် ရပ်သူရွာသားများမှ အလိုအလျောက်ပေါက်ရောက်သော ဟင်းသီးဟင်းရွက်များကို သွားရောက် ခူးယူခွင့်ရှိသည်။ ဤမြေယာအသုံးခွင့်ကို “တစ်ဦးချင်း” အခွင့်အရေးဟုလည်း ဆိုနိုင်သည်။ သို့သော် တစ်ဦးတစ်ယောက် (သို့) အိမ်ထောင်ဦးစီးကိုသာ ရည်ညွှန်းခြင်း မဟုတ်ပဲ ခင်ပွန်းနှင့် ဇနီးနှစ်ဦးလုံးဖြစ်သော မိသားစုဟုရည်ညွှန်းလိုသောကြောင့် အိမ်ထောင်စုဟူသော အသုံးအနှုန်းကို ဤစာတမ်းတွင် သုံးထားသည်။

## မြေယာပိုင်ဆိုင်မှု လွှဲပြောင်းခြင်း

မြေယာကို လွှဲပြောင်းရာတွင် မိသားစုဝင်များကို ပထမဦးစားပေးပြီး၊ နောက်မှ နီးစပ်သောဆွေမျိုးများ၊ ဖသားစုဝင်များ နှင့် အခြားရပ်သူ ရွာသားများအား အဆင့်ဆင့် ဦးစားပေးလေ့ရှိသည်။ မြေယာများသည် ကျေးရွာ နယ်နိမိတ်အတွင်းတွင်သာ ရှိရမည်ဖြစ်ပြီး၊ ဖသားစု အတိုင်းအဝန်းထဲတွင်သာ ပိုင်ဆိုင်ထိန်းသိမ်းထားစေချင်ကြသည်။ နာဂလူမျိုးတို့၏ မြေယာများကို နာဂမဟုတ်သော သူများ (သို့) ကုမ္ပဏီများ (သို့) ပုဂ္ဂိုလ်များထံ အပိုင် လွှဲပြောင်းပေးအပ်ခွင့်မရှိပေ။ ဤသို့ပြုလုပ်ခြင်းဖြင့် ကျေးရွာတွင်းမှလူဖြစ်စေ၊ ပြင်ပမှလူဖြစ်စေ၊ ကုမ္ပဏီဖြစ်စေ တို့မှ မြေယာကိုစုစည်းသိမ်းယူခြင်းကြောင့် မြေယာလက်မဲ့မဖြစ်ရအောင် ကာကွယ်ပေးထားသည်။

### အမွေ

မြေယာကို ပုံမှန်အားဖြင့် ဖခင်မှ သားများသို့ အမွေပေးလေ့ရှိပြီး၊ မျိုးနွယ်စုအမျိုးမျိုးတို့၏ ဓလေ့ထုံးတမ်းများနှင့် မိသားစုများ၏ ကြိုက်နှစ်သက်မှုပုံစံများ အပေါ်မူတည်၍ မြေယာခွဲဝေမှုပုံစံ အချို့ကွဲပြားကြသည်။ ပုံမှန်အားဖြင့် သားများ အိမ်ထောင်ပြုသည့်အခါတွင် မိဘများမှ မြေယာကို ခွဲဝေပေးလေ့ရှိသည်။ ကိုကာ့ အပါအဝင် အချို့ နာဂမျိုးနွယ်စုများတွင် မြေယာနှင့် ပိုင်ဆိုင်မှုအများစုကို သားဦးမှ ရရှိကြပြီး၊ သားဦးသည် မိဘများအိုမင်းလာသောအခါ ကျွေးမွေးစောင့်ရှောက်ကြရပြီး အိမ်ထောင်မပြုသော မောင်နှမများကိုလည်း စောင့်ရှောက်ကြရသည်။ ရိုးရာဓလေ့ထုံးတမ်း မြေယာစီမံမှုစနစ်အောက်တွင် နာဂအမျိုးသမီးများသည် မြေယာအမွေဆက်ခံခွင့် နည်းပါးသည်။ သို့သော် အမျိုးသမီးများ အမွေဆက်ခံ နိုင်ရေး ထောက်ခံအားပေးမှုများ မြင့်တက်နေသည်။



မြေများနှင့်ထိုင်နေသောအဖွား

> “တခါတရံ အမျိုးသမီး အုပ်စု စိုက်ကွင်းထဲရှိချိန် (သို့) အတူထိုင် စကားပြောဖြစ်ချိန်ဆိုရင် ..ကျွန်မတို့မှာ အမွေ ဆက်ခံပိုင်ခွင့် ရှိသင့်တယ်... ဒါကျွန်မတို့ရဲ့ အိမ်မက်ပဲဆိုတာ ပြောဖြစ်ကြ ပါတယ်"
>
> - ကိုကီးကျေးရွာမှ အမျိုးသမီး

ကိုကီးကျေးရွာရှိ အမျိုးသမီး မြေယာပိုင်ဆိုင်ခွင့် စည်းမျဉ်းများ သည် အမွေရထားသော ဘိုးဘွား ပိုင်မြေနှင့် မိမိတို့မှ ဝယ်ယူထားသော မြေတို့ အကြားကွာခြားချက်ကို ဖော်ပြထားပါသည်။ အမျိုးသမီးတစ်ဦးသည် သားသမီးမရှိပဲ မုဆိုးမ ဖြစ်သွားပါက ခင်ပွန်းမှ အမွေဆက်ခံရရှိခဲ့သော မြေယာများသည် ခင်ပွန်း၏ ဖသားစုရှိ အနီးစပ်ဆုံး မိသားစုဝင်များလက်ထဲသို့ ပြန်လည်ရောက်ရှိသွားသည်။ မိမိတို့လင်မယားမှ ဝယ်ယူထားသော မြေများကိုမူ ထိုအမျိုးသမီးမှ ပိုင်ဆိုင်ထားခွင့်ရှိသည်။ လင်မယား ကွာရှင်းရာတွင် မိမိတို့မှ ဝယ်ယူထားသော မြေများကို ခွဲဝေ ကြပြီး၊ ခင်ပွန်းမှ အမွေဆက်ခံခဲ့သော မြေယာများကိုမူ ခင်ပွန်း၏ ဖသားစုအတွင်းတွင်သာ ဆက်လက် ပိုင်ဆိုင် ထားကြသည်။ အကယ်၍ ခင်ပွန်းမှ တာဝန်ပျက်ကွက်ခြင်းကြောင့်ကွာရှင်းရသည်ဆိုပါက၊ ခင်ပွန်းအား ဒဏ်ရိုက်ပြီး၊ သူအမွေခံခဲ့သော မြေအချို့တစ်ဝက်ကို ဖသားစုတူ အခြားတစ်ဦးအား လွှဲပြောင်းပေးရသည်။

ဆွမ္မရာတွင် မုဆိုးမဖြစ်လျှင် မိသားစု၏ မြေယာများကို သူမ၏သားသမီးများထံ မလွှဲအပ်မီအချိန်ထိ စီမံလေ့ရှိကြောင်း အမျိုးသမီးများမှ ဆိုသည်။ သူမအနေဖြင့် နောက်ထပ် အိမ်ထောင်ပြုလျှင် (သို့) သားသမီးမရှိလျှင် ကွယ်လွန်သွားသော ခင်ပွန်းမှ အမွေရခဲ့သော မြေယာများသည် ထိုခင်ပွန်း၏ အနီးစပ်ဆုံး ဆွေမျိုး အမျိုးသားတစ်ဦးထံ လွှဲပြောင်းရောက်ရှိသွားသည်။

ဖြစ်ရပ်လေ့လာမှုပြုလုပ်သော ကျေးရွာအားလုံးရှိ အမျိုးသမီးရော အမျိုးသားများကပါ အမျိုးသမီးများ မြေယာ အမွေဆက်ခံခွင့်ရှိသင့်ကြောင်း သဘောတူထောက်ခံကြသည်။ အမျိုးသမီးများသည် နာဂလူ့အဖွဲ့အစည်းအား အမျိုးသားများနှင့် တန်းတူ အကျိုးပြုကြောင်းနှင့် အမျိုးသမီးများ မြေယာ အမွေဆက်ခံပိုင်ခွင့်ကို တရားဝင် အသိအမှတ်ပြုသင့်ကြောင်း အမျိုးသမီးများက ဆိုကြသည်။ အမျိုးသားအချို့က အထူးသဖြင့် မိမိတို့ သမက်လောင်းတွင် လုံလောက်သော မြေမရှိပါက သမီးအား မြေအမွေ ပေးလို ကြောင်း ဆိုကြသည်။ ဥပမာ ကိုကီးရှိ အမျိုးသမီး တစ်ဦးသည် ဖခင်ဆုံးသွားပြီးနောက် မိမိ၏ မောင်များအား ပြုစုပျိုးထောင်ခဲ့ပြီး မြေယာများအား ထိန်းသိမ်းခဲ့ သောကြောင့် မောင်များမှ ပြောင်းခင်း တောင်ယာကွက်အား ပေးအပ်ခဲ့သည်။

ရှိနှင့်နေပြီးသော ရိုးရာဓလေ့ထုံးတမ်းများကို ပြင်ဆင်ပြီး အမျိုးသမီးများ၏ မြေယာအမွေဆက်ခံပိုင်ခွင့်ကို အားကောင်းအောင် ဆောင်ရွက်နိုင်သည်။ မိသားစုအလိုက် မိမိတို့၏ သမီးများကို မြေယာအမွေများ ပိုမိုပေးအပ်ရန် လုပ်ဆောင်နိုင်သည်။ ညားခါစ လင်မယားသည် လက်ထပ်သောအခါ မိဘများထံမှ အမွေရကြပြီး၊ တခါတစ်ရံ သမီးနှင့် သမက်အား မင်္ဂလာပွဲတွင် မြေယာများကို အမွေအဖြင့် ပေးအပ်လေ့ရှိသည်။

ရိုးရာဓလေ့ထုံးတမ်းစနစ်တွင် စနစ်အား အပြောင်းအလဲများပြုလုပ်ရေးထောက်ခံမှု ပြုလုပ်နိုင်ရန် နည်းလမ်းချမှတ်ထားသည်များရှိသည်။ ၂၀၁၄ ခုနှစ်တွင် ကျင်းပခဲ့သော နာဂအမျိုးသားညီလာခံတွင် မျိုးနွယ်စုပေါင်းစုံမှ နာဂလူမျိုးများ တွေ့ဆုံကာ နာဂလူမျိုးတို့၏ အနာဂါတ်နှင့် ပတ်သက်၍ဆွေးနွေးခဲ့ကြပြီး ညီလာခံ၏ ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်နိုင်ရန် နာဂအမျိုးသားရေးရာကောင်စီကို ဖွဲ့စည်းတည်ထောင် ခဲ့သည်။ ထိုညီလာခံတွင် အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားထားမှုအားလုံး ဖျက်သိမ်းရေး သဘောတူစာချုပ် (CEDAW) နှင့် အမျိုးသမီးများ၏ မြေယာအမွေခံခွင့် ကိုထောက်ခံခဲ့ကြသည်။ နာဂဟော်ဟော်နှင့် မျိုးနွယ်စုကောင်စီများသည် အမျိုးသမီးများအတွက် အမွေရပိုင်ခွင့် စည်းမျဉ်းများကို ပြန်လည်စီစစ်နေကြောင်း သိရသည်။

နာဂအမျိုးသားညီလာခံ

**4th-30-Nov 2014**

အပိုင်း (၅)။ တရားစီရင်ရေးရည်မှန်းချက်

၅.၁။ ဌာနေနာဂအမျိုးသမီးများ တန်းတူအခွင့်အရေးရရှိရေး ဥပဒေနှင့် အညီ အကာအကွယ်ပေးရန် သီးသန့်ဥပဒေပြဋ္ဌာန်းချက် ရှိရမည်။

၅.၂။ နာဂရိုးရာဓလေ့ထုံးတမ်း တရားစီရင်ရေးစနစ်တွင် ကျား‌မ တန်းတူညီမျှမှုရှိရမည်။

၅.၃။ မိသားစုရှိ အကြီးအငယ်မရွေး တရာဝင်း သားသမီးများအားလုံး အမွေဆက်ခံပိုင်ခွင့် ရှိရမည်။

၅.၄။ သားမရှိသော မိသားစုတွင် သမီးသည် ဘိုးဘွားပိုင်အမွေများ ဆက်ခံပိုင်ခွင့်ရှိသည်။

## ယာယီမြေအသုံးပြုခွင့်

နာဂရိုးရာဓလေ့ထုံးတမ်းမြေယာစီမံမှုစနစ်တွင် သီးနှံစိုက်ပျိုးရေးအတွက် လူတိုင်း မြေယာအသုံးပြုနိုင်အောင် စီမံထားသည်။ မြေလိုအပ်လျှက်ရှိသော အိမ်ထောင်များကို နှစ်အလိုက် မြေအသုံးပြုခွင့် ခွဲဝေပေးထားခြင်းဖြင့် စိုက်ပျိုးမြေ လက်မဲ့ဖြစ်ခြင်းမှ ရှောင်ရှားနိုင်သည်။ ထိုမြေယာကို မြေအပိုပိုင်ဆိုင်သော အခြား ရပ်သူရွာသားများမှ ကျေးရွာအုပ်ချုပ်ရေးမှတစ်ဆင့်ဖြစ်စေ ဆွေမျိုးများကြားတိုက်ရိုက်ဖြစ်စေ အသုံးပြုခွင့် ပေးကြသည်။ အထူးသဖြင့် Jhum များကို ဤနည်းဖြင့် ခွဲဝေအသုံးပြုကြသည်။ သို့သော် လှေကားထစ်စိုက်ပျိုးမြေ အပါအဝင် အခြားမြေအသုံးပြုမှုပုံစံများ ကိုလည်း နှစ်အလိုက် ခွဲဝေပေးနိုင်သည်။

ကျေးရွာရှိ မြေလုံလုံလောက်လောက် မရှိသော အိမ်ထောင်များသည် မိမိတို့ ဖသားစု (သို့) မျိုးနွယ်စု(သို့) ကျေးရွာခေါင်းဆောင်နှင့် ရပ်မိရပ်ဖများထံမှ စိုက်ပျိုးမြေ ရှာဖွေပေးရန် တောင်းဆိုနိုင်သည်။ မိဘမဲ့ကလေးဖြစ်ခဲ့သောကြောင့်ဖြစ်စေ၊ မိသားစုတွင် အငယ်ဖြစ်၍ မြေအမွေမရခဲ့သောကြောင့်ဖြစ်စေ၊ မြေမဝယ်ရသေးသောကြောင့်ဖြစ်စေ၊ စီးပွားရေး အကြွေးပေးရန်(သို့) အရေးပေါ်ကျန်းမာရေးအသုံးစရိတ်အတွက် မြေကိုရောင်းလိုက်ရ၍ဖြစ်စေ အိမ်ထောင်စုများတွင် မြေယာလက်မဲ့ဖြစ်နေနိုင်သည်။ ပဋိပက္ခများ၊ ငတ်မွတ်ခေါင်းပါးမှုများ၊ မြေပြိုမှုများ ကြောင့်ပြောင်းရွှေ့နေထိုင်ကြသူများအား ၎င်းတို့ ခိုလှုံသောရွာမှ နှစ်အလိုက် စိုက်ပျိုးမြေများ ခွဲဝေပေးလေ့ရှိသည်။

> "“ကျွန်ုပ်တို့အားလုံးသည် လှေကားထစ်လယ်မြေ နှင့် Jhum မြေများကို မျှဝေပေးရန် လိုအပ်သည်။ အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့ ရှင်သန်ရန် မြေကိုလိုအပ်သောကြောင့် ဖြစ်သည်။”
>
> – ဆွမ္မရာဒေသခံ

အခြားတစ်ဦးဦး၏ မြေပေါ်တွင် စိုက်ပျိုးခွင့်ရခြင်းအတွက် ကျေးဇူး တုန့်ပြန်ရန်  အများအားဖြင့် ထိုမြေပိုင် စိုက်ခင်းသို့ သွားရောက်ကာ နှစ်ရက် (သို့) သုံးရက်ခန့် လုပ်ကိုင်ကူညီလေ့ရှိကြသည်။ မိမိတို့စိုက်ပျိုးရာမှ ရရှိလာသော စပါးတင်းအချို့ပေးခြင်းဖြင့်လည်း ကျေးဇူးတုန့်ပြန် နိုင်သည်။ မြေငှားစိုက်သူသည် ရေတို တစ်နှစ်သီးနှံများကိုသာ စိုက်ပျိုးရပြီး၊ သစ်ပင်စိုက်ပျိုးခွင့်နှင့် မြေအမျိုးအစား ပြောင်းလဲခွင့် မရှိပေ။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရပြီး၊ သစ်တောနှင့် ရေအရင်းအမြစ်များကို ထိခိုက်ပျက်စီး အောင် မပြုလုပ်ရပေ။ ငှားရမ်းထားသောမြေယာကို ဒဏ်ကြေးပေးဆောင်ခြင်း၊ ချေးငွေအတွက် အပေါင်ခံခြင်း၊ ရောင်းချခြင်း နှင့် တစ်ဦးဦးအား လွှဲပြောင်းပေးအပ်ခြင်း ပြုလုပ်ခွင့်မရှိပေ။

ဆွမ္မရာရှိ အမျိုးသမီးတစ်ဦးက သူမတွင် ကလေးများ သောကြောင့် ယခုနှစ်၌ လှေကားထစ်စိုက်ပျိုးမြေ အပိုနှစ်ကွက် ငှားရမ်းထားကြောင်း ရှင်းပြသည်။ အခြားအမျိုးသမီးတစ်ဦးမှာ လှေကားထစ်စိုက်ကွက် အခု အပိုစိုက်ပျိုးပြီး၊ ယင်းစိုက်ကွက်ကို အသုံးမပြုပါက ပေါင်းပင်များထူလာမည်ကို စိုး၍ သူမ၏ ဆွေမျိုးများမှ စိုက်ခွင့် ပေးထားခြင်းဖြစ်သည်။ အိမ်ထောင်စု များအနေဖြင့် ရာသီတစ်ရာသီတွင် လှေကားထစ်စိုက်ကွက် သုံးခုထက်ပို၍ စိုက်လိုခြင်းမရှိကြကြောင်း အမျိုးသမီးများမှဆိုသည်။

## ရောင်းချခြင်း နှင့် ဝယ်ယူခြင်း

အချို့သော နာဂမျိုးနွယ်စုများနှင့် ကျေးရွာများတွင် အိမ်ထောင်စုများကြား မြေယာဝယ်ယူ ရောင်းချခြင်း အလွန် နည်းသော်လည်း အချို့တွင်မူ ရပ်သူရွာသားများကြား မြေယာလဲလှယ် လွှဲပြောင်းမှုများ ပုံမှန် ရှိကြသည်။ ဥပမာ ကိုကီးကျေးရွာတွင် မိသားစုရှိ ညီအငယ်များသည် မြေယာအနည်းငယ်ကိုသာ အမွေရ သဖြင့် မြေယာဖြည့်စွက် ဝယ်ယူနိုင်ရန် စနစ်ချမှတ်ပေးထားသည်။ မြေယာကို အိမ်မွေးတိရိစ္ဆာန်နှင့် လဲလှယ် ဝယ်ယူနိုင်သည်။ Jhum စိုက်ကွက်များကို ဝယ်ယူရန် ဝက်များဖြင့် လဲလှယ်ကြပြီး၊ သစ်တော အုပ်များနှင့် လှေကားထစ်စိုက်ကွက် အစရှိသော ပို၍တန်ဖိုးရှိသည့် မြေကို ဝယ်ယူရန် နွားနောက်ကို အသုံးပြုကြသည်။ မွေးမြူရေးသည် ငွေစုစာအုပ် နှင့် မိုဘိုင်းဘဏ်စနစ်ပုံစံဖြစ်သည်။ အမျိုးသားတစ်ဦးက သူသည် အခြားအိမ်ထောင်များမှ ပိုင်သော နွားနောက်များကို ကျောင်းရပြီး၊ ကျောင်းခအနေဖြင့် နှစ်စဉ် နွားနောက် တစ်ကောင်ရကြောင်း ရှင်းပြသည်။ သူသည် ရရှိသော နွားနောက်များကို မိမိ၏သားများအား အမွေအဖြစ် ပေးနိုင်ရန် မြေယာဝယ်ယူရာတွင် အသုံးပြုမည် ဖြစ်သည်။

ရိုးရာဓလေ့ထုံးတမ်းစနစ်အောက်တွင် မြေယာများကို ပုဂ္ဂလိက ကုမ္ပဏီများ (သို့) ပြင်ပလူများထံသို့ ရောင်းချခွင့် မရှိပေ။ မြေယာကို ရောင်းချမည် ဆိုပါက ရပ်သူရွာသားများထံမရောင်းချမီ မိသားစုဝင်များကို ပထမ ဦးစားပေးပြီး၊ ထို့နောက် ဖသားစုဝင်များကို ဦးစားပေးကြသည်။ ပုံမှန်အားဖြင့် မျိုးနွယ်စုဝင် မဟုတ်သူများထံ မြေယာများကို ရောင်းချခွင့်မရှိပေ။

## လက်ဆောင်

လူထုအကျိုးပြုလုပ်ငန်း လုပ်ဆောင်ခဲ့သူ (သို့) မိသားစုကို မြေယာ (သို့) အခြားအရင်းအမြစ်ဥစ္စာ များဖြင့် ဆုချလေ့ရှိသည်။ ဥပမာ ဆွမ္မရာကျေးရွာတွင် ဖသားစုတစ်စုသည်  မိမိတို့ပိုင်ဆိုင်သည့် သစ်တောအား ရပ်ရွာတစ်ခုလုံးအတွက်လွှဲပြောင်းပေးအပ်ခဲ့သည်။အကြောင်းမှာအိမ်နီးချင်းရွာနှင့်ထိုသစ်တောပိုင်ဆိုင်မှု အငြင်းပွားခဲ့ရာ၊ ဖြေရှင်းမှုကုန်ကျစရိတ်များကို ကျေးရွာမှခံခဲ့သဖြင့်  အသိအမှတ်ပြုသည့်အနေနဲ့ ထိုသစ် တောအား ပေးအပ်ခဲ့ခြင်းဖြစ်သည်။

## လက်ရှိ ဥပဒေမူဘောင်ရှိ မြေယာပိုင်ဆိုင်မှု အမျိုးအစားသတ်မှတ်ခြင်း

ကျေးရွာနယ်နိမိတ်အတွင်းရှိ မြေယာအားလုံးသည် ကျေးရွာခေါင်းဆောင်နှင့် ကျေးရွာကောင်စီတို့၏ အုပ်ချုပ် ကွပ်ကဲမှုအောက်တွင်ရှိပြီး ကျေးရွာနယ်မြေဟု ဆိုနိုင်သည်။ စိုက်ပျိုးမြေနှင့် သစ်တောမြေ နှစ်ခုလုံးပါဝင်သော ကျေးရွာနယ်မြေကို အတူတကွစုစည်းပြီး နယ်မြေတစ်ခုအဖြစ် စီမံခန့်ခွဲခြင်းသည် ဉယျာဉ်စိုက်ပျိုးရေး စနစ်အမျိုးမျိုးကို ဖြစ်ထွန်းစေသည်။

ကိုကီးကျေးရွာ၏ မြေယာအသုံးပြုမှုပုံစံများ (မြေပုံ-၃) ၌ လက်ရှိဥပဒေစနစ်အောက်တွင် ကောင်းစွာ မှတ်ပုံတင်ထားနိုင်ခြင်းမရှိသော မြေယာများကို ဖော်ပြထားသည်။ ကိုကီးကျေးရွာရှိ မြေယာအားလုံးကို အကျိုးရှိရှိ အသုံးပြုကြပြီး ရေရှည်တည်တံ့အောင် ကျေးရွာ အဖွဲ့အစည်းများက စီမံလျှက်ရှိသည်။ သို့သော် အိမ်ထောင်စုများမှ ပိုင်ဆိုင်သော လှေကားထစ်စိုက်ကွက်များ၊ အိမ်ခြံမြေများ နှင့် သစ်သီးခြံများ ကိုသာ လက်ရှိဥပဒေအောက်တွင် မှတ်ပုံတင်နိုင်သည်။ ရပ်ရွာပိုင်မြေ၊ အထူးသဖြင့် Jhum စိုက်ပျိုးမြေ များသည် ပလပ်မြေအဖြစ် သတ်မှတ်ခံရနိုင်ပြီး VFV မြေယာဥပဒေအောက်တွင် ခွဲဝေပိုင်းခြားမှုကို ခံရနိုင်သည် (သို့) သစ်တောပြုန်းတီးမှုအဖြစ် သတ်မှတ်ခံရ ပြီး PFE နယ်မြေအတွင်း ထည့်သွင်းကြေငြာခံ ရနိုင်သည်။

> **"ရိုးရာဓလေ့ထုံးတမ်း စနစ်တွင် ကျွန်ုပ်တို့၌ လှေကားထစ်ခင်း၊ Jhum နှင့် သစ်တောများ ရှိသည်။ ...အစိုးရ စနစ်ကိုလိုက်ပါက လှေကားထစ် စိုက်ခင်းသာလျှံခြုံမှုရှိပြီး၊ ကျန်မြေ အားလုံးကို ဆုံးရှုံးရမည်"**
>
> -ဆွမ္မရာ ကျေးရွာအစည်းအဝေးမှ ရပ်ရွာလူထု

အိမ်ထောင်စုပိုင်မြေယာများကိုသာ ပုဂ္ဂလိကပိုင်မြေအဖြစ် မှတ်ပုံတင်ခြင်းသည် စိုက်ပျိုးရေးနှင့် သစ်တော နယ်မြေများကို စုပေါင်းစနစ်ဖြင့် စီမံမှုကို အားပေးသော ကျေးရွာအဆင့် အဖွဲ့အစည်းများကို ယုတ်လျော့ သွားစေသည်။ ရပ်ရွာပိုင် သစ်တောကို နှစ် ၃၀ အသုံးပြုခွင့် ပေးလိုက်သောအခါ အလားတူပြဿနာ ပေါ်ပေါက်ကာ သစ်တောစီမံရာတွင် ကျန်ကျေးရွာနယ်မြေများနှင့် မတူတော့ပေ။

မြေပုံ ၅ - ကိုကီကျေးရွာမြေယာပိုင်ဆိုင်ခွင့်အမျိုးအစားများ



# စားဝတ်နေရေး

ရိုးရာဓလေ့ထုံးတမ်းမြေယာစီမံမှုစနစ်သည် ထိရောက်သောစိုက်ပျိုးရေး စနစ်အမျိုးမျိုးကို ထိန်းသိမ်းထားသည်။ သစ်တောများနှင့် Jhum မြေလပ်များ အပါအဝင် မြေယာများအားလုံးကို စားဝတ်နေရေ ဖူလုံရေး အတွက် ပိုင်ဆိုင်စီမံကြသည်။ တောင်သူများသည် အခြေခံစားသုံးရန် သီးနှံများနှင့် စီးပွားဖြစ် သီးနှံနှစ်မျိုးလုံးကို ရောနှောစိုက်ပျိုးကြပြီး ဂေဟစနစ် ထိန်းသိမ်းနိုင်ရေး သစ်တောများနှင့် မြစ်ချောင်းများကို စီမံကြသည်။

## စားနပ်ရိက္ခာဖူလုံရေး

အခြေခံစားသုံးကုန်သီးနှံနှင့် စီးပွားဖြစ်သီးနှံ နှစ်မျိုးလုံးကို စနစ်တစ်ခုတည်းဖြင့် စိုက်ခင်းတစ်ခုတည်းတွင် စိုက်ပျိုးခြင်းဖြင့် ဈေးကွက်စွန့်စားမှုနှင့် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုကို လျှော့ချနိုင်သည်။ စီးပွားဖြစ်သီးနှံများ ဈေးကောင်းရချိန်တွင် တောင်သူများအနေဖြင့် ထိုသီးနှံထပ်တိုးစိုက်ပျိုးရန် မြေယာကို ချဲ့ထွင်နိုင်သော်လည်း ဈေးကျသွားပါက မှီခိုအားထားနိုင်ရန် အခြားစီးပွားဖြစ်သီးနှံများနှင့် စားသုံးကုန်သီးနှံများ ရှိရန်လိုအပ်သည်။ စပါးအထွက်နည်းသည့် နှစ်များတွင် တောင်သူများအနေဖြင့် ဆန်ဝယ်ယူနိုင်ရန် စီးပွားဖြစ်သီးနှံများကို ရောင်းချနိုင်သည်။

ဖြစ်ရပ်လေ့လာမှုပြုလုပ်သော ကျေးရွာသုံးခုလုံးရှိ တောင်သူများသည် မိမိတို့၏ လှေကားထစ်စိုက်ခင်းများ၊ Jhum စိုက်ခင်းများ နှင့် အိမ်ဥယျာဉ်များ မှ သီးနှံထွက်နှုန်းကို ကျေနပ် နှစ်သက်ကြပြီး၊ အချို့တောင်သူများမှ အထွက်နှုန်းကောင်းရန် အလားအလာများကို ဖော်ပြကြသည်။ ဒိန်းကလေးဝေးနှင့် ဆွမ္မရာတွင် လှေကားထစ်စိုက်ခင်းများအတွက် စိုက်ပျိုးရေးလျော့ကျလာခြင်းနှင့် စိတ်မချရသော ရေအရင်းမြစ်များကြောင့် စိုးရိမ်မှုများရှိနေကြသည်။

ကိုကီကျေးရွာရှိအိမ်ထောင်စုတိုင်းသည် ၎င်းတို့သီးနှံများသိုလှောင်ရန် ကျီတခုစီရှိကြသည်။



*သစ်တောများနှင့် စားနပ်ရိက္ခာဖူလုံရေး*

သစ်တောများသည် ကျေးလက် နာဂကျေးရွာများ၏ စားဝတ်နေရေးတွက် လိုအပ်သည်။ အစားအစာ၊ နေအိမ်၊ လောင်စာထင်း၊ ဆေးဝါးနှင့် ဝင်ငွေများရရှိရန် သစ်တောများကို စီမံအသုံးပြုကြသည်။ သစ်တောများသည် အိမ်သုံးသောက်ရေသန့်များနှင့် လေ့ကားထစ်စိုက်ပျိုးရေများကို ပေးစွမ်းပြီး သီးနှံ ဖျက်ပိုးများကို နှိမ်နင်းပြီး  သီးနှံများကိုဝတ်မှုန်ကူးပေးသော ပိုးမွှားများ၊ လင်းနို့များ နှင့် ငှက်များအတွက် နေထိုင်ရာဘုံဖြစ်သည်။ ယဉ်ကျေးမှုအရ အရေးပါသော သစ်တောထွက် အစားအစာများသည် အနည်းလို အာဟာရများကိုလည်း  ဖြည့်ဆည်းပေးပြီး အကြပ်အတည်းဖြစ်နေသည့်အချိန်များတွင် အစားအစာရရှိရန် စိတ်ချရသောနေရာဖြစ်ပေသည်။[42]

> **“သစ်တောရှိနေသ၍ ကျွန် တော်တို့ ရှင်သန်နိုင်ပါ တယ်”**
> - ဒိန်းကလေးဝေးမှ ကျေးရွာလူကြီး

၁၉၄၂ နှင့် ၁၉၉၅ ခုနှစ်များတွင် ဝါးပင်များ အသီးသီးခြင်းကြောင့် ဖြစ်ရပ်လေ့လာမှုပြုလုပ်သော ဧရိယာတွင် ကြွက်များအမြောက်အများ ထွက်ပေါ်ခဲ့သည်။ ဝါးစေ့များကို စားသုံးပြီးသည့်နောက် စပါးပင် များကိုပါ ဖျက်စီးကြသည်။ ဒိန်းကလေးဝေးတွင် ထိုနှစ်များက ပီလောပီနံ နှင့် ပိန်းဥ အပါအဝင် ဟင်းသီး ဟင်းရွက်များကို ပတ်လည်ရှိ သစ်တောများမှ ရှာဖွေစုဆောင်း စားသောက်၍ ကျော်ဖြတ်ခဲ့ရသည်ဟု ဒေသခံများက ဆိုသည်။ ၁၉၃၀ ခုနှစ် ဆွမ်မရာ၌ ကျောက်ရောဂါကျရောက်ချိန်တွင် ရွာသားများသည် စိုက်ပျိုးရေးမလုပ်ကိုင်နိုင်သောကြောင့် သစ်တောမှ ဟင်းသီးဟင်းရွက်များစုဆောင်းကာ အမဲလိုက် ငါးဖမ်းခဲ့ရသည်။ ဆန်စပါးမရှိဘဲ အကြပ်အတည်း ကျရောက်ချိန်တွင် နာဂလူ့အဖွဲ့အစည်းများသည် မိမိတို့၏ သစ်တောများကို အမှီပြုကာ ရှင်သန်ကြရသည်။

*စပေါင်းမျိုးကွဲစိုက်ပျိုးရေးစနစ်*

စိုက်ပျိုးရေးဆိုင်ရာဇီဝသက်ရှိများသည် သီးနှံအထွက်နှုန်းဆိုးနိုင်သောအန္တရာယ်ကိုလျော့ချပေးနိုင်သည်။ မတူကွဲပြားသော သီးနှံများကို မျိုးခွဲအမျိုးမျိုး စိုက်ပျိုးလျှင် အချို့သီးနှံမျိုးများမှာ ရာသီဥတုဆိုးရွားဒဏ်၊ ပိုးမွှာကျရောက်မှုဒဏ် နှင့် ပတ်ဝန်းကျင်ပြဿနာများကို ခံနိုင်ရည်ရှိရန် အလားအလာရှိသည်။ ရာသီဥတုပြောင်းလဲမှုဒဏ်ကို ခံနိုင်သောသီးနှံမျိုးသစ်များရရှိရေးအတွက် သီးနှံမျိုးစိတ် အမျိုးမျိုးကို ထိန်းသိမ်းထားရန် လိုအပ်သည်။

နာဂတောင်တန်းရှိ မျိုးစေ့သိမ်းဆည်းထားခြင်း ဓလေ့တွင် သီးနှံအမျိုးမျိုးမှ မျိုးစေ့များကို ရွေးချယ်သိမ်းဆည်းကာ ဒေသပတ်ဝန်းကျင်အခြေအနေနဲ့ အကောင်းဆုံး လိုက်ဖက်မှုရှိစေရန် နောက်နှစ်များတွင် ပြန်လည်စိုက်ပျိုးကြသောကြောင့်  သီးနှံမျိုးကွဲများကို ထိန်းသိမ်း ထုတ်လုပ်ပေးလေ့ရှိသည်။ ကမ္ဘာ့နေရာအတော်များများတွင် တောင်သူများမှ မျိုးစေ့များကို သိမ်းဆည်းခြင်းမပြုတော့ဘဲ စီးပွားဖြစ်ရောင်းသော မျိုးစေ့များကို သီးနှံအနည်းငယ် အတွက်သာ ဝယ်ယူစိုက်ပျိုးကြသဖြင့် သီးနှံမျိုးကွဲများ ဆုံးရှုံးခဲ့ရသည်။

နာဂ အမျိုးသား၊ အမျိုးသမီးများသည် အခြားဒေသများသို့ ခရီးသွားရာတွင် သီးနှံမျိုးသစ်များ တွေ့ပါက မိမိတို့ စိုက်ခင်းတွင် စမ်းသပ် စိုက်ပျိုးရန် ယူဆောင်လာလေ့ရှိသည်။ အောင်မြင်ပါက ထိုမျိုးစေ့ကို အခြားအိမ်ထောင်များအား မျှဝေပေးကြသည်။ အမျိုးသမီးတောင်သူများက မိမိတို့သီးနှံ အထွက်မကောင်းပါက၊ လာမည့်နှစ်တွင် စိုက်ပျိုးရန် မျိုးစေ့ကို အခြားရပ်သူရွာသားများမှမျှဝေပေးကြသောကြောင့် သီးနှံမျိုးများ ဆုံးရှုံးခြင်း မရှိပေ။

42 International Forestry Review. Arnold J E M, Powell B, Shanley P and Sunderland T C H (2011) Forests, biodiversity and food security. International Forestry Review, 13(3) ထဲရှိ စားနပ်ရိက္ခာဖူလုံရေးနှင့်သစ်တောများအကြောင်း အထူးထုတ်ဝေထားသောဂျာနယ်များတွင်ကြည့်ပါ။

*အာဟာရ*

လူသားများအတွက်အာဟာရဖြည့်ဆည်းရန် သစ်တောများ၊ ဇီဝသက်ရှိများနှင့် ရိုးရာဓလေ့ထုံးတမ်းဆိုင်ရာ အသိပညာများ၏အရေးပါပုံကို ကမ္ဘာမှအသိအမှတ်ပြုထားသည်။[43] အာဟာရများကိုအစားအစာအမျိုးမျိုး ပေါင်းစပ်ခြင်းမှ ရရှိပြီး လူသားများ၏ ကျန်းမာရေးအတွက် လိုအပ်သော ကယ်လိုရီ၊ ဗီတာမင်၊ အသား ဓာတ်နှင့် အနည်းလိုအာဟာရများကို အစားအစာအုပ်စု အမျိုးမျိုးမှ ရရှိသည်။ ရိုးရာ အစားအစာပြုလုပ်မှု စနစ်များမှ အပင်နှင့် တိရိစ္ဆာန် အမျိုးမျိုးမှရသော အစားအစားများ အပါအဝင် အစားအစာမျိုးစုံကို ရရှိနိုင် သည်။

နာဂတောင်သူများသည် ဟင်းသီးဟင်းရွက်များ နှင့် ဆေးဘက်ဝင်အပင်များကို Jhum စိုက်ခင်းများနှင့် အိမ်ဥယျာဉ်ခြံများတွင် စိုက်ပျိုးပြီး၊ အစေ့အဆန်ဖြစ်သော စပါးနှင့် ပြောင်းများကို Jhum နှင့် လှေကားထစ် စိုက်ခင်းများတွင် စိုက်ပျိုးကာ သစ်သီးပင်များကို အိမ်ဥယျာဉ်ခြံ နှင့် သစ်သီးခင်းများတွင် စိုက်ပျိုးလေ့ ရှိသည်။ ဟင်းသီးဟင်းရွက်များ၊ ဆေးဘက်ဝင်အပင်များ၊ မှိုများ၊ သစ်သီးများ၊ နှင့် အသားများကို တော တောင်များမှ ရရှိပြီး၊ ငါး၊ ဖား၊ နှင့် ကျောရိုးမဲ့တိရိစ္ဆာန်များကို မြစ်ချောင်း အင်းအိုင်များမှ ရရှိကြသည်။ Jhum စိုက်ခင်းများသည် ဤစိုက်ပျိုးရေးထွက်ကုန်အမျိုးမျိုး၊ အထူးသဖြင့် ဟင်းသီးဟင်းရွက်များ ရရှိရေး အတွက် အချက်အခြာနေရာဖြစ်ပြီး အာဟာရလိုအပ်ချက်အတွက် အထူးပင် အရေးကြီးသည်။

ရိုးရာဓလေ့ထုံးတမ်း စိုက်ပျိုးရေး စနစ်ဖြင့် သီးနှံအမျိုးမျိုး စိုက်ပျိုးလာရာမှ စီးပွားဖြစ်သီးနှံများကို ပြောင်းလဲ စိုက်ပျိုးပြီး စားသောက်ကုန်ဈေးများအပေါ် အမှီပြုလာခြင်းကြောင့် အာဟာရလိုအပ်ချက်နှင့် ကျန်းမာရေး ကို ထိခိုက်စေကြောင်း တွေ့ရသည်။[44] ဒေသထွက်အစားအစာများစားသုံးခြင်း မှ စားသောက်ကုန်ဈေးများ ဝယ်ယူပြောင်းလဲစားသုံးခြင်းသည် အာဟာရပြောင်းလဲခြင်းလုပ်ငန်းစဉ်တွင်ပါဝင်ပြီး အဝလွန်ခြင်း၊ ဆီးချို ရောဂါ အမျိုးစား-၂ နှင့် အခြား အာဟာရနဲ့ ပတ်သက်သောရောဂါများကို ရရှိစေကြောင်း ကမ္ဘာတစ်ဝှမ်းမှ မှတ်တမ်းများရှိသည်။[45]

ကျေးရွာအများစုကြား လမ်းပမ်းဆက်သွယ်ရေးများခက်ခဲနေသေးသည်။ အချို့ကျေးရွာများကို မတ် စောက်သော ရာသီလမ်းများဖြင့် ဆက်သွယ်ထားပြီး၊ ကျန်ကျေးရွာများကို ခြေလျင်ဖြင့် ရက်ပေါင်းများစွာ သွားရသော လမ်းများဖြင့်သာ ဆက်သွယ်ထားသည်။ ဤကျေးရွာများသည် မိမိတို့ဒေသထွက် အစား အစာများပေါ်တွင်သာ ဆက်လက်မှီခိုနေကြပြီး စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရရရှိရေးတို့အတွက် စိန်ခေါ်မှုများ ရှိနေသည်။ သို့သော် ဤသုတေသနအတွက် ရွေးချယ်ခဲ့သော ကျေးရွာများသည် ဒေသရို သွားလာရ အလွယ်ကူဆုံးသော ကျေးရွာများတွင် ပါဝင်ပြီး၊ မကြာသေးမီက လမ်းများဖောက်လုပ် လာကြ သဖြင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ မြေပြန့်ဒေသများနှင့်လည်းကောင်း၊ နယ်စပ်ကိုကျော်၍ အိန္ဒိယနိုင်ငံနှင့် လည်းကောင်း ကုန်စည်များ ကူးသန်းလာနိုင်ရန် လွယ်ကူသွားစေမည်ဖြစ်သည်။ တောင်သူများသည် ထိုအတွက်ပြင်ဆင် မှုအနေဖြင့် ထောပတ်သီးပင် နှင့် ဂျင်စင်းပင် အစရှိသော စီးပွားဖြစ်သီးနှံများကို စမ်းသပ်စိုက်ပျိုး လာကြ သည်။

ကျေးရွာများသည် ဈေးကွက်စီးပွားရေးစနစ်အတွင်း ပိုမိုစုစည်းလာခဲ့ကြရာ၊ အာဟာရကောင်းစွာရရှိရေးနှင့် လူထုကျန်းမာရေးတို့အတွက် လုံခြုံမှုရှိသော ရိုးရာဓလေ့ထုံးတမ်းမြေယာစီမံမှုစနစ်ဖြင့် မြေယာများကို စီမံခြင်းဖြင့် စိုက်ပျိုးရေးစနစ် အမျိုးမျိုးကို ထိန်းသိမ်းထားနိုင်သည်။

43 ဇီဝမျိုးကွဲ၊ COP 8 ဆုံးဖြတ်ချက် viii/၂၃ (၂၀၀၆) စိုက်ပျိုးရေးဆိုင်ရာဇီဝမျိုးကွဲ၊ စားနပ်ရိက္ခာနှင့် အာဟာရအတွက် ဇီဝမျိုးကွဲဆိုင်ရာ ပူးတွဲ လုပ်ဆောင်မှုသဘောတူညီချက်

44 Powell B, Ickowitz A, McMullin S, Jamnadass R, Padoch, C, Pinedo-Vasquez M and Sunderland T (2011) The Role of Forests, Trees, and Wild Biodiversity for Nutrition-Sensitive Food Systems and Landscapes. ICN2 Second International Conference on Nutrition. FAO and WHO

45 Popkin B M (2004) The nutrition transition: An overview of world patterns of change. Nutrition Reviews, 62(7 Pt 2), 140–143

## လူမှုရေး အကူအညီပေးမှုစနစ်

နှစ်အလိုက် စိုက်ပျိုးမြေရရှိရေး စည်းမျဉ်းများသည် ပြည်သူများ၏ အခြေခံလိုအပ်ချက်များပြည့်မီအောင် ဖြည့် ဆည်းပေးလျှက်ရှိသည်။ ပဋိပက္ခများ၊ ငတ်မွတ်ခေါင်းပါးခြင်း နှင့် အရေးအကြောင်းအမျိုးမျိုးကြောင့် ပြောင်းရွှေ့လာသူများအား နှစ်အလိုက်စိုက်ပျိုးမြေများ ခွဲဝေငှားရမ်းပေးလေ့ရှိသည်။အိမ်ထောင်စုတစ်ခုတွင် သီးနှံထွက်နှုန်းမကောင်းပါက မိမိတို့ဖသားစုဝင်များ (သို့) ကျေးရွာရှိ လူများမှ ဆန်စပါး ချေးငှားပေးလေ့ရှိသည်။ ဤသို့ပြုလုပ်ခြင်းသည် ကျေးရွာရှိ မည်သူမျှ အငတ်ဘေး အကြုံရဘဲ နေထိုင်ရသည်ဟူသော ဂုဏ်ယူ ရွာ၏ဂုဏ်သိက္ခာတစ်ရပ်လည်း ဖြစ်သည်။

၁၉၃၀ ခုနှစ်က ဆွမ္မရာတွင် ကျောက်ရောဂါကျရောက်ခဲ့ပြီး၊ သေသူဦးရေသည် အသက်ရှင်ကျန်ရစ်သူဦးရေထက်များကြောင်း ဒေသခံများက ဆိုသည်။ အသက်ရှင်ကျန်ရစ်သူများသည် ဆန်စပါးအတွက် အိမ်နီးချင်း ရွာများအပေါ် မှီခိုခဲ့ရပြီး၊ တောတောင် မြစ်ချောင်းများမှ အစားအစာများကို ရှာဖွေစားသောက်ခဲ့ရသည်။

တစ်စုံတစ်ဦးဖျားနာ၍ဆေးဝါးကုသမှုလိုအပ်ချိန်တွင်ဖသားစုဝင်အချင်းချင်းကူညီရိုင်းပင်းလေ့ရှိကြသည်။ မင်္ဂလာဆောင် (သို့) ဈာပနအခမ်းအနား အတွက်ကုန်ကျစရိတ်များကိုလည်း ဖသားစုများအချင်းချင်း ကူညီပေးလေ့ရှိကြသည်။ ကိုကီးကျေးရွာတွင် ဖသားစုများသည် ရံပုံငွေစုစည်း၍ အရေးပေါ်အာမခံငွေအဖြစ် ဖသားစုခေါင်းဆောင်မှ ထိန်းသိမ်းထားလေ့ရှိပြီး ဖသားစုဝင်များ ငွေကြေးလိုအပ်ချိန်တွင် ထုတ်သုံးလေ့ရှိကြသည်။

## ကျန်းမာရေး

Jhum ကဲ့သို့ အလှည့်ကျစိုက်ပျိုးရေးစနစ်များတွင် မြေယာကို မြေလပ်အဖြစ်ထားရှိခြင်းကြောင့် သီးနှံဖျက်ပိုးများနှင့် ရောဂါများကို စစ်ဆေးရန် အကူအညီဖြစ်စေသည်။ ဖြစ်ရပ်လေ့လာမှုပြုလုပ်သော ကျေးရွာတစ်ခုစီတွင် တောင်သူများအနေဖြင့် ဓာတုပိုးသတ်ဆေးများ၊ မြို့သတ်ဆေးများ နှင့် ဓာတ်မြေဩဇာများကို အသုံးမပြုကြသောကြောင့် စိုက်ပျိုးရေးမှာ အော်ဂင်းနစ်သာဖြစ်သည်။

Jhum စိုက်ပျိုးရေးစနစ်ကျင့်သုံး၍ ဓာတုစိုက်ပျိုးရေးဆေးများကို အသုံးမပြုသော တောင်သူများသည် မိမိတို့၏ ကျန်းမာရေးနှင့် ကျေးရွာရှိ မိမိတို့ထံမှ ဝယ်ယူစားသုံးသူများ၏ကျန်းမာရေးကိုပါ ကာကွယ်ပေးနေခြင်းဖြစ်သည်။ ထို့အပြင် ပိုးသတ်ဆေး နှင့် ပေါင်းသတ်ဆေးများသည် မိုးရွာလျှင် ပြန့်နှံ့သွားနိုင်ပြီး ဂေဟာစနစ်ကို ထိခိုက်စေမည်ဖြစ်သောကြောင့် တောရိုင်းတိရိစ္ဆာန်များ အဆိပ်မိခြင်းမှလည်း ကာကွယ်ရာ ရောက်သည်။ မီးပြာများ၊ တိရိစ္ဆာန်များနှင့် နိုက်ထရိုဂျင်အားဖြည့်ပင်များမှ ရသော အော်ဂန်းနစ်မြေဩဇာများသည် ဓာတ်မြေဩဇာများမှ ဖြစ်ပေါ်စေနိုင်သော မြစ်ချောင်းအင်းအိုင်များ အပင်အာဟာရဓာတ်လွန်ကဲခြင်း (eutrophication) မှကာကွယ်ပေးနိုင်သည်။ Jhum စိုက်ပျိုးရေးကြောင့် မြေလပ်များ ရှင်းလင်းခုတ်ထွင်ရသဖြင့် ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုမှာ မဖြစ်စလောက် မြင်သာသော်လည်း အခြားပိုမို စိတ်စိတ်စိုက်ပျိုးသောစနစ်များသည် ဓာတုစိုက်ပျိုးရေး ဆေးများအပေါ် မှီခိုနေရပြီး သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့၏ ကျန်းမာရေးအပေါ် ပိုမိုကျယ်ပြန့်၍ မြင်နိုင်ရန် ခက်ခဲသော အကျိုးသက် ရောက်မှုများပေးနေသည်။

# ရိုးရာအဖွဲ့အစည်းများနှင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း

နာဂလူ့အဖွဲ့အစည်းကို အုပ်ချုပ်ရာတွင် ကျေးရွာအဆင့်၊ မျိုးနွယ်စုအဆင့် နှင့် မျိုးနွယ်စုများဆိုင်ရာ အဆင့်များတွင် ကောင်းစွာဖွဲ့စည်းတည်ဆောက်ထားသော အဖွဲ့အစည်းများမှတစ်ဆင့် အုပ်ချုပ်လေ့ရှိသည်။ ရိုးရာအဖွဲ့အစည်းများသည် ရိုးရာဓလေ့ထုံးတမ်းမြေယာစီမံမှုစနစ်၏ ကျောရိုးဖြစ်ပြီး နယ်နိမိတ်များ ကြပ်မတ်ခြင်း၊ အရင်းအမြစ်အသုံးပြုမှုဆိုင်ရာ စည်းမျဉ်းများချမှတ်ကြပ်မတ်ခြင်းနှင့် အငြင်းပွားမှုများဖြေရှင်းခြင်း အပါအဝင် တာဝန်ကျယ်ပြန့်စွာ ယူထားရသည်။ မြေယာနှင့်ပတ်သက်၍ ဆုံဖြတ်ချက်များချမှတ်ရန် တာဝန်သည် မြေယာပိုင်ဆိုင်မှုတွင် ပါဝင်ပြီး၊ ရိုးရာအဖွဲ့အစည်းများမှ ကိုင်တွယ်သည်။

နာဂရိုးရာဓလေ့ထုံးတမ်းစနစ်အတွင်း ဆုံးဖြတ်ချက်ချမှတ်ခြင်းဖြစ်စဉ်များကို ဒေသအတွင်း အကာအကွယ်ပေးထားပြီး၊ တုန့်ပြန်မှုပြုခြင်း၊ တာဝန်ခံမှုရှိခြင်း များရှိပြီး အပြောင်းအလဲတွင် လိုက်လျောညီထွေမှုရှိသည်။ ကျေးရွာကောင်စီ နှင့် မျိုးနွယ်စုကောင်စီများကို ဖသားစုများနှင့် ကျေးရွာများမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။ ရိုးရာခေါင်းဆောင်များသည် လူထုအတွက် တာဝန်ခံမှုရှိရပြီး၊ လူထုကောင်းစားရေးအတွက် မလုပ်ပါက အစားထိုးခြင်းခံရနိုင်သည်။ ကျေးရွာအစည်းအဝေးများရှိခြင်းကြောင့် ပြဿနာများကို ပွင့်ပွင့်လင်းလင်း ဆွေးနွေး အဖြေရှာနိုင်သည်။ ရိုးရာဓလေ့ထုံးတမ်းစနစ်အောက်တွင် ချမှတ်သော ဆုံးဖြတ်ချက်များသည် အခြားပြင်ပမှ လာသော အမိန့်အာဏာများထက် ပိုမိုတရားဝင်မှုရှိပြီး၊ ပိုမိုလိုက်နာဆောင်ရွက်ကြသည်။



ကိုကီကျေးရွာရှိ ကျောက်တိုင်ကျောက်တုံးများအား အရေးကြီးသောအထိမ်းအမှတ်ပွဲများ ကျင်းပရန် ထောင်မတ်ထား၍ မိသားစုတစုသည် ရပ်ရွာအားတည်ခင်းဧည့်ခံနေသောအခါ

## ရိုးရာ အဖွဲ့အစည်းများ

နာဂမျိုးနွယ်စုတစ်ခုစီတွင် မိမိတို့ကိုယ်ပိုင် အဖွဲ့အစည်း အစီအမံများရှိကြသော်လည်း နာဂကျေးရွာများနှင့် မျိုးနွယ်စု များကြား အဓိကဆင်တူမှုများရှိသည်။ ကျေးရွာတစ်ခုချင်းစီတွင် ခေါင်းဆောင်တစ်ဦး[46] နှင့် ကျေးရွာကောင်စီ တစ်ခုရှိပြီး၊ အချို့မျိုးနွယ်စုများတွင် ကျေးရွာခေါင်းဆောင်၏ ဦးဆောင်မှုကဏ္ဍ ပိုများပြီး၊ အချို့တွင်မူ ကျေးရွာကောင်စီ၏ ကဏ္ဍပိုများသည်။ အချို့မျိုးနွယ်စုများတွင် ထိုနေရာများအတွက် သက်တမ်းကာလ အလိုက် ရွေးကောက်တင်မြှောက်ကြသည်။ မျိုးနွယ်စုတိုင်းတွင် မျိုးနွယ်စုကောင်စီတစ်ခု လည်းရှိပြီး၊ အမည်အမျိုးမျိုးဖြင့် ခေါ်ဝေါ်သုံးနှုန်းကြသည်။ ထိုမျိုးနွယ်စုကောင်စီသည် အဖွဲ့ဝင်တစ်ဦးအား ရွေးကောက်၍ ဥက္ကဋ္ဌ ရာထိုး တင်မြှောက်ကြသည်။

နာဂရိုးရာစနစ်တွင် ကျေးရွာသည် မြေယာအုပ်ချုပ်ရေး၏ အဓိက နယ်မြေအပိုင်းအခြားယူနစ် ဖြစ်သည်။ ကျေးရွာ အဖွဲ့အစည်းများတွင် ပုံမှန်အားဖြင့် ခေါင်းဆောင်တစ်ဦး၊ ကျေးရွာကောင်စီတစ်ခု၊ ဖသားစု ခေါင်းဆောင်များ၊ morung[47] ဟုခေါ်သောရိုးရာယဉ်ကျေးမှုစင်တာများနှင့် ကျေးရွာများကြားဆက်ဆံရေး ထိန်းသိမ်းပေးသော ကျေးရွာသံအမတ်များ ပါရှိသည်။ နာဂသမိုင်းသလျှောက်တွင် ရွာပြည်ထောင်များ သည် မြေယာနှင့် အရင်းအမြစ် စီမံခန့်ခွဲရေးနှင့် အခြားပြည်သူ့ရေးရာဆုံးဖြတ်ချက်များချမှတ်ခြင်းအပေါ် မိမိတို့၏ ကိုယ်ပိုင် မူဝါဒများ နှင့် ပြဋ္ဌာန်းချက်များကို ချမှတ်၊ ကြပ်မတ်ကြသည်။[48]

ကိုကီးကျေးရွာအဖွဲ့အစည်းများ။ ။

- **အုပ်ချုပ်ရေး အဖွဲ့အစည်းများ** - ကျေးရွာခေါင်းဆောင်၊ ကျေးရွာ ကောင်စီ၊ မျိုးနွယ်စု ကောင်စီ၊ ဖသားစုခေါင်းဆောင်များ၊ ရပ်ကွက် ခေါင်းဆောင်များ၊ နွားကျောင်းသား၊ ရေစီမံခန့်ခွဲရေး ကော်မတီ
- **ဘာသာရေးအဖွဲ့အစည်းများ** - နတ်ဆရာ၊ မျိုးစေ့သူကြီး၊ နံကောင်သူကြီး၊ ပဲသူကြီး၊ မှဆိုးများ၊ ဘုရားကျောင်း၊ ဘုန်းကြီးကျောင်း
- **အခြားအဖွဲ့အစည်းများ** - စစ်သည်များ၊ လူငယ်အဖွဲ့၊ အမျိုးသမီးအဖွဲ့၊ ပန်းပဲဆရာများ၊ morung (အသက်မဝင်တော့) ၊ မှဆိုးများ။
- **အစိုးရအဖွဲ့အစည်းများ** - ကျန်းမာရေးဝန်ထမ်း၊ အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ စာကြည့်တိုက်၊ ကျောင်း။

### ကျေးရွာကောင်စီ

နာဂရိုးရာဓလေ့ထုံးတမ်း မြေယာစီမံမှုစနစ်တွင် ကျေးရွာကောင်စီသည် အရေးကြီးဆုံး အဖွဲ့အစည်း ဖြစ်သည်။ ကျေးရွာကောင်စီကို ကျေးရွာရပ်မိရပ်ဖများ နှင့် ဖသားစုခေါင်းဆောင်များဖြင့် ဖွဲ့စည်းထားပြီး ရပ်ရွာရှိဖသားစုနှင့် မိသားစုအားလုံးကို ကိုယ်စားပြုသည်။ ကျေးရွာကောင်စီအဖွဲ့ဝင်များသည် မိမိတို့၏ ဖသားစု အကျိုးစီးပွားကို ကိုယ်စားပြုရန် ဖြစ်ပြီး၊ မျိုးနွယ်စုဥပဒေများနှင့်ရိုးရာစံနှုန်းမှားကို ကောင်းစွာ နားလည်သော ပညာဉာဏ်နှင့် အတွေ့ကြုံရင့်ပုဂ္ဂိုလ်များကို ရွေးချယ်ထားခြင်းဖြစ်သည်။ တောတောင်များ အပါအဝင် ကျေးရွာ၏ သဘာဝအရင်းအမြစ်များကို စီမံခြင်းနှင့် ကျေးရွာစည်းမျဉ်းစည်းကမ်းများကို ကြပ်မတ်ရာတွင် ကျေးရွာကောင်စီ၏ အခန်းကဏ္ဍပါဝင်သည်။ ကျေးရွာကောင်စီသည် ကျေးရွာစည်းမျဉ်း

46 ဤအစီရင်ခံစာတွင် "ကျေးရွာသူကြီး" ဆိုသည့်စကားလုံးကို ခေါင်းဆောင်မှုရာထူးတွင်ရှိသည့် လူအတွက် ယေဘုယျသဘောသုံးနှုန်း ထားကာ ၎င်းသည် နာဂဘာသာစကားတွင် အခေါ်အဝေါ်တူညီ မည် မဟုတ်ပါ။

47 မိုယောင်း (Morung) သည် ဓလေ့ထုံးတမ်းများ၊ ရိုးရာဓလေ့များ၊ ကျွမ်းကျင်မှုများကို နောက်မျိုးဆက် အားဖြန့်ဝေပေးနေသည့် ရိုးရာနာဂ လူငယ်အဆောင်နှင့် ပညာရေးဌာနတခုဖြစ်ပါသည်။ မိုယောင်းများသည် လူမှုဘဝ၏အဓိကနေရာဌာနအဖြစ် ဆက်လက်မရှိတော့ပဲ ကျန်ရှိနေသည့် အဆောက်အအုံများ ကို အစည်းအဝေးများ၊ ပွဲများကျင်းပရန်အတွက်သာအသုံးပြုကြပါသည်။

48 Shimray A S W (2001) History of the Tangkhul Nagas, New Delhi, Akansha Publishing House

များကို ဆွေးနွေး အတည်ပြုပြီး၊ ထိုစည်းမျဉ်းများကို ကျေးရွာခေါင်းဆောင်မှ ထပ်မံ အတည်ပြုပေးသည်။ အိမ်ထောင်ဦးစီးအားလုံး ပါဝင်သော ကျေးရွာအစည်းအဝေးများတွင် မိမိတို့၏ ပြဿနာများကို ဆွေးနွေးကြပြီး ကောင်စီမှ ဖြေရှင်းချက် များအတွက် အကြံပေးကာ ကျေးရွာ ခေါင်းဆောင်မှ တည်ပြုပေးသည်။ ဆုံးဖြတ်ချက်များကို မျိုးနွယ်စု ဥပဒေများ နှင့် ရိုးရာစံနှုန်းများ အတိုင်း ချမှတ်ကြသည်။

### ကျေးရွာ ခေါင်းဆောင်

ဖြစ်ရပ်လေ့လာမှုပြုလုပ်သော ကျေးရွာသုံးရွာတွင် ကျေးရွာခေါင်းဆောင်သည် အာဏာအရှိဆုံးဖြစ်ပြီး၊ ကျေးရွာ၏ စီမံခန့်ခွဲမှုဆိုင်ရာ ဆုံးဖြတ်ချက်များကို အတည်ပြုပေးရသည်။ ကျေးရွာကောင်စီနှင့် အခြား ပူးတွဲအဖွဲ့အစည်းများမှ ကျေးရွာခေါင်းဆောင်အား အကြောင်းကြားပေးရပြီး၊ ကျေးရွာတစ်ခုလုံး၏ အကျိုး အတွက် သင့်တော်သော ဆုံးဖြတ်ချက်ချပေးရန် အကြံပြုကြရသည်။ ကျေးရွာခေါင်းဆောင်ကို ကျေးရွာ၏ သဘောဆန္ဒအရသာ ရွေးချယ်တင်မြှောက်ကြသည်။ ကျေးရွာခေါင်းဆောင်ခန့်ထားရာတွင် မျိုးနွယ်စု တစ်ခုနှင့် တစ်ခု ကွဲပြားကြသည်။ ဥပမာ ဒိန်းကလေးဝေး ကျေးရွာတွင် ကျေးရွာခေါင်းဆောင်၏ အခန်း ကဏ္ဍသည် ဖခင်မှ သားဦးသို့ လွှဲပြောင်းပေးလေ့ရှိပြီး ဆွမ့်ရာတွင်မူ ကျေးရွာခေါင်းဆောင်ကို ကျေးရွာ ကောင်စီမှ အတည်ပြုပေးရပြီး ကျေးရွာရှိဖသားစုစုနစ်စုကြား အလှည့်ကျစနစ်ဖြင့် ရွေးချယ်ခန့်အပ် ကြသည်။ ကိုကီးကျေးရွာတွင်မူ ခေါင်းဆောင်နေရာကို မျိုးရိုးအရခန့်အပ်သည်။ သို့သော်နောက်ဆုံး ခန့်အပ်ထားသော ခေါင်းဆောင်မှာ ကျေးရွာမှ ရွေးချယ်ခန့်အပ်ထားခြင်းဖြစ်ပြီး၊ ယခင် ခေါင်းဆောင်မှာ ကျန်းမာရေးအခြေအနေကြောင့် တာဝန်ထမ်းဆောင်နိုင်ခြင်းမရှိ၍ ဖြစ်သည်။

ကျေးရွာခေါင်းဆောင်သည် အုပ်ချုပ်ရေးအာဏာကို ကိုင်ဆောင်ထားပြီး၊ ရပ်ရွာအတွက် တာဝန်ခံရသည်။ ကျေးရွာ၏ စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်လျှင် (သို့) ကျေးရွာ၏အကျိုးကို မကြည့်လျှင် အာဏာ ရုပ်သိမ်းခံရနိုင်သည်။ ခေါင်းဆောင်နှင့်ပတ်သက်ပြီး ကျေးရွာကောင်စီတွင် အစွန်းဆုံးအာဏာရှိပြီး ခေါင်းဆောင်အားဖြုတ်ချ၍ အသစ်ပြန်လည် ခန့်အပ် နိုင်သည်။

### အခြားကျေးရွာ အဖွဲ့အစည်းများ

နာဂကျေးရွာများတွင် လူမှုရေးနှင့် ကိုးကွယ်ယုံကြည်မှုဘဝများကို ပုံဖော်ပေးသော ကျေးရွာအခြေပြု အဖွဲ့အစည်း အမျိုးမျိုးရှိသည်။ ထိုအဖွဲ့စည်းများတွင် အာဏာအဆင့် အမျိုးမျိုးရှိပြီး၊ မြေယာစီမံခန့်ခွဲမှု၊ ရေအရင်းမြစ် စီမံခန့်ခွဲမှု၊ သစ်တောထိန်းသိမ်း ကာကွယ်ရေး၊ ကျေးရွာဈေးကွက်နှင့် ရောင်းဝယ်ရေး တို့ အပါအဝင် ကိစ္စရပ်အများအပြားတွင် တာဝန်ရှိကြသည်။ အချို့ကဏ္ဍများမှာ အခြေခံအားဖြင့် အခမ်းအနား များဖြစ်ကြသည်။ ဥပမာ စစ်သူကြီး ဖြစ်သည်။ စိန်ခေါ်မှုအသစ်များကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်ပါက အဖွဲ့အစည်းသစ်များကို ရှောင်တခင်စုစည်းနိုင်သည်။ ဥပမာကိုကီးကျေးရွာတွင် စိုက်ပျိုးရေများ စီမံဖြန့်ဖြူး ပေးနိုင်ရန်အတွက် မကြာသေးမီက ရေစီမံခန့်ခွဲရေးကော်မတီကို ဖွဲ့စည်းခဲ့သည်။

### ကိုးကွယ်ယုံကြည်မှုဆိုင်ရာ အဖွဲ့စည်းများ

ရိုးရာဓလေ့ထုံးတမ်းအရ မြေယာစီမံခန့်ခွဲမှုတွင် အခမ်းအနားများနှင့် သဘာဝတွင်တွေ့ရသော နတ်များ နှင့် ဆက်ဆံမှုများ ပါဝင်သည်။ ဖသားစုခေါင်းဆောင်များ နှင့် ရိုးရာဓလေ့ထုံးတမ်း ဘာသာရေး ခေါင်းဆောင်များအပါအဝင် ကျေးရွာခေါင်း ဆောင်များသည် မိမိတို့မြေယာများနှင့် ဆိုင်သော နတ်ပူဇော်ပွဲ အခမ်းအနားများပြုလုပ်ရန် တာဝန်ရှိကြသည်။ နတ်ဆရာများသည် ရိုးရာဓလေ့ထုံးတမ်းအရ နတ်များနှင့် ဆက်သွယ်မှု အရှိဆုံးဖြစ်ပြီး မြေယာနှင့် သဘာဝ အရင်းအမြစ်များကို ထိန်းချုပ်ရန် အာဏာရှိကြ သည်။ ဥပမာ ဒိန်းကလေးဝေးတွင် နှစ်အလိုက် Jhum စိုက်ခင်းကို မည်သည့်နေရာမှ စတင်ခုတ်ထွင် ရှင်းလင်း ရမည်ကို ကာလဆရာမှ ကူညီဆုံးဖြတ်ပေးသည်။ ခရစ်ယာန်သာသနာရောက်ရှိလာသောအခါ နတ်ဆရာ များ၏ အခန်းကဏ္ဍနှင့် လွှမ်းမိုးမှုများ လျော့ကျသွားခဲ့ပြီး၊ ယခုအခါတွင် ဘုရားကျောင်းများနှင့် အသင်း တော်များသည် နာဂလူမျိုးတို့၏ အကြီးဆုံးဘာသာတရား ဖြစ်လာခဲ့သည်။

## မျိုးနွယ်စုကောင်စီများနှင့် နာဂဟော်ဟော်

မျိုးနွယ်စုကောင်စီများသည် မိမိတို့ မျိုးနွယ်စု အတွင်းရှိ ကျေးရွာများနှင့် ဖသားစု ခေါင်းဆောင်များ အားလုံးကို စုစည်းပေးသော အဓိကအဖွဲ့အစည်းများ ဖြစ်ကြသည်။ မျိုးနွယ်စုတိုင်းတွင် မျိုးနွယ်စု ကောင်စီ တစ်ခုရှိပြီး၊ အမည်အမျိုးမျိုးဖြင့် ခေါ်ဝေါ်ကြသည်။ ကောင်စီများကို ဖွဲ့စည်းပုံကွဲပြားကြပြီး၊ ကျေးရွာခေါင်းဆောင်များ၊ ဖသားစုခေါင်းဆောင်များ နှင့် မိမိတို့မျိုးနွယ်စု ကျေးရွာ တစ်ခုစီမှ ရပ်မိရပ်ဖများ ပါဝင်နိုင်သည်။ မျိုးနွယ်စုကောင်စီသည် မျိုးနွယ်စုများကြားရှိ အရေးအရာများနှင့် အလွန်အရေးကြီး၍ ကျေးရွာအာဏာပိုင်များမှ တစ်ဦးတည်းမကိုင်တွယ်နိုင်သော ကိစ္စရပ်များကို တာဝန်ယူကိုင်တွယ် ပေးရသည်။ ပြဿနာကို ကျေးရွာအာဏာပိုင်များမှ ဖြေရှင်း၍ မရပါက မျိုးနွယ်စုကောင်စီမှ ဖြေရှင်းပေးပြီး အဆုံးသတ် ဆုံးဖြတ်ချက်ကို ချမှတ်ပေးရသည်။

**ဆွမ္မရာကျေးရွာရှိ ထင်းရှူးတောများကို ကာကွယ်ထိန်းသိမ်းရန် လိုက်လျောညီထွေ အောင်ချမှတ်ထားသော စီမံခန့်ခွဲမှု**

ကျေးရွာ အဖွဲ့အစည်းများသည် အရင်းအမြစ် စီမံခန့်ခွဲရာတွင် စိန်ခေါ်မှုသစ်၊ အခွင့်အလမ်းသစ်များနှင့် လိုက်လျောညီထွေမှုရှိကြသည်။ ဆွမ္မရာ ရပ်ရွာလူ့အဖွဲ့အစည်းသည် အိမ်နီးချင်းကျေးရွာ၌ ထင်းရှူးပင်များ သေဆုံးနေကြောင်း ကြားရသော သတင်းကို မည်ကဲ့သို့ တုန့်ပြန်မည်ဆိုသည့်အပေါ် ဆုံးဖြတ်ချက်ချရန် ကျေးရွာအစည်းအဝေးတစ်ခုကို ၁၉၉၇ ခုနှစ်တွင်  ပြုလုပ်ကျင်းပခဲ့သည်။ အနာဂါတ်တွင် ထင်းရှူးသားများ ရေရှည်ဆက်လက် အသုံးပြုနိုင်ရန် ထင်းရှူးပင် ၁၀ ပင်နှင့် အထက်ပေါက်ရောက်သော Jhum မြေလပ်များကို ကျေးရွာရှိ မည်သူမျှ ခုတ်ထွင်ရှင်းလင်းခြင်း မပြုရန် ဆုံးဖြတ်ခဲ့ကြသည်။ လွန်ခဲ့သော နှစ်နှစ်၊ သုံးနှစ်က ဆွမ္မရာတွင် ထင်းရှူးပင်များ စတင်သေဆုံးခဲ့ချိန်တွင် ကျေးရွာမှ ထင်းရှူးပင်များကို ကာကွယ်ထိန်းသိမ်းခဲ့သည်မှာ နှစ်ပေါင်းများစွာရှိနှင့်နေပြီးဖြစ်သည်။

## မြို့နယ်ယဉ်ကျေးမှု ကော်မတီနှင့် ဗဟိုယဉ်ကျေးမှု ကော်မတီ

မြို့နယ်ယဉ်ကျေးမှုကော်မတီသည် ကျေးရွာများနှင့် မျိုးနွယ်စုများကို မြို့နယ်အဆင့်တွင် စုစည်းပေးလေ့ရှိသည်။ ထိုကော်မတီကို မျိုးနွယ်စုကောင်စီ တစ်ခုစီမှ ရွေးချယ်သတ်မှတ်ပေးသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။ ဥပမာ လေရှီးရှိ မျိုးနွယ်စု ယဉ်ကျေးမှုကော်မတီကို ထိုမြို့တွင်နေထိုင်သော  မျိုးနွယ်စု သုံးစု နှင့် မျိုးနွယ်စုခွဲနှစ်ခုတို့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။ ထိုကော်မတီသည် မျိုးနွယ်စုများကြားအငြင်းပွားမှုများကို ဖြေရှင်းခြင်း အစရှိသော မျိုးနွယ်စုများဆိုင်ရာ (သို့) နယ်မြေဒေသဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်သော ဆုံးဖြတ်ချက်များ ကိုချမှတ်ပေးသည်။

မြို့နယ်အဆင့် ယဉ်ကျေးမှုကော်မတီမှ ပြဿနာကိုမဖြေရှင်းနိုင်လျှင် ခန္တီးတွင် အခြေပြုသော ယဉ်ကျေးမှု ဗဟိုကော်မတီထံ လွှဲပြောင်းပေးလေ့ရှိသည်။ ယဉ်ကျေးမှု ဗဟိုကော်မတီကို မြန်မာနိုင်ငံရှိ နာဂမျိုးနွယ်စု အားလုံးမှ ရွေးချယ်သတ်မှတ်ထားသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။

နာဂဟော်ဟော်ကို ၁၉၃၀ ခုနှစ်အစောပိုင်းတွင် ဖွဲ့စည်းတည်ထောင်ခဲ့ပြီး မိမိတို့ ရိုးရာဓလေ့ထုံးတမ်းစနစ် အတွင်း အထွတ်အထိပ် နိုင်ငံရေးအဖွဲ့အစည်းအဖြစ် ရည်ရွယ်၍ မျိုးနွယ်စု ပေါင်းစုံမှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ လက်ရှိတွင် နာဂပြည်နှင့် မဏိပူရ ပြည်နယ်အပါအဝင် မတူကွဲပြားသော ပြည်နယ်များအတွက် ဟော်ဟော်အဖွဲ့အစည်း တစ်ခုမကရှိနေသည်။ ခန္တီးရှိ နာဂယဉ်ကျေးမှု ဗဟိုကော်မတီကို မြန်မာနိုင်ငံရှိ နာဂမျိုးနွယ်စုများအတွက် နာဂဟော်ဟော်နှင့် အဆင့်တူသော အဖွဲ့အစည်းအဖြစ် သတ်မှတ်နိုင်သည်။

## နာဂအမျိုးသားရေးရာ ကောင်စီ

နာဂအမျိုးသားရေးရာကောင်စီ (CNA) သည် မြန်မာနိုင်ငံရှိ နာဂလူမျိုးများ၏ ပြည်သူ့အဖွဲ့အစည်းဖြစ်ပြီး၊ မြန်မာနိုင်ငံရှိနာဂလူမျိုးများအများဆုံးစုစည်း စည်းဝေးခဲ့သည့် နာဂအမျိုးသားညီလာခံမှ ချမှတ်ခဲ့သော ဆုံးဖြတ်ချက်များကို ကြီးကြပ်အကောင်အထည်ဖော်နိုင်ရန် ၂၀၁၄ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ စည်းလုံးညီညွတ်မှု၊ ငြိမ်းချမ်းရေးနှင့် ဘုံနိုင်ငံရေးရည်မှန်းချက်များ တည်ဆောက်ရန်နှင့် အသိပညာပေးမှုများ၊ စွမ်းရည်မြှင့်တင်ခြင်း နှင့် ကိုယ်စားပြုပြောဆိုခြင်းများ မှတစ်ဆင့် နာဂလူမျိုးများ၏ အခွင့်အရေးများကို အသိအမှတ်ပြုနိုင်ရေး ကိုယ်စားပြုပြောဆိုနိုင်ရန် CNA ကို ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။ CNA တွင် အလုပ်အမှုဆောင် အဖွဲ့ဝင် ၄၉ ဦးရှိပြီး၊ မြို့နယ်ကိုယ်စားလှယ်များ၊ နိုင်ငံရေးသမားများ၊ ကျောင်းသားများ၊ စီးပွားရေးသမားများ၊ ဘာသာရေးအဖွဲ့အစည်းများ နှင့် လူငယ်အဖွဲ့အများ အပါအဝင် နာဂလူ့အဖွဲ့အစည်းရှိ ကဏ္ဍအသီးသီးကို ကိုယ်စားပြုထားသူများဖြစ်ကြသည်။



ဤအစီရင်ခံစာတွင်ပါဝင်သော သုတေသနတွေ့ရှိချက်များကို ပြန်လည်သုံးသပ်ဆွေးနွေးရန် ကိုကီကျေးရွာတွင် လူထုအစည်းအဝေးပြုလုပ်နေပုံ

## နာဂရိုးရာဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှုစနစ်ဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်း

နာဂရိုးရာဓလေ့ထုံးတမ်း မြေယာစီမံမှုစနစ်တွင် ဆုံးဖြတ်ချက်ချမှတ်မှုပုံစံ နှင့် လုပ်ငန်းစဉ်များကို ကောင်းစွာချမှတ်ထားပြီး မြေယာစီမံမှုစနစ်ကို ပြောင်းလဲနေသော အခြေအနေများတွင် လိုက်လျောညီထွေမှု ရှိစေသည်။ ကျေးရွာအဆင့် လုပ်ငန်းစဉ်များကြောင့် သဘာဝအရင်းအမြစ်ပြဿနာများကို ရိုးရာဓလေ့ထုံးတမ်းစနစ်မှ တုံ့ပြန်ဖြေရှင်းနိုင်ပြီး ထိရောက်သော ကြားဖြတ်ဝင်ရောက်စီမံမှုများ၊ စည်းမျဉ်းစည်းကမ်းများနှင့် ပြဋ္ဌာန်းချက်များကို အချိန်တိုအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်သည်။ ထို့အပြင် လိုအပ်သည့်နေရာများတွင် မျိုးနွယ်စုဥပဒေများကို ရိုးရာဓလေ့ထုံးတမ်း စနစ်မှ ပြင်ဆင်နိုင်ပြီး၊ အဖွဲ့အစည်းသစ်များ ထူထောင်ကာ ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်များကို ပြောင်းလဲနိုင်သည်။[49]

ကျေးရွာတစ်ခုစီတိုင်းတွင် ကာလတစ်ခုအကြာ၌ပုံမှန်ပြုလုပ်လေ့ရှိသော ကျေးရွာအစည်းအဝေးများရှိပြီး၊ အိမ်ထောင်ဦးစီးများတက်ရောက်၍ ကျေးရွာရှိလတ်တလောကိစ္စရပ်များနှင့် စိန်ခေါ်မှုများကို ဆွေးနွေးလေ့ ရှိကြသည်။ သဘာဝအရင်းအမြစ်အသုံးပြုမှုနှင့် စီမံခန့်ခွဲမှုကိစ္စရပ်များ ထိပ်တိုက်တွေ့ချိန်တွင်

49 ဤနေရာတွင် စည်းမျဉ်းစည်းကမ်းများဆိုသည်မှာ ကျေးရွာအတွင်းတွင်ဖြစ်ပေါ်ကျင့်သုံးနေသည့် ကြားဝင်ဆောင်ရွက်နေမှုများကို ရည်ညွှန်းခြင်းဖြစ်ကာ ဥပဒေများဆိုသည်မှာ လူမျိုးစုဆိုင်ရာဖွဲ့စည်းပုံ အခြေခံဥပဒေမူဘောင်ကို ရည်ညွှန်းပါသည်။ စည်းမျဉ်းစည်းကမ်းများသည် ၄င်းဖွဲ့စည်းပုံအခြေခံဥပဒေ မူဘောင်အပေါ်တွင် အခြေခံထားပါသည်။

ကျေးရွာမှ ပြဿနာဖြေရှင်းရန် ဖြစ်နိုင်ခြေ နည်းလမ်းများကို ဆွေးနွေးပြီး ကျေးရွာကောင်စီနှင့် ကျေးရွာခေါင်းဆောင်တို့မှ ထောက်ခံချက်ပေးနိုင်ရန် အကောင်အထည်ဖော်မည့်လမ်းကြောင်းကို သဘောတူချမှတ်လေ့ရှိသည်။ အုပ်ချုပ်ရေးသည် ပုံမှန်အားဖြင့် ရိုးရာဓလေ့ထုံးတမ်း ဥပဒေများနှင့် ကျေးရွာစံများပေါ်တွင် အခြေခံထားသည်။

လိုအပ်ပါက ကျေးရွာကောင်စီသည် ဆပ်ကော်မတီ/ကော်မရှင်များ ဖွဲ့စည်းနိုင်သည်။ ၂၀၁၅ ခုနှစ်တွင် ကိုကီးကျေးရွာတွင် ရက်ကွက်လေးခုလုံး စိုက်ပျိုးရေ ရရှိရေးအတွက် ရေအရင်းအမြစ် စီမံခန့်ခွဲမှုကော်မတီကို ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကျေးရွာလူကြီး များဖြင့်ဖွဲ့စည်းခဲ့သည်။

ပုံ ၃ - နာဂဓလေ့ရိုးရာလက်ရှိထားပိုင်ခွင့်စနစ်တွင် ကျေးရွာအဆင့်ဆုံးဖြတ်ချက်ချခြင်း




မျိုးနွယ်စုတစ်ခုချင်းစီတွင် နှုတ်ဖြင့်လက်ဆင့်ကမ်းလာခဲ့သော ကိုယ်ပိုင် ရိုးရာဥပဒေများရှိပြီး၊ ပါရာမျိုးနွယ်စု အပါအဝင် အချို့မျိုးနွယ်စုများ၏ ဥပဒေများကိုမူ စာပေဖြင့်မှတ် တမ်းတင်ပြုစုထားသည်။ မျိုးနွယ်စု ဥပဒေများသည် ကျေးရွာအတွင်း ကျင့်သုံးခဲ့သော ရိုးရာဓလေ့သမိုင်းများအပေါ်တွင် အခြေခံထားပြီး ထိုဥပဒေများကို ကျေးရွာခေါင်း ဆောင်များမှ လမ်းညွှန်ချက်အဖြစ် အသုံးပြုကြသည်။

> **"အမျိုးသမီးများ မရှိလျှင် နာဂရွာက တစ်ပိုင်းသေပါပဲ"**
>
> –ဆွမ္မရာမှ အမျိုးသမီး

တည်ဆဲမျိုးနွယ်စု ဥပဒေများကို ပြင်ဆင်ရာတွင်ငှင်း၊ ဥပဒေသစ်များကို စတင်မိတ်ဆက်ပေးရာတွင်ငှင်း၊ ကျေးရွာ၏ စည်းမျဉ်းစည်းကမ်းများ ပြောင်းလဲခြင်းကြောင့် အခြားကျေးရွာများကို ထိခိုက်စေလျှင်လည်းကောင်း၊ ထိုကိစ္စကို မျိုးနွယ်စုကောင်စီ၌ ဖြေရှင်းရပြီး၊ မျိုးနွယ်စု ကောင်စီမှ ဆွေးနွေးကာ ဥပဒေသစ်များကို အတည်ပြုပေးလေ့ရှိသည်။ လက်ရှိတွင် မျိုးနွယ်စုကောင်စီများ နှင့် နာဂဟော်ဟော် တို့က မိမိတို့သည် အမျိုးသမီး အမွေဆက်ခံပိုင်ခွင့် နှင့် ပတ်သက်သော အခြေအနေများကို ပြန်လည်စမ်းစစ်လျက်ရှိကြောင်း ဆိုသည်။

## ဆုံးဖြတ်ချက်ချမှတ်ရာတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍ

ရိုးရာဓလေ့ထုံးတမ်းစနစ်တွင် ဆုံးဖြတ်ချက်ချခြင်းနှင့် ပတ်သက်၍ အမျိုးသမီးများ၏ အခန်းကဏ္ဍပိုမိုကျယ်ပြန့်စွာ ရှိသင့်ကြောင်း ကျေးရွာများရှိ အမျိုးသမီးများမှ ဆိုကြသည်။ အမျိုးသမီးများသည် မိမိတို့ ပတ်ဝန်းကျင်တွင် အလုပ်ကြိုးစား ကာ တာဝန်အများအပြား ယူထားရပြီး၊ ပတ်ဝန်းကျင်ကို အကျိုးပြုခြင်း အပေါ် မူတည်၍ အမျိုးသမီးများ အနေဖြင့် ဆုံးဖြတ်ချက်များချခွင့်ရှိသင့်သည်။

ကျေးရွာခေါင်းဆောင်များ၊ ကျေးရွာကောင်စီများ၊ မျိုးနွယ်စု ခေါင်းဆောင်များ နှင့် မျိုးနွယ်စု ကောင်စီများသည် အထူးပုဂ္ဂိုလ်များ ဖြစ်ကြသည်။ ခေါင်းဆောင်တစ်ဦး၏ ဇနီးသည် သည် မိမိခင်ပွန်းမှ တာဝန်မထမ်းဆောင်နိုင်ချိန်တွင် ခင်ပွန်းသည်၏ တာဝန်များကို ယာယီထမ်းဆောင်ရနိုင်သည်။

ကျေးရွာအစည်းအဝေးများသည် ကျေးရွာပြည်သူများကြား သတင်းအချက်အလက်များဝေမျှကာ ဆုံးဖြတ်ချက်များ အတူတကွချမှတ်နိုင်ရန် အရေးကြီးဆုံး နှင့် အသုံးများဆုံး နည်းလမ်းများအနက်မှ



မူလတန်းပြဆရာမလေးနှင့်သူမ၏ ကျောင်းသူကျောင်းသားများ

တစ်ခုဖြစ်သည်။ ပုံမှန်အားဖြင့် ကျေးရွာ အစည်းအဝေးသို့ အိမ်ထောင်တစ်ခုမှ တစ်ဦး တက်ရောက်လေ့ရှိသည်။ အမျိုးသမီးများ တက်ရောက်နိုင်သော်လည်း ပုံမှန်အားဖြင့် မိမိတို့အိမ်ထောင်ကိုယ်စား အမျိုးသားများ တက်ရောက်လေ့ရှိသည်။ ထို့ကြောင့် ကျေးရွာအစည်းအဝေးများတွင် ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ အမျိုးသမီးများသည် များသောအားဖြင့် တိုက်ရိုက်ပါဝင်မှုမရှိပေ။ သို့သော် မိမိတို့မိသားစု အတွင်းတွင် ရပ်ရွာကိစ္စရပ်များကို ဆွေးနွေးနိုင်ကြသည်။

နာဂအမျိုးသား ညီလာခံ

**4th-30-Nov 2014**

**အပိုင်း - ၃။ ။ အမျိုးသမီးအခွင့်အရေး ရည်မှန်းချက်များ**

၃.၁။ အဖွဲ့အစည်း၏ ကဏ္ဍအားလုံးတွင် အမျိုးသမီးများပါဝင်ပြီး ဆုံးဖြတ်ချက်များချမှတ်ခွင့်ရှိသည်။

၃.၂။ အမျိုးသမီးများသည် ငြိမ်းချမ်းရေးနှင့် နိုင်ငံရေးကိစ္စရပ်များတွင် ပါဝင်ခွင့်ရှိသည်။

၃.၃။ အမျိုးသီးများ၏ အခန်းကဏ္ဍကို အားကောင်းစေရန်နှင့် အမျိုးသမီးများအား လုပ်ပိုင်ခွင့်များ ပေးရန် နာဂအမျိုးသမီး အဖွဲ့ချုပ်ကို ဖွဲ့စည်းသင့်သည်။

၃.၄။ အမျိုးသမီးများသည် ရိုးရာတရားစီရင်ရေးစနစ်တွင် ပါဝင်ခွင့် ရှိသည်။

၃.၅။ အမျိုးသမီး အခွင့်အရေးများကို ကာကွယ်ပေးရမည်။

လေ့လာမှုပြုလုပ်ခဲ့သော ကျေးရွာတစ်ခုစီတွင် အမျိုးသမီး အသင်းအဖွဲ့များ ရှိကြသည်။ အလှူခံခြင်း၊ ယဉ်ကျေးမှုဆိုင်ရာ၊ အမျိုးသမီးဖွံ့ဖြိုးရေး နှင့် လူမှုရေး ကိစ္စရပ်များအတွက် ထိုအမျိုး သမီးအဖွဲ့များ တွေ့ဆုံလေ့ရှိသည်။ လွန်ခဲ့သော နှစ်နှစ်အကြာက ဒိန်းကလေးဝေးရှိ အမျိုးသမီးများသည် ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ထိန်းသိမ်းရန်နှင့် ရိုးရာ အကများကို ဖော်ထုတ်ကပြရန် အမျိုးသမီးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။ ကျေးရွာအသင်းတော်များရှိ အမျိုးသမီးအသင်းများသည် နာမကျန်းသူများနှင့် မရှိဆင်းရဲသားများကို ကူညီလေ့ရှိကြသည်။ ဆွမ္မရာရှိ အမျိုးသမီးများသည် မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ အရက်သေစာသောက်စားခြင်း နှင့် အခြားလူမှုရေး ပြဿနာများကို တိုက်ဖျက်ရန် ရည်မှန်းချက်ဖြင့် အမျိုးသမီးအဖွဲ့အစည်းကို ဖွဲ့စည်းခဲ့သည်။

ကိုကီး နှင့် ဒန်းကလေးဝေး ကျေးရွာများရှိ အမျိုးသား၊ အမျိုးသမီးများသည် အမျိုးသမီးများ အခွင့်အရေးအတွက် ပညာရေး၏ အခန်းကဏ္ဍကို ထောက်ပြကြသည်။ ကိုကီးကျေးရွာရှိ အမျိုးသားများက မိမိတို့၏ သားများသည် မြေယာအမွေ ဆက်ခံရမည်ဖြစ်၍၊ သမီးများ၏ အနာဂတ်လုံခြုံစိတ်ချရရေးအတွက် ကျောင်းသို့ပို့ကြကြောင်း ဆိုသည်။ ဆွမ္မရာတွင် အစိုးရကျောင်းကို ၁၉၆၀ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး၊ လက်ရှိအချိန်တွင် ကိုးတန်းထိ ကျေးရွာတွင် တက်ရောက်နိုင်သည်။ အမျိုးသမီးများသည် ကျောင်းပညာရေးကို ပိုမိုသင်ကြားလာရခြင်းသည် မိမိတို့ဘဝတစ်လျှောက် အရေးကြီးဆုံး အပြောင်းအလဲများအနက် တစ်ခုအဖြစ် သတ်မှတ်ထားသည်။ ယခင်က ရပ်ရွာတွင် အမျိုးသားများကသာ ဆုံးဖြတ်ချက်များ ချမှတ်ကြသော်လည်း၊ ယခုအခါတွင် ပညာတတ် အမျိုးသမီးများမှာ အခွင့်အရေးများ ပိုမို ရရှိလာကြပြီး အစိုးရဌာနများတွင် အလုပ်များ ရလာကြသည်ဟု  ဆွမ္မရာမှ အမျိုးသမီးတစ်ဦးမှ ရှင်းပြသည်။

## မြန်မာအစိုးရ အဖွဲ့အစည်းများ

မကြာသေးမီနှစ်များက နာဂကျေးရွာများ၌ အစိုးရအုပ်ချုပ်ရေး တိုးမြှင့်လာခဲ့သည်။ ကျေးရွာနယ်မြေ နှင့် မြို့နယ်အဆင့်များတွင် ထွေ/အုပ်ဌာန ရှိပြီး ကျောင်းနှင့် ဆေးခန်း အစရှိသော အစိုးရအဖွဲ့ အစည်းများမှာ ပိုမို အဓိကကျလာသည်။ မြို့နယ်အဆင့် သစ်တောဦးစီဌာန နှင့် ကြေးတိုင်နှင့် မြေစာရင်းရုံးများ သည် လေရှီးမြို့တွင် ရှိပြီး ဆွမ္မရာမြို့နယ်ခွဲတွင်လည်း ရုံးများဖွင့်ရန် စီစဉ်လျက်ရှိသည်။ ရပ်သူရွာသားများသည် ထိုရုံးခွဲများ တိုးချဲ့ဖွင့်လှစ်လာပါက မိမိတို့၏ ရိုးရာမြေနှင့် သဘာဝအရင်းအမြစ်များကို စီမံအသုံးပြုခွင့် ဆုံးရှုံးရ မည်ကို စိုးရိမ်နေကြသည်။

ပုံ ၄ - ဒိန်းကလေးဝေး (DENGKLEYWAY) ရှိဓလေ့ရိုးရာနှင့်အစိုးရအင်စတီကျူးရှင်းများ




Source: Group discussion on institutions in Dengkleyway

ကျေးရွာနယ်မြေ တစ်ခုစီတိုင်းတွင် GAD မှရွေးကောက်ထားသော အုပ်ချုပ်ရေးမှူး တစ်ဦးစီရှိပြီး၊ မြို့နယ် အဆင့် အုပ်ချုပ်ရေးမှူးထံသို့ အစီရင်ခံရသည်။ GAD သည် နိုင်ငံတော်လုပ်ငန်းများ၊ အခွန်ကောက်ခြင်း၊ ဒေသ၏လုပ်ငန်းများကိုမှတ်တမ်းတင်ခြင်း နှင့် မြေယာမှတ်ပုံတင်ခြင်းတို့ကို ကြီးကြပ်ခြင်း အစရှိသော အုပ်ချုပ်မှုလုပ်ငန်းများကို လုပ်ဆောင်လျှက်ရှိသည်။ GAD သည် မြန်မာအစိုးရနှင့် နာဂရိုးရာဓလေ့ထုံးတမ်း စနစ်များကြား ကြားခံအဖြစ် အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်နေသည်။ GAD ၏ကျေးရွာနယ်မြေ အုပ်ချုပ်ရေးမှူးများကို ကျေးရွာမှ ရွေးကောက်ပြီး ကျေးရွာကောင်စီမှ အတည်ပြုပေးရကာ၊ အစိုးရနှင့် ရိုးရာဓလေ့ထုံးတမ်းစနစ်တို့ကြား ဆက်သွယ်ပေးသော အရေးကြီး အခန်းကဏ္ဍတွင် ပါဝင်လျှက်ရှိသည်။ ထိုအုပ်ချုပ်ရေးမှူးများသည် များသောအားဖြင့် လူငယ်များ ဖြစ်ကြပြီး ကျေးရွာကောင်စီရှိ ရပ်မိရပ်ဖများနှင့် နိုင်ငံတော်အစိုးရကြား ကြားခံအခန်းကဏ္ဍတွင် ပါဝင်လျှက်ရှိသည်။ အခြေခံအဆောက်အဦးများ ဆောက် လုပ်ခြင်း (သို့) အစိုးရဝန်ဆောင်မှုများ ပေးအပ်ခြင်း အစရှိသော အစိုးရလုပ်ငန်းများနှင့် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရာတွင် ကြားခံနေရာသည်အရေးကြီးသည်။ အဘယ့်ကြောင့်ဆိုသော် ကြားခံရှိခြင်းကြောင့် အစိုးရအစီအစဉ်များကို ရိုးရာလူကြီးများမှ ဆွေးနွေးနိုင်ပြီး၊ ရပ်ရွာ၏ လိုအပ်ချက်များကိုလည်း နိုင်ငံတော် သို့အသိပေး တင်ပြနိုင်သည်။

ထိုအကြောင်းများကြောင့် သုတေသနတွင် ပူးပေါင်းပါဝင်သူများက လက်ရှိ GAD ၏ကြားခံအခန်းကဏ္ဍ သည် အကျိုးရှိကြောင်း ဖော်ပြကြသည်။ သို့သော် ရိုးရာအဖွဲ့အစည်းများကို တရားဝင် အသိအမှတ်ပြုခြင်း မရှိလျှင် ရိုးရာအားဏာပိုင်များအနေဖြင့် ပြင်ပမှလာသော ကြားဝင်စွက်မှုများကို ငြင်းပယ်ရန် (သို့) တည့်မှတ်ပေးရန် နှင့် ဒေသရှိ လိုအပ်ချက်များကို အသိပေးတင်ပြဆွေးနွေးနိုင်ရန် ခက်ခဲသည်။

### နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသကို စစ်ကိုင်းတိုင်းဒေသ ကြီးရှိ လေရှီး၊ လဟယ်နှင့် နန်းယွန်း မြို့နယ်များဖြင့် ဖွဲ့စည်းထားသည်။ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဧရိယာ(SAAs) ခြောက်ခု ဖွဲ့စည်း ခဲ့ပြီး၊ သတ်မှတ်ထားသော တိုင်းရင်းသားလူနည်းစု များကို ကန့်သတ်အုပ်ချုပ်ရေး အာဏာပေးခဲ့သည်။ SAAs တွင် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ (SAZs) ကို နာဂ၊ ပအိုဝ့်၊ ပလောင်၊ ဓနု၊ ကိုးကန့် နှင့် ဝ အထူးအုပ်ချုပ်ရေးတိုင်း (SAD) ဟူ၍ ပေးထားသည်။ SAAs သည် ဦးစီးအဖွဲ့၏ အောက်တွင်ရှိပြီး၊ ဦးစီးအဖွဲ့ကို ရွေးကောက်ခံရသော လွှတ်တော်အမတ်များ၊ စစ်ဘက်ဆိုင်ရာများ နှင့် လူနည်းစု ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည်။ ဦးစီးအဖွဲ့သည် ဦးစီးဥက္ကဋ္ဌတစ်ဦးကို ရွေးချယ်ခန့်အပ်ထားရပြီး၊ ထိုဦးစီး ဥက္ကဋ္ဌမှ ကော်မတီ ဖွဲ့စည်းကာ ဒေသအတွင်း အုပ်ချုပ်ရေး တာဝန်များကို လုပ်ဆောင်သည်။



**Map 6: Naga SAZ, source: MIMU**

### ဓလေ့ထုံးတမ်းများဖြစ် စီမံခန့်ခွဲနေသော နာဂဒေသအတွင်း စီမံကိန်းများ လုပ်ဆောင်ရာတွင် လိုက်နာ သင့်သည့် လုပ်ထုံးလုပ်နည်းများ

အစိုးရ၊ ပြင်ပအဖွဲ့အစည်းများ နှင့် ရိုးရာဓလေ့ထုံးတမ်း စနစ်တို့ကြား အပြန်အလှန် ဆက်သွယ် လုပ်ဆောင် မှု မြင့်မားလျှင် ကျောင်းများ နှင့် ဆေးရုံဆေးခန်းများ ဆောက်လုပ်ခြင်း အစရှိသော ကောင်းသော အကျိုး ရလဒ်များ ဖြစ်ပေါ်ပြီး၊ ပူးပေါင်းဆောင်ရွက်မှု နှင့် အကြံဉာဏ် ရယူမှုနည်းခြင်းကြောင့် ဒေသအတွင်း ပြဿနာများ ဖြစ်ပေါ်စေသည်။ လုပ်ငန်းများကို ဒေသအတွင်း စီမံချက်ချပြီး လုပ်ဆောင်ရာတွင် ရိုးရာ အာဏာပိုင်များထံမှ လုံလောက်သောအကြံအဉာဏ်များရယူရန် အရေးကြီးကြောင်းကို ကျေးရွာတစ်ခု ချင်းစီရှိ တေသနတွင် ပူးပေါင်းပူဝင်သူများက ဆိုကြသည်။ ဒေသခံများသည် ပြင်ပလုပ်ငန်းအစီအမံများ

အတွက် ရိုးရာဓလေ့ထုံးတမ်းစနစ်မှ တစ်ဆင့် ဒေသ၏ သဘောဆန္ဒကိုမေးမြန်း ခံခြင်းသက်သက်မဟုတ်ပဲ မိမိတို့၏ အနာဂါတ်ကို ပုံဖော်ရန် ဦးဆောင်မှုကဏ္ဍမှ ပါဝင်သည်။

အစီအစဉ်ရေးဆွဲခြင်း၊ ဆွေးနွေးခြင်း၊ နှင့် အငြင်းပွားမှု ဖြေရှင်းခြင်းအစရှိသော ကိစ္စရပ်များအတွက် ရိုးရာ ခေါင်းဆောင်များ နှင့် အစိုးရဝန်ထမ်း များကြား ပွင့်လင်း၍ အသက်ဝင်သောဆက်သွယ် ဆောင်ရွက်မှု များရှိလျှင် နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းနိုင်မည်ဖြစ်သည်။

ဒိန်ဒကလေးဝေးကျေးရွာတွင် လေရှီးသို့ဆက်သွယ်သော ရေပိုက်လိုင်းကို GAD မှ မကြာသေးမီက တည်ဆောက်ခဲ့သည်။ လေရှီးမြို့တွင် ဒိန်းကလေးဝေးတွင် ဒေသခံများ၏ ဆွေမျိုးများရှိပြီး ရေသွယ်ခြင်း အစီအစဉ်ကို အစတွင် သဘောတူထားကြသည်။ သို့သော် ယခုအခါတွင် မိမိတို့ လှေကားထစ် စိုက်ခင်း များ၌ ဆောင်းသီးနှံများ စိုက်ပျိုးရန်ပင် စိုက်ပျိုးရေလုံလောက်မှုမရှိတော့ပေ။ ရွာခံများသည် နှစ်ဦးနှစ်ဖက် အဆင်ပြေအောင် လုပ်ငန်းကို ပြန်လည်စစ်ဆေး သဘောတူနိုင်ရေးအစိုးရနှင့် မည်သို့ဆက်လုပ်သွား ရမည်ကို မသေချာဖြစ်နေသည်။

၂၀၀၈ ခုနှစ်တွင် အိမ်နီးချင်းရွာမှ GAD က ကျောင်းဆောက်ရန် ကိုကီးကျေးရွာပိုင် သစ်တောမှ သစ်ထုတ် ယူရန် တောင်းဆိုခဲ့သည်။ ကျေးရွာအာဏာပိုင်များမှ ခွင့်ပြုလိုက်သောအခါ၊ သစ်များကို သဘောတူထား သည်ထက် ပိုထုတ်ခဲ့ကြပြီး၊ ကျေးရွာအတွက် အကျိုးကျေးဇူး တစ်စုံတစ်ရာ မယ်မယ်ရရ မရှိခဲ့ပေ။

အခြားဥပမာတစ်ခုမှာ ဆွမ္မရာကျေးရွာမှဖြစ်ပြီး ရိုးရာမြေပေါ် ပြည်သူ့ဘေးမဲ့တောအဖြစ် ဧက ၅၀၀၀ ကိုအဆိုပြုထားသောကြောင့် ဒေသခံများကြား စိုးရိမ်မှုများဖြစ်စေခဲ့ခြင်းဖြစ်သည်။ ကျေးရွာကို အကြောင်း တစ်စုံတစ်ရာ မကြားသည့်အပြင် ရိုးရာအာဏာပိုင်များ၏ သဘောထားကိုလည်း မေးမြန်းခြင်း မရှိခဲ့ပါ။ သတင်းအချက်အလက် စုံစမ်း၍ ထိုအဆိုပြုချက်အား ကန့်ကွက်ကြောင်း ဆက်သွယ်ခဲ့သော်လည်း အကြောင်းတစ်စုံတစ်ရာ မပြန်ကြားခဲ့ပေ။ သက်ဆိုင်ရာ အစိုးရတာဝန်ရှိသူများနှင့် ကောင်းစွာ ဆက်သွယ်မှုမရခြင်းကြောင့် PPF နယ်မြေသတ်မှတ်ခြင်းအဆိုးပြုချက်အပေါ် စိုးရိမ်မှုများ ပိုမိုမြှင့်မား လာရသည်။

**FPIC**

**Free:** အကျပ်ကိုင်မှု၊ ခြိမ်းခြောက်မှု၊ ကြိုးကိုင် ခြယ်လှယ်မှုများ မရှိပဲ မိမိဆန္ဒအလျောက် ပေးသည်။

**Prior:** မည်သည့်လုပ်ငန်းမဆို မစတင်မီ သဘောထား ဆန္ဒခွင့်ပြုချက် ရယူရမည်။

**Informed:** ပူးပေါင်း ပါဝင်ခြင်း၊ အကြံဉာဏ် ရယူခြင်းနှင့် သဘောတူညီမှုသည် အဓိက မဏ္ဍိုင် ဖြစ်သည်။

**Consent:** ပူးပေါင်း ပါဝင်ခြင်း၊ အကြံဉာဏ် ရယူခြင်းနှင့် သဘောတူညီမှုသည် အဓိက မဏ္ဍိုင် ဖြစ်သည်။

အစိုးရမဟုတ်သော အဖွဲ့အစည်းများ (NGO) ၏ပဏာမ ခြေလှမ်းများသည် ရိုးရာအာဏာပိုင်များထံ အကြံဉာဏ်ရယူ ပူးပေါင်းဆောင်ရွက်ခြင်း မရှိသောကြောင့် ဒေသအတွက် ပြဿနာများသာ ဖြစ်စေပြီး အချို့ကဏ္ဍများတွင် ကျေးရွာနှင့် မျိုးနွယ်စုများကြား ပဋိပက္ခများပင် ဖြစ်ပွားစေခဲ့သည်။ ဥပမာ၂၀၁၄ ခုနှစ်တွင် ဆောင်ရွက်ခဲ့သော REDD+ စမ်းသပ်ခြင်းအစီအစဉ်တွင် ကျေးရွာနယ်မြေနှင့် သစ်တော နယ်နိမိတ်များကို သတ်မှတ်ရန် ရည်ရွယ်ချက်ဖြင့် ကျေးရွာခြောက်ရွာရှိ လူထုပူးပေါင်းပါဝင်သော မြေပုံ ရေးဆွဲခြင်းကို ဆောင်ရွက်ခဲ့သည်။ မျိုးနွယ်စု ခေါင်းဆောင်များနှင့် ပူးပေါင်းဆောင်ရွက်မှုအချို့ ရှိခဲ့သော် လည်း၊ GAD သည် လုပ်ငန်းလုပ်ဆောင်ရာ နေရာများသို့ သွားလာရေး အဆင်ပြေအောင် လုပ်ဆောင်ခဲ့ပြီး၊ မြေပုံများတွင် GAD နယ်နိမိတ်များပါရှိသောကြောင့်၊ ဤလုပ်ငန်းသည် ရိုးရာအဖွဲ့အစည်းများကို ယုတ် လျော့သွားအောင် ဆောင်ရွက်နေသည်ဟု ရွာခံများမှ မြင်လာသည်။ ထိုလုပ်ငန်းတွင် အစီအစဉ်၌ ပါဝင်ခြင်းမရှိသောကြောင့် ဒေသခံများ၏ သဘောထားရယူခြင်းမရှိခဲ့သော ကျေးရွာများတွင်လည်း

မြေပုံရေးဆွဲ သတ်မှတ်ခြင်းများ ပြုလုပ်ခဲ့သည်။ အကြောင်းမှာ ထိုကျေးရွာများသည် မူလက ရွေးချယ်ခဲ့သော ကျေးရွာများထက် လမ်းနှင့်ပိုနီးပြီး သွားလာရ အဆင်ပြေသောကြောင့် ဖြစ်သည်။ အိမ်နီးချင်းရွာများ ပါဝင်ခြင်းမရှိပဲ ကျေးရွာနယ်နိမိတ်များကို သတ်မှတ်ရေးဆွဲခြင်းကြောင့် နောက်ဆုံးတွင် မြေပုံဆွဲခြင်း လုပ်ငန်းစဉ်သည် ကျေးရွာတစ်ချို့တွင် ပြဿနာများဖြစ်ပေါ်စေခဲ့သည်။ ရေးဆွဲသတ်မှတ်ခဲ့သော နယ်နိမိတ်အချို့တွင် အိမ်နီးချင်း ကျေးရွာများ၏ နယ်မြေများ ကိုထည့်သွင်းထားသည်ဟုဆိုကာ ကျေးရွာများကြား ပဋိပက္ခများ ဖြစ်စေခဲ့သည်။

ယခုအခါ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂ၏ ဌာနေလူမျိုးများဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်း (UNDRIP)[50] ကိုလက်မှတ်ရေးထိုးထားသော နိုင်ငံဖြစ်သည်။ UNDRIP တွင် လွတ်လပ်စွာ ကြိုတင်သဘောထားခံယူခြင်း (FPIC)[51] အခွင့်အရေးပါရှိပြီး၊ ဌာနေတိုင်းရင်းသားတို့၏ နယ်မြေတွင် စီမံကိန်းများ ချမှတ်လုပ်ဆောင်မည် ဆိုပါက ဒေသခံဌာနေလူမျိုးများ၏ သဘောတူညီမှုနှင့် ပူးပေါင်းပါဝင်မှုများကို ရယူရမည် ဖြစ်သည်။

ထို့ကြောင့် နာဂတောင်တန်းဒေသတွင် စီမံကိန်းများချမှတ်လုပ်ဆောင်မည်ဆိုပါက အစိုးရများ၊ ပုဂ္ဂလိကကုမ္ပဏီများ နှင့် အစိုးမဟုတ်သော အဖွဲ့အစည်းများသည် လုပ်ငန်းမစတင်မီ မိမိတို့လုပ်ဆောင်မည့် စီမံကိန်း အသေးစိတ်နှင့် ပတ်သက်ပြီး ဒေသခံများထံမှ သဘောထားအကြံဉာဏ်များ ရယူရန်တာဝန်ရှိသည်။ အစိုးရအာဏာပိုင်များ နှင့် စီးပွားရေးလုပ်ငန်းများသည် နာဂဒေသတွင် စီမံကိန်းများ အကောင်အထည်မဖော်မီ မျိုးနွယ်စု နှင့် ကျေးရွာကောင်စီများထံမှ သဘောထား အကြံဉာဏ် အပြည့်အဝ ရယူရန် လိုအပ်နေကြောင်း ကျေးရွာအာဏာပိုင်များနှင့် ရပ်သူရွာသားများကထောက်ပြပြောဆိုကြသည်။ NGOs များအနေဖြင့်လည်း မိမိတို့လုပ်ငန်းများကို အလားတူ ဒေသခံများ၏ သဘောထားဆန္ဒနှင့် တက်ကြွပူးပေါင်း ပါဝင်မှုတို့ဖြင့် စီမံရေးဆွဲချမှတ်ကာ ရိုးရာအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက်သင့်ပြီး အစိုးရနှင့် ရိုးရာဓလေ့ထုံးတမ်း စနစ်များကြား ဆက်ဆံရေးကို အထိခိုက်မခံအောင် ဂရုစိုက်သင့်သည်။

---

50 United Nations (2007) United Nations Declaration on the Rights of Indigenous Peoples. http://www.un.org/esa/socdev/unpfii/documents/DRIPS_en.pdf

51 UN-REDD Programme (2009) Guidelines on Free, Prior, Informed Consent. http://www.uncclearn.org/sites/default/files/inventory/un-redd05.pdf

# နာဂရိုးရာတရားစီရင်ရေးစနစ်များ

ရွာသူရွာသားများကြား အငြင်းပွားမှုများကို ဖြေရှင်းပေးရန် နှင့် ရပ်ရွာစည်းမျဉ်းစည်းကမ်းများ ချိုးဖောက်ပါက ပြစ်ဒဏ်ချမှတ်ရန် နာဂရိုးရာဓလေ့ထုံးတမ်းတရားရေးစနစ်ကို အသုံးပြုသည်။ နာဂလူ့အဖွဲ့အစည်းတွင် ဖြစ်ပေါ်သော အငြင်းပွားမှုများနှင့် ပြဿနာများအားလုံးနီးပါးကို ရိုးရာဓလေ့ထုံးတမ်းစနစ်ဖြင့်သာ ဖြေရှင်းလေ့ရှိသည်။ အငြင်းပွားမှုများဖြစ်လျှင် နှစ်ဦးနှစ်ဖက်ကြား ညှိနှိုင်းပေးပြီး ကျေနပ်သည်အထိ ရိုးရာအာဏာပိုင်မှ ဖြေရှင်းပေးလေ့ရှိသည်။

အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံတော်တရားရုံးများကို အငြင်းပွားမှုများဖြေရှင်းရန် လူထုမှ အသုံးနည်းသည်။ ဒေသရှိအငြင်းပွားမှုများကို ဖြေရှင်းနိုင်ရန် ရိုးရာဓလေ့ထုံးတမ်းစနစ်အပေါ် ပိုမိုယုံကြည်ကြကြောင်း လူထုမှ ဆိုကြသည်။ နိုင်ငံတော် တရားရုံးများကို သွားရောက်ရာတွင် လမ်းခရီးကြန့်ကြာခြင်း၊ အကုန်ကျများခြင်း၊ ဘာသာစကားကွဲပြားခြင်း၊ ဥပဒေနှင့် ရင်းနှီးကျွမ်းဝင်မှုမရှိခြင်း နှင့် ထိုဥပဒေများသည် ဒေသနှင့် ကိုက်ညီမှု မရှိခြင်းတို့ကြောင့် အခက်အခဲများရှိသည်။ အစိုးရတရားရုံးများတွင် ဖြေရှင်းခြင်းသည် ပြဿနာကို မရှင်းပဲ ပိုဆိုးစေသည်ဟု ခံယူထားသည်။ ဤသည်မှာ တရားရေးစနစ် နှစ်ခုကို အထောက်အပံ့ပြုထားသော မတူကွဲပြားသည့် အတွေးခေါ်များပေါ် အခြေခံထားပြီး၊ နိုင်ငံတော် တရားရုံးများသည် တစ်ဦးချင်းအလိုက် တရားမျှတမှုကို အလေးထားပြီး၊ ရိုးရာတရား ရေးစနစ်များသည် ညှိနှိုင်းခြင်း၊ ပြန်လည်သင့်မြတ်ခြင်းနှင့် ရပ်ရွာ၏ဟန်ချက်ညီမှုကိုထိန်းသိမ်းခြင်းတို့အပေါ် အလေးထားဦးစားပေးသည်။

## အငြင်းပွားမှု ဖြေရှင်းခြင်း လုပ်ငန်းစဉ်

အငြင်းပွားမှုတွင် ပါဝင်ပတ်သက်သူများ အပေါ်မူတည်၍ နှစ်ဦးနှစ်ဖက်ကြားဖျန်ဖြေ ဖြေရှင်းပေးရန် သင့်တော်သော ရိုးရာခေါင်းဆောင် (သို့)အဖွဲ့စည်းမှ တာဝန်ယူဆောင်ရွက်လေ့ရှိသည်။ မြေယာနှင့် အရင်းမြစ် ဆိုင်ရာ အငြင်းပွားမှုများတွင် နယ်နိမိတ် သတ်မှတ်ခြင်းအပေါ် သဘောထားကွဲလွဲမှုများ၊ ခွင့်ပြုချက်မရှိပဲအခြားအိမ်ထောင်စုပိုင်မြေကိုအသုံးပြုခြင်း၊စိုက်ပျိုးရေစီမံမှုအပေါ် သဘောထားကွဲလွဲခြင်း နှင့် အခြားအိမ်ထောင်စုပိုင် အရင်းအမြစ်များကို ပျက်စီးစေခြင်းများ ပါဝင်သည်။ ဥပမာ တစ်ဦးဦးပိုင် အိမ်မွေးတိရိစ္ဆာန်သည် အခြားအိမ်ထောင်စုပိုင် စပါးခင်းမှ စပါးဆယ်တင်းစာ ဖျက်ဆီးပစ်လိုက်ပါက စပါးဆယ်တင်းပြန်လျော်ပေးရသည်။

ကျေးရွာအတွင်းဖြစ်သော အငြင်းပွားမှုကိစ္စများတွင် နှစ်ဦးနှစ်ဖက် ပြေလည် သဘောတူသည့်အထိ ညှိနှိုင်းပေးလေ့ရှိသည်။ အကယ်၍ နှစ်ဦးနှစ်ဖက် မပြေလည် နိုင်ပါက မိမိတို့၏ ဖသားစုခေါင်းဆောင်များမှ ဖြေရှင်းပေးလေ့ရှိသည်။ ထပ်၍ မပြေလည်နိုင်သေးပါက ပြဿနာကို ရိုးရာအာဏာပိုင် အဆင့်ဆင့်မှ ဆက်လက်ဖြေရှင်းပေးသည်။ ဥပမာ အိမ်ထောင်စုအငြင်းပွားမှုကို မိမိတို့ ဖသားစုမှ ဦးစွာဖြေရှင်းပေးပြီး၊ ထို့နောက်မှ ကျေးရွာကောင်စီ၊ ထို့နောက် မျိုးနွယ်စုကောင်စီသို့ အဆင့်ဆင့် ဖြေရှင်းလေ့ရှိသည်။

ကျေးရွာနှင့် မျိုးနွယ်စုကောင်စီများသည် ကြားခံဖျန်ဖြေပေးသူနှင့် အထူးတရားရုံး အဖြစ်တာဝန်ယူဆောင်ရွက်ကြပြီး ရိုးရာတရားဥပဒေ နှင့် မျိုးနွယ်စု တန်ဖိုးထားမှုစံနှုန်းများနှင့်အညီ အငြင်းပွားမှု ပြဿနာများကို ဆုံးဖြတ်ဖြေရှင်းရန် အာဏာရှိကြသည်။ ဤသို့ဖြင့် စည်းမျဉ်းစည်းကမ်းများကို ကြပ်မတ်ပြီး ရပ်ရွာငြိမ်းချမ်းရေးကို ထိန်းသိမ်းထားကြသည်။ အငြင်းပွားမှုများနှင့် ပြဿနာများကို ဖြေရှင်းရာတွင် တရားမျှတမှုရှိစေရန်နှင့် ရပ်ရွာ၏ စံနှုန်းများ၊ ဓလေ့ထုံးတမ်းများနှင့် ကိုက်ညီမှုရှိစေရန် မျက်မြင်သက်သေအဖြစ် အနည်းဆုံး အိမ်ထောင်စုနှစ်စုပါဝင်ရသည်။ အငြင်းပွားမှုဖြေရှင်းခြင်းလုပ်ငန်းစဉ် ပွင့်လင်းမြင်သာမှုရှိခြင်းသည် အကျင့်ပျက် ခြစားမှုအန္တရာယ်ကို လျော့ကျစေပြီး ကြားခံဖြေရှင်းပေးသူအနေဖြင့် လူထုအပေါ် တာဝန်ခံမှုရှိကာ မည်သည့်ဖသားစု (သို့) မိသားစုကိုမှ မျက်နှာသာပေးစေခြင်းမရှိပေ

ပုံ (၅) - နာဂရိုးရာဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှုစနစ်ရှိ အငြင်းပွားမှု ဖြေရှင်းခြင်းလုပ်ငန်းစဉ်




ခြွင်းချက်အနေဖြင့် အငြင်းပွားမှုများကို မျိုးနွယ်စုကောင်စီ နှင့် ပုံမှန်အငြင်းပွားမှု ဖြေရှင်းခြင်း လုပ်ငန်းစဉ်ဖြင့် ဖြေရှင်း၍မရပါက ရိုးရာဓလေ့ထုံးတမ်းတိုင်တည်မှုဖြင့် ဖြေရှင်းပေးသည်။ နှစ်ဖက်လုံးမှ ကြိမ်ဆိုကြရပြီး၊ နတ်များမှ အဆုံးအဖြတ်ပေးကာ အပြစ်ရှိသူကို နတ်များမှ အပြစ်ပေး တရားစီရင်သည်။ ဤသို့တိုင်တည်ဖြေရှင်းရာတွင် နယ်စပ်ကျောက်တုံးကို စောက်ထိုးထားခြင်း (သို့) နှစ်ဦးလုံးကို ရေငုပ်စေပြီး အရင်ထလာသူရှုံးသည့် နည်းများ အပါအဝင် ပုံစံအမျိုးမျိုးဖြင့် ပြုလုပ်ကြသည်။ ဤစမ်းသပ်မှုများတွင် အသုံးပြုသော နည်းများသည် ပြဿနာအမျိုးအစားနှင့် မျိုးနွယ်စုများအပေါ်မူတည်၍ ကွဲပြားပြီး အသုံးပြုခဲ လှသည်။ ဥပမာ ကိုကီးကျေးရွာတွင် ဤကဲသို့သော စမ်းသပ်မှုကို လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ်အတွင်း ငါးကြိမ် အသုံးပြုခဲ့ပြီး၊ အမှုများမှာ ဖြေရှင်းရခက်ခဲကာ မရည်ရွယ်သော လူသတ်မှုမျိုး ဖြစ်သည်။ ထိုစမ်းသပ်မှုများ၏ ရလဒ်သည် နောက်ဆုံးဖြစ်ပြီး ပါဝင်ပတ်သက်သူအားလုံးမှ ထိုရလဒ်ကို လက်ခံ ကြရသည်။

ဒိန်းကလေးဝေးကျေးရွာတွင် ချမှတ်ခဲ့သည့် ပြစ်ဒဏ်

ဒိန်းကလေးဝေး ကျေးရွာတွင် ရွာသားတစ်ဦးမှ မိမိ၏ဝက်များကို ရေထဲလွှတ်ထားခြင်းဖြင့် ရွာ၏ တစ်ခုတည်းသောရေအရင်းအမြစ်ကို ညစ်ညမ်းစေသောကြောင့် ကျေးရွာကောင်စီမှ ဒဏ်ကြေး အသေးစားဆောင်စေပြီး ဝက်များအား ချောင်းသို့မလွှတ်ရန် မှာကြားခဲ့သည်။ ထိုရွာသားမှ မလိုက်နာသဖြင့်၊ ဒဏ်ကြေး အကြီးစား ဆောင်စေခဲ့သည်။ ကျေးရွာ၏ စည်းကမ်းကို သုံးကြိမ် မြောက် ချိုးဖောက်ချိန်တွင် ရွာမှ နှင်ထုတ်ခဲ့သည်။ ရွာသားဖြစ်ခွင့်ကိုရုပ်သိမ်းပြီး၊ ထိုသူ ၏ မြေယာများကို အခြားသေခံများသို့ လွှဲပြောင်း အသုံးပြုစေခဲ့သည်။

အငြင်းပွားမှု အများစုကို တစ်ဦးချင်း (သို့) ဖသားစုများကြား ဖြေရှင်းရလေ့ရှိပြီး မျိုးနွယ်စုအဆင့်သို့ ရောက်ခဲသည်။ ရိုးရာဓလေ့ထုံးတမ်းစနစ်တွင် ပြဿနာကို ရိုးရာအာဏာပိုင် အနိမ့်ဆုံးအဆင့်တွင် ဖြေရှင်းနိုင်ရန် အငြင်းပွားသူများကို ညှိနှိုင်းပေးလေ့ရှိသည်။ ဥပမာ ဖြေရှင်းပေးသူများကို အသိအမှတ် ပြုသည့် အနေဖြင့် အခကြေးငွေအချို့ပေးလေ့ရှိပြီး၊ ထိုသို့ပေးခြင်းကြောင့် အာဏာပိုင်းများပါဝင်ခြင်းမရှိပဲ အငြင်းပွားမှုများပြေလည်စေရန် တွန်းအားဖြစ်စေသည်။

ပြန်လည်သင့်မြတ်ခြင်းသည် ရိုးရာဓလေ့ထုံးတမ်း အငြင်းပွားမှု ဖြေရှင်းခြင်း လုပ်ငန်းစဉ်၏ နောက်ဆုံး အဆင့် ဖြစ်သည်။ ပြဿနာကို အဆုံးသတ်ရန် အငြင်းပွားမှုတွင် ပါဝင်သော မိသားစုများသည် အစား သောက်များ ပြင်ဆင်ပြီး ဖြန်ဖြေညှိနှိုင်းပေးသူများနှင့် အတူတကွ သုံးဆောင်လေ့ရှိသည်။ ပြန်လည် သင့်မြတ်ခြင်း အခမ်းအနားသည် ပြဿနာကို ဖြေရှင်းပေးသည့် ကျေးရွာအာဏာပိုင်များအား ကျေးဇူး တင်ကြောင်းဖော်ပြရန်နှင့် မိမိတို့၏ ခံစားချက်များကို ကျော်လွှားကာလူမှုရေးသဟဇာတဖြစ်မှုကို ပြန်လည်တည်ဆောက်ရန် အခွင့်အရေးလည်းဖြစ်သည်။

အငြင်းပွားမှုသည် နယ်နိမိတ်ကိုကျော်လွန်သောအခါ (သို့) ကျေးရွာနှစ်ရွာကြား သဘာဝအရင်းအမြစ် ထုတ်ယူခြင်းနှင့် ပတ်သက်သောအခါ ကျေးရွာခေါင်းဆောင်နှင့် ကျေးရွာကောင်စီများသည် တစ်ဖက် ရွာမှ ကျေးရွာခေါင်းဆောင်၊ ကျေးရွာကောင်စီတို့နှင့် တွေ့ဆုံကာ ညှိနှိုင်း အဖြေရှာလေ့ရှိသည်။ အကယ်၍

အငြင်းပွားမှုပြဿနာသည် သစ်တောနှင့်သက်ဆိုင်ပါက၊ ကိုကီးကဲ့သို့ တောခေါင်းရှိသော ရွာဖြစ်လျှင် ထိုတောခေါင်းမှ ပါဝင်ဖြေရှင်းရပြီး၊ ဆွမ္မရာကဲ့သို့ ကျေးရွာများဖြစ်ပါက သစ်တောကို ပိုင်သော ဖသားစု၏ ခေါင်းဆောင်မှ ပါဝင်ဖြေရှင်းကြရသည်။ ဤညှိနှိုင်းမှုများသည် အများအားဖြင့် ထိလွယ်ရှလွယ်ပြီး ပြဿနာဖြေရှင်းနိုင်ရန် အချိန်ယူကြရသည်။

အကယ်၍ မျိုးနွယ်စုမတူသော ကျေးရွာများကြား အငြင်းပွားမှုဖြစ်ပွားပါက ပထမဦးဆုံး သက်ဆိုင်ရာ မျိုးနွယ်စုကောင်စီများက ဖြေရှင်းရန် ကြိုးစားကြသည်။ မျိုးနွယ်စုကောင်စီများက မဖြေရှင်းနိုင်ပါက မြို့နယ်ယဉ်ကျေးမှုကော်မတီမှ ဝင်ရောက်ဖြေရှင်းပေးလေ့ရှိသည်။ ထပ်၍မပြေလည်နိုင်သေးပါက နောက်ဆုံး၌ ယဉ်ကျေးမှုဗဟို ကော်မတီမှ ခွန္တီးတွင် ဖြေရှင်းပေးသည်။

## ကျေးရွာစည်းကမ်းချိုးဖောက်မှုပြစ်ဒဏ်များ

ကျေးရွာစည်းမျဉ်းစည်းကမ်းများကိုချိုးဖောက်ပါက ကျေးရွာအာဏာပိုင်များမှ ဒဏ်ကြေးနှင့် အခြား ပြစ်ဒဏ်များ ချမှတ်ကာ စည်းကမ်းများကို ကြပ်မတ်လေ့ရှိသည်။ ဒဏ်ကြေးများကို ကျေးရွာခေါင်းဆောင်၊ ကျေးရွာကောင်စီ နှင့် မျိုးနွယ်စုကောင်စီများမှ ရိုးရာဓလေ့ထုံးတမ်း ဥပဒေ နှင့်အညီ ချမှတ်ပြီး၊ အာဏာပိုင် တစ်ဖွဲ့တည်းမှ ချမှတ်၍ မရပေ။

ပြစ်ဒဏ်များသည် ပြစ်မှုအကြီးသေးနှင့် ကျူးလွန်သည့် အကြိမ်ရေ ပေါ်မူတည်၍ ကွဲပြားသည်။ ပထမဆုံး ပြစ်မှုကျူးလွန်မှုအတွက် ကျူးလွန်သူသည် ပုံမှန်အားဖြင့် ဒဏ်ကြေးအနည်းငယ်ကို ပေးဆောင် ရလေ့



ကျေးရွာရေအရင်းအမြစ်မှဝေးသောနေရာတွင်ဝက်များမွေးမြူထားပုံ

ရှိပြီး၊ အိမ်မွေးတိရိစ္ဆာန်ပေးခြင်းဖြင့်လည်းဒဏ်ကြေးဆောင်နိုင်သည်။ မိမိတို့ တရားမဝင် ထုတ်ယူထားသော ပစ္စည်းများကိုမူ ပြန်လည်အပ်နှံရသည်။ ဥပမာ ဒိန်းကလေးဝေးတွင် တောင်ယာဟောင်းမှသစ်များကို ခွင့်ပြုချက်မရှိပဲ ထုတ်ယူသောကြောင့် ကျေးရွာကောင်စီမှ သွားရောက်ဖမ်းဆီးခဲ့ပြီး သစ်များကို လောင်စာထင်း အဖြစ်အသုံးပြုရန် စာသင်ကျောင်းသို့ လှူဒါန်းခဲ့သည်။

ပြစ်မှုပိုမိုကြီးမားပါက (သို့) တစ်ဦးဦးမှ ထပ်ခါထပ်ခါ စည်းမျဉ်းချိုးဖောက်ပါက၊ ကျူးလွန်သူကို ကျေးရွာမှ ကာလ တစ်ခုအကြာထိ နှင်ထုတ်ထားနိုင်သည်။ ပြစ်မှုအလွန်ကြီးပါက ကျူးလွန်သူကို ရွာမှ အပြီးပိုင် နှင်ထုတ် နိုင်သည်။ ကျေးရွာမှ နှင်ထုတ်ခြင်းသည် အကြီးဆုံးပြစ်ဒဏ်ချမှတ်ခြင်းဖြစ်ပြီး သွေးရင်းချင်းကာမကျူးလွန်ခြင်း၊ လူသတ်မှု (သို့) ကျေးရွာ၏စည်းမျဉ်းများကို ထပ်တလဲလဲချိုးဖောက်ခြင်း အစရှိသော ပြစ်မှုများအတွက်သာ ချမှတ်လေ့ရှိသည်။ ကျေးရွာမှ နှင်ထုတ်ခံရပါက ပိုင်ဆိုင်သော မြေယာအားလုံးကို ဆုံးရှုံးကြရသည်။ ထိုမြေများကို အနီးစပ်ဆုံး ဆွေမျိုးထံသို့ လွှဲပြောင်းပေးရပြီး၊ လွှဲပြောင်းလက်ခံသူသည် မိသားစုဝင်ဖြစ်ပါက ထိုမြေယာကိုပိုင်ဆိုင်ထားပြီး၊ ဖသားစုဝင်ဖြစ်ပါက အခြားအဖွဲ့ဝင်များအား ခွဲဝေပေးလေ့ရှိသည်။

# နိဂုံး

ရိုးရာဓလေ့ထုံးတမ်းမြေယာစီမံခန့်ခွဲမှုစနစ်ကို အသိအမှတ်ပြုရန် ထိုစနစ်၏အပိုင်းကဏ္ဍအားလုံးကို နားလည်သဘောပေါက်၍ အသိအမှတ်ပြုရန် အလွန်အရေးကြီးပေသည်။ နာဂကျေးရွာများကို ရိုးရာအဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားပြီး၊ ထိုအဖွဲ့အစည်းများသည် သဘာဝအရင်းအမြစ် အသုံးပြုခွင့် ဆိုင်ရာစည်းမျဉ်းစည်းကမ်းများကို ချမှတ်ကာ ကြပ်မတ်ပေးလေ့ရှိသည်။ ထိုစည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ပါက ပြစ်ဒဏ်များချမှတ်ပြီး အငြင်းပွားမှု ပြဿနာများကို ကြားခံဖြေရှင်းပေးလေ့ရှိသည်။ ထိုအဖွဲ့ အစည်းများသည် မြေယာအသုံးပြုမှုနှင့် မြေယာပိုင်ဆိုင်မှုပုံစံ အမျိုးမျိုးကို စီမံခန့်ခွဲလေ့ရှိပြီး၊ အိမ်ထောင်စုပိုင်လှေကားထစ်စိုက်ခင်းများ နှင့် တောင်ယာ စိုက်ကွက်များမှအစ ရပ်ရွာပိုင်သစ်တောများနှင့် အထွဋ်မြတ်ထားရာ နေရာများအထိ ပါဝင်သည်။

နာဂပြည်သူများ၏ စားဝတ်နေရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် သဘာဝအရင်းအမြစ်များရေရှည်တည်တံ့နိုင်ရန် စီမံခန့်ခွဲခြင်းတို့အတွက် ရိုးရာဓလေ့ထုံးတမ်းမြေယာစီမံမှုစနစ်သည် တန်ဖိုးကြီးအရေးပါသော်လည်း မြန်မာနိုင်ငံပြဋ္ဌာန်းချက် ဥပဒေများတွင် အသိအမှတ်ပြုထားခြင်းမရှိသေးပေ။ အမျိုးသားမြေယာအသုံးပြုမှု မူဝါဒတွင် ဥပဒေများသဟဇာတဖြစ်စေရန် အခြေခံများပါရှိပြီး၊ အစိုးရစနစ်တွင် မြေယာပိုင်ဆိုင်ခွင့်များကို ထည့်သွင်းနိုင်ရန် မည်မျှဆက်လက်လုပ်ဆောင်ရမည်ကို ဖော်ပြထားသည်။

ရိုးရာဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုကို အသိအမှတ်ပြုရာတွင် မြေယာအသုံးပြုခွင့်နှင့် မြေယာစီမံခန့်ခွဲခွင့် ရိုးရာအာဏာတို့ကို အသိအမှတ်ပြုပေးရန်လိုအပ်သည်။ ဆိုလိုသည်မှာ ကျေးရွာနယ်မြေအားလုံးကို ကျေးရွာ ခေါင်းဆောင်နှင့် ကျေးရွာကောင်စီတို့၏ အုပ်ချုပ်စီမံမှုအောက်တွင် အသိအမှတ်ပြုသင့်ပေသည်။ မြေယာအသုံးပြုမှုပုံစံများကို ခွဲခြား၍ အသိအမှတ်ပြုမည်ဆိုပါက ဒေသအုပ်ချုပ်ရေးကို ထိခိုက်စေနိုင်ပြီး၊ မြေယာစီမံခန့်ခွဲမှုကို ရှုပ်ထွေးသွားစေမည်ဖြစ်သည်။ ဘိုးဘွားပိုင်မျိုးနွယ်စုနယ်မြေများတွင် ရင်းနှီးစွာစုပေါင်း နေထိုင်သော မျိုးနွယ်စုတူ ကျေးရွာအုပ်စုများကို ကျေးရွာစုအဖြစ် အသိအမှတ်ပြုသင့်ပြီး အခြားသီးသန့်ကျေးရွာနယ်နိမိတ်များဖြင့် ခွဲခြားထားခြင်းမရှိသင့်ပေ။

ဒေသရှိ ထိရောက်သော သဘာဝအရင်းအမြစ် အုပ်ချုပ်စီမံမှုကို ထိန်းသိမ်းထားနိုင်ရန် မြေယာ အုပ်ချုပ်စီမံခြင်း၊ အငြင်းပွားမှုဖြေရှင်းခြင်းနှင့် ရိုးရာတရားရေးစနစ် များဆိုင်ရာ မိမိတို့၏ တာဝန်များကို ထမ်းဆောင်နိုင်ရန် ကျေးရွာအာဏာပိုင်များတွင် တရားဝင်အသိအမှတ်ပြုထားသော အာဏာ ရှိရမည်ဖြစ်သည်။ ကျေးရွာများကြား အငြင်းပွားမှုများကို ကြားဝင်ဖြေရှင်းပေးရန်နှင့် ရိုးရာဓလေ့ထုံးတမ်းစနစ်အပြောင်းအလဲများကို ထောက်ခံပေးရန် ကျေးရွာအထက်တွင် မျိုးနွယ်စုကောင်စီနှင့် မြို့နယ်ယဉ်ကျေးမှု ကော်မတီများသည် အရေးကြီးသော အခန်းကဏ္ဍ၌ပါ ဝင်သည်။ ရိုးရာဓလေ့ထုံးတမ်းစနစ်နှင့်အညီ ဤအဖွဲ့အစည်းများကို အသိအမှတ်ပြုပေးရန် လိုအပ်ပြီး ၎င်းတို့၏ အာဏာကို အလားတူအစိုးရဌာနများနှင့် ပြင်ပအဖွဲ့အစည်းများမှ အသိအမှတ်ပြုရန် လိုအပ်ပေသည်။

ဥပဒေနှင့် မူဝါဒပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များသည် ပုံမှန်အနေအထားမရောက်သေးချိန်တွင် မိမိတို့၏ အနာဂါတ်ပုံဖော်နိုင်ရေး လူ့အဖွဲ့အစည်းများအား ဦးဆောင်ကဏ္ဍမှ ပါဝင်နိုင်ရန် အခွင့်အာဏာ ပေးထားရမည်ဖြစ်သည်။ ယခင်က နာဂတောင်တန်းဒေသသည် ဝေးလံခေါင်ပါး၍ မြန်မာနိုင်ငံရှိ အခြား ဒေသများနှင့် ကင်းကွာနေခဲ့ရသောကြောင့်၊ ယခုအခါတွင်အကန့်အသတ်ဖြင့်သာရှိသော အစိုးရအုပ်ချုပ်ရေးလုပ်ငန်း၊ ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကဏ္ဍများနှင့် အပြန်အလှန် တိုးမြှင့် ဆက်သွယ်လုပ်ဆောင်လာကြသည်။ ရပ်ရွာလူထုများသည် ရှုပ်ထွေးသောပြဿနာများနှင့် ကြုံတွေ့ရမည်ဖြစ်ပြီး အထူးသဖြင့် ဈေးကွက်ပေါင်းစည်းမှု၊ ဘေးမဲ့တောများသတ်မှတ်လာမှု၊ ရွှေ့ပြောင်းတောင်ယာစနစ်ကိုတားမြစ်သော သဘာဝပတ်ဝန်းကျင်နှင့် ဖွံ့ဖြိုးရေး ဆိုင်ရာ စီမံကိန်းများ ချမှတ်လာမှု နှင့် စုပေါင်းပိုင်ဆိုင်သော မြေယာ၊ သဘာဝအရင်းအမြစ်များကို ဂရုမစိုက်ပဲ တစ်ဦးပိုင်မြေယာအဖြစ် ပိုင်းခြား မှတ်ပုံတင်ခြင်းအစီအစဉ်များပါဝင်သည်။

ရပ်ရွာလူ့အဖွဲ့အစည်းများနှင့် အရပ်ဖက်လူ့အဖွဲ့အစည်းများသည် မိမိတို့၏ ဘဝများ တိုးတက်လာစေရန် ပြင်ပလုပ်ငန်းစီမံကိန်းများ ကိုမျှော်ကူးခြင်းထက် အစိုးရအထောက်အပံ့များ၊ ပုဂ္ဂလိက အထောက်အပံ့များနှင့် ဖွံ့ဖြိုးရေးစီမံကိန်းများကို ရရှိရန် အပြည့်အဝပူးပေါင်း၍ အစီအစဉ်များ ချမှတ်ရမည်ဖြစ်သည်။ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများ နှင့် NGOs များသည် မိမိတို့ စီမံကိန်းများ အကောင်အထည်မဖော်မီ ရိုးရာဓလေ့ထုံးတမ်းစနစ်ဖြင့် ပူးပေါင်းလုပ်ဆောင်ပြီး ရိုးရာဓလေ့ထုံးတမ်း မြေယာပိုင်ဆိုင်မှုကို အသိအမှတ်ပြုကာ ရပ်ရွာလူ့အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာ ရိုးရာအာဏာပိုင်များထံမှ FPIC ကိုရယူရန် အရေးကြီးလိုအပ်လျက်ရှိသည်။

လူနေမှုဘဝများတိုးတက်ရန်နှင့် နာဂလူမျိုးများ၏ မျှော်မှန်းချက်များအတိုင်း အပြောင်းအလဲများ ပြုလုပ်နိုင်ရန် မြန်မာအစိုးရအနေဖြင့် နာဂရိုးရာဓလေ့ထုံးတမ်းစနစ်နှင့်အတူ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ဖြစ်ရပ်လေ့လာမှုပြုလုပ်သော ကျေးရွာများမှ သုတေသနတွင် ပါဝင်သူများက ဆိုကြသည်။ မြန်မာအစိုးရစနစ်နှင့် နာဂရိုးရာဓလေ့ထုံးတမ်းစနစ်များ သည် အားကောင်းသော အုပ်ချုပ်စီမံရေးစနစ်ကို တည်ဆောက်ရန် စနစ်နှစ်ခု၏ အားသာချက်များအပေါ် ရပ်တည်ကာ ထိရောက်စွာ အတူတကွ ယှဉ်တွဲရပ်တည်နိုင်ရေး နည်းလမ်းများကို ဆွမ္မရာရှိ သုတေသန၌ပါဝင်သူများက ဆွေးနွေး ခဲ့ကြသည်။ ပူးပေါင်းပါဝင်သူများက ထိုစနစ်နှစ်ခုတွင် အားသာချက်အားနည်းချက်များရှိကြပြီး အချင်ချင်း တစ်ခုကို တစ်ခု အထောက်အပံ့များဖြစ်စေနိုင်ကြောင်းနှင့် စနစ်တစ်ခုနှင့် တစ်ခုကြား အပြန်အလှန် အသိအမှတ်ပြုမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမှာအားလုံးအတွက် အရေးကြီးကြောင်း အခိုင်အမာ ဆိုကြသည်။ ဥပမာ မြန်မာအစိုးရအနေဖြင့် ဆေးရုံဆေးခန်းများ တည်ဆောက်ခြင်းဖြင့် ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်ပြီး၊ နာဂရိုးရာဓလေ့ထုံးတမ်းစနစ်သည် မြေယာနှင့် သဘာဝအရင်းအမြစ် စီမံခန့်ခွဲမှုကို ကျွမ်းကျင်ပိုင်နိုင်ပြီး၊ ဒေသတွင်း အငြင်းပွားမှု နှင့် ပဋိပက္ခများကို ကောင်းစွာဖြေရှင်းနိုင်သည်။ ထိုကဲ့သို့သော မည်သည့်စနစ်အောက်တွင်မဆို နာဂလူမျိုးများ၏ မြေယာနှင့် သဘာဝအရင်းအမြစ် ပိုင်ဆိုင်မှုများကို မြန်မာအစိုးရအနေဖြင့် အသိအမှတ်ပြုရန် လိုအပ်ပေသည်။

ရိုးရာခေါင်းဆောင်များ၊ ရပ်ရွာလူ့အဖွဲ့အစည်းများ၊ အစိုးရကိုယ်စားလှယ်များ နှင့် ဌာနဆိုင်ရာများသည် ရိုးရာဓလေ့ထုံးတမ်းမြေယာပိုင်ဆိုင်မှုကို ဥပဒေနှင့် လက်တွေ့တွင် မည်သို့ အကောင်းဆုံး အသိအမှတ်ပြုမည်ကို ဖက်စပ်ပူးပေါင်း ချမှတ်ရမည်ဖြစ်သည်။ အကောင်းဆုံး ရလဒ်များထွက်ပေါ်ရန်နှင့် ဒေသအတွင်း ငြိမ်းချမ်းရေး၊ သာယာဝပြောရေးတို့အတွက် အခြေခံအုပ်မြစ်များတည်ဆောက်ရန် ပွင့်လင်းမြင်သာမှုရှိပြီး၊ ပူးပေါင်းလုပ်ဆောင်သင့်သည်။

> **"မိမိတို့စနစ် တိုးတက် ဖွံ့ဖြိုးအောင် အစိုးရမှ ပံ့ပိုးပေးစေချင်တယ်"**
> – ဆွမ္မရာ ကျေးရွာ ခေါင်းဆောင်

ရေရှည်တည်တံ့သော တောင်ပေါ်ဒေသ စားဝတ်နေရေးဖိုလုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး နှင့် ငြိမ်းချမ်းရေးတည်မြဲရန်တို့အတွက် မြန်မာနိုင်ငံဥပဒေတွင် နာဂရိုးရာဓလေ့ထုံးတမ်း မြေယာစီမံခန့်ခွဲမှုစနစ်နှင့် မြေယာအသုံးပြုမှုဓလေ့များကို အသိအမှတ်ပြုရန် အရေးပေါ်လိုအပ်ပေသည်။

# ကိုးကားစာတမ်းများ


Cairns M (2007) Conceptualizing Indigenous Approaches to Fallow Management: A Road Map to this Volume. In Cairns M (Ed.) *Voices from the Forest.* Washington DC: RFF Press

Cairns M, Keitzar S and Amenba Yaden T (2007) Shifting Forests in Northeast India: Management of *Alnus nepalensis* as an Improved Fallow in Nagaland. In Cairns M. (Ed.). *Voices from the Forest.* Washington DC: RFF Press

Callahan M (2003) *Making Enemies*. Ithaca, New York: Cornell University Press

Chase P and Singh O P (2012) People's Initiative for Conservation of Forests and Natural Resources: A Success Story of Khonoma Village Forest, Nagaland. *NeBIO 3*(2), 61–67

Chasie C and Hazarika S (2009) The state strikes back: India and the Naga insurgency. *Policy Studies, No. 2.* Washington DC: East-West Center, ix–56

Convention on Biological Diversity, COP 8 decision viii/23 (2006) Agricultural biodiversity, cross-cutting initiative on biodiversity for food and nutrition

Cramb R A, Pierce Colfer C J, Dressler W, Laungaramsri P, Trang Le Q, Mulyoutami E, Peluso N L and Wadley R L (2009) Swidden Transformations and Rural Livelihoods in Southeast Asia. *Human Ecology 37*, 323–346

Ferguson J M (2014) The scramble for the Waste Lands: Tracking colonial legacies, counterinsurgency and international investment through the lens of land laws in Burma/Myanmar. *Singapore Journal of Tropical Geography. 35*(3), 295–311

Food Security Working Group (2009) *Briefing Paper: Land tenure a foundation for food security in Myanmar's uplands*. http://www.burmalibrary.org/docs16/FSWG-Uplands-Land_tenure-2010-12-en-tpo.pdf)

Grant B G E R (1913) Upper Chindwin District, Volume A. *Burma Gazetteer.* Rangoon: Office of the Superintendent, Government Printing

Kerkhoff E E and Sharma E (Eds.) (2006) *Debating Shifting Cultivation in the Eastern Himalayas: Farmers' Innovations as Lessons for Policy*. Kathmandu: ICIMOD

Kissenger G (2017) *Identifying the drivers of deforestation and forest degradation in Myanmar*. Bangkok: UNEP and the Myanmar Ministry of Natural Resources and Environmental Conservation

Mungleng A (2017) *The Shirui Village: A case study of village administration in Tangkhul society*. Assam: Action Aid India.

Obendorf R (2012) *Legal review of recently enacted Farmland Law and Vacant, Fallow, Virgin Lands Management Law: improving the legal and policy frameworks relating to land management in Myanmar*. Yangon: Land Core Group

Pathak N (Ed.) (2009) *Community Conserved Areas in India—A Directory*. Pune: Kalpavriksh. http://www.kalpavriksh.org/images/CCA/Directory/M-16%20Nagaland.pdf

Peace Monitor (2014) http://www.mmpeacemonitor.org/stakeholders/mpsi/165-nscn-k

Popkin B M (2004) The nutrition transition: An overview of world patterns of change. *Nutrition Reviews*, *62*(7 Pt 2), 140–143

Powell B, Ickowitz A, McMullin S, Jamnadass R, Padoch C, Pinedo-Vasquez M and Sunderland T (2011) The Role of Forests, Trees, and Wild Biodiversity for Nutrition-Sensitive Food Systems and Landscapes. ICN2 Second International Conference on Nutrition. FAO and WHO

Rerkasem K, Lawrence D, Padoch C, Schmidt-Vogt D, Ziegler A D and Bruun T B (2009) Consequences of Swidden Transitions for Crop and Fallow Biodiveristy in Southeast Asia. *Human Ecology 37*, 347–360

Ribeiro Filho A A, Adams C and Murrieta R S S (2013) The impacts of shifting cultivation on tropical forest soil: a review. *Boletim do Museu Paraense Emílio Goeldi. Ciências Humanas. 8*(3), 693–727

Sarma J K and Saika R (2013) IEKS and Sustainable Land Resource Management- a surveillance on the practices among the Tangsa Naga and Tanghkul Naga of North East India. *Indian Journal of Traditional Knowledge. 12*(2), 252–258

Scurrah N, Hirsch P and Woods K (2015) *The political economy of land governance in Myanmar*. Vientiane: Mekong Regional Land Governance Programme.

Shimray A S W (2001) *History of the Tangkhul Nagas*, New Delhi, Akansha Publishing House

Subba T B and Gosh G C (2003) *The Anthropology of North-East India*. Hyderabad: Orient Longman

Thant Y Z M and Win H H (2016) *Myanmar agricultural and rural statistics system and development plans*. http://www.unsiap.or.jp/e-learning/el_material/Agri/1606_Advocacy_KOR/cr_Myanmar.pdf

United Nations (2007) United Nations Declaration on the Rights of Indigenous Peoples. http://www.un.org/esa/socdev/unpfii/documents/DRIPS_en.pdf

UN-REDD Programme (2009) *Guidelines on Free, Prior, Informed Consent*. http://www.uncclearn.org/sites/default/files/inventory/un-redd05.pdf

Wouters J J P (2017) Who is a Naga village? The Naga 'village republic' through the ages. *The South Asianist 5*(1), 99–120

Ziegler A D, Bruun T B, Guardiola-Claramonte M, Giambelluca T W, Lawrence and Lam N (2009) Environmental Consequences of the Demise of Swidden Cultivation in Montane Mainland Southeast Asia: Hydrology and Geomorphology. *Human Ecology 37*, 361–373

# နောက်ဆက်တွဲ – ကျေးရွာမှတ်တမ်းအကျဉ်း

ကျေးရွာအမည်။ ။ ဒိန်းကလေးဝေး
မျိုးနွယ်စု/ လူမျိုး။ ။ ပါရာမျိုးနွယ်စု၊ နာဂ
မြို့နယ်။ ။ လေရှီးမြို့နယ်၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး
လူဦးရေ။ ။ အိမ်ထောင်စု ၁၁ စု၊ ၁၀၀ ဦးရေ
ဘာသာရေး။ ။ ခရစ်ယာန်



## ကျေးရွာနောက်ခံသမိုင်း

ဒိန်းကလေးဝေးသည် ပါရာမျိုးနွယ်စုများ၏ ကျေးရွာဖြစ်ပြီး၊ ပါရာမျိုးနွယ်စုသည် အတော်အတန်သေးငယ်ကာ လူဦးရေထောင်ဂဏန်းသာရှိသည်။ မြို့နယ်အုပ်ချုပ်ရေးဗဟိုချက် နေရာဖြစ်သော လေရှီးမြို့အနီးတွင် တည်ရှိသည်။

ပါရာမျိုးနွယ်စုများသည် ပိုမိုကောင်းမွန်သော ရေအရင်းအမြစ် ရရှိရေးအတွက် လေရှီးအနီးတွင် နေထိုင်ရာမှ ထွက်ခွါလာပြီး ဒိန်းကလေးဝေးကျေးရွာကို ၁၉၃၁ ခုနှစ်၌ တည်ထောင်ခဲ့သည်။ ကျေးရွာမြေနေရာကို ယခင်က ရှာပိုရာ (Shapura) မျိုးနွယ်စုမှ ပိုင်ဆိုင်ခဲ့ပြီး ၁၈၀၀ ခုနှစ်များက စတင်အခြေချ နေထိုင်လာခဲ့ခြင်းဖြစ်သည်။ ရှာပိုရာ မျိုးနွယ်စုများ မြေပြန့်ဒေသသို့ ပြောင်းရွှေ့သွားသောအခါ၊ မြေနေရာကို ပါရာမျိုးနွယ်စုများထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး၊ ပျားတောင်ကဲ့သို့ တန်ဖိုးကြီးသော သဘာဝအရင်း အမြစ်များကို နွားနောက် စသည်တို့ဖြင့် လဲလှယ် ရောင်းချခဲ့သည်။

ဒိန်းကလေးဝေးကျေးရွာတွင် ယခင်က အိမ်ထောင်စုပေါင်း ၃၇ စုရှိပြီး လူဦးရေ ၃၀၀ ရှိခဲ့ရာမှ ယခုအခါတွင် အိမ်ထောင်စု ၁၁ စုသာရှိတော့သည်။ တစ်ချို့လူများသည် တိုက်ပွဲများကို ရှောင်ရှားရန် ပြောင်းရွှေ့သွား

ကြပြီး၊ အချို့မှာမူ အနီးအနားတွင် ရွာသစ်များ တည်ထောင် နေထိုင်ခဲ့ကြသည်။ ပါရာမျိုးနွယ်စုများ မူလနေထိုင်ခဲ့ကြရာ ဒိန်းကလေးဝေးကျေးရွာသည် အနီးရှိ ရွာခွဲများ ရှိရာ မြေနေရာ အပါအဝင် ရာပိုရာ မျိုးနွယ်စုထံမှ လွှဲပြောင်းရယူခဲ့သော မြေယာအားလုံးကို ပိုင်ဆိုင်သည်။

## ကျေးရွာအဖွဲ့အစည်းများ

ကျေးရွာ ရိုးရာအုပ်ချုပ်ရေးကို ကျေးရွာခေါင်းဆောင်၊ ကျေးရွာကောင်စီ၊ စစ်သည်ခေါင်းဆောင် နှင့် အသင်းတော် ခေါင်းဆောင် များဖြင့် ဖွဲ့စည်းထားသည်။ ကျေးရွာလူကြီးများဖြင့် ဖွဲ့စည်းထားသော ကျေးရွာကောင်စီမှ ကျေးရွာခေါင်းဆောင်အား အကြံဉာဏ်ပြုပေးရသည်။ ကျေးရွာခေါင်းဆောင်များသည် ကျေးရွာရှိ အဓိကဖသားစုနှစ်စုမှ ဖြစ်ကြသည်။ ပါရာမျိုးနွယ်စုသည် မိမိတို့၏ ရိုးရာဥပဒေကို စာအုပ်ဖြင့် မှတ်တမ်းတင်ထားပြီး၊ အိမ်ထောင်စုများမှ ကိုးကားအဖြစ် မိမိတို့အိမ်တွင် ထားရှိကြသည်။ ဒင်ကလေဝေ၏ မြေယာနှင့် သဘာဝအရင်းအမြစ်များကို အစိုးရ (သို့) စီးပွားရေး လုပ်ငန်းများမှ အသုံးပြုမည်ဆိုပါက ကျေးရွာ၏ အုပ်ချုပ်ရေးနှင့် အရင်ဦးဆုံး အဘောတူချက် ရယူရသည်။

### စားဝတ်နေရေး

ဒိန်းကလေးဝေးဒေသခံများသည် Jhum များတွင် မိမိတို့စားသုံးရန် သီးနှံမျိုးစုံကို စိုက်ပျိုးပြီး ငရုတ်နှင့် အခြားစီးပွားဖြစ် သီးနှံများကို လည်း စိုက်ပျိုးကြသည်။ အိမ်ထောင် ၁၁ စုရှိသည့်အနက် ၄ စုမှာ လေ့ကား ထစ် စိုက်ခင်းများတွင် စပါးကို စိုက်ပျိုးပြီး အိမ်ထောင်စု တစ်ဝက်မှ တိရိစ္ဆာန်များ မွေးမြူ လျှက်ရှိသည်။ လေရိုးနှင့် နီးသောကြောင့် အချို့ရွာခံများမှာ အစိုးရလုပ်ငန်းများ (သို့) အသေးစား စီးပွားရေး လုပ်ငန်းများ လုပ်ကိုင်ကြသည်။

## မြေယာစီမံခန့်ခွဲခြင်း

ရပ်ရွာပိုင် သစ်တောသည် ရေကိုထိန်းသိမ်းပေးပြီး ဒိန်းကလေးဝေးရွာနှင့် အခြားနယ်နိမိတ်ချင်း ဆက်နေသော ကျေးရွာငါးရွာမှ မျှဝေအသုံးပြုကြသည်။ ဒေသခံများသည် သစ်၊ ကြိမ်၊ ဝါး၊ သစ်သီး၊ ဟင်းသီး ဟင်းရွက်များနှင့် အသားများကို အိမ်တွင်း အသုံးပြု စားသုံးရန် အတွက်သာ ရယူနိုင်သည်။ သစ်တောမှ ရသော ဖယောင်း၊ ပျားရည် နှင့် အမဲလိုက်သားငါးများကိုမူ ရောင်းချခွင့်ပြုထားသည်။ ရပ်ရွာပိုင် သစ်တောမှ သစ် (သို့) လောင်စာထင်းများ ခုတ်ယူမည်ဆိုပါက ကျေးရွာကော်စီထံမှ ခွင့်ပြုချက်ယူရသည်။ ကောင်စီသည် ခွင့်ပြုချက်မရှိပဲ ခုတ်သောသစ်များကို ဖမ်းဆီး၍ ကျောင်းသို့ လှူဒါန်းခဲ့ဖူးသည်။ အိမ်ထောင်စုများသည် အခြားကျေးရွာများနှင့် မျှဝေအသုံးပြုလျှက်ရှိသော တောင်ဘက်ရှိ ထင်းရှူးတောမှ သစ်များကို ခုတ်ယူလေ့ရှိပြီး၊ အိမ်ထောင်စု အနည်းငယ်မှ မိမိတို့၏ Jhum စိုက်ကွက်များတွင် ထင်းရှူးတောများ စိုက်ပျိုး ထားကြသည်။

နှစ်စဉ်Jhum စိုက်ခင်းများ ခုတ်ထွင်ရှင်းလင်းမည့်နေရာများကို ရွာသူ၊သား များမှ စုပေါင်း ဆုံးဖြတ်ကြပြီး တစ်ဦးကို တစ်ဦး ကူညီစိုက်ပျိုးလေ့ရှိကြသည်။ Jhum စိုက်ခင်းများကို မြေလပ် အဖြစ်ထားရှိရာတွင် ဆယ်နှစ် အနည်းဆုံး ထားရှိသည်။ ပါရာမျိုးနွယ်စုဝင်များသာ မြေယာများကို ရေရှည်ပိုင်ဆိုင်ပြီး အမွေလွှဲ အပ်နိုင်သည်။ သို့သော် ကျေးရွာခေါင်းဆောင် နှင့် ကျေးရွာကောင်စီမှ အသစ်ပြောင်းရွှေ့လာသူများကို နှစ်အလိုက် Jhum မြေယာများကို ခွဲဝေပေးနိုင်သည်။

ဇယား ၅ - ဒိန်းကလေးဝေးရှိ မြေယာအသုံးပြုမှုနှင့် ပိုင်ဆိုင်ခွင့်ဇယား

| မြေယာအသုံးပြုခြင်း | မြေယာပိုင်ဆိုင်မှု | ထွက်ကုန် | စီမံခန့်ခွဲမှုဆိုင်ရာ မှတ်စုများ |
|---|---|---|---|
| လှေကားထစ်စိုက်ခင်း | ရပ်ရွာလူထု | စပါး၊ ဟင်းသီးဟင်းရွက်များ | နှစ်ပေါင်း ၅၀ ကျော်က ဆောက်လုပ်ခဲ့။ လေရှီး ပိုက်လိုင်း ဆောက်လုပ်ရေး ပြီးဆုံးသည့် နောက်ပိုင်း ဆောင်း သီးနှံ အတွက် ရေအလုံအလောက် မရရှိ။ |
| Jhum | အိမ်ထောင်စုပိုင် မြေကွက်။ ။ jhum စိုက်ခင်း ခုတ်ထွင်ရှင်းလင်း မည့်နေရာကို ရပ်ရွာမှ အတူတကွ ဆုံးဖြတ် ပြီး မြေလိုအပ်သူကို ခွဲဝေပေးသည်။ | အိမ်စားသုံးရန် ပထမနှစ်။ ။ ပြောင်း၊ ပြောင်းဆန်၊ ဖရုံ၊ ပီလောပီနံ၊ ပိန်းဥ၊ ဟင်းသီးဟင်းရွက်များ၊ မြေလပ်။ ။ ဝါးလုံး၊ သစ်၊ လောင်စာထင်း စီးပွားဖြစ်။ ။ ရွှေလံဘိုရှက်၊ ကြက်သွန်၊ ကြက်သွန်ဖြူ | မြေလပ်ကာလ ဆယ်နှစ်။ ။ မြေလပ်မှ သစ်ပင်များခုတ်ပြီး တဲထိုးရန်နှင့် ထိုတဲတွင် နေထိုင်စဉ်အသုံးပြုရန် လောင်စာ ထင်းအဖြစ် အသုံးပြုကြသည်။ တောပင်များကို စုစည်းမီးရှို့ပြီး ရွှေလံဘိုရှက် ကဲ့သို့ တန်ဖိုးမြင့် သီးနှံများကို jhum ခင်းပထမ နှစ်တွင် စိုက်ပျိုးလေ့ရှိသည်။ |
| လူထုမှစီမံသော သစ်တော (ထင်းရှူး) | ရပ်ရွာလူထု | အိမ်တွင်း။ ။ လောင်စာထင်း၊ အများဆုံးမီးရရှိရေး အသုံးပြုရန် | တောင်ဘက် ကီလိုမီတာ အချို့ အကွာအဝေး နေရာသို့ ရွာသားများသည် ၁-၂ ပတ်လျှင်တစ်ကြိမ် သွားရောက် ကြသည်။ |
| အထွင့်မြှတ်ထားရာ သစ်တော | ရပ်ရွာလူထု | အိမ်တွင်း။ ။ အမဲလိုက်သားငါး | ဆားငန်ချောင်းပတ်လည်ရှိ သစ်ပင်များကို ခုတ်ခွင့်မရှိပါ။ သတ္တဝါတော်လာလျှက်သော တောရိုင်းတိရိစ္ဆာန်များကို တစ်လ လျှင် တစ်ကြိမ် (သို့) နှစ်ကြိမ် သွားရောက် အမဲလိုက်။ |
| လူထုမှစီမံသော သစ်တော | ရပ်ရွာလူထု | အိမ်တွင်း။ ။ သစ်၊ ကြိမ်၊ ဝါး၊ သစ်သီး၊ ဟင်းသီးဟင်းရွက်၊ ဆေးဝါးပင်။ ပျားရည်သုံးမျိုး။ ။ ပျားစွဲကျောက်ဆောင်၊ သစ်ပင် နှင့် မြေပြင်များမှရသော ပျားရည် အချို၊ အခါး နှင့် အချဉ် | ရေထိန်းသစ်တောကို ထိန်းသိမ်းကာကွယ် ထားပြီး၊ အခြားကျေးရွာ ငါးရွာနှင့် မျှဝေအသုံးပြုကြသည်။ ၎င်းတို့အားလုံးမှ တောရိုင်း အစားအစာနှင့် အခြား အရင်းအမြစ်များကို ရယူနိုင်သည်။ |
| စိုက်သစ်တော (ထင်းရှူး) | အိမ်ထောင်စု | အိမ်တွင်း။ ။ လောင်စာထင်း၊ ထင်းရှူးတောထွက် ပစ္စည်း | အိမ်ထောင်စုသုံးခုမှ မိမိတို့ jhum မြေတွင် စိုက်ပျိုး |
| သစ်သီးခြံ | အိမ်ထောင်စု | စီးပွားဖြစ်။ ။ လိမ္မော်၊ ဇီးသီး၊ ထောပတ်သီး | သစ်သီးခင်းစိုက်ပျိုးခြင်းကို ပိုမို စိတ်ဝင်စားလာခြင်း။ ။ ပိုင်လုပ်ရန် လေရှီးသို့ ဇီးသီးများ ရောင်းချ။ ထောပတ်သီးမှာ သီးနှံသစ်ဖြစ်သည်။ |

| | | | |
|---|---|---|---|
| သက်ကယ်ခင်း | ရပ်ရွာလူထု | အိမ်တွင်း။ ။ အမိုးအတွက် သက်ကယ် | |
| ပျားစွဲသော<br><br>ကျောက်ဆောင် | အုပ်စု | ပျားရည် | ပုံမှန်အားဖြင့် ကျောက်ဆောင် တစ်ခုစီတွင် လူ ၅-၁၀ ယောက်မှပျားရည်ထုတ်ယူ နိုင်သည်။ |
| အိမ်ဥယျာဉ်ခြံမြေ | အိမ်ထောင်စု | အိမ်တွင်း။ ။ ဟင်းသီးဟင်းရွက်၊ ဆေးဖက်ဝင်အပင်၊ သစ်သီး။<br>စီးပွားဖြစ်။ ။ ဂျင်စင်း | သီးနှံအများအပြားကို အိမ်စား အတွက်စိုက်ပျိုးသည်။ ဂျင်စိမ်းကို မကြာသေးမီကမှ စတင်မိတ်ဆက်။ |
| စားကျက်မြေ | အိမ်ထောင်စု | နွားနောက်၊ နွား | သစ်တောပြန်ထွက် မြန်အောင် အိမ်မွေးတိရိစ္ဆာန်များကို Jhum မြေလပ်များ၊ လှေကားထစ် စိုက်ခင်းများတွင် ကျောင်းကြပြီး မြေဆီများပြန်လည် ဖြည့်တင်းသည်။ |

မြေပုံ ၇ - ဒိန်းကလေးဝေး၏မြေယာအသုံးပြုမှုမြေပုံ



မြေပုံ ၈ - ဒိန်းကလေးဝေး၏မြေယာပိုင်ဆိုင်ခွင့်မြေပုံ



ကျေးရွာအမည်။ ။ ကိုကီး
အမျိုးနွယ်စု/ လူမျိုး။ ။ တန်ကွန် ကိုကာ့မျိုးနွယ်စု နာဂ
မြို့နယ်။ ။ လေရှီးမြို့နယ်၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး
လူဦးရေ။ ။ ၁၄၀၀ ဦး၊ အိမ်ထောင်စုပေါင်း ၃၀၀
ဘာသာ။ ။ ခရစ်ယာန်၊ ဗုဒ္ဓ၊ နတ်ကိုးကွယ်သူ



## ကျေးရွာနောက်ခံ

ကိုကာ့မျိုးနွယ်စုသည် မူလနေထိုင်ခဲ့ကြသော ကျေးရွာ ဒေသခံများဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်း ၃၀၀ ကျော်က အခြေချ နေထိုင်ခဲ့ကြခြင်းဖြစ်သည်။ စတင်တည်ထောင်ခဲ့စဉ်မှစ၍ ကြီးထွားဖွံ့ဖြိုးလာပြီး ယခုအခါ ကိုကီးကျေးရွာမှ မူလ ပိုင်ဆိုင်ခဲ့သော ဘိုးဘွားပိုင်နယ်မြေ အတွင်း ရွာခွဲ ၁၂ ရွာရှိနေပြီဖြစ်သည်။ မည်သည့် နယ်နိမိတ်သတ်မှတ်ခြင်းမဆို ကိုကာ့မျိုးနွယ်စု၊ နယ်မြေ နှင့် ရွာခွဲများ၏ ဆက်နွယ်မှုကို အသိအမှတ်ပြုရန် လိုအပ်သည်။

## ကျေးရွာအဖွဲ့အစည်းများ

ကျေးရွာ အဖွဲ့အစည်းများသည် မျိုးမျိုးကွဲပြားပြီး၊ အုပ်ချုပ်ရေး၊ ကိုးကွယ်ယုံကြည်မှု၊ ကာကွယ်ရေးနှင့် လူမှုအဖွဲ့အစည်းများအပေါ် အခြေပြုထားသည်။ ကျေးရွာလူကြီးများ၊ ဖသားစုခေါင်းဆောင်များ၊ ရပ်ကွက်မှူးများ နှင့် ယာယီ ကော်မတီများဖြင့် ဖွဲ့စည်းထားသော ကျေးရွာကောင်စီမှ ကျေးရွာခေါင်းဆောင် အား အကြံဉာဏ်ပြုပေးရသည်။ ဆုံးဖြတ်ချက်အားလုံးကို နှုတ်ဖြင့် လက်ဆင့်ကမ်း လာခဲ့သော ကူကီးမျိုးနွယ်စု ဥပဒေ နှင့်အညီ ချမှတ်ကြသည်။ ကျေးရွာရှိ အစိုးရအဖွဲ့အစည်းများတွင် ဆေးရုံ၊ မူလတန်းကျောင်း၊ စာကြည့်တိုက် နှင့် ကျေးရွာနှင့်မြို့နယ်GAD အုပ်ချုပ်ရေးမှူးများပါဝင်သည်။

## စားဝတ်နေရေး

အိမ်ထောင်စုများသည် သီးနှံအမျိုးမျိုးစိုက်ပျိုးပြီး၊ မိမိတို့အိမ်သုံးရန် သစ်တောမှ အရင်းအမြစ်များကို ရယူကြသည်။ စပါးများကို ရွာနားရှိ စပါးကျီများတွင် သိုထားလေ့ရှိသည်။ အိမ်ထောင်စုအားလုံးတွင် အိမ်မြေကွက်တစ်ကွက်နှင့် Jhum မြေယာအချို့စီရှိကြပြီး ကျေးရွာ၏ သုံးပုံနှစ်ပုံတွင် လှေကားထစ်စိုက်ခင်းများနှင့် တစ်ဦးချင်းပိုင် သစ်တောမြေကွက်များ ပိုင်ဆိုင်ထားကြသည်။ ကျန်းမာရေး အရေးပေါ်အခြေအနေများ (သို့) စီးပွားရေး သဘောတူညီချက်များကြောင့် ရွာခံအချို့မှ မြေယာများ ရောင်းချ ခဲ့ကြပြီး၊ ယခုအခါတွင် အခြားသူများထံမှ နှစ်အလိုက်ငှားရမ်းထားသော မြေတွင် စိုက်ပျိုးလျှက် ရှိကြသည်။ မောင်နှမများအနက် မြေယာ အမွေမရကြသော အငယ်များသည် ပတ်လည်ရှိ ကျေးရွာများသို့ ပြောင်းရွှေ့နေထိုင်နိုင်သည် (သို့) ဒေသကို စွန့်ခွာ၍ အခြားအခွင့်အရေးများ ရှာဖွေ နိုင်သည်။

နွာကျောင်းသားများ၊ ကျောင်းဆရာ/မ များ နှင့် ကျန်းမာရေးဝန်ထမ်းများ အဖြစ် ကျေးရွာမှ လူ ၂၆ ဦးအား အလုပ်ခန့်အပ်ထားသည်။ ယင်းကဏ္ဍများတွင် လုပ်ကိုင်ကြသူများအား ခံစားခွင့်အနေဖြင့် ဆန် (သို့) တိရိစ္ဆာန်များ ပေးလေ့ရှိသည်။

## မြေယာပိုင်ဆိုင်မှုနှင့် စီမံခန့်ခွဲမှု

ရိုးရာဓလေ့ထုံးတမ်းစနစ်အားကောင်းခြင်းနှင့် မြေယာအသုံးပြုမှုပုံစံအမျိုးမျိုးရှိခြင်းကြောင့် ကိုကီးကျေးရွာကို ဖြစ်ရပ်လေ့လာမှု ပြုလုပ်ရန် ရွေးချယ်ခဲ့ခြင်းဖြစ်သည်။ ကျေးရွာတွင် ရပ်ကွက်လေးခုမြေ၊ စပါးကျီမြေနှင့် စားကျက်မြေများရှိပြီး အိမ်ခြံမြေကွက်များကို ရပ်ကွက်အဖြစ် စုစည်းထားသည်။ ရပ်ကွက်တစ်ခုချင်းစီတွင် နွားကျောင်းသား တစ်ဦးခန့်အပ်ထားပြီး၊ အိမ်ထောင်စုများ၏ နွားနောက်နှင့် ကျွဲများကို ကျောင်းလေ့ရှိသည်။

တန်ဖိုးအရှိဆုံးမြေယာနှင့် တိရိစ္ဆာန်များကို မိသားစုရှိ သားဦးမှ အမွေဆက်ခံပြီး၊ အိမ်ထောင်မပြုသော ညီအစ်ကို မောင်နှမများနှင့် မိဘများကို ပံ့ပိုးပေးရသည်။ ကိုကီးကျေးရွာ၏ မြေဈေးကွက်သည် အခြားကျေးရွာများထက် ပို၍ အသက်ဝင်သည်။ ထိုသို့ အသက်ဝင်ရခြင်း အကြောင်းတစ်ချို့မှာ ညီငယ်များသည် သီးနှံများနှင့် တိရိစ္ဆာန်များကို စုထားပြီး မိမိတို့အတွက် မြေယာ ဝယ်ယူလေ့ရှိကြသောကြောင့် ဖြစ်သည်။ အချို့မောင်နှမ အငယ်များသည် ကျေးရွာမှ ထွက်ခွာ၍ အခြား ပြင်ပမှ အခွင့်အရေးများကို ရှာဖွေလေ့ရှိကြသည်။ အမျိုးသမီး အနည်းငယ်သာ မိဘများနှင့် မောင်နှမများထံမှ မြေယာများ လက်ခံရရှိကြသည်။ သို့သော် ဤသည်မှာ ပုံမှန်မဟုတ်ပေ။

ဇယား ၆ - ကိုကီးရှိ မြေယာအသုံးပြုမှုနှင့် ပိုင်ဆိုင်ခွင့်

| မြေအသုံးပြုမှု | မြေယာပိုင်ဆိုင်မှု | ထွက်ကုန် | စီမံခန့်ခွဲမှုဆိုင်ရာ မှတ်စုများ |
|---|---|---|---|
| လှေကားထစ် စိုက်ခင်း | အိမ်ထောင်စု | စပါး၊ ဟင်းသီးဟင်းရွက် | ကျွဲများမှ အထွက်တိုးစေ |
| Jhum | အိမ်ထောင်စု မြေကွက်။ ။ ရပ်ရွာမှ ဆုံးဖြတ်ပေး | အိတ်တွင်းသုံး။ ။ ဆန်၊ ဟင်းသီးဟင်းရွက်၊ စီးပွားဖြစ်။ ။ ငရုတ်၊ မြေလပ်ကာလ။ ။ နှစ်နှစ်မြောက် နှင့် သုံးနှစ်မြောက်တွင် Jhum မြေလပ်အနီး ခရမ်းသီး နှင့် ငရုပ်သီးများ စိုက်။ တောရိုင်း ဟင်းသီးဟင်းရွက်များ၊ မို၊ လောင်စာထင်း။ | Colonies ၁-၂ တွင် ငါးနှစ် အလှည့်ကျ စနစ်ရှိပြီး အပင်ကြီးမြန်သော စပါးမျိုးကို စိုက်ပျိုးကြသည်။ ရပ်ကွက် ၃-၄ သည် မြေလပ်ကာလကို ဆယ်နှစ်ထားရှိပြီး၊ ကျေးရွာနှင့် နီးသော စိုက်ကွက်များတွင် သီးနှံနှစ်နှစ်စိုက်ပျိုး သည်။ |

| | | | |
|---|---|---|---|
| ရပ်ရွာမှ စီမံသော သစ်တော | ရပ်ရွာ လူ့အဖွဲ့အစည်း | အိမ်တွင်းသုံး။ ။ သစ်၊ ကြိမ်၊ ဝါး၊ သက်ကယ်၊ တောရိုင်းငှက်ပျော၊ တောရိုင်း ဟင်းသီးဟင်းရွက်၊ မှို၊ ဆေးဖက်ဝင်အပင်၊ ဂဏန်း၊ ငါးသေးလေး၊ ဖား။<br>ရောင်း။ ။ ပျားသလက်၊ ပျားရည်၊ အသား၊ ဖယောင်း | လေ့ကားထစ်စိုက်ခင်းများအတွက်ရေ အရင်းအမြစ် ထိန်းသိမ်းထားနိုင်ရန် သစ်တောအားကာကွယ်ထားသည်။ အိမ်နီးချင်း ကျေးရွာများအား ဆောက်လုပ်ရေးအတွက် သစ်များ ခုတ်ယူခွင့်ပြုရန် သဘောတူသည်။ |
| ရပ်ရွာမှ စီမံသော သစ်တော (ထင်းရှူး) | ရပ်ရွာ လူ့အဖွဲ့အစည်း | အိမ်တွင်းသုံး။ ။ သစ်၊ လောင်စာထင်း၊ မှိုအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်၊ သစ်သီး (စွံပလွံသီး နှင့် သဖန်းသီး)၊ ဆေးဝါးပင်၊ ရိုးရာ ရှန်းရွက်များ၊ ရိုးရာမိုးကာ | ရပ်ရွာမှစီမံသော သစ်တော နှင့် အိမ်ထောင်စုပိုင် စိုက်သစ်တောများတွင် ထင်းရှူးပင်များရှိသည်။ အလှည့်ကျ စီမံ ခန့်ခွဲမှု၊ သစ်ခုတ်ယူပြီးနောက် မြေဆီ ပြန်ပြည့်လာစေရန် စိုက်ပျိုးခြင်း။ |
| စိုက်ပျိုးသစ်တော | အိမ်ထောင်စု | အိမ်တွင်း။ ။ ရပ်ရွာမှ စီမံသော သစ်တောကဲ့သို့(အချို့မှာ ရွက်ကြွေသစ်နှင့် ထင်းရှူး ပင်များ ရောနှောထား)။ | Jhum စိုက်ခင်းများတွင် ရှင်းလင်း စိုက်ပျိုးသည်။ သစ်ခုတ်ပြီးလျှင် မြေဆီပြန်ပြည့်လာစေရန် ဒေသရှိ သစ်မျိုး ပေါင်း ၂၀ ကျော်ပြန်လည် စိုက်ပျိုးကာ Jhum ခင်းတွင် အပင်များပြန်လည် ထွက်လာစေရန် ရှင်းလင်းခုတ်ထွင်ခြင်းများ ပြုလုပ်။ |
| သက်ကယ်ခင်း | ရပ်ရွာ လူ့အဖွဲ့အစည်း | အိမ်တွင်း။ ။ အမိုးအတွက် သက်ကယ် | |
| ပျားတောင် | အုပ်စု | ပျားရည် | မီးကြောင့်ပျားများ အဝေးသို့ ပြောင်း ရွှေ့မသွားစေရန် ပျားသိုက်ရှိသော ကျောက်ဆောင်ပတ်လည်ရှိ သစ်တောကို ကာကွယ်ထားသည်။ |
| အိမ်ဥယျာဉ်ခြံမြေ | အိမ်ထောင်စု | ဟင်းသီးဟင်းရွက်၊ ဆေးဘက်ဝင်အပင်၊ ဆေးဝါးပင်၊ သစ်သီး | |
| ဟင်းသီးဟင်းရွက် ဥယျာဉ်ခြံ | အိမ်ထောင်စု | ဟင်းသီးဟင်းရွက်၊ ပီလောပီနံ | ကျေးရွာအနီးရှိ ဥယျာဉ်ခြံငယ်များ |
| စားကျက်မြေ | ရပ်ကွက် | နွားနောက်၊ ကျွဲ | ရပ်ကွက်တစ်ခု ချင်းစီမှ နွားကျောင်းသား  များသည် နွားတင်းကုတ်များရှိအိမ်မွေး တိရိစ္ဆာန်များအား ထိန်းကျောင်းရန် တာဝန်ရှိပြီး၊ စားကျက်မြေစီမံရန် ရပ်ကွက်များတွင် အခွင့်အာဏာရှိသည်။ အိမ်ထောင်စုများ အနေဖြင့် အိမ်မွေး တိရိစ္ဆာန်ရှယ်ယာ ဝယ်ယူနိုင်သည်။ |
| ရေထု | ရပ်ရွာ လူ့အဖွဲ့ အစည်း။ ။ ငါးဖမ်းတာ<br>အိမ်ထောင်စု။ ။ ငါးကန် | ငါး နှင့် အခြား ရေနေသတ္တဝါများ | ငါးဖမ်းတာကို ရာသီနောက်ဆုံး မိုးကျချိန် ဩဂုတ်လတွင် ပြုလုပ်လေ့ရှိသည်။ ငါးသေးလေးများသည် တာပေါက်မှ ကျော်ထွက် နိုင်သည်။ |

## မြေပုံ ၉ - ကိုကီမြေယာအသုံးပြုမှုမြေပုံ



## မြေပုံ ၁၀ - ကိုကီမြေယာပိုင်ဆိုင်ခွင့်မြေပုံ



ကျေးရွာအမည်။ ။ ဆွမ္မရာ
မျိုးနွယ်စု/လူမျိုး - ဆွမ္မရာ တန်ကွန်၊ နာဂ
မြို့နယ် - ဆွမ္မရာ မြို့နယ်ခွဲ၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး
လူဦးရေ - ၃၀၀၀ ဦး၊ အိမ်ထောင် ၄၀၀
ကိုးကွယ်သည့်ဘာသာ - ခရစ်ယာန်၊ ဗုဒ္ဓ



## ကျေးရွာနောက်ခံသမိုင်း

ဆွမ္မရာသည် လေရှီးမြို့၏ အနောက်ဘက်ခြမ်း၊ မျက်နှာပြင်အမြင့် ၁၈၃၀ မီတာရှိ အိန္ဒိယ-မြန်မာ နယ်စပ်တွင် တည်ရှိသည်။ ဆွမ္မရာသည် ထိုဒေသရှိ အကြီးဆုံးကျေးရွာဖြစ်ပြီး နှစ်နိုင်ငံကြား နယ်စပ် ကုန်သွယ်ရေးအတွက် အဓိကအရေးပါသော နေရာတွင် တည်ရှိသည်။ တစ်ချိန်က ကောင်းမွန်ခဲ့သော မြန်မာနယ်စပ်ကုန်သွယ်ရေးသည် ကျပ်ငွေတန်ဖိုးမြှင့်လိုက်သောအခါ အိန္ဒိယကုန်သည်များမှ မြန်မာ့ကုန်စည်များကို ဈေးပေါပေါဖြင့် ဝယ်ယူ၍ မရတော့သောကြောင့် ကျဆင်းသွားခဲ့ရသည်။ လမ်းများ ကောင်းမွန်လာခြင်းနှင့် နယ်စပ်ဈေးတည်ဆောက်လာခြင်းကြောင့် ကုန်သွယ်ရေးပြန်လည် အားကောင်း လာရန် မျှော်လင့်လျက်ရှိသည်။

ကျေးရွာကို မူလက ဖသားစုခုနစ်စုရှိ မိသားစုများမှ တည်ထောင်ခဲ့သည်။ ၁၉၄၇ ခုနှစ်မှ စတင်၍ အစိုးရအဆက်ဆက် သတ်မှတ်လာခဲ့သော နယ်နိမိတ်များအရ ကျေးရွာပိုင်မြေများ ဆုံးရှုံးခဲ့ရပြီး၊ ၁၉၇၀ ခုနှစ် နိုင်ငံ နယ်စပ်မျဉ်း သတ်မှတ်သောအခါ အိန္ဒိယဘက်ခြမ်းသို့ရောက်သွားသော သစ်တောမြေ အချို့လည်း အပါအဝင်ဖြစ်သည်။

ဆွမ္မရာတွင် ဘာသာရေးအပြောင်းအလဲမှ တစ်ဆင့် အားကောင်းသောရိုးရာဓလေ့ထုံးတမ်းမြေယာ စီမံခန့်ခွဲမှု ဓလေ့များကို ထိန်းသိမ်းထားသည်။ သာသနာပြုအဖွဲ့များ သည် ၁၉၃၂ ခုနှစ်တွင် ပထမဦးဆုံး ရောက်ရှိလာကြပြီး ကျေးရွာများကို ခရစ်ယာန်ဘာသာသို့ ပြောင်းလဲ စေခဲ့ပြီး၊ နောက်ပိုင်းတွင် အရက်နှင့် ရိုးရာနတ်ပူဇော်ပွဲများ နှင့် ပွဲတော်များကို တားမြစ်ပိတ်ပင်ခဲ့သည်။ အချို့ရွာခံများသည် မိမိတို့၏ ရိုးရာယုံကြည်မှုများကို လွတ်လပ်စွာ ကျင့်သုံးနိုင်ရန် ကျေးရွာကို စွန့်ခွာပြီး မိမိတို့ကိုယ်ပိုင် ကျေးရွာ ထူထောင်ခဲ့ကြသည်။

## ကျေးရွာအဖွဲ့အစည်းများ

ဆွမ္မရာ ရိုးရာဓလေ့ထုံးတမ်း အုပ်ချုပ်ရေးကို ခေါင်းဆောင်၊ အကူခေါင်းဆောင်၊ သံအမတ်၊ ဖသားစု ခေါင်းဆောင် ခုနစ်ဦး၊ စစ်သူကြီးနှင့် အထောက်အကူပြု ကော်မတီများ နှင့် အုပ်စုများ ဖြင့်ဖွဲ့စည်းထားသည်။ ဒိန်းကလေးဝေး နှင့် ကိုကီးကျေးရွာများနှင့်မတူပဲ ခေါင်းဆောင်ကို ကျေးရွာကောင်စီမှ ရွေးချယ်ခန့်အပ်ပြီး မတူကွဲပြားသော ဖသားစုများမှ အလှည့်ကျ တာဝန်ယူလေ့ရှိသည်။

ဆွမ္မရာသည် မြို့နယ်ခွဲဖြစ်ပြီး နယ်စပ်တွင် တည်ရှိခြင်းကြောင့် ဒေသရှိ အခြားကျေးရွာများထက် ဌာနဆိုင်ရာရုံးများ ပိုမိုများပြားသည်။ ရိုးရာသစ်တော ဧရိယာအတွင်း ပြည်သူ့ဘေးမဲ့တော ထားရှိရန် အဆိုပြုခြင်း အပါအဝင် အစိုးရစနစ်နှင့် ရိုးရာဓလေ့ထုံးတမ်းစနစ်တို့ကြား သဟဇာတ မဖြစ်မှုကြောင့် ဖြစ်ပေါ်လာသော တင်းမာမှုများကို ဒေသခံများမှ ပထမဦးဆုံး တွေ့ကြုံကြရသည်။

## စားဝတ်နေရေး

ဆွမ္မရာရှိ အိမ်ထောင်စုများသည် မိမိတို့၏ လှေကားထစ်စိုက်ခင်းများ၊ Jhum စိုက်ခင်းများ နှင့် အိမ်ဥယျာဉ်ခြံများတွင်အိမ်စားသီးနှံများကိုစိုက်ပျိုးကြသည်။တောင်သူများသည်လမ်းကောင်းမွန်လာခြင်း နှင့် နယ်စပ် ဈေးသစ်ဆောက်လုပ်လာခြင်းကြောင့် အိန္ဒိယနိုင်ငံနှင့် ကုန်သွယ်ရေး အားကောင်းလာရန် မျှော်လင့်လျှက် ထောပတ်သီးကဲ့သို့ စီးပွားဖြစ်သီးနှံများကို စမ်းသပ်စိုက်ပျိုးလာကြသည်။ ၂၀၁၂ ခုနှစ်ကတည်းက အစိုးရဆောက်လုပ်ရေးလုပ်ငန်းများတွင် တစ်နေ့ ၄၀၀၀ (သို့) ၅၀၀၀ ကျပ်နှုန်းဖြင့် ဒေသခံများအား ငှားရမ်းခဲ့ကြသည်။ ထိုအချိန်လောက်ကပင် အိမ်ထောင်စုများသည် ဆောက်လုပ်ရေးလုပ်ငန်းများရှိခြင်းကြောင့် Jhum စိုက်ပျိုးရေးကို လျှော့ချခဲ့ကြပြီး၊ လှေကားထစ်စိုက်ခင်းများအတွက် ရေရရှိရေးကို အလေးမထားကြတော့ပေ။ ဝင်ငွေများကို ကျောင်းအပ်ခ၊ ဆေးကုစရိတ်၊ အသေးစား အိမ်တွင်းသုံးပစ္စည်းများနှင့် အထွက်နှုန်းမကောင်းသောနှစ်များတွင် လိုအပ်သောထပ်ဖြည့်ဆန်များ အတွက် အသုံးပြုလေ့ရှိသည်။

## မြေယာပိုင်ဆိုင်မှု နှင့် စီမံခန့်ခွဲမှု

ဆွမ္မရာရှိ ဖသားစုများသည် မြေယာစီမံခန့်ခွဲမှုနှင့်ပတ်သက်ပြီး အချို့သောမျိုးနွယ်စုများထက် ပို၍ တက်ကြွလှုပ်ရှားကြသည်။ ဖသားစုပိုင်သစ်တောများအာ ရိုးရာဓလေ့ နှင့် စီမံခန့်ခွဲမှုဆိုင်ရာ တာဝန်များကို ယူထားသော အိမ်ထောင်စုဆယ်စုရှိပြီး၊ ထိုမိသားစုများသည် ကျေးရွာကို ထူထောင်ခဲ့သော မူလ ဖသားစုခုနစ်စုမှဆင်းတက်လာကြသူများဖြစ်သည်။ သစ်တောနှင့်ပတ်သက်၍ အခြားကျေးရွာနှင့် အငြင်းပွားမှုဖြစ် ခဲ့ရာ၊ ဖြေရှင်းရန်ကုန်ကျစရိတ်များကို မိသားစုတိုင်းမှ ရံပုံငွေထည့်ဝင်ခဲ့သောကြောင့် ကျေးဇူးတုန့်ပြန်သည့်အနေဖြင့် ဖသားစုတစ်စုမှ ထိုသစ်တောအား ရပ်ရွာပိုင်အဖြစ် ပေးအပ်ခဲ့ခြင်းမှ လွဲ၍ အခြားသစ်တောများကို ဖသားစုများမှ ပိုင်ဆိုင် စီမံလျှက်ရှိသည်။

အိမ်ထောင်အများစုသည် မိမိတို့သားစဉ်မြေးဆက် အမွေဆက်ခံခဲ့သော မြေနှင့် အခြားဖသားစုဝင်များထံမှ နှစ်အလိုက်ငှားရမ်းထားသော မြေများတွင် ရောနှောစိုက်ပျိုးလေ့ရှိသည်။ ပိုမိုစိုက်ပျိုးလိုသူများ၊ ပဋိပက္ခ (သို့) သဘာဝဘေးအန္တရာယ်ကြောင့်ရွှေ့ပြောင်းလာသူများ နှင့် မြေပြို၍မိမိတို့မြေယာပျက်ဆီးသွားသူများ အနေဖြင့် နှစ်အလိုက် မြေယာများကို အသုံးပြုနိုင်သည်။ မြေယာရောင်းချခြင်းသည် ကျေးရွာအတွင်းတွင်ပင် သိပ်မရှိပေ။

ဇယား ၇ - ဆွမ်မ်ရာရှိ မြေယာအသုံးပြုမှုနှင့် ပိုင်ဆိုင်ခွင့်

| မြေယာ အသုံးပြုခြင်း | မြေယာ ပိုင်ဆိုင်မှု | ထွက်ကုန် | စီမံခန့်ခွဲမှုဆိုင်ရာ မှတ်စုများ |
|---|---|---|---|
| လှေကားထစ် စိုက်ခင်း | အိမ်ထောင်စု | စပါး၊ ကောက်ညှင်း၊ ပဲ၊ ငရုတ်၊ ခရမ်းသီး၊ အခြားဟင်းသီး ဟင်းရွက်များကိုလှေကားထစ် စိုက်ကွက်များ ကြားတွင် စိုက်ပျိုးသည်။ | လှေကားထစ် လယ်စိုက်ခင်းများကို ယခင်မျိုးဆက်များက ပြုလုပ်ခဲ့ကြပြီး၊ အိမ်ထောင်များသည် စိုက်ကွက် သုံးကွက်ထက် ပိုမစိုက်ကြပေ။ |
| Jhum | အိမ်ထောင်စု မြေကွက်။ ။<br>ရပ်ရွာမှ ဆုံးဖြတ်ချက်ချမှတ် ခြင်း<br>Community decision-making | ပထမနှစ်။ ။ စပါး၊ ပြောင်း၊ ပဲ၊ ပိန်းဥ၊ သခွါး၊ ရွှေဖရုံ၊ အာလူး၊ ဆီထွက်သီးနှံ၊ အခြားဟင်းသီး ဟင်းရွက်များ။<br>ဒုတိယနှစ်။ ။ ဟင်းသီး ဟင်းရွက်များ သက်ကယ်။<br>မြေလပ်။ ။ အိမ်ထောင်စု များသည် လောင်စာထင်းများ ခုတ်ယူနိုင်သည်။ တောထွက် ဟင်းသီးဟင်းရွက်များ၊ ဝါးမြစ်၊ မှို၊ ငါး၊ ဂဏန်း၊ ခရု များကို ကျေးရွာရှိ မည်သူမဆို ရယူ နိုင်သည်။ | ၂၀၀၂ ခုနှစ်ဝန်းကျင်ကတည်းက Jhum စိုက်ခင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း မရှိခဲ့ပေ။ |
| အလှည့်ကျစိုက်ပျိုး သောအိမ်ဥယျာဉ်ခြံ များ | အိမ်ထောင်စုများ | ပြောင်း၊ ဖရုံ၊ အခြား ဟင်းသီး ဟင်းရွက်များ၊ ရေခံပင်များ။ (Alnus nepalensis) | Jhum မြေအဖြစ် မသတ်မှတ်ပေ။ အဘယ့်ကြောင့်ဆိုသော် ဤမြေအမျိုးအစားတွင် စပါး မဖြစ်ထွန်းပေ။ သို့သော် Jhum မြေကဲ့သို့ သီးနှံ နှစ်နှစ် စိုက်ပျိုးပြီး မြေလပ်အဖြစ် ခြောက်နှစ်မှ ခုနှစ်နှစ်အထိ ထားရှိကာ စီမံခန့်ခွဲလေ့ရှိသည်။ ရေခံပင်များ သဘာဝအတိုင်း ပေါက်ရောက်သည်။ |
| ရပ်ရွာမှစီမံ ခန့်ခွဲသောသစ်တော | ဖသားစုမျိုးနွယ် | အိမ်တွင်း။ ။ game meat၊ လောင်စာထင်း၊ သစ် (၂၀၁၄ မတိုင်မီ)<br>စီးပွားရေး။ ။ အမဲလိုက်သားငါး၊ သစ်ခွ။သစ်တောနှင့် နယ်နိမိတ် ထိစပ်နေသော ကျေးရွာအားလုံး တောထွက် ဟင်းသီးဟင်းရွက် များကို ခူးယူနိုင်သည်။ | အိမ်ထောင်စုအနည်းငယ်တွင် ဖသားစုပိုင် သစ်တောများအပေါ် ရိုးရာဓလေ့ နှင့် စီမံခန့်ခွဲခြင်း ဆိုင်ရာ တာဝန်များရှိကြသည်။ သစ်များ ထုတ်ယူပါက ထိုမိသားစုများအား အသိအမှတ်ပြု လက်ဆောင်များ ပေးလေ့ရှိသည်။ |
| ရပ်ရွာမှစီမံခန့်ခွဲသော သစ်တော | ရပ်ရွာလူ့အဖွဲ့အစည်း ကျေးရွာပိုင် | ကျေးရွာနှင့်ဝေးကွာပြီး၊ တစ်ခါတစ်ရံမှသာ လူထုမှ သွားရောက် အမဲလိုက်။ သို့သော် သစ်တောနှင့် ပိုနီး သောအခြားကျေးရွာနှစ်ရွာမှ အမဲလိုက်ခြင်းနှင့် တောထွက် ပစ္စည်းများအတွက် ပိုမိုအသုံး များသည်။ | ဤသစ်တောနှင့် ပတ်သက်ပြီး ဆွမ့်ရာမှ အိမ်ထောင်စု တစ်ခုမှာ အခြားရွာရှိ အိမ်ထောင်စုတစ်ခုနှင့် အငြင်းပွားမှု ဖြစ်ပွားရာ အနိုင်ရ ခဲ့သည်။ ဆွမ့်ရာရှိ အိမ်ထောင်စု တိုင်းမှ တစ်ဖက်ရွာသို့ပေးရန် လျော်ကြေးအတွက် ထည့်ဝင်ကြ သဖြင့် ထိုအိမ်ထောင်စုမှ အသိအမှတ်ပြုသည့်အနေဖြင့် သစ်တောကို ကျေးရွာသို့ လှူဒါန်းခဲ့သည်။ |

| | | | |
|---|---|---|---|
| ထင်းရှူးတော | အိမ်ထောင်စု | သစ်၊ လောင်စာထင်း၊ မှို၊ သဖန်းသီး၊ ဆေးဝါးပင်၊ နာဂမိုးကာ ရွက်၊ အမဲလိုက်ရန် တောရိုင်းတိရိစ္ဆာန် | အိမ်ထောင်စုပိုင် စိုက်သစ်တောများ နှင့် jhum မြေလပ်များတွင် ထင်းရှူးပင်များရှိသည်။ ၁၉၉၇ ခုနှစ် ကျေးရွာအစည်းအဝေး၌ ထင်းရှူးပင် (၁၀) ပင်နှင့် အထက်ရှိသော jhum မြေလပ်များကို ခုတ်ထွင်ရှင်းလင်းမှု မပြုလုပ်ရန် ဆုံးဖြတ်ခဲ့သည်။ |
| စိုက်ပျိုးသစ်တော | အိမ်ထောင်စု | အိမ်ထောင်စုအိမ်တွင်းသုံး။ ။ သစ်၊ ကြိမ်၊ ဝါး။<br>ရပ်ရွာသုံး။ ။ တောရိုင်းဟင်းသီးဟင်းရွက်များ၊ သစ်တော နှင့် ရေချိုငါးများ။<br>စီးပွားဖြစ် (ဒေသတွင်း၌သာ ရောင်းချ)။ ။ သစ် | ကျန်းမာရေးပြဿနာ (သို့) အခြားအသုံးစရိတ်များအတွက် ငွေမလိုအပ်မချင်း သစ်များကို မခုတ်ပဲ စုထားပြီး လိုအပ်မှ အခြား ဒေသခံများထံသို့ ဒေသသုံးအတွက် ထုတ်ရောင်းသည်။ အချို့မှာ သစ်ခုတ်ယူပြီးပါက ပြန်လည်စိုက်ပျိုးလေ့ရှိသည်။ |
| သစ်သီးခင်း | အိမ်ထောင်စု | ထောပတ်သီး၊ မက်မန်းသီး | အိမ်ထောင်စုအနည်းငယ်တွင် မိမိတို့ jhum စိုက်ခင်း၌ မကြာသေးမီကမှ စမ်းသပ်စိုက်ပျိုးသော သစ်သီးစိုက်ကွက်ငယ်များ ရှိသည်။ လမ်းကောင်း လာသောအခါ အိန္ဒိယသို့ ရောင်းချရန် မျှော်လင့်ကြသည်။ |
| အိမ်ဥယျာဉ်ခြံမြေ | အိမ်ထောင်စု | ဇီးသီး၊ သစ်သော်သီ၊ ငှက်ပျောသီး၊ ထောပတ်သီး၊ ဖရုံသီး၊ ပြောင်းဆန်၊ ပဲ၊ ဟင်းသီးဟင်းရွက်များ။ | အော်ဂင်းနစ်၊ အိမ်မီးဖိုမှရသော ပြာဖြင့် မြေဆီဖြည့်တင်း |
| ပျားတောင် | အုပ်စု | Apis dorsata အမည်ရှိ ပျားမျိုးစိတ်များ သည် ကျောက်ကမ်းပါးများပေါ်တွင် ပျားအုံများ ဆောက်လုပ်ကြသည်။ ပျားရည်ကို ဆေးအဖြစ် အသုံးပြုသည်။ | အိမ်ထောင်စုများသည် ပျားစွဲသော ကျောက်ဆောင်မြေနေရာများကို အုပ်စုလိုက် ပိုင်ဆိုင်ကြသည်။ အမျိုးသားများက အုပ်စုလိုက် ပျားရည်များ ရယူကြသည်။ ပိုင်ဆိုင်မှုတွင် ပျားများပြောင်းရွှေ့မသွားစေရန် ကျောက်ဆောင်ပတ်လည် ထိန်းသိမ်းထားသော သစ်တောများ ပါဝင်သည်။ |
| အပန်းဖြေရာ နှင့် ယဉ်ကျေးမှုဆိုင်ရာ ပြည်သူပိုင်နေရာ | ရပ်ရွာလူ့အဖွဲ့အစည်း | ဆွမ္မရာ အပေါ်ပိုင်းရှိ လူထု အပန်းဖြေ မြတ်ခင်းနေရာကို အိမ်ထောင်စုများမှ လှူဒါန်းထားသည်။ ယဉ်ကျေးမှုပွဲတော်ကျင်းပရန် နေရာသစ် တစ်ခုကို အိမ်ထောင်စု တစ်စုမှ လှူဒါန်း။ | အိမ်ထောင်စုများကမြေကို ကျေးရွာသို့ လှူဒါန်းခဲ့ကြသည်။ |
| စားကျက်မြေ | အိမ်ထောင်စု၊ ရပ်ကွက် | ကျွဲ | လှေကားထစ်စိုက်ခင်းများတွင် ကျွဲများကို ခိုင်းစေလေ့ရှိသည်။ အချို့အိမ်ထောင်စုများသည် ကျွဲများစွာ ပိုင်ဆိုင်ပြီး၊ အချို့မှ တစ်ကောင်ကို ပူးပေါင်းပိုင်ဆိုင်ကြသည်။ |

မြေပုံ ၁၁ - ဆွမ်မ်ရာ (SOMRA) မြေယာအသုံးပြုမှုမြေပုံ



မြေပုံ ၁၂ - ဆွမ်မ်ရာ မြေယာပိုင်ဆိုင်ခွင့်မြေပုံ.





## RRtIP

ဌာနေတိုင်းရင်းသားတို့၏ သဘာဝသယံဇာတအခွင့်ရေးကာကွယ်ရေးအဖွဲ့ (RRtIP) သည် ဌာနေလူမျိုးများအနေနှင့် ၎င်းတို့၏ သဘာဝသယံဇာတများ၊ ယဉ်ကျေးမှုနှင့် အမျိုးသားဝိသေသစရိုက်လက္ခဏာများဆိုင်ရာ အရေးကိစ္စရပ်များဆိုင်ရာ ဆုံးဖြတ်စီမံသည့် ဖြစ်စဉ်များတွင် ပါဝင်လာနိုင်စေရန် ၎င်းတို့၏ စွမ်းဆောင်ရည်များ မြှင့်တင်ခြင်းနှင့် ဒေသခံများအား ပံ့ပိုးကူညီခြင်းစသည်များ လုပ်ဆောင်ခြင်းဖြင့် ဌာနေတိုင်းရင်းသားတို့၏ အခွင့်ရေးများကို မြှင့်တင်ဖော်ထုတ်ပါသည်။

Contact RRtIP at rrtip.info@gmail.com